ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ဒုတိယနှစ်၊ ပထမစာသင်နှစ်ဝက်

# EDU2109

## သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာလေ့လာမှုများ - စာရိတ္တနှင့်ပြည်သူ့နီတိ

ဆရာလမ်းညွှန်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် ‘အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း’ (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းခွင်အကြိုဆရာအတတ်သင်ပညာရေး ပြုပြင်ပြောင်းလဲမှု နှင့်အညီ လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ပညာရေးဒီဂရီကောလိပ် ကျောင်းသား များအား မြန်မာနိုင်ငံမူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထား ပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးဒီဂရီကောလိပ် ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာကာလ အတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် ပညာရေးဒီဂရီ ကောလိပ် သင်ရိုးကို အပိုင်း ၂ ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့ သွားမည် ဖြစ်သည်။ သို့မှသာ ပညာရေးဒီဂရီကောလိပ် ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆသဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို

မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှ ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည် ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ် မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည်သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ် ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စု အလိုက် သင်ကြားသင်ယူမှု အခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှု တစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့်အခါ တွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည့်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)

၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်

၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးဒီဂရီကောလိပ်၌ ပညာသင်ယူပြီးချိန်တွင်လည်း ပညာရေးဒီဂရီကောလိပ် ဘွဲ့ရ ကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့ သင်ကြားပို့ချရာတွင်

အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ထားသော ပညာရေးဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သော သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့ပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ်တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှုပြုပါသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို - UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး" (Strengthening Pre-service Teacher Education in Myanmar) စီမံချက် မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်း ရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို ဩစတြေးလျအစိုးရ၊ ဖင်လန်အစိုးရနှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။

# မာတိကာ

နိဒါန်း ..... က

မာတိကာ ..... ဃ

ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။ ..... ၁

အခန်း ၁။ စာရိတ္တနှင့်ပြည်သူ့နီတိ၏ အရေးပါပုံ ..... ၅၄

၁.၁။ စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားရေး ..... ၅၇

၁.၁.၁။ စာရိတ္တနှင့်ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုများ ..... ၅၇

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ ..... ၆၅

၁.၂။ စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ် ..... ၆၈

၁.၂.၁။ မြန်မာနိုင်ငံအတွင်းနှင့် အာဆီယံဒေသအတွင်း၌ စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ်၏ အရေးပါပုံ ..... ၆၉

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ ..... ၇၉

၁.၃။ အလယ်တန်းဆင့်တွင် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားခြင်း ..... ၈၁

၁.၃.၁။ အလယ်တန်းဆင့်နှင့် ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း ..... ၈၁

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ ..... ၉၆

အခန်းဆုံးအနှစ်ချုပ် ..... ၉၈

အဓိကအချက်များ ..... ၉၈

အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ..... ၉၉

ဆက်လက်ဖတ်မှတ်စရာများ ..... ၁၀၀

အခန်း ၂။ လူမှုကျင့်ဝတ် ..... ၁၀၂

၂.၁။ လူ့တန်ဖိုးနှင့်လူမှုကျင့်ဝတ်များ ........................................................................ ၁၀၆
၂.၁.၁။ မြန်မာနိုင်ငံအတွင်း လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံ ............................ ၁၀၇
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................................................ ၁၁၅
၂.၂။ အပြန်အလှန်လေးစားမှု........................................................................ ၁၁၇
၂.၂.၁။ အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်း ........................................................ ၁၁၈
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................................................ ၁၂၅
၂.၃။ မြန်မာနိုင်ငံအတွင်း လူမှုကျင့်ဝတ်နှင့် စပ်လျဉ်း၍ တန်ဖိုးထားမှု.................................. ၁၂၇
၂.၃.၁။ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု ............ ၁၂၈
၂.၃.၂။ တန်းတူညီမျှမှုနှင့် သာတူညီမျှမှု ........................................................ ၁၃၅
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................................................ ၁၄၃
၂.၄။ ကောင်းမွန်သောပြောဆိုဆက်ဆံမှု၏ တန်ဖိုးများ ........................................................ ၁၄၆
၂.၄.၁။ ထိရောက်၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု............................................ ၁၄၆
၂.၄.၂။ ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု ........................................................ ၁၅၄
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................................................ ၁၆၂
၂.၅။ အလယ်တန်းဆင့် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်ဆိုင်ရာ သင်ကြား၊ သင်ယူမှု နည်းဗျူဟာများနှင့် ချဉ်းကပ်နည်းများ........................................................ ၁၆၄
၂.၅.၁။ ဆက်စပ်ခြုံငုံတွေးတောခြင်း ........................................................................ ၁၆၆
၂.၅.၂။ အသိပညာအပြောင်းအလဲပြု သင်ယူခြင်း ........................................................ ၁၈၀
၂.၅.၃။ သင်ပြမှုပုံစံနှင့် အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း............................................ ၁၉၁
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................................................ ၂၀၀

အခန်းဆုံးအနှစ်ချုပ် ............ ၂၀၆
အဓိကအချက်များ ............ ၂၀၆
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ............ ၂၀၉
ဆက်လက်ဖတ်မှတ်စရာများ ............ ၂၁၀
ခက်ဆစ်အဘိဓာန် ............ ၂၁၂
ကျမ်းကိုးစာရင်း ............ ၂၁၃
နောက်ဆက်တွဲများ ............ ၂၁၉
လက်ကမ်းစာစောင် (၁)။ ယဉ်ကျေး၍ထိရောက်သော ပြောဆိုဆက်ဆံမှုအတွက် မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်မှုဆိုင်ရာ သတ်မှတ်ချက်ဇယား ............ ၂၁၉
လက်ကမ်းစာစောင် (၂)။ ဆက်စပ်ခြုံငုံတွေးတောခြင်းဆိုင်ရာ သင်ယူမှုလုပ်ငန်း - အစီအစဉ်ရေးဆွဲနည်း ကိရိယာ ............ ၂၂၁
လက်ကမ်းစာစောင် (၃)။ အသိပညာအပြောင်းအလဲပြု သင်ယူမှုလုပ်ငန်း - အစီအစဉ်ရေးဆွဲနည်း ကိရိယာ ............ ၂၂၃
လက်ကမ်းစာစောင် (၄)။ ပထမစာသင်နှစ်ဝက် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးမာတိကာတွင် ပါရှိသော သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူများကို ပြန်လည်သုံးသပ်ခြင်း ............ ၂၂၅
လက်ကမ်းစာစောင် (၅)။ ဒုတိယနှစ် သင်ပြမှုပုံစံ - ပုံစံလွှာ ............ ၂၂၉
လက်ကမ်းစာစောင် (၆)။ သရုပ်ပြသင်ကြားခြင်းကို လေ့လာဆန်းစစ်သည့် ပုံစံလွှာ ............ ၂၃၂

# ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။

## စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ် ဆရာလမ်းညွှန်ကို မည်သူအသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်သည် ပညာရေးဒီဂရီကောလိပ်ကျောင်းသား[၁]များအား ဒုတိယနှစ် စာရိတ္တနှင့်ပြည်သူ့နီတိ ကျောင်းသားကိုင်စာအုပ်ကို သင်ကြားရာတွင် ကူညီပံ့ပိုးပေးမည့် ဆရာများ[၂] အတွက် စီစဉ်ရေးသားပြုစုထားသော စာအုပ် ဖြစ်ပါသည်။ စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်ကို သင်ပြစဉ် ကျောင်းသားကိုင်စာအုပ်နှင့်တွဲ၍ ဤဆရာလမ်းညွှန်ကို အသုံးပြုရန် ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းများနှင့် သင်ခန်းစာတစ်ခုချင်းစီ အတွက် သင်ယူမှုရလဒ်များအောင်မြင်ပေါက်မြောက်စေရန် ဤဆရာလမ်းညွှန်တွင် ကျောင်းသားများအား ညွှန်ကြားရမည့်အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာဖော်ပြထားသည်။

## စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင်ပညာရေးဒီဂရီကောလိပ် သင်ကြားရေးအစီအစဉ်တွင် ဒုတိယနှစ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားရန် (ပထမစာသင်နှစ်ဝက်တွင် ၁၂ ချိန်၊ ဒုတိယ စာသင်နှစ်ဝက်တွင် ၁၀ ချိန်) တစ်နှစ်လျှင် စုစုပေါင်းစာသင်ချိန် (၂၂) ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ပညာရေးဒီဂရီကောလိပ်တွင် ဖြစ်ပါသည်။

## ဒုတိယနှစ် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ် ဆရာလမ်းညွှန်တွင် မည်သည့်အရာများ ပါဝင်သနည်း။

ဤစာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ် ဆရာလမ်းညွှန်နှင့် ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းထားပုံနှင့် အကြောင်းအရာများသည် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထားပါသည်။

ဒုတိယနှစ် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်တွင် အောက်ပါအခန်းများ ပါဝင်ပါသည်။

- စာရိတ္တနှင့်ပြည်သူ့နီတိ၏ အရေးပါပုံ
- လူမှုကျင့်ဝတ်
- အခွင့်အရေးနှင့် တာဝန်

[၁] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။

[၂] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးဒီဂရီကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

- စည်းကမ်းနှင့် ဥပဒေ
- ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း
- သင်ကြား၊ သင်ယူမှုကို ပြန်လည်သုံးသပ်ခြင်း

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံတူညီပါသည်။ အခန်းတစ်ခန်းချင်းစီနှင့် သင်ခန်းစာတိုင်းတွင် **မျှော်မှန်းထားသော သင်ယူမှုရလဒ်များ** နှင့် **ရရှိသွားမည့် တတ်ကျွမ်းမှုများ** ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများသိသင့်သော အရာ၊ လုပ်ဆောင်နိုင်သင့်သောအရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

ဆရာလမ်းညွှန်တွင် သင်ခန်းစာတစ်ခုချင်းစီအတွက် အောက်ပါခေါင်းစဉ်များ ပါဝင်ပါသည် -

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများ တတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများဖြစ်သည်။

**အချိန်။** စာသင်ချိန်စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန်များ ဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများတွင် အသုံးပြုရမည့် သင်ယူမှုနည်းလမ်းများကို ခြုံငုံဖော်ပြခြင်းဖြစ်သည်။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ။** သင်ခန်းစာ၏ သင်ယူမှုလုပ်ငန်းများ မပြုလုပ်မီ၊ ပြုလုပ်စဉ်နှင့် ပြုလုပ်ပြီးနောက်ပိုင်းတွင် အသုံးပြုရန် အကြံပြုထားသည့် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို ခြုံငုံဖော်ပြထားခြင်းဖြစ်သည်။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာ ဗဟုသုတရင်းမြစ်များ အတွက် အကြောင်းအရာခေါင်းစဉ်များနှင့် ရည်ညွှန်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသောဘာသာရပ်များနှင့်ဆက်နွှယ်မှု၊ စာသင်ခန်း ဖွဲ့စည်းပုံ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသောအဖြေများ အတွက် ရည်ညွှန်းချက်များ ပါဝင်ပါသည်။

**လိုအပ်သောရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media)၊ ကားချပ်များ၊ ရောင်စုံစာရွက်များ၊ မာကာများ၊ ဝက်ဘ်ဆိုက်ဒ်လင့်များ၊ ဗီဒီယိုများ၊ ကုန်ကျစရိတ်သက်သာသော/အခမဲ့ရရှိနိုင်သော ရင်းမြစ်များနှင့် လက်တွေ့လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသောအချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော သင်ယူမှုလုပ်ငန်းများပါဝင်ပါသည်။ သင်ခန်းစာတိုင်းတွင် ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသားများ၏ရှိပြီး အသိပညာ (သို့မဟုတ်) စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စတင်သင်ကြားသင့်သည်။ သင်ယူမှု လုပ်ငန်းအမျိုးမျိုးသည် သင်ကြားသင်ယူမှုတွင် တတ်ကျွမ်းမှုအခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။

**ဆရာ့မှတ်စု။** သင်ခန်းစာကို စီစဉ်ထားသည့်အတိုင်း အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနှင့် ရှေ့မဆက်မီ ကျောင်းသားများ ထိရောက်စွာ သင်ယူနိုင်ရေးအတွက် အလေးထားရမည့် အချက်များရှိ/မရှိ စစ်ဆေးနိုင်ရန် ဆရာ့မှတ်စုကို ညွှန်ကြားချက်ဇယားကွက်များဖြင့် သင်ခန်းစာ၏ အဓိကအပိုင်း များတွင် အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။

**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းကို လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင်လုပ်ဆောင်ရသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားမှုတွင် အထောက်အကူပြုရန်အတွက် လုပ်ငန်းတစ်ခုချင်း အပေါ်တွင် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ဆောင်ပုံကို ရှင်းလင်း ပြသခြင်း (သို့မဟုတ်) အနှစ်ချုပ်၍ ပြန်လည်ပြောဆိုရှင်းပြခြင်းဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မည်သို့အသုံးပြုရမည် ဟူသော ညွှန်ကြားချက်များသည် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ (Toolbox for assessment approaches) တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** သင်ယူမှုလုပ်ငန်း တစ်ခုချင်းစီ အပေါ် စစ်ဆေးအကဲဖြတ်မှုနှင့်ပတ်သက်၍ ကျောင်းသားများထံမှ ရရှိနိုင်သော တုံ့ပြန်ချက်အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအား ခြုံငုံခြင်းဖြစ်သည်။

**သင်ခန်းစာပြီးဆုံးချိန်တွင် တတ်ကျွမ်းမှုများ။** ဆရာများအတွက် စံသတ်မှတ်ချက်အညွှန်းဘောင်တွင်ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများအား မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်း ပြန်လှန်သုံးသပ်ခြင်းဖြစ်သည်။ ဆရာတတ်ကျွမ်းမှုစံအညွှန်းကိန်းများသည် သင်ခန်းစာပါ အကြောင်းအရာများတွင် မည်သို့ ပါဝင်ပတ်သက်နေကြောင်းကို အနှစ်ချုပ်ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာအချို့တွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်၍ ကျောင်းသားများ၏ သင်ယူမှုကို ပိုမိုထိရောက်မှုရှိစေရန် ထပ်မံလှုံ့ဆော်ပေးနိုင်မည့် အကြံပြုချက်များ ပါဝင်ပါသည်။ ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများသည် ကွဲပြားသော သင်ယူမှုလိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများရှိသည့် ကျောင်းသားများကို သင်ကြားရာ၌ ပြောင်းလဲပြင်လွယ်ရှိခြင်း၏ အကျိုးကျေးဇူးများကို အလေးပေး ဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများကို အတန်းချိန်အတွင်း မဖြစ်မနေလုပ်ဆောင်ရန် မလိုအပ်ပါ။

**လိုအပ်ချက်အလိုက်ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာအချို့တွင် ကျောင်းသားများ၏ ကွဲပြားသော သင်ယူမှုလိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများအား ထည့်သွင်းစဉ်းစား၍ တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက်အညွှန်းဘောင်တွင် ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများ ပေါက်မြောက်အောင်မြင်စေရန် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်နိုင်ရန် အကြံပြုချက်များ ပါဝင်ပါသည်။ လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများသည် လူတိုင်းအကျုံးဝင်၍ ပြောင်းလွယ်ပြင်လွယ်ရှိသော သင်ကြား၊ သင်ယူမှုပုံစံများအတွက် အလေးထား ဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများအား အတန်းချိန်အတွင်း မဖြစ်မနေလုပ်ဆောင်ရန် မလိုအပ်ပါ။

ဆရာလမ်းညွှန်တွင် အခန်းငယ်တစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်ပါသည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ။** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင်ပါသော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများကို ထည့်ပေးထားပါသည်။ ဤအပိုင်းသည် ဆရာများဖြစ်ကြသည့် သင်တို့၏အသိပညာများကို တိုးမြှင့်ပေးပြီး ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏ အဖြေအပေါ် မှန်/မမှန် အတည်ပြုပေးရန် အထောက်အကူပြုပါသည်။ ဤအပိုင်းသည် သင်ခန်းစာသင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။

ဆရာလမ်းညွှန်၏ အခန်းတစ်ခုချင်းစီတွင် **အခန်းဆုံးအနှစ်ချုပ်** ပါရှိသည်။ အခန်းဆုံးအနှစ်ချုပ်တွင် အောက်ပါတို့ပါဝင်သည် -

**အဓိကအချက်များ။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အခန်းတစ်ခန်းတွင်ပါသော အကြောင်းအရာများမှ ကျောင်းသားများသိရှိသင့်သည့် အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင်တို့သိရှိစေနိုင်ရန် ဤနေရာတွင် ထပ်မံဖော်ပြထားပါသည်။ သင်၏တာဝန်မှာ ကျောင်းသားများအား ဤအပိုင်းကို ဖတ်ရှုရန်အတွက် တိုက်တွန်းပေးရန် ဖြစ်ပါသည်။ အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန်အချက်နှင့် သင်ယူခဲ့ပြီးသော သင်ခန်းစာ (အခန်း) တွင် သင်ယူမှုနှင့်ဆိုင်သော မေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သောအခန်းများအလိုက် ဖတ်စရာ ထပ်ဆောင်းရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထား ပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့်စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမိုသိရှိနားလည်ရန် အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်)

ပညာရေးဒီဂရီကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင်ရှာဖွေရန် တွန်းအားပေး နိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင်ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားတစ်ဦးချင်းစီတို့က မိမိဘာသာမိမိ လေ့လာနိုင်စေရန် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံတွင် ကျောင်းသားကိုင်စာအုပ်ပါ တစ်ဦးချင်း သင်ယူမှုလုပ်ငန်းများကို ဆရာလမ်းညွှန်တွင် အကြမ်းဖျင်းဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့်ပေါင်းစပ်၍ လုပ်ဆောင်နိုင်မည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်းများကို အိမ်စာအလုပ်အဖြစ်ပေးခြင်း (သို့မဟုတ်) ကျောင်းသားများအား ၎င်းတို့ပုံမှန်နှုန်းထားအတိုင်း လုပ်ဆောင်ရန် တိုက်တွန်းခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်များသည် သင်ခန်းစာများစီစဉ်ရေးဆွဲရန်နှင့်ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်တွင် ပါဝင်သော ညွှန်ကြားချက်များသည် အကြံပြုချက်များသာ ဖြစ်ပါသည်။ သင်၏စာသင်ခန်းအတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုစရိုက်လက္ခဏာနှင့် သင်ယူမှုလိုအပ်ချက်များ ရှိနိုင်ပါသည်။ ပညာရေးဒီဂရီကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ကိုယ်ပိုင်သင်ယူမှုလုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင်လိုအပ်သလို အနည်းအများပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာပြုလုပ်နိုင်ပါသည်။

## တတ်ကျွမ်းမှုအခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာ အဘယ်နည်း။

ပညာရေးဒီဂရီကောလိပ် ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့သည် တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုအတိုင်း လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်တွင် ထည့်သွင်းရေးဆွဲထားပြီး ၎င်းသည်ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) အပေါ်တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုဆိုသည်မှာ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကိုသာ အလေးပေးသည်မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့ဘဝ အခြေအနေတွင် ပြန်လည်၍အသုံးချရန် အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းများသည် သင်ယူသူဗဟိုပြုဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့်

လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ်နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။

ဆရာအတတ်သင်ပညာရေး၏ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်းထားပါသည်။[၃]

- **နောက်ခံအခြေအနေနှင့်ဆက်စပ်ပေးခြင်း (Contextualisation)။** သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝ အခြေအနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေပေါ်တွင် အခြေပြုလျက် ပြင်ဆင်ရေးဆွဲထားသည်။

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် (Flipped classroom)။** ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်းအတွင်း ဆရာကဦးဆောင်ပို့ချသင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိကိုယ်ပိုင် လေ့လာသင်ယူမှုနှုန်းဖြင့် ကြိုတင်ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူထားသည်များကို ဆရာ၏ပံ့ပိုးကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာ နားလည် သဘောပေါက်လာကြမည် ဖြစ်သည်။

- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက်ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း (သို့မဟုတ်) လုပ်ငန်းဆောင်တာတစ်ခုအား ပြီးမြောက်စေခြင်းဖြစ်သည်။ သင်ယူနားလည် သဘောပေါက်မှုသည် အတန်းဖော်အချင်းချင်း သော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် တက်ကြွစွာထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းများမှတစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏ အဓိကဝိသေသလက္ခဏာများမှာ - တူညီသောအလုပ် (သို့မဟုတ်) လုပ်ငန်းတစ်ခု ရှိခြင်း၊ အုပ်စုငယ်ဖြင့်လေ့လာသင်ယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မှီခို

[၃] Adapted from the Glossary of curriculum terminology (UNESCO-International Bureau of Education, 2013)

ဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှုတာဝန်ခံမှုရှိရခြင်း - စသည်တို့ ဖြစ်သည်။[၄]

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကိုအဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအားဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေးအစီအစဉ် သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သောနည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်း နှင့်အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်း တို့ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလိုအသုံးချနိုင်ရန် အခွင့်အလမ်း များကို ပေးထားပါသည်။

## သင်ရိုးရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤအတန်းသည် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် မြှင့်တင်ပေးမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို စံနမူနာပြခြင်းမှတစ်ဆင့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်ကို သင်ကြားရန် လိုအပ်သည့် တတ်ကျွမ်းမှုများ ရှိစေရန်အတွက် ကျောင်းသားများကို ပြင်ဆင်ပေးရန်ဖြစ်ပါသည်။ ကျောင်းသားများသည် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးအကြောင်းနှင့် နေအိမ်၊ ကျောင်း၊ အသိုက်အဝန်း၊ နိုင်ငံနှင့် ကမ္ဘာကြီးတို့အကြား အပြန်အလှန်ဆက်နွယ်မှုတို့ကို နက်ရှိုင်းစွာ နားလည်လာကြလိမ့်မည် ဖြစ်သည်။ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်သည် လူမှုတန်ဖိုး၊ စာရိတ္တတန်ဖိုးနှင့် တာဝန် ဝတ္တရားများ၊ အသိုက်အဝန်းတွင်ပါဝင်မှုနှင့် နိုင်ငံရေးဆိုင်ရာကောင်းစွာသိနားလည်မှုတို့ကို အလေးပေးထားပါသည်။ ကွဲပြားခြားနားသောကျောင်းသား အမျိုးမျိုး၏လိုအပ်ချက်နှင့် ကိုက်ညီနိုင်မည့်သင်ကြားမှုကို ညှိနှိုင်းပြင်ဆင်နိုင်မည့် ဆရာတစ်ယောက်ဖြစ်လာစေရန် အလို့ငှာ ကျောင်းသားများသည် ဘာသာရပ်ခေါင်းစဉ်များ၏ သင်ယူမှုရလဒ်များနှင့် အလယ်တန်း ကျောင်းသားများ သင်ယူပြီးမြောက်အောင်မြင်နိုင်ရေးကိုကူညီပေးမည့် ဆန်းသစ်သော လုပ်ငန်းများကို ရေးဆွဲပုံတို့အား လေ့လာကြရပါမည်။ အလယ်တန်းကျောင်းသားများ၏ အသက်အရွယ်၊ ဒေသနောက်ခံအကြောင်းအရာတို့အတွက် သင့်လျော်သောကိုယ်ပိုင်သင်ကြား သင်ယူမှုရင်းမြစ်များအား ဖန်တီးပုံကို ကျောင်းသားများ သိရှိလာပါလိမ့်မည်။

[၄] Lejenue's Collaborative Learning for Educational Achievement (1999)

## အခြေခံပညာရေး ရည်မှန်းချက်များ

ဤဘာသာရပ်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အခြေခံပညာတွင် သတ်မှတ်ထားသော စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ် သင်ရိုးညွှန်းတမ်းကို သင်ကြားနိုင်ရန် ပြင်ဆင်ပေးခြင်း ဖြစ်သည်။ အလယ်တန်း ကျောင်းသားများကို ထိရောက်စွာသင်ကြားနိုင်မည့် ဆရာများ ဖြစ်လာစေရန်အတွက် ဘာသာရပ်နှင့်ဆိုင်သော အခြေခံကျွမ်းကျင်မှုများ ကောင်းမွန်စွာ ရရှိစေရန် မူလတန်း၊ အလယ်တန်း အဆင့်များနှင့် ကိုက်ညီသော စာပေစံများကို သင်ယူရမည် ဖြစ်သည် (ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်၊ ၂၀၁၈)။

အခြေခံပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူ တတ်မြောက်ရန်

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိပြီး ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်ရန်

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသူများဖြစ်ရန်

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင် ကြံဆဆောင်ရွက်တတ်သူများဖြစ်ရန်

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကိုလက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာကို လက်ဆင့်ကမ်းနိုင်သူများဖြစ်ရန်

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့် လျော်ညီသောနည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရန်

(ဇ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ကျောင်းသားများပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစား စိတ်ဓာတ်ဖွံ့ဖြိုးလာရန်

(ဈ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများ ရရှိရန်

(ည) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေး အခြေခံ အသိများနှင့်အညီ လက်တွေ့ကျင့်သုံးနေထိုင်တတ်သူများဖြစ်ရန်

## အလယ်တန်းကျောင်းသားများအတွက် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ

၁။ စာရိတ္တပိုင်းဆိုင်ရာဝတ္တရားများကို ဖြည့်ဆည်းပေးမည့် မှန်ကန်သောဆုံးဖြတ်ချက် ချမှတ်မှုနှင့် ပြုမူလုပ်ဆောင်ပုံတို့ကိုရှိစေခြင်းဖြင့် ပညာတတ်တာဝန်သိနိုင်ငံသားများ ဖြစ်လာစေရန်။

၂။ လူ့အခွင့်အရေးတန်ဖိုးများကို လေးစားတတ်စေရန်နှင့် ပြည်သူတစ်ဦး၏ တာဝန်ဝတ္တရားကို သရုပ်ဖော်ပြသတတ်ရန်။

၃။ စည်းကမ်းများ၊ စည်းမျဉ်းများနှင့် ဥပဒေကို လေးစားတတ်စေရန်နှင့် ကိုယ်တိုင်လိုက်နာတတ်စေရန်။

၄။ ဒေသန္တရအသိအမြင်ရှိရုံသာမက ကမ္ဘာ့ရှုထောင့်ကို နားလည်သဘောပေါက် တန်ဖိုးထားတတ်သည့် ပညာတတ်နိုင်ငံသားများဖြစ်လာစေရန်။

## စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ် ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ် နှင့် ဆက်နွယ်သော အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ဖော်ပြပါမည်။ ထိုတတ်ကျွမ်းမှုစံသတ်မှတ်ချက်များသည် ဆရာအတတ်သင် ကျောင်းသားများ မည်သည့် အရာများကို သိရှိထားသင့်ပြီး၊ ပညာရေးဒီဂရီကောလိပ်မှ ဘွဲ့ရသွားသောအခါ မည်သည့်အရာများ ရရှိတတ်ကျွမ်းသွားမည်ကို ယေဘုယျ ခြုံငုံပြသပေးသည့် လမ်းညွှန် တစ်ခု ဖြစ်ပါသည်။ ၎င်းတတ်ကျွမ်းမှု စံသတ်မှတ်ချက်များသည် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးမာတိကာပါ အကြောင်းအရာ အခန်းများအတွက် ချမှတ်ထားသည့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် ချိတ်ဆက်မှုရှိပါသည်။

**ဇယား (က)။ ဒုတိယနှစ်၊ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်၊ ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၁) ကျောင်းသားများ မည်သို့ သင်ယူသည်ကို သိသည်။** | (က)(၁.၂) ကျောင်းသားများ၏ တစ်ဦးချင်း သင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေး အတွက် အထူးသင်ယူမှု လိုအပ်ချက်ရှိသော သင်ယူသူများအပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု)နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(က) (၁.၂.၂) ကျောင်းသားများ၏ရှိပြီး အသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ဖို့ အထောက်အကူပြုနိုင်ရန် ထိထိမိမိအလေးထားပြီး ရှေ့နောက် အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |
| **(က-၄) သင်ရိုးညွှန်းတမ်း အကြောင်းသိသည်။** | (က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။ |
| **(ခ-၁) သင်ကြားမှု နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။** | (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာနည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစား တို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှုနည်းဗျူဟာများကို အသုံးပြုသည်။ |
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများ နှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင် နိုင်ကြောင်းပြသည်။ | (ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ခ-၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း** | (ခ) (၂.၂) စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း (အသေးစိတ်) ထားရှိပြီး၊ ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများ သင်ယူမှု တိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်သော စွမ်းရည်ရှိကြောင်း ပြသည်။ | (ခ) (၂.၂.၂) ကျောင်းသားများ၏ သင်ယူတိုးတက်မှုကို လေ့လာကြီးကြပ် တည့်မတ်ပေးနိုင်ရန်၊ မှတ်တမ်းထားနိုင်ရန်၊ သင်ရိုးညွှန်းတမ်း ရေးဆွဲရေး အစီအစဉ်များ နှင့် ပတ်သက်၍ သတင်းအချက်အလက်များ ပေးနိုင်ရန် အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို အသုံးပြုသည်။<br>(ခ)(၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှု အခြေအနေများနှင့် ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ်ပြောဆိုသည်။ |
| **(ဂ-၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။** | (ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ် ဖြစ်သည့် ဆရာတစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅)သွယ် အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။ |

*ရင်းမြစ်* - မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန် ထမ်းဆောင်သော ဆရာများ (၂၀၂၀ ခုနှစ်) (စာ. ၁၀၉ - ၁၄၀)

## အရွယ်ရောက်သူလူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူလူငယ်များဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံးသင်ယူကြသည်။

- ဘာသာရပ်ပါ အကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးသားအသိ၊ အတွေ့ အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ
- အတန်းတွင်းအတန်းပြင် သင်ယူမှုများတွင် တက်ကြွစွာပါဝင်ရန် အခွင့်အလမ်း ရသောအခါနှင့်
- မိမိ၏သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာစဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများဖွံ့ဖြိုးစေအောင် ပြုလုပ်စေသော အခါတို့တွင် ဖြစ်သည်။

ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည့် အမျိုးမျိုးသော သင်ကြားသင်ယူမှု နည်းဗျူဟာများသည် အရွယ်ရောက်သူလူငယ်များအား သင်ကြားသည့် သဘောတရားများမှ ‘အလေ့အကျင့်ကောင်းများ’ ကို အခြေခံထားသည်။

## ၁။ ဆီလျော်မှုရှိပါစေ။

အရွယ်ရောက်သူလူငယ်များသည် ဦးတည်ချက် ရည်မှန်းချက်ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏သင်ယူမှုများသည် နေ့စဉ်ဘဝတွင်အဘယ်ကဲ့သို့ အရေးပါကြမည်ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများသင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရရန်လိုအပ်သည် ဆိုသည့်အချက်နှင့်ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့်ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်ပတ်သက်နေသည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခုမည်သည်ကို သင်ယူနေကြသည် (သို့မဟုတ်) တစ်ဦးချင်းသင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှအသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

## ၂။ သင့်ကျောင်းသားများ၏ နောက်ခံဘဝအခြေအနေများကိုသိပါ။

သင်၏ကျောင်းသားများသည် အနည်းဆုံး (၁၈) နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ ဘာသာရပ်ပါအကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝ အဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်သူလူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန်လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာအကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏လက်တွေ့ဘဝ အတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

## ၃။ စူးစမ်းလေ့လာဖော်ထုတ်မှုကို အားပေးပါ။

အရွယ်ရောက်သူလူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူပေါင်းလုပ်ဆောင်ခြင်း လိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာ အကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန်

ကူညီပေးသည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော လေ့ကျင့်မှုများနှင့်အခြားသူများကို သင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာပါဝင်လာစေရန် နည်းလမ်းများကို ရှာဖွေပါ။ ဤသို့ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးဖြစ်နေခြင်းထက် ပံ့ပိုးကူညီသူတစ်ဦး အဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်းအတွင်းရှိ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသောအရာကို ရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှုနောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင်ဦးစီးဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေး နိုင်ပါသည်။

## လူတိုင်းအကျုံးဝင်၍ သာတူညီမျှမှုရှိသော စာသင်ခန်းတွင်း အလေ့အထများအတွက် လမ်းညွှန်ချက်များ

လူတိုင်းအကျုံးဝင်ပါဝင်မှု ဆိုသည်မှာ လူအားလုံးသည် မည်သည့်ပုံစံနှင့်မျှ ခွဲခြားဆက်ဆံခံရခြင်း မရှိဘဲ တန်းတူအခွင့်အရေးများအား နှစ်ခြိုက်စွာခံစားရရှိနိုင်မှုကို သေချာစေသော အပြုအမူ ဖြစ်သည်။ ပညာရေးတွင် လူတိုင်းအကျုံးဝင်ပါဝင်မှုဆိုသည်မှာ ၁၉၉၈ခုနှစ်၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်တွင် ချမှတ်ခဲ့သည့်အတိုင်း ကလေးတစ်ယောက်အား ၎င်း၏ ကျား၊မ ဖြစ်တည်မှု၊ ဘာသာစကား၊ တိုင်းရင်းသားဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှု၊ မသန်စွမ်းမှု၊ လူမှုစီးပွားအခြေအနေနှင့် ပထဝီဝင်နေရာ စသည်တို့ကို ပဓာနမထားဘဲ ပညာသင်ယူခွင့်ရရှိနိုင်ရေးဖြစ်သည်။ ပညာရေးဝန်ကြီးဌာန (MoE)၏ မျှော်မှန်း ချက်မှာ ကုလသမဂ္ဂသဘောတူညီချက်မှ သတ်မှတ်ချက်များကို လိုက်နာစောင့်ထိန်းရာတွင် သိသာထင်ရှားသော တိုးတက်မှုများရှိစေရန် ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင် (SDG)အား ရောက်ရှိအောင်မြင်နိုင်ရန်မှာလည်း ပညာရေး ဝန်ကြီးဌာန (MoE) ၏ ရည်မှန်းချက်ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင်ဆိုသည်မှာ *SDG ပန်းတိုင် (၄) - လူသားအားလုံးအကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာ သင်ယူနိုင်သော အခွင့်အလမ်း ရရှိရေး ဖြစ်သည်။*

လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ပညာရေးဒီဂရီကောလိပ်၏ အဆင့်တိုင်း၌ သင်ယူသူနှင့်ရင်းနှီး ကျွမ်းဝင်သောပတ်ဝန်းကျင်တို့အား ဖန်တီးထားခြင်းတို့မှတစ်ဆင့် SDG ပန်းတိုင်(၄)သို့ရောက်ရှိ အောင်မြင်နိုင်သည်ဟု နားလည်သဘောပေါက်ထားနိုင်သည်။ ဆရာများက လူတိုင်းအကျုံးဝင် ပါဝင်မှုနှင့်သာတူညီမျှရှိသော စာသင်ခန်းအလေ့အထများကို ၎င်းတို့၏ကျောင်းသားများအား စံနမူနာအဖြစ် ပြသနိုင်သလို အုပ်ချုပ်သူများကလည်း ခွဲခြားဆက်ခံခြင်းအား ဆန့်ကျင်သည့် မူဝါဒအပါအဝင် လူတိုင်းအကျုံးဝင်ပါဝင်မှုကို ဖော်ကျူးနေသည့် တာဝန်များ၊

မျှော်မှန်းအဆိုပြုချက်များနှင့် မူဝါဒများအား ဖန်တီးခြင်းတို့ဖြင့် ကူညီလုပ်ဆောင်နိုင်ပါသည်။

ဆရာတစ်ယောက်အနေဖြင့် စာသင်ခန်းအတွင်း ကျား၊မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာဖော်ဆောင်ခြင်းသည် သင်၏သင်ကြားမှုတွင် မရှိမဖြစ် အရေးပါသော အင်္ဂါရပ်တစ်ခုဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှု များကို အညီအမျှ တန်ဖိုးထားသည်ဟု ခံစားရပြီး၊ သင်ယူမှုကို အညီအမျှ လက်လှမ်းမီ ရယူနိုင်သည့် ဘေးကင်းလုံခြုံ၍ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်ကို ရရှိစေရန် သင် အသုံးပြုမည့် သင်ကြားသင်ယူမှု နည်းလမ်းများနှင့် ရင်းမြစ်များကို သတိပြုရွေးချယ်ရန် လိုအပ်ပါသည်။

ကျောင်းသားများ ပညာရေးကို လက်လှမ်းမီရယူနိုင်ကြောင်း သေချာစေရန်မှာ သင့်တာဝန် ဝတ္တရားဖြစ်သလို လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ကျား၊မ တန်းတူညီမျှမှု၏ အရေးပါပုံကို ကျောင်းသားများ နားလည်သဘောပေါက်၊ တန်ဖိုးထားရန်နှင့် ၎င်းတို့ကိုယ်ပိုင်သင်ကြားမှု အလေ့အကျင့်များနှင့်ပတ်သက်သော အသိပညာများကို ရယူရန်မှာလည်း သင့်တာဝန် ဝတ္တရားဖြစ်သည်။ လူတိုင်းအကျုံးဝင်ပါဝင်ပြီး သင်ယူသူနှင့် ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်များအား ပြည့်စုံစွာရှင်းလင်းဖော်ပြပြီး (သို့မဟုတ်) သွယ်ဝိုက်ဖော်ပြပြီး ဖန်တီးခြင်းနှင့် စပ်လျဉ်းသော စာသင်ခန်းတွင်း ဖွံ့ဖြိုးတိုးတက်လာသည့် ကျွမ်းကျင်မှုများ၊ အသိပညာ၊ တန်ဖိုးထားမှုများနှင့် စိတ်နေသဘောထားများသည် ကျောင်းသားများ၏ အနာဂတ် စိတ်နေသဘောထားများအပေါ် ရေရှည်သက်ရောက်မှုများ ရှိနိုင်ပါလိမ့်မည်။

## လူတိုင်းအကျုံးဝင်သည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ကူညီပံ့ပိုးရန်အတွက် ယေဘုယျ နည်းဗျူဟာများ

ကျောင်းသားများ လေ့လာသင်ယူရာတွင် ပေါက်မြောက်အောင်မြင်မှု ရရှိစေရန်အတွက် ၎င်းတို့အားကူညီပံ့ပိုးပေးသည့် အရည်အသွေးမြင့် လူတိုင်းအကျုံးဝင် သင်ယူမှုပတ်ဝန်းကျင် တစ်ခုကိုဖန်တီးရန်မှာ ဆရာများတွင် တာဝန်ရှိပါသည်။

- ကျောင်းသားတစ်ဦးချင်းစီအကြောင်းစဉ်းစားပြီး ၎င်းတို့၏ ကျား၊မ ဖြစ်တည်မှု၊ မသန်စွမ်းဖြစ်မှု၊ ကိုးကွယ်ရာဘာသာ၊ တိုင်းရင်းသားဖြစ်မှု၊ ဘာသာစကား၊ ပထဝီဝင် ဆိုင်ရာ ဆက်စပ်အကြောင်းအရာနှင့် လူမှုစီးပွား အခြေအနေတို့ကြောင့် တွေ့ကြုံကောင်း တွေ့ကြုံရနိုင်သည့် အဟန့်အတားများကို ထည့်သွင်းစဉ်းစားပါ။

- သင့်ကိုယ်ပိုင် ဘက်လိုက်မှုများကို သတိထားပြီး သင်၏လုပ်ဆောင်ချက်များနှင့် သင်ကြားမှုနည်းလမ်းများကို ပြန်လည်သုံးသပ်ပါ။
- ကျား၊မ အားလုံးပါဝင်ကြောင်းနှင့် အသိအမှတ်ပြုခံရကြောင်း သေချာအောင် လုပ်ဆောင်ပါ။ ကျား၊မရေးရာ တရားသေမှတ်ယူမှုများကို အားပေးခြင်း မပြုလုပ်မိအောင် သတိပြုပါ။
- တိုင်းရင်းသား (သို့မဟုတ်) ဘာသာရေးအုပ်စု အမျိုးမျိုးတွေ့ကြုံခဲ့ရသည့် (သို့မဟုတ်) ဆက်လက်တွေ့ကြုံနေရသည့် ဖယ်ထုတ်ထားမှုကို သတိထားဆင်ခြင်ပါ။
- တိုင်းရင်းသားဘာသာစကားပြော အုပ်စုများမှလာသည့် ကျောင်းသားများအနေနှင့် ကျောင်းတွင် ညွှန်ကြားချက်များပေးသည့် ဘာသာစကားကို အသုံးပြုရာ၌ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုမရှိခြင်းမျိုး ဖြစ်ကောင်းဖြစ်နိုင်ကြောင်း သတိပြုပါ။ ကျောင်းသား အားလုံးရင်းနှီးမည့် အသုံးအနှုန်းများကို အသုံးပြုပြီး သင်ခန်းစာတစ်လျှောက် နားလည်မှုကို စစ်ဆေးပါ။ လိုအပ်ပါက ကျောင်းသားအားလုံးအတွက် အဓိက စာရွက်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများအား ဘာသာပြန်ထားချက်များကို ပံ့ပိုးပေးပါ။
- ကွဲပြားခြားနားသော ဘာသာရေးအလေ့အကျင့်များကို လက်ခံအသိအမှတ်ပြုပြီး အတန်းထဲရှိသူအားလုံးကို ကိုယ်စားပြုရန် ကြိုးစားလုပ်ဆောင်ပါ။ အတန်းထဲ ရှိသူများအား အများဆုံးလွှမ်းမိုးထားသော ယဉ်ကျေးမှု (သို့မဟုတ်) ဘာသာရေးသို့ ဘက်လိုက်မှု မရှိပါစေနှင့်။
- လုပ်ငန်းများနှင့် ဥပမာများသည် လူမှုစီးပွားအုပ်စုအားလုံးမှ ကျောင်းသားများအတွက် နားလည်လွယ်ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ကြောင်း သေချာအောင်လုပ်ဆောင်ပါ။ နယ်မြေဒေသနှင့် ဆက်နွှယ်နေသောဒေသဆိုင်ရာဥပမာများနှင့် ရရှိရန်လွယ်ကူသော၊ စရိတ်နည်းသော၊ အရန်သင့်ရနိုင်သော သင်ထောက်ကူပစ္စည်းများကို အသုံးပြုပါ။
- မသန်စွမ်းကျောင်းသားများအတွက် နေရာပြင်ဆင်မှုများကို ပံ့ပိုးပေးပြီး သင်ခန်းစာ များကို ပြောင်းလဲပြုပြင်ပေးပါ။
- သင်ယူမှုပုံစံအမျိုးမျိုးအတွက် အလိုက်သင့်ဖြစ်စေရန် ရုပ်ပုံအချက်ပြမှုများ၊ အကြားအာရုံ အချက်ပြမှုများနှင့် ဖြစ်နိုင်ပါက အထိအတွေ့အာရုံအချက်ပြမှုများ မှတစ်ဆင့် သင်ခန်းစာ၏ သင်ယူမှုအချက်များကို တင်ပြကြောင်း သေချာအောင် လုပ်ဆောင်ပါ။

- တူညီသော သင်ယူမှုတတ်ကျွမ်းမှုများနှင့် သင်ယူမှုရလဒ်များကို လေ့လာဖော်ထုတ်ရန် အလို့ငှာ ကွဲပြားခြားနားသော ကျောင်းသားများအတွက် အမျိုးမျိုးသော လုပ်ငန်းများကို ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် လုပ်ဆောင်တင်ဆက်ပါ။
- ကျောင်းသားအားလုံးအတွက် မျှော်မှန်းချက်များကို မြင့်မားစွာထားပါ။ သင်ယူမှုရလဒ်များကို ကျောင်းသားတစ်ဦးချင်းစီ ရရှိတတ်မြောက်သွားအောင် ကူညီပေးရန် အလေးပေးဆောင်ရွက်ပါ။

## စာသင်ခန်းအတွင်း ကျား၊မ အကျုံးဝင်ပါဝင်မှုကို သေချာအောင်လုပ်ဆောင်ပါ။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှတစ်ဆင့် ကျား၊မ ရေးရာ တရားသေမှတ်ယူထားခြင်းများအား အမှုမဲ့အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊မ အားလုံးပါဝင်သော စာသင်ခန်းဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာစာသင်ခန်းများအတွင်း ကျောင်းသားတို့၏ ကျား၊မ တန်းတူညီမျှမှုကို ကောင်းမွန်စွာအထောက်အကူပြုသည့် ကျား၊မ ရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်းစဉ်းစားလုပ်ဆောင်သည့် အလေ့အကျင့်များ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

- အသံများ (ပြောဆိုမှုများ)၊ နာမည်များ၊ ကိုးကားမှုများနှင့် ဥပမာများတွင် အမျိုးသားကိုယ်စားပြုမှုနှင့် အမျိုးသမီး ကိုယ်စားပြုမှုတို့သည် ညီတူညီမျှရှိနေကြောင်း သေချာအောင်လုပ်ဆောင်ပါ။
- ရုပ်ပုံဥပမာများသည် တည်ရှိနေပြီးသော မည်သည့် တရားသေမှတ်ယူမှုမျိုးကိုမဆို အားပေးထောက်ခံနေခြင်းမရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- စာသင်ခန်းအတွင်းတွင် ကျား၊မ ရေးရာသာတူညီမျှမှုနှင့် လူတိုင်းအတွက် အကျုံးဝင်သော ဘာသာစကားကို အသုံးပြုပါ။ သင်၏ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန်ပြောပါ။
- ကျောင်းသားများအား ကျား၊မ ရေးရာသဘောကို သတိပြုမိစေရန် ကူညီအားပေးပါ။ ကျား၊မ ရေးရာ ဘက်လိုက်ခြင်း သဘောထားများကိုမြင်လာအောင် အသားပေးရှင်းပြပါ။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အပြုအမူများကို ပြန်လည်သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ အပြန်အလှန်ပြောဆိုဆွေးနွေးရာတွင်

ကျောင်းသားများနှင့် ကျောင်းသူများကို ညီတူညီမျှ ပြောဆိုဆွေးနွေးဖြစ်ကြောင်း၊ သင်ကြားရာတွင် ကျောင်းသားများကိုရော ကျောင်းသူများကိုပါ ညီတူညီမျှအမည်တပ်ခေါ်ဆိုခြင်း၊ ပါဝင်ဆောင်ရွက်စေခြင်းတို့ရှိကြောင်း သေချာအောင်လုပ်ဆောင်ပါ။ ဥပမာ - မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင်ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြု စကားပြောသောအခါ၊ မျက်လုံးချင်းဆုံကြည့်သောအခါ (သို့မဟုတ်) ကျောင်းသားအမည်များကို မှတ်မိအောင်ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။

- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း/ ခွဲခြင်း၊ ထိုင်ခုံနေရာစီစဉ်ခြင်း၊ အတန်းကိုအလှဆင်ခြင်းများပြုလုပ်ရာတွင် ကျား၊မ ရေးရာကို အလေးထားသိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် စီစဉ်ဆောင်ရွက်ပါ။

**ကျောင်းသားများ၏ လိုအပ်ချက်အလိုက် သင်ခန်းစာပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်လမ်းညွှန်ချက်များ**

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| **သင်ခန်းစာခေါင်းစဉ်ကို စိတ်မဝင်စားသော ကျောင်းသားများ** | ၎င်းတို့၏ ဘဝနှင့် ခေါင်းစဉ်အကြားသက်ဆိုင်သည့် ဆက်စပ်မှုများရှိအောင် လုပ်ဆောင်ပေးပါ။ |
| | ခေါင်းစဉ်အား လက်တွေ့အသုံးပြုနိုင်ပုံများကို ပြသပါ။ |
| | ၎င်းတို့၏ စိတ်ဝင်စားမှုနှင့်ဆက်စပ်နေသော ဥပမာများကို အသုံးပြုပါ။ |
| | သင်ခန်းစာအကြောင်းအရာတွင် ကျောင်းသားများ အတူတကွပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် ဂိမ်းကစားပွဲများနှင့် လုပ်ငန်းများပါဝင်ပါစေ။ |
| **လုပ်ငန်းများတွင် စိတ်အားတက်ကြွမှုမရှိသော ကျောင်းသားများပါဝင်ခြင်း** | စာသင်ခန်းတွင် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အခြေပြု သင်ယူမှုအတွက် အခွင့်အလမ်းများကို တိုးမြှင့်ပေးပါ။ |
| | သင်ယူမှုလုပ်ငန်းများသည် ထိုက်သင့်သော ခက်ခဲမှုအဆင့်အတန်းများ၌ ရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပါ။ |
| **စာသင်ခန်းတွင်ပါဝင်ရန် တွန့်ဆုတ်နေသော ကျောင်းသားများ** | ပါဝင်ရန်အတွက် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အချင်းချင်း/အုပ်စုငယ်များအကြား ပါဝင်မှုအတွက် မျှော်မှန်းချက်များကို ပြောင်းလွယ်ပြင်လွယ်ရှိပါစေ။ |
| | တိတ်ဆိတ်ငြိမ်သက်နေလေ့ရှိသော ကျောင်းသားများအား ပါဝင်ရန် အားပေးပြီး ပံ့ပိုးပေးပါ။ |
| **အလုပ်များကို ပိုမိုလျင်မြန်စွာ လုပ်ဆောင်ပြီးစီးသော ကျောင်းသားများ** | ထပ်ဆောင်းလုပ်ငန်းများ အဆင်သင့်ဖြစ်အောင် ရေးဆွဲထားပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| **လုပ်ငန်းများကို လုပ်ဆောင်ပြီးစီးရန် အချိန်ပို၍ကြာမြင့်တတ်သော ကျောင်းသားများ** | လိုအပ်ပါက အလုပ်များကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အချိန်ထပ်တိုးပေးပါ။ |
| **အမြင်အာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အကြားအာရုံ မသန်စွမ်း ကျောင်းသားများ အပါအဝင်)** | အရာဝတ္ထုများ/ရုပ်ပုံများ၊ ရုပ်ပုံစုစည်းမှုများ ပါဝင်သည့် ရောင်စုံပြ အချက်အလက်တို့ကို အသုံးပြုပါ။ |
| **အကြားအာရုံအသုံးပြု သင်ကြားမှုကို ပိုမို ကောင်းမွန်စွာတုံ့ပြန်နိုင်သည့် ကျောင်းသားများ (အမြင်အာရုံမသန်စွမ်း ကျောင်းသားများ အပါအဝင်)** | ဟောပြောပို့ချခြင်း (သို့မဟုတ်) ဆွေးနွေးမှုအခြေပြုသင်ယူခြင်း၊ အတန်းဖော် အခြေပြုလုပ်ငန်းများ၊ စာအုပ်များကို အသံထွက်ဖတ်ပြထားသည့် အသံဖိုင်များ၊ စာသားကိုအသံထွက်ပြနိုင်သည့် ဆော့ဖ်ဝဲလ်များကို အသုံးပြုပါ။ |
| **သင်ယူရာတွင်( သို့မဟုတ်) အာရုံစူးစိုက်ရာတွင်အခက်အခဲရှိသည့် ကျောင်းသားများ** | အချက်အလက်အပိုင်းအစငယ်များ၊ မကြာခဏထပ်ကျော့လုပ်ဆောင်မှုများ၊ ဥပမာအမျိုးမျိုး၊ ခိုင်လုံသော သင်ယူမှုအတွေ့အကြုံများ၊ လက်တွေ့သရုပ်ပြ သင်ကြားခြင်း၊ လက်တွေ့သင်ကြားခြင်းတို့ကို အသုံးပြုပါ။ |
| **ကိုယ်လက်လှုပ်ရှားမှုနည်းလမ်းကို အသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်စွာ သင်ယူနိုင်သော ကျောင်းသားများ** | လက်တွေ့သင်ကြားခြင်း၊ အရာဝတ္ထုများကို ထိတွေ့ခြင်း၊ ထိတွေ့နိုင်သော ဂရပ်ဖစ်ပုံများ၊ မကြာခဏရွေ့လျားခြင်း၊ စီမံကိန်းအခြေပြု သင်ယူခြင်းတို့ကို အသုံးပြုပါ။ |
| **ယဉ်ကျေးမှုကွဲပြားစုံလင်သော ကျောင်းသားများ** | ယဉ်ကျေးမှုနှင့်ဆက်နွှယ်နေသော သင်ထောက်ကူများနှင့် ညွှန်ကြားချက်ပေးခြင်းနည်းလမ်းများကို အသုံးပြုပါ။ |
| **မသန်စွမ်းကျောင်းသားများ** | အခက်အခဲတွေ့ကြုံရခြင်းမရှိဘဲ အထောက်အပံ့ အကူအညီပေးနိုင်သော ကျောင်းသားများနှင့်အတူ အုပ်စုဖွဲ့ပေးပါ။ |
| **အကြားအာရုံမသန်စွမ်းသော ကျောင်းသားများ** | စာသင်ခန်း၏ ရှေ့နားတွင်ထိုင်စေပါ။ |
| | နှုတ်ကြည့်ဖတ်ခြင်း (lip-reading)ကို လုပ်ဆောင်နိုင်ရန်အလို့ငှာ သင်၏နှုတ်ခမ်းများကို သေချာစွာမြင်နိုင်စေရန်အတွက် ၎င်းတို့ကို စာသင်ခန်း၏ ရှေ့နားတွင်ထိုင်စေပါ။ |
| | ဆက်သွယ်မှုပြုလုပ်ရန်အတွက် စာဖြင့်ရေးသားပံ့ပိုးပေးပါ။ |
| **အမြင်အာရုံမသန်စွမ်းသော ကျောင်းသားများ** | သင်ပုန်းနားတွင် ထိုင်စေပါ။ |
| | အမြင်အာရုံထင်ရှားအောင် ပြုပြင်ထားသည့် အရွယ်အစားကြီးမားစွာ ပုံနှိပ်ထားသော သင်ထောက်ကူပစ္စည်းများကို အသုံးပြုပါ။ |
| | ညွှန်ကြားချက်များကို နှုတ်ဖြင့်ရော ပုံဖြင့်ပါ ပံ့ပိုးပေးပါ။ |
| | အခြားအာရုံများကို အသုံးပြုခြင်းဖြင့် ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| **ပုံနှိပ်စာလုံးများမှတစ်ဆင့် မိမိကိုယ်ကို ဖော်ပြလိုသော ကျောင်းသားများ (စကားပြောဆိုရာတွင် အခက်အခဲရှိသည့် ကျောင်းသားများအပါအဝင်)** | နေ့စဉ်မှတ်တမ်း (ဂျာနယ်)၊ ကွက်လပ်ဖြည့်လုပ်ငန်းများ၊ စာစီစာကုံးများ၊ ဇာတ်လမ်းပုံပြင်များ (သို့မဟုတ်) ကဗျာများကို အသုံးပြုပါ။ |
| **နှုတ်ဖြင့်ဖော်ပြလိုသော ကျောင်းသားများ (စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများအပါအဝင်)** | စာသင်ခန်းတွင်းဆွေးနွေးခြင်း (သို့မဟုတ်) မေးခွန်းများကို ‘ပြန်လည်အစီရင်ခံခြင်း’ တို့ကို အသုံးပြုပါ။ |
| **ရုပ်ပုံများ၊ သရုပ်ပြပုံများဖြင့် အကောင်းဆုံး ဆက်သွယ်နိုင်သော ကျောင်းသားများ (စကားပြောဆိုရာတွင် သို့မဟုတ် စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်)** | ရုပ်ပြပုံများ၊ ပိုစတာပြုလုပ်ခြင်းများ (သို့မဟုတ်) အခြားပန်းချီအနုပညာပုံစံများကို အသုံးပြုပါ။ |
| **သရုပ်ပြသင်ကြားခြင်းနှင့် ရွေ့လျားခြင်းတို့မှတစ်ဆင့် မိမိကိုယ်ကို ပိုမိုကောင်းမွန်စွာ ဖော်ပြနိုင်သော ကျောင်းသားများ** | ဒရာမာပြဇာတ်များ၊ တစ်ခန်းရပ် ဟာသပြဇာတ်များ၊ ခန္ဓာကိုယ်လှုပ်ရှားမှုများ၊ နမူနာပုံစံငယ်များ တည်ဆောက်ခြင်းမှတစ်ဆင့် သင်ကြားပါ။ |
| **ဖြေဆိုခြင်းမပြုမီ အချိန်ယူစဉ်းစားရန် လိုအပ်သော ကျောင်းသားများ (ဒုတိယဘာသာစကားအဖြစ် သင်ယူသူများ အပါအဝင်)** | သင်နှင့် (သို့မဟုတ်) အတန်းဖော်များနှင့် မျှဝေဖြေဆိုခြင်းမပြုမီ အဖြေများကို စဉ်းစားရန်အတွက် ၎င်းတို့ကိုအချိန်ပေးပါ။ |
| **ရွေ့လျားရာတွင် အကန့်အသတ်ရှိသော ကျောင်းသားများ** | ရွေ့လျားမှုပြုလုပ်ရန်လိုအပ်ပါက ၎င်းတို့၏အခြားခန္ဓာကိုယ် အစိတ်အပိုင်းများကို အသုံးပြုခြင်း (သို့မဟုတ်) ဝှီးချဲလ်ရွေ့လျားမှုကို အသုံးပြုခြင်းဖြင့် အသိပညာကို သရုပ်ပြသင်ကြားရန် ကျောင်းသားများကိုခွင့်ပြုသော အပြောင်းအလဲများပါဝင်သည့် သင်ခန်းစာအဖြစ် ညှိနှိုင်းပြင်ဆင်ပါ။ |
| | ၎င်းတို့၏ တတ်ကျွမ်းမှုကို စာဖြင့် (သို့မဟုတ်) နှုတ်ဖြင့်လည်း သရုပ်ပြနိုင်ပါသည်။ |
| **အာရုံကြောနှင့် ခန္ဓာကိုယ် မသန်စွမ်း (Complex physical disabilities) ကျောင်းသားများ** | စာရေးသားခြင်းကိုပံ့ပိုးပေးမည့် အကူစာရေးပေးသူတစ်ဦးကို အသုံးပြုပါ။ |
| **သင်ယူမှု/ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာတွင် အခက်အခဲရှိသော ကျောင်းသားများ** | အတန်းဖော်အချင်းချင်း ကူညီပံ့ပိုးစေပါ။ |
| | ဝါကျအစ စကားလုံးများ၊ အဓိကဝေါဟာရ စာရင်းများ၊ ရုပ်ပုံများ၊ လုပ်ဆောင်ရမည့် အချက်များ၊ လုပ်ငန်းပြီးမြောက်မှုကို စစ်ဆေးရန် စာရင်းများကို အသုံးပြုပါ။ |

## သင်ယူတတ်မြောက်မှုတိုးမြှင့်ရန် အားလုံးပါဝင်မှုနှင့် အရည်အသွေးပြည့်မီမှုရှိသော စစ်ဆေးအကဲဖြတ်ခြင်း

သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအများအပြားအတွက် အဟန့်အတားများကို ဖြစ်စေတတ်သည်။ လူတိုင်းအကျုံးဝင် ပါဝင်နိုင်သည့် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှုအခွင့်အလမ်းများအား ကျောင်းသားများ လက်လှမ်းမီရယူခြင်းကို အမြင့်ဆုံးဖြစ်စေရန် သာမက ၎င်းတို့တစ်ဦးချင်းစီ၏ ကွဲပြားခြားနားချက်များကို ထည့်သွင်းစဉ်းစားပြီး ပညာရေးအရည်အသွေးကို တိုးတက်စေရန် ပါဝင်လုပ်ဆောင်ရန်ကိုလည်း ခွင့်ပြုပေးသည်။

- သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းကို မကြာခဏအသုံးပြုပါ။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့် ညွှန်ကြားချက်ပေးခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်မည့် အချက်အလက်ကို အသုံးပြုပါ။

- ကျောင်းသားအားလုံး လက်လှမ်းမီ ပါဝင်နိုင်ရန်အတွက် စစ်ဆေးမှုများကို ပုံဖော်ရေးဆွဲပြီး ပြုပြင်ပြောင်းလဲပါ။

- ညွှန်ကြားချက်အားလုံးသည် ရှင်းလင်းပြီးနားလည်သဘောပေါက်ရန် လွယ်ကူကြောင်း၊ မေးခွန်းများသည် ကျောင်းသားများ ဖတ်ရှုနိုင်သည့် အဆင့်အတန်းများဖြစ်ကြောင်း၊ သရုပ်ပြပုံများသည် ရှင်းလင်းပြီး ဖတ်ရှုရလွယ်ကူကြောင်း သေချာအောင် လုပ်ဆောင်ပါ။

- ပံ့ပိုးမှုလိုအပ်သော မသန်စွမ်းကျောင်းသားများအား အဖြေများကို ရေးသားရန် (သို့မဟုတ်) မေးခွန်းများကို နားလည်သဘောပေါက်စေရန် လိုအပ်သလို အထောက်အကူပြု ပံ့ပိုးရန် ခွင့်ပြုပါ။ (ဥပမာအားဖြင့် အခြားပညာသင်နှစ်/ အခြားအတန်းမှ အတန်းသားများ (သို့မဟုတ်) လက်ထောက်ဆရာမှတစ်ဆင့် ကူညီပံ့ပိုးနိုင်သည်။)

- သင်ယူမှုပန်းတိုင်သို့ဦးတည်နေသည့် စံအမှတ်ပါဝင်သော စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို အသုံးပြုပါ။ (ထိုဇယားတွင်) “အထောက်အထားမရှိသေး”၊ “စတင်နေဆဲ”၊ “တိုးတက်ဆဲ”နှင့် “အမှီအခိုကင်း” စသည်တို့ကို အဆင့်သတ်မှတ်ချက် စကေးများအဖြစ် အသုံးပြုပါ။ သင်ခန်းစာအပေါ် (သို့မဟုတ်) တစ်ဦးချင်းစီ၏ သင်ယူမှုပန်းတိုင်များအပေါ် မူတည်ပြီး စံအမှတ်များကို ပြုပြင်ညှိနှိုင်းနိုင်ပါသည်။ အခြားနည်းလမ်းများတွင် စစ်ဆေးရန်အချက်များပါသော စာရင်းများ၊ ပုဂ္ဂိုလ်ရေး ဆိုင်ရာ တုံ့ပြန်အကြံပြုချက်၊ ကျောင်းသားများ၏ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း၊

အလေးပေး ရွေးချယ်မှုများပါဝင်သည့် သင်ယူမှုဆိုင်ရာ အထောက်အထားမှတ်တမ်းများနှင့် တိုးတက်ရန်လိုအပ်သည့် နယ်ပယ်များပါဝင်သည်။

- သင်ခန်းစာတစ်ခုအား နားလည်သဘောပေါက်မှုကို စစ်ဆေးရာတွင် နည်းလမ်းတစ်ခုထက်မကရှိကြောင်း သေချာအောင်လုပ်ဆောင်ပါ။ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းအမျိုးမျိုးမှတစ်ဆင့် သင်ယူမှုကိုပြောဆိုရေးသားဖော်ပြနိုင်မည့် ရွေးချယ်စရာအများအပြားကို ကျောင်းသားများအတွက် ပံ့ပိုးပေးပါ။

**စစ်ဆေးအကဲဖြတ်လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရာတွင် အခက်အခဲများ တွေ့ကြုံရနိုင်သော ကျောင်းသားများအတွက် ညှိနှိုင်းဆောင်ရွက်ပေးမှုများ**

| ညှိနှိုင်းဆောင်ရွက်ပေးမှု အမျိုးအစားများ | အကြံညာဏ်များ |
|---|---|
| **တင်ပြခြင်းကို လုပ်ဆောင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ** | စစ်ဆေးအကဲဖြတ်ခြင်းကို အသံထွက်ရွတ်ဖတ်ခြင်း (အသံသွင်းထားခြင်း (သို့မဟုတ်) အရွယ်ရောက်ပြီး စာဖတ်သူ) |
| | စစ်ဆေးအကဲဖြတ်ခြင်းအတွက် အရွယ်အစားကြီးမားစွာ ပုံနှိပ်ထားခြင်း |
| | အကြားအာရုံကို အထောက်အကူပေးရန်အတွက် အသံကိုချဲ့ထားပေးခြင်း (အကြားအာရုံ အထောက်အကူပြု အသံချဲ့ကိရိယာများ) |
| | ကွန်ပျူတာမျက်နှာပြင်ပေါ်ရှိ စာသားများကို အသံထွက် ဖတ်ပြပေးနိုင်သော ဆော့ဖ်ဝဲလ်များ |
| **မေးခွန်းများဖြေဆိုရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ** | မေးခွန်းများဖြေကြားရာတွင် ကူညီပေးသည့် ကွန်ပျူတာကို အသုံးပြုခြင်း (သို့မဟုတ်) အကူစာရေးပေးသူတစ်ဦးကို အသုံးပြုခြင်း |
| | သီးခြားစာအုပ်တွင် ဖြေဆိုခြင်းမပြုစေဘဲ ပုံနှိပ်စာအုပ်ထဲတွင် အဖြေများကို တိုက်ရိုက်ဝိုင်း၍ ဖြေဆိုစေခြင်း |
| | အချက်အလက်များကို စုစည်းဖော်ပြသည့် ကိရိယာများကို အသုံးပြုခြင်း။ ဥပမာ - ဂဏန်းတွက်စက်များ၊ အချက်အလက်စီမံခန့်ခွဲမှု ကိရိယာများ၊ စာလုံးပေါင်းသတ်ပုံ စစ်ဆေးပေးသည့် ကိရိယာများ၊ အဘိဓာန်များ |

| ညှိနှိုင်းဆောင်ရွက်ပေးမှု အမျိုးအစားများ | အကြံဉာဏ်များ |
|---|---|
| **နေရာပြင်ဆင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ** | အနှောင့်အယှက်ကို အနည်းဆုံးသို့ လျှော့ချရန်အတွက် သီးခြားတစ်နေရာတွင် စာမေးပွဲစစ်ဆေးပေးခြင်း |
| | အုပ်စုငယ်အတွင်း စစ်ဆေးခြင်း |
| | အခန်းတွင်း အလင်းရောင်ကိုချိန်ညှိပေးခြင်း (ကျောင်းသားများ၏ လိုအပ်ချက်အလိုက် အလင်းရောင်ကိုတိုးပေးခြင်း (သို့မဟုတ်) လျှော့ချပေးခြင်း) |
| | ဆူညံသံလျှော့ချသည့် ကြားခံကိရိယာ (နားကြပ်) များကို ပံ့ပိုးပေးခြင်း။<br>ဥပမာ - headphones, ear plugs, earphones |
| **အချိန်ကို ညှိနှိုင်း ဆောင်ရွက်ပေးမှုများ** | စာမေးပွဲကို ပြီးဆုံးသည်အထိ ဖြေဆိုနိုင်စေရန် အချိန်တိုးပေးခြင်း |
| | ခေတ္တနားချိန် အများအပြား (သို့မဟုတ်) မကြာခဏပေးခြင်း |
| | စစ်မေးမှုအစီအစဉ်ကို ပြောင်းလဲပေးခြင်း (ဥပမာ - စိုးရိမ်ပူပန်မှုကို လျှော့ချရန် အတွက် ပိုမိုလွယ်ကူသော ဘာသာရပ်များကို ပံ့ပိုးပေးခြင်း) |
| | တစ်နေ့တည်းအပြီး စစ်ဆေးခြင်းထက် နေ့ရက်များစွာ အချိန်ပေး၍ စစ်ဆေးခြင်း |

## ပြန်လည်သုံးသပ်ခြင်းအလေ့အကျင့်ဖြင့် လူတိုင်းအကျုံးဝင်သင်ကြားရေးကို မြှင့်တင်ပါ။

ကျောင်းသားများ၏ နောက်ခံအခြေအနေ မည်သို့ပင်ရှိစေကာမူ ၎င်းတို့အားလုံး လက်လှမ်းမီ သင်ယူနိုင်သော၊ ပါဝင်ချိတ်ဆက် ဆောင်ရွက်နိုင်သော အရည်အသွေးပြည့်ပညာရေးအား သင်က ပံ့ပိုးပေးနေကြောင်း သေချာစေရန်အတွက် သင်၏ သင်ကြားခြင်းအလေ့အကျင့်ကို ပုံမှန်ပြန်လည်သုံးသပ်သင့်ပါသည်။ သင်ခန်းစာတစ်ခုပြီးတိုင်း သင်၏ပြန်လည်သုံးသပ်ခြင်း အတွက် အောက်ပါမေးခွန်းများအကြောင်းကို စဉ်းစားပါ -

### ၁။ ကျောင်းသားအားလုံးကို ထည့်သွင်းစဉ်းစားပြီး သင်ကြားမှုကို ပြင်ဆင်သည်။

- သင်ခန်းစာလုပ်ငန်းများသည် ကျောင်းသားများ၏ စိတ်ဝင်စားမှုများနှင့် အတွေ့အကြုံ များကို ထည့်သွင်းစဉ်းစားထားပါသလား။
- သင်ကြားမှုနည်းဗျူဟာများနှင့် နည်းလမ်းများကို ပြောင်းလဲအသုံးပြုပါသလား။
- ကျောင်းသားများသည် သင်ခန်းစာလုပ်ငန်းများ၏ ရည်ရွယ်ချက်များကို နားလည် သဘောပေါက်ပါသလား။

- သင်ပြမှုပုံစံသည် ရရှိလိုသော သင်ယူမှုရလဒ်များအား သင်ယူပြီးမြောက်မှုကို ပံ့ပိုးပေးပါသလား။
- မည်သူ့အတွက် မည်သည့်အရာကအဆင်ပြေပြီး မည်သည့်အရာက အဆင်မပြေပါသနည်း။ ဘာသာရပ်သင်ကြားရာတွင် ပိုမိုကောင်းမွန်သောနည်းလမ်း ရှိပါသလား။
- ကျောင်းသားများ၏ သင်ယူမှုပုံစံ၊ ဦးစားပေးမှု၊ စွမ်းရည်နှင့် လိုအပ်ချက်အမျိုးမျိုးကို မျှော်လင့်ထားပါသလား။ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လုပ်ငန်းများကို ပုံဖော်ရေးဆွဲထားပါသလား။
- ကျောင်းသားများ၏ နားလည်သဘောပေါက်မှုနှင့် သိရှိပြီးအသိပညာတို့ကို မည်ကဲ့သို့ ထည့်သွင်းစဉ်းစားပါသနည်း။ နားလည်သဘောပေါက်မှုကို အဆင့်ဆင့်ပံ့ပိုးရန်နှင့် လိုအပ်ချက်အမျိုးမျိုးအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်ုပ်၏သင်ခန်းစာကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲလျက် ရှိပါသနည်း။

## ၂။ သင်ခန်းစာများသည် ကျောင်းသားအားလုံးပါဝင်မှုကို အားပေးသည်။

- ကျောင်းသားအားလုံးကို သူတို့အမည်ဖြင့် ရည်ညွှန်းခေါ်ဆိုရာတွင် ကျား၊မ မရွေး ညီတူညီမျှ ရည်ညွှန်းခေါ်ဆိုပါသလား။
- ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ချိတ်ဆက်ပေးမည့် ဒေသဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ရှိပါသလား။
- သင်ခန်းစာသင်နေစဉ်အတွင်း ၎င်းတို့လည်းပြောဆိုနိုင်သည်ဟု ကျောင်းသားများ ခံစားရပါသလား။

## ၃။ ၎င်းတို့ကိုယ်ပိုင် သင်ယူမှုတွင် ကျောင်းသားများတက်ကြွစွာ ပါဝင်သည်။

- ၎င်းတို့ကိုယ်ပိုင် သင်ယူမှုအတွက်တာဝန်ယူရန် ကျောင်းသားများကို တိုက်တွန်းအားပေးပါသလား။
- စာသင်ခန်းပတ်ဝန်းကျင်သည် အမှီအခိုကင်းသောသင်ယူမှုကို တိုက်တွန်းအားပေးပါသလား။
- ကျွန်ုပ်သည် သင်ခန်းစာကိုရေးဆွဲရာတွင် ကျောင်းသားများအား ၎င်းတို့သင်ယူပုံအတွက် ရွေးချယ်စရာအခြေခံသဘောတရားကို ခွင့်ပြုထားပါသလား။

## ၄။ အခြားသူများ၏ သင်ယူမှုတွင် ကူညီပံ့ပိုးပေးရန် ကျောင်းသားများအား တိုက်တွန်းအားပေးသည်။

- ထိုင်ခုံနေရာချထားမှုသည် ကျောင်းသားများ အပြန်အလှန်ဆက်သွယ်မှုကို တိုက်တွန်းအားပေးပါသလား။
- ကျောင်းသားများကို နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုလိုက်လုပ်ဆောင်ရန် မျှော်လင့်ထားပါသလား။
- သင်ခန်းစာ၏ ပန်းတိုင်များကိုအောင်မြင်စေရန်အတွက် ကျောင်းသားတစ်ဦးနှင့်တစ်ဦး ကူညီကြပါသလား။

## ၅။ ကျောင်းသားများ အခက်အခဲနှင့် တွေ့ကြုံရသောအခါ အထောက်အပံ့များကို ပံ့ပိုးပေးသည်။

- ကျောင်းသားများ အခက်အခဲတွေ့နေရသည်ကို ကျွန်ုပ်က သတိထားစောင့်ကြည့်နေပါသလား။
- ကျောင်းသားများသည် အကူအညီတောင်းနိုင်သည်ဟု ခံစားရပါသလား။

## ၆။ စာသင်ခန်းတွင်းစည်းကမ်းသည် အပြန်အလှန်လေးစားမှုကို အခြေခံထားသည်။

- အလှည့်ကျပြောဆိုရန်၊ နားထောင်ရန် စည်းကမ်းချမှတ်ထားပါသလား။
- ၎င်းတို့၏ အသံများကို ညီတူညီမျှကြားရသည် (၎င်းတို့အားလုံး ညီတူညီမျှ ပြောဆိုနိုင်သည်) ဟု ကျောင်းသားများ ခံစားရပါသလား။
- အနိုင်ကျင့်ခြင်း၊ ကျား၊မ ရေးရာ တရားသေ မှတ်ယူခြင်းနှင့် ခွဲခြားဆက်ဆံရာ ရောက်သော ဘက်လိုက်မှုများကို ရှုတ်ချတားမြစ်ထားပါသလား။

## ၇။ စိုးရိမ်ပူပန်မှု (သို့မဟုတ်) မကျေနပ်မှုကို ခံစားရသောအခါ စကားပြောဆိုရန် တစ်စုံတစ်ယောက်ရှိသည်ဟု ကျောင်းသားများက ခံစားရသည်။

- ကျောင်းသားများ၏ နောက်ခံအကြောင်းအရာ မည်သို့ရှိသည်ဖြစ်စေ၊ ကျောင်းသားအားလုံး၏ စိုးရိမ်ပူပန်မှုကို နားထောင်ပါသလား။
- ကျွန်ုပ်နှင့် တစ်ဦးချင်း တွေ့ဆုံဆွေးနွေးရန် ကျောင်းသားများကို ခွင့်ပြုပေးထားပါသလား။

- တိုက်တွန်းအားပေးပြီး အပြုသဘောဆောင်သည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ကျွန်ုပ်ဖန်တီးထားပါသလား။

## ၈။ စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားအားလုံး၏ အောင်မြင်မှုသို့ ပါဝင်ဖြည့်ဆည်းပေးသည်။

- သင်ယူမှုကို အားပေးရန်အတွက် စစ်ဆေးအကဲဖြတ်ခြင်းကို ကျွန်ုပ်အသုံးပြုပါသလား။
- စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအားလုံး အကျုံးဝင်ပါဝင်နိုင်ပြီး လက်လှမ်းမီနိုင်ပါသလား။
- ကျောင်းသားများသင်ယူရမည်ဟု ယူဆထားသောအရာများကို ၎င်းတို့အမှန်တကယ် သင်ယူနေပါသလား။
- ကျောင်းသားများ၏လုပ်ငန်းအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ပေးပါသလား။
- စစ်ဆေးမှု (သို့မဟုတ်) စာမေးပွဲများအတွက် ကျောင်းသားများကို ၎င်းတို့တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ကျွန်ုပ်ကူညီလျက်ရှိပါသလား။
- ကွဲပြားစုံလင်ခြင်းကို လေးစားကြောင်း သေချာစေရန် ပေါင်းစည်းထားသည့် ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်း စနစ်တစ်ခုအတွင်းမှာပင် ဆရာများက လုပ်ဆောင်ပါသလား။

## သင်ကြား၊ သင်ယူမှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်တွင် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာတစ်ခုစီအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများ ပါဝင်သည်။ အဆိုပါသင်ယူမှုလုပ်ငန်းများကို သင်ခန်းစာပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများ ရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ရန်မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအခြေအနေများနှင့် လိုအပ်ချက်များအရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်တွင် အသုံးပြုထားပါသည်။ သင်၏ သင်ခန်းစာများ ပြင်ဆင်ရာတွင် လည်းကောင်း၊ သင်ခန်းစာများကို လိုက်လျောညီထွေစွာ ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြားသင်ယူမှုနည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှုဆိုင်ရာနည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools (သို့မဟုတ်) အခြားအလားတူ ဝက်ဘ်ဆိုက်ဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအားပေးနိုင်သော လုပ်ငန်းတာဝန်များတွင် ပုံစံတကျသီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော သင်ယူမှုအထောက်အထား မှတ်တမ်းများ (Portfolios)၊ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း(ဂျာနယ်)များ ပါဝင်နိုင်သည်။ အခြားသောဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ - ဖတ်ထားသော စာများအပေါ် မေးသောမေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ယခင်ကသင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေးကူညီပေးသည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ရှေ့ဆက်သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဥပမာ - သင်ခန်းစာမသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရန်မှာကြားခြင်း။

## ဖြစ်ရပ်လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းများအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်းစွမ်းရည်နှင့် ဝေဖန်သုံးသပ်တွေးခေါ်နိုင်ခြင်း အလေ့အကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကို ဖတ်ကြရသည်။ ထို့နောက် ဇာတ်ကွက်နှင့် ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု (သို့မဟုတ်) မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင် တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ရှိကြသည်။


## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)

ဤလုပ်ငန်းများသည် ဆရာကချမှတ်ပေးသော လုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်းဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ - လက်တွေ့တန်းပြ လေ့ကျင့်နေချိန် အတွင်းတွင် အခြေခံပညာကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသော လုပ်ငန်းများ (သို့မဟုတ်) သင်နည်းတစ်ခုအား တစ်ဦးတည်းသုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသောလုပ်ငန်းများ၏ နောက်ဆက်တွဲအနေဖြင့် ကျောင်းသားများအား ၎င်းတို့သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှ သင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်းပေးသည့် အနေဖြင့် အနီးကပ်ဆွေးနွေးသင်ကြားခြင်း၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း (Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက်ဆွေးနွေးဖြေဆိုသောလုပ်ငန်း(သို့မဟုတ်) ပိုစတာတစ်ခုစီကို ပြုလုပ်ကြပြီး နေရာအသီးသီးတွင် ချိတ်ဆွဲ ပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ ဝေဖန်ချက်၊ မေးခွန်း (သို့မဟုတ်) အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏ လုပ်ဆောင်ထားမှုများအားပြသရန် အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများကလှည့်ပတ်ကြည့်ပြီး ၎င်းတို့ မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင် ရေးကြသည်။





## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအားဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကိုပိုမိုလွယ်ကူစွာ နားလည်လာစေရန်စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့်သင်ခန်းစာတွင်မဆို အသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းအချို့ကို သင်၏ဆရာလမ်းညွှန်တွင် တွေ့ရပါမည်။


- **စိတ်ကူးပုံဖော်ခြင်း (Mind Mapping/ Concept Map)**

  စိတ်ကူးပုံဖော်ခြင်းကို အသိပညာများ(concepts)၊ စိတ်ကူးများတစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းကို မြင်သာအောင်ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရန် အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် ပြနိုင်သည်။ ခက်ခဲမှုအဆင့်အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာ ကျယ်ပြန့်၍ ယေဘုယျကျသည့် ခေါင်းစဉ်နှင့်စတင်ပြီး အတွေးအခေါ် အယူအဆများကို ချိတ်ဆက်နိုင်ရန် ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ (သို့မဟုတ် ပိုမိုအသေး စိတ်သော အသိသညာများ) ကို ဆက်သွယ်သည်။ အောက်တွင် ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကို တင်ပြထားပါသည်။




- **ဗင်ပုံဖြင့်သင်ကြားသင်ယူခြင်း (Venn diagram)**

  မတူသောအကြောင်းအရာ (သို့မဟုတ်) စိတ်ကူး နှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn diagram ကို သုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသော နေရာသည် (က) နှင့် (ခ) တို့၏တူနေသော လက္ခဏာများဖြစ်ကြသည်။ ထပ်မနေသော နေရာများမှာ (က) နှင့် (ခ) တို့၏ သီးသန့် ကိုယ်ပိုင်လက္ခဏာများ ဖြစ်ကြသည်။




- **သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)**

  ဤနည်းလမ်းသည် အခန်းတစ်ခန်း၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲနှင့် သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ်

အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်ကသိပြီးသော အချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များ (unit objectives) ကို ပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကိုကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း (သို့မဟုတ်) တစ်ဦးချင်းလုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ (သို့မဟုတ်) အခန်း (unit) ကို မသင်မီ ကျောင်းသားများအား ပထမကော်လံနှစ်ခုတွင် မိမိတို့သိပြီးသည့်အကြောင်းအရာနှင့် သိလိုသောအကြောင်းအရာများကို ဖြည့်ပါစေ။ သင်ခန်းစာ (သို့မဟုတ်) အခန်း (unit) ကို သင်ပြီးချိန်တွင် ၎င်းတို့ သင်ယူတတ်မြောက်သွားသော အကြောင်းအရာများကို ဖြည့်ရပါမည်။

| K<br>သိပြီး အချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော အချက်များ |
|---|---|---|
| | | |

- **တီပုံဇယားကွက် (T Chart)**

တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန်ကူညီပေးသည်။ ဥပမာ - ကောင်းသောအကျိုးဆက်များနှင့် ဆိုးသောအကျိုးဆက်များ (သို့မဟုတ်) မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ် (၁) | ခေါင်းစဉ် (၂) |
|---|---|
| | |

## အုပ်စုလုပ်ငန်း (Group work)

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ - အောက်တွင်ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကို ကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများတက်ကြွသည့် သင်ယူနိုင်မှုကို ဖြစ်စေသည်။

အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဟူသည့် ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်းမေးခွန်းများဖြေခြင်း၊ တင်ပြရန်ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း၊ ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့်သင်ယူခြင်းနှင့် အခြားသောသင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြှုပ်ပါဝင် လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ - မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းတွင် ကျွမ်းကျင်သူများဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်းပြန်လည် သင်ပြပေးရသောလုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့်အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကိုရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို သိရှိနိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားကျောင်းသားတစ်ယောက်၏ သင်ယူမှုအတွက် တာဝန်ရှိသလို ကျောင်းသားများက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအားအထောက်အကူပြုပေးရန် အရေးပါသည်ကို သိမြင်လာသည့်အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်းသည် အထူးထိရောက်မှုရှိနေခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်း အပါအဝင် အရေးကြီးသော ကျွမ်းကျင်မှုစွမ်းရည် အများအပြားကို အသုံးပြုရန် လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း(Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများအုပ်စုအကြား တစ်လမ်းသွားဆက်သွယ်မှုများဖြစ်သည်။ ဤဟောပြောပို့ချချက်များသည် အကြောင်းအရာသစ်များကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှုပြုလုပ်နေစဉ် အတောအတွင်း သင်သည်ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကို ဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့်လည်းကောင်း (သို့မဟုတ်) ကျောင်းသားအား အကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့်လည်းကောင်း ပါဝင်ပတ်သက်မှု ရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း (Micro-teaching)

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး (သို့မဟုတ်) ကျောင်းသား အုပ်စုငယ်တစ်ခုသည် သင်ခန်းစာအားလုံး (သို့မဟုတ်) အစိတ်အပိုင်းကို ၎င်းတို့အချင်းချင်း သင်ကြားပေးကြသည်။ ယင်းနောက် ၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့၏ သင်ယူတတ်မြောက်ထားသည်များကို အသုံးချရန် သင်ခန်းစာ အသေးစားအပေါ် အကြံပြုသုံးသပ်ချက်များ ရယူကြပြီး အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းသည် လက်တွေ့တန်းပြ သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသော ကျောင်းများတွင် လက်တွေ့သင်ကြားရေးများအတွက် ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများ အဓိကသင်ကြားလေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ - အဖွင့်မေးခွန်းများမေးခြင်း (သို့မဟုတ်) ကျောင်းသားများအား အပြုသဘောဆောင်သော အကြံပြုသုံးသပ်ချက်များပေးခြင်းဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်းဆိုသည်မှာ ကျောင်းသားများက သဘောတရားအသစ် (သို့မဟုတ်) ချဉ်းကပ်နည်းအသစ် တစ်ခုကို လေ့လာကြည့်ရှုသင်ယူနိုင်ရန် ဆရာက နမူနာသင်ပြခြင်း ဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် သင် နှစ်သက်သော သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းတစ်ခုကို နှုတ်ကပြောပြသည်ထက် လက်တွေ့သရုပ်ပြခြင်းဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ် ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းကို မည်သို့တင်ပြခဲ့သည်၊ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည်သည့်သက်ရောက်မှုရှိခဲ့သည် ဆိုသည့်အချက်အပေါ် ဆက်လက်ဆွေးနွေး စေနိုင်ပါသည်။ ဤနည်းလမ်းက သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် ကျောင်းသားများအား အနာဂတ်တွင် ၎င်းတို့သင်ကြားပို့ချမည့် အခြေခံပညာကျောင်းသားများအတွက် မည်သို့ဆက်စပ်အသုံးပြု နိုင်သည်ကို ထင်ဟပ်သုံးသပ်ရန်အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အချင်းချင်း (သို့မဟုတ်) ကျွမ်းကျင်သူဆရာများထံမှ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကြည့်ရှုလေ့လာခဲ့မှုများကို

နားလည်သဘောပေါက်စေရန်အတွက် ပုံစံချထားသည့် လေးနက်စွာပြန်လည်သုံးသပ်စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ သင်သည်ကျောင်းသားတစ်ဦး၏ သင်ခန်းစာတစ်ခုလုံး (သို့မဟုတ်) အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့်သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်းဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့်လက်တွေ့အကြား ဆက်စပ်မှုပြုပေးရန်နှင့် ကျောင်းသားများအား ၎င်းတို့၏တိုးတက်မှုများအပေါ် တိကျသောအကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ် သင် လုပ်ဆောင်သော သရုပ်ပြသင်ကြားမှုများ (ဥပမာ - သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုကို လမ်းညွှန်ပြသခြင်း) နှင့် ကျောင်းသားများ ဦးဆောင်သော (သို့မဟုတ်) ပါဝင်သော လက်တွေ့လုပ်ဆောင်သင်ကြားမှုများ (ဥပမာ - ကျောင်းသားများအား သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုပြုလုပ်စေခြင်းနှင့် ၎င်းနှင့်ဆက်စပ်နေသော လုပ်ငန်းပေးစာရွက်ကို ဖြည့်စွက်စေခြင်း) ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့ သင်ယူတတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory) နှင့် ဆရာများအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ်ပေးရာတွင် အထောက်အကူ ဖြစ်စေသည်။

## QR Codes

QR Code များသည် ဝက်ဘ်လိပ်စာများသို့ ဝင်ရောက်ရန် (သို့မဟုတ်) သတ်မှတ်သတင်း အချက်အလက်၏ ချိတ်ဆက်လင့်ခ်များအားစစ်ဆေးရန် ဖုန်းမှတစ်ဆင့် လွယ်ကူစွာ အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ချိတ်ဆက်လင့်ခ်များကိုနှိပ်ခြင်းထက် စတုရန်းပုံအကွက်နက်လေးများ စုစည်းထားသည့် QR Code ဟု သိကြသောအရာလေးကို စကဲင်န်ဖတ်နိုင်ပါသည်။

ကျောင်းသားများသည် ပထမဦးစွာ မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို အသုံးပြုပြီး iOS Apple Store (သို့မဟုတ်) Google Play တို့မှ QR code scanner / reader ကို စမတ်ဖုန်းများ အသုံးပြုပြီး ဒေါင်းလုတ်ချရန် လိုအပ်ပါလိမ့်မည်။ Scanner ကို ဒေါင်းလုတ် ချပြီးသောအခါ ချိတ်ဆက်ပြီးသော ကျောင်းသားများသည် ၎င်းတို့၏ ဖုန်းကို မြှောက်ကိုင်ထား၍ ကင်မရာဖြင့် ချိန်ကာ QR code ကို စကဲင်န်ဖတ်ပြီး ပေးထားသော အချက်အလက်ရှိရာ နေရာသို့ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဤ code များကို ၎င်းတို့၏ ကိုယ်ပိုင်စာသင်ခန်းများတွင် အသုံးပြုရန် ကျောင်းသားများကို တိုက်တွန်းအားပေးသင့်ပြီး code များအား လွယ်ကူလျင်မြန်စွာ အသုံးပြုပုံကိုလည်း သိထားသင့်သည်။

ဤ code များသည် ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်နည်းလမ်း အတွက် အလွန်ကောင်းမွန်သော သင်ထောက်ကူတစ်မျိုးဖြစ်နိုင်ပြီး ချိတ်ဆက်လင့်ခ်များ၊ ဝက်ဘ်ဆိုက်ဒ်များကို အလွယ်တကူဝင်ရောက်ကြည့်ရှုရန်နှင့် လုပ်ငန်းပုံစံလွှာများကို ဒေါင်းလုတ်ချရန် ကျောင်းသားများကို ခွင့်ပြုပေးသည်။ နိဒါန်းပျိုးခြင်းလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းများ၊ စစ်တမ်းကောက်ယူခြင်းများနှင့် အခြားသင်ယူမှုလုပ်ငန်းများကို စာသင်ခန်းတွင်း အင်တာနက်အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း၌ ထည့်သွင်းရန်အတွက်လည်း ၎င်းတို့ကို အသုံးပြုနိုင်သည်။

သင်နှင့်သင်၏ကျောင်းသားများသည် scanner ကို အသုံးပြုလုပ်ဆောင်နိုင်ရန်အတွက် မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို လိုအပ်လိမ့်မည်ဖြစ်ကြောင်း သတိ ထားပါ။

## စာဖတ်အဖွဲ့များ (Reading groups)

စာဖတ်အုပ်စုတစ်ခုသည် ပြဋ္ဌာန်းစာအုပ်တစ်အုပ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား ခွဲခြမ်းစိတ်ဖြာလေ့လာရန်နှင့် နားလည်သဘောပေါက်ရန် အလေးပေးလုပ်ဆောင်ကြသည့် အုပ်စုငယ်တစ်ခုဖြစ်သည်။ ကျောင်းသားများအနေဖြင့် စာဖတ်အုပ်စုသို့မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကိုကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ်

ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာအရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေသကဲ့သို့ စာတမ်းတွင်ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏အကြောင်းအရာ၊ တင်ပြမှု (သို့မဟုတ်) ရေးသားသည့် နည်းစနစ်အပေါ် အလေးပေးဆွေးနွေးခြင်းဖြစ်သည်။

## သရုပ်ဆောင်သင်ကြားသင်ယူခြင်း (Role-playing)

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆိုဆက်ဆံခြင်း၊ မတူကွဲပြားသောနည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသော အခင်းအကျင်းဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ခြင်းဖြင့် အခြေအနေအစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့်ပေးသော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ဖြစ်လေ့ရှိသော စိန်ခေါ်မှုအခက်အခဲများအကြား (သို့မဟုတ်) တိကျသောရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍အထောက်အပံ့ပေးသော ပတ်ဝန်းကျင်တစ်ခုအတွင်း၌ လုပ်ဆောင်ခွင့် ရရှိစေပေသည်။

## ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူတစ်ဦးအနေဖြင့် သဘောထားလျက် ၎င်းတို့၏ ကိုယ်တိုင်သင်ယူမှုများအတွက် တာဝန်ယူကြခြင်းဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးဒီဂရီကောလိပ် အခြေပြု အနီးကပ်သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကို ပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန်အတွက် အရေးကြီးပါသည်။ ကိုယ်တိုင်လေ့လာမှုကို ဘာသာရပ်ခေါင်းစဉ်နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်းရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေးအထူးပြု နယ်ပယ်ဆိုင်ရာကို စဉ်းစားရန် အချိန်လည်း ပါဝင်သည်။

## နှီးနှောဖလှယ်ပွဲများ (Seminars)

နှီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ်ဖော်ထုတ် ဆွေးနွေးကြသည်။ အမြင်များအပေါ်အချေအတင် ဆွေးနွေးကြပြီး ပိုင်းခြားစိတ်ဖြာလေ့လာကြသည်။ ကျောင်းသားများသည် နှီးနှောဖလှယ်ပွဲမကျင်းပမီ ကြိုတင်ပြင်ဆင်သည့်အလုပ် (သို့မဟုတ်) ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီး

လုပ်ဆောင်ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နှီးနှောဖလှယ်ပွဲကို ဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရပါမည်။ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများအား ပိုမိုလေးနက်စွာ စဉ်းစားတတ်လာစေရန် အလွန်ကောင်းမွန်သော နည်းလမ်း ဖြစ်သည်။

## တွေး-တွဲ-မျှဝေသင်ယူခြင်း (Think-Pair-Share)

တွေး-တွဲ-မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကို ဖြေရန် (သို့မဟုတ်) ပြဿနာတစ်ခုကိုဖြေရှင်းရန် အတူတကွဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏ အတန်းတွင် တွေး-တွဲ-မျှဝေခြင်းကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ **တွေးပါ** ။ ။ သင်မည့်အကြောင်းအရာနှင့်ပတ်သက်သော တိကျသည့်မေးခွန်းတစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ၎င်းတို့ သိထားပြီးသော (သို့မဟုတ်) သင်ယူခဲ့ပြီးသော အချက်များကို စဉ်းစားပါစေ။

၂။ **ယှဉ်တွဲပါ** ။ ။ အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်ဖွဲ့ပါစေ။

၃။ **မျှဝေပါ** ။ ။ မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်အတွင်း မျှဝေပါစေ။ မေးခွန်းနှင့်ပတ်သက်၍ အခြားသူများ၏အတွေးများကို ဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့်ကျောင်းသားတစ်ဦးချင်း (သို့မဟုတ်) ဆရာနှင့် အုပ်စုငယ်လိုက်တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားရာတွင် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ် ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု (သို့မဟုတ်) ပညာရပ်ဆိုင်ရာကိစ္စများကို အဓိကထား ဆွေးနွေးသည်။ အခြားဖြစ်နိုင်သောဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာအကြောင်းအရာနှင့် ပတ်သက်၍ အခက်အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့မဟုတ်) အတန်းတွင်းသင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

## အင်တာနက်အွန်လိုင်းစာမျက်နှာများအသုံးပြုခြင်း (Virtual Learning Environment-VLE)

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင်သင်ယူရန် သင်ကြားပို့ချရေးနည်းလမ်းတစ်ခု ဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့် ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက် အွန်လိုင်းစာမျက်နှာများ၊ အွန်လိုင်းစာကြည့် တိုက်အသုံးပြုခြင်းနည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများ၊ ရင်းမြစ်များကိုရရှိနိုင်သည်။

## အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက်ဆွေးနွေးမှုများ ဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်းလုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏သင်ကြားပို့ချမှုလည်း ပါဝင်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ် ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချရန်၊ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲနှင့် သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကိုကြီးကြပ်ပေးရန် မတူညီသောနည်းလမ်းများစွာ ရှိပါသည်။ ဤဆရာလမ်းညွှန်တွင် စစ်ဆေးအကဲဖြတ်မှုနည်းလမ်း အမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုကို နှုတ်အားဖြင့် (သို့မဟုတ်) စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များ ပေးခြင်းသည် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသော အပိုင်းဖြစ်ကြောင်း သတိထားရန်ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက်ပေးခြင်းသည် ကျောင်းသားများ သင်ယူရန်နှင့် နောင်တွင်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တိုးတက်စေရန် အထောက်အကူပြုသည်။ သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း (သို့မဟုတ်) စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့် စစ်ဆေးသော သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း မတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများမှာ -

## သရုပ်ပြသင်ကြားခြင်း (Demonstration)

သရုပ်ပြသင်ကြားခြင်း ဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအား ပြသစေခြင်းဖြစ်သည်။ ဥပမာ - ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့်တစ်ဆင့် (သို့မဟုတ်) ကာယပညာမှလှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာက ကျောင်းသား၏ သရုပ်ပြမှုအပေါ် ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ ကျွမ်းကျင်မှုတိုးတက်စေရန် ကူညီထောက်ပံ့ပေးသည်။

## အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအားအကြောင်းအရာကိုဖတ်ပြီး မေးခွန်းဖြေစေခြင်း (သို့မဟုတ်) ထပ်ဆောင်းအချက်အလက်များ ရှာဖွေဖတ်ရှုစေခြင်း စသည့် လုပ်ငန်းများကို အိမ်စာအဖြစ်ပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုလမ်းကြောင်းမှန်ကန်ခြင်း ရှိ/မရှိကို ကြီးကြပ်ပေးသော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ပေးသောအိမ်စာအလုပ်အလိုက် အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များ ရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

## နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ ဆရာအတတ်ပညာဖွံ့ဖြိုးမှု တိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်း (ဂျာနယ်)ရေးခြင်း ဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦးဖြစ်လာရန်အတွက် မိမိတို့၏တိုးတက်မှုများကို သုံးသပ်ခြင်းအားဖြင့် မိမိတို့၏ သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်)နှင့် ပြန်လည်သုံးသပ်ချက်စာတမ်းများက ကူညီပေးသည်။ မိမိတို့၏သင်ယူမှုကို သိရှိခြင်းဖြင့် သုံးသပ်ခြင်းသည် သင်ယူနေသော ဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော

ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှသင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက နေ့စဉ်မှတ်တမ်း (ဂျာနယ်)နှင့် ပြန်လည်သုံးသပ်ချက်စာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထားဆင်ခြင်သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများ ဆွေးနွေးနေစဉ်နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင်ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှု ရှိ/မရှိကို ယေဘုယျအားဖြင့် သိနိုင်သောနည်းလမ်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏အဖြေများ (သို့မဟုတ်) တင်ပြခြင်းကို စစ်ဆေးရန်အချက်များပါသောစာရင်း/ ပုံစံ (Checklist) (သို့မဟုတ်) အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသောစာရင်း/ ပုံစံ (Criteria) ကိုအသုံးပြုပြီး ကြည့်ရှုလေ့လာစစ်ဆေးသည်။ ထို့နောက်ကြည့်ရှုလေ့လာခဲ့သောတွေ့ရှိချက်များအပေါ် အခြေခံပြီး တုံ့ပြန်အကြံပြုချက်များကို ပေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း (Peer- Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း (သို့မဟုတ်) အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းဟု ခေါ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်သည့်နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်များ အပေါ်အခြေခံပြီး အချင်းချင်းတုံ့ပြန် သုံးသပ်ချက်များပေးနိုင်ရန် စစ်ဆေးရန်အချက်များ ပါသောစာရင်း (Checklist) (သို့မဟုတ်) အကဲဖြတ်ရန်သတ်မှတ်ချက်ဇယား (Rubric) လိုအပ် ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားချိန်အတွင်း ကျောင်းသားများအချင်းချင်း အပြန်အလှန် ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့်ပုံစံကို ဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်းပုံစံ တစ်ခုဖြစ်သည်။

## တင်ပြခြင်း (Presentation)

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု (သို့မဟုတ်) တစ်ဦးချင်းစီအား ၎င်းတို့၏ လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကို စစ်ဆေးရန်၊ အသိမှားများကိုပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံး အခွင့်အလမ်း ဖြစ်သည်။

## စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများတစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက်ပူးပေါင်း၍ ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်းတတ်မြောက်သွားသော ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သော အစီအစဉ်များပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်းမှ တစ်ဆင့် တတ်ကျွမ်းမှုများကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု (သို့မဟုတ်) နေ့စဉ်ဘဝပြဿနာတစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ ပရောဂျက်တစ်ခုပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား (Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များပေးကြရန် မေတ္တာရပ်ခံပါသည်။

## အမေးအဖြေများ (Question and answer)

ကျောင်းသားများသည် သင်ယူနေသောအကြောင်းအရာကို နားလည်သဘောပေါက်မှုရှိသည်/ မရှိသည်ကိုသိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများမေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကိုကြီးကြပ်ပေးရန် ကောင်းမွန်သောနည်းလမ်းတစ်ခု ဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသောကျောင်းသားအမျိုးမျိုးအား အဖြေပေးရန်ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကိုမေး၍ ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးနိုင်သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများပေးနိုင်သည့် မေးခွန်းများကိုမေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

## ဉာဏ်စမ်းမေးခွန်း (Quiz)

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်း အနေဖြင့်သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့်သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကိုသင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသောနည်းလမ်းတစ်ခုအဖြစ်လည်း သုံးနိုင်သည်။

## မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင်စစ်ဆေး အကဲဖြတ်ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကို စစ်ဆေး အကဲဖြတ်ခြင်းသည် ကျောင်းသားများအားမိမိ၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသောနည်းလမ်းဖြစ်သည်။ အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့လုပ်ဆောင်ရမည့်လုပ်ငန်း (သို့မဟုတ်) တတ်မြောက် ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့အသုံးချရမည်နှင့် စစ်ဆေးအကဲဖြတ် စံသတ်မှတ်ချက် များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

## ရေးဖြေစာမေးပွဲများ (Written examinations)

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်တန်းအတွင်း ဆွေးနွေးခဲ့သည့် သက်ဆိုင်ရာသင်ကြားနည်း အတတ်ပညာများအပေါ် ပြန်လည်သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက်အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျ နည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်းဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအားရရှိသွားစေလိုသော သင်ယူမှုရလဒ်များကိုရရှိနိုင်စေရန် အဆိုပါသင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့ အသုံးပြုရမည်ဆိုသည်နှင့် ပတ်သက်၍ ဆရာသည် သေချာစွာဂရုတစိုက် စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါအချက်များသည် ကျောင်းသားများသင်ယူရေးတွင် အထောက်အကူဖြစ်စေရန် သင် လုပ်ဆောင်နိုင်သည့် ဖြည့်စွက်အကြံပြုချက် အချို့ဖြစ်ပါသည်။

သင်ကြားပို့ချမှုမပြုလုပ်မီ သင်သည်အောက်ပါအချက်များကို လုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါအကြောင်းအရာ ပမာဏအနည်းငယ်ကို ရွေးချယ်ပါ။

မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် (၅၀) စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါအကြောင်းအရာသင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများသည် သင်ကြားသည့်အကြောင်းအရာများ၊ ကျွမ်းကျင်မှုစွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သောအချိန် ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။

- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်းသင်ကြားပို့ချမှုများပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက်ဆွေးနွေးမိစေရန် အဆိုပါမှတ်စုကို ကိုးကားပါ။
- အကြောင်းအရာကို မည်သို့သင်ကြားပို့ချပေးမည်ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏စာသင်ခန်းအခြေအနေနှင့်ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာလုပ်ဆောင်နိုင်ရန် ဖော်ပြထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာပြောင်းလဲမှုပြုလုပ်နိုင်သည်။
- သင်ယူမှုလုပ်ငန်း တစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင် ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်အသုံးပြု၍ဖြစ်စေ၊ လက်ကမ်းစာစောင်မျှဝေ၍ဖြစ်စေ၊ သင်ပုန်းပေါ်တွင် ရေးသား၍ဖြစ်စေ ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့် ရေးပါ။
- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့်ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့ လေ့ကျင့်ထားခြင်းသည် လုပ်ငန်းမစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကို ရှင်းပြရန်အတွက် အဆင်သင့်ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့မည်သည်ကို ပြုလုပ်ရမည်ဆိုသည်ကို နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို သူငယ်ချင်းတစ်ဦး (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အားတောင်းဆိုပါ။
- အချိန်ရပါက သင်ယူမှုလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန်ပြင်ဆင်ပါ။

ဤနမူနာ လုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး (သို့မဟုတ်) နှစ်ဦးအား ကျောင်းသားများအဖြစ် ပါဝင်စေပြီး အချိန်တို သရုပ်ဆောင်သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာ တွေ့မြင်နိုင်စေမည်ဖြစ်သည်။

- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခု ပြုလုပ်ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့မဟုတ်) လုပ်ငန်းအပြီးရရှိမည့် ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက် ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီ အောက်ပါအချက်များကို လုပ်ဆောင်နိုင်မည်ဆိုပါက များစွာအထောက်အကူဖြစ်စေနိုင်ပါသည်။

- ကျောင်းသားများအား လုပ်ဆောင်ရန် ညွှန်ကြားထားသော အလုပ်များအတွက် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပေးဝေပါ။ အွန်လိုင်းစာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့မဟုတ်) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။
- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင်လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့်ညွှန်ကြားချက်များကို ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသောညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့် ဖြစ်စေပေးပါ။
- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တိုသရုပ်ဆောင် သင်ကြား သင်ယူခြင်းနည်း (short role-play) ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။
- အတန်းမစမီ သင် ပြင်ဆင်ထားသော သင်ယူမှုရလဒ်နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။
- သင်ယူမှုလုပ်ငန်းအား မည်သို့ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည်ကြောင်းသေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး၊ သုံးဦးအား

၎င်းတို့ နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။

- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အချိန်မည်မျှရမည် ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူဖြစ်စေနိုင်ပါသည်။

- သင် ပို့ချသင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ (သို့မဟုတ်) ကျောင်းသားများ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ၎င်းတို့နားလည် သဘောပေါက်မှု ရှိသည်/ မရှိသည်ဟု ယူဆရသော လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန်ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ၎င်းခက်ခဲသော သတင်း အချက်အလက်များကို အခြားမတူကွဲပြားသော နည်းလမ်းဖြင့် ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီခွဲထုတ်ပြီး အပိုင်းလိုက် ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။
- စာသင်ခန်း၏ နေရာအနှံ့လှည့်လည်သွားလာပြီး အောက်ပါတို့ကို လုပ်ဆောင်နိုင် ပါသည်။

  - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
  - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။
  - ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည်များအားလုံး ရှိနေကြောင်း သေချာပါစေ။
  - ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်း ရှိ/မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။
- အကယ်၍ နားလည်မှုလွဲနေကြောင်းတွေ့ရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက် ပြောဆိုရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့် အချက်ဖြစ်ပါက

ကျောင်းသားအားလုံးကို အာရုံစိုက်ရန်ပြောပြီး ကျောင်းသားတိုင်းသိအောင် ရှင်းပြပေးပါ။

- သင်ခန်းစာများရှေ့မဆက်မီ "ဆရာ့မှတ်စု" ညွှန်ကြားချက်ဇယားကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာ သင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များ လုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာသင်ယူမှု ပြီးဆုံးချိန်တွင် ကျောင်းသားများအနေဖြင့် မည်မျှ နားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကိုရစေပြီး ကျောင်းသားများ၏ သင်ယူမှုရလဒ် ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာ သင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) နှင့်ကိုက်ညီ အောင်မည်သို့ ထောက်ပံ့ပေးကြောင်းကိုလည်း နားလည် သဘောပေါက်စေပါသည်။
- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော (သို့မဟုတ်) ၎င်းတို့ကို အံ့အားသင့်စေသော အချက်တစ်ခုကို ပြန်လည်ဝေမျှ ရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည် သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။
- လတ်တလော သင်ပို့ချသင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာအပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်း အားပေးနိုင်သည်။
- ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်း ပြုလုပ်ချိန်အတွင်း ၎င်းတို့လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့်ရလဒ် အတွက် ပြင်ဆင်လုပ်ဆောင်ခြင်းမဟုတ်ပါက ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး တို့အား ဤလုပ်ငန်းမှ ၎င်းတို့သင်ယူရရှိခဲ့သောအရာများကို ဖော်ပြပေးရန်ညွှန်ကြားပါ။
- ကျောင်းသားတစ်ဦးစီမှ ၎င်းတို့၏သင်ယူမှုလုပ်ငန်း (သို့မဟုတ်) အတွေးစိတ်ကူးများကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ ဝေမျှပေးလိုက်သောအကြောင်းအရာမှ အတန်းသို့

အလေးပေးဖော်ပြလိုသည့် ရှုထောင့်တစ်ခု (သို့မဟုတ်) နှစ်ခုကိုရွေးချယ်ပါ။ သင်ရွေးချယ်သော အချက်များသည် သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူမှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများလွတ်လပ်စွာ မေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏ အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်ရန်ဟူသော အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ကလေးသူငယ်များနှင့် လူငယ်များ၏သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့် ဆရာများဖြစ်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။

**ဇယား (ခ)။ ဒုတိယနှစ်၊ ပထမနှစ်ဝက်၊ စာရိတ္တနှင့်ပြည်သူ့နီတိ မာတိကာအကြောင်းအရာ**

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၁။ စာရိတ္တနှင့် ပြည်သူ့နီတိ၏ အရေးပါပုံ | ၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရေး | ၁.၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိ ဆိုင်ရာ တတ်ကျွမ်းမှုများ | • စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အခြေခံအုတ်မြစ်ကို ရှင်းပြတတ်မည်။<br>• အလယ်တန်း ကျောင်းသားများ အနေဖြင့် ဘက်စုံ အရည်အချင်း ပြည့်ဝသော မြန်မာနိုင်ငံသားများ ဖြစ်လာစေရန် အတွက် မရှိမဖြစ် လိုအပ်သည့် အဓိကကျသော တတ်ကျွမ်းမှုများ အကြောင်း ဆွေးနွေးတတ်မည်။ | (က)(၄.၁) | (က)(၄.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | ၁.၂။ စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်း စိတ်ဓာတ် | ၁.၂.၁။ မြန်မာနိုင်ငံ အတွင်းနှင့် အာဆီယံဒေသ အတွင်း၌ စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်း စိတ်ဓာတ်တို့၏ အရေးပါပုံ | • စာရိတ္တ၊ ပြည်သူ့နီတိ နှင့် နိုင်ငံသားကောင်း စိတ်ဓာတ် သင်ကြားရေးဆိုင်ရာ တန်ဖိုးများအကြား ဆက်နွယ်မှုများကို စိစစ်သုံးသပ် တတ်မည်။<br>• မြန်မာနိုင်ငံအတွင်း နှင့် အာဆီယံဒေသ အတွင်း၌ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်း စိတ်ဓာတ် သင်ကြားရေး၏ အရေးပါပုံကို လေ့လာဖော်ထုတ်၊ ဆွေးနွေးတတ်မည်။ | (က)(၁.၂)<br>(က)(၄.၁)<br>(ခ)(၁.၂) | (က)(၁.၂.၁)<br>(က) (၁.၂.၂)<br>(က)(၄.၁.၁)<br>(ခ)(၁.၂.၁) | ၁ |
| | ၁.၃။ အလယ်တန်းဆင့် တွင် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားခြင်း | ၁.၃.၁။ အလယ်တန်းဆင့် နှင့် ဒုတိယနှစ် ပညာရေးဒီဂရီ ကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း | • အလယ်တန်းကျောင်း တွင် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရသည့် ရည်ရွယ်ချက်များကို ဆန်းစစ်တတ်မည်။<br>• အလယ်တန်းပြ ဆရာ များ အနေဖြင့် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရေး၏ တန်ဖိုးထားမှုများ အပေါ် ကျယ်ပြန့်နက်ရှိုင်းစွာ နားလည် သဘောပေါက်မှုရှိရန် အဘယ်ကြောင့် အရေးကြီးကြောင်း ဆွေးနွေးတတ်မည်။ | (က)(၁.၂)<br>(က)(၄.၁)<br>(ခ)(၁.၂) | (က) (၁.၂.၁)<br>(က) (၁.၂.၂)<br>(က)(၄.၁.၁)<br>(ခ)(၁.၂.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • အလယ်တန်းဆင့်နှင့် ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတို့ကို နှိုင်းယှဉ်တတ်မည်။ | | | |
| ၂။ လူမှုကျင့်ဝတ် | ၂.၁။ လူ့တန်ဖိုးနှင့် လူမှုကျင့်ဝတ်များ | ၂.၁.၁။ မြန်မာနိုင်ငံအတွင်း လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံ | • အခြေခံကျသော လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ သဘောသဘာဝနှင့် လူမှုကျင့်ဝတ်များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအကြား ဆက်နွယ်မှုများကို ခွဲခြမ်းစိတ်ဖြာတတ်မည်။<br><br>• လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ သဘောသဘာဝနှင့်အညီ မြန်မာနိုင်ငံ၏ လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံကို ဆွေးနွေးတတ်မည်။ | (က)(၄.၁) | (က)(၄.၁.၁) | |
| | ၂.၂။ အပြန်အလှန်လေးစားမှု | ၂.၂.၁။ အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်း | • အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်း တို့သည် မည်သည့် အတွက်ကြောင့် လူမှုကျင့်ဝတ်များ၏ အရေးကြီးအင်္ဂါရပ်များ ဖြစ်ကြောင်း ရှင်းပြတတ်မည်။ | (ခ)(၁.၃) | (ခ) (၁.၃.၁)<br>(ခ)(၁.၃.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • အခြားသူများနှင့် ထိတွေ့ဆက်ဆံသည့်အခါတွင် အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းကို လက်တွေ့အသုံးချနိုင်မည့် နည်းလမ်းအမျိုးမျိုးကို ဆွေးနွေးတတ်မည်။ | | | |
| | ၂.၃။ မြန်မာနိုင်ငံအတွင်း လူမှုကျင့်ဝတ်များနှင့် စပ်လျဉ်း၍ တန်ဖိုးထားမှု | ၂.၃.၁။ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု | • မြန်မာလူ့အဖွဲ့အစည်းတွင် လူမှုရေးဆိုင်ရာ တန်ဖိုးထားမှုများဖြစ်သည့် ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့အား မည်သည့်အတွက်ကြောင့် တန်ဖိုးထားပြီး မည်သို့ ကျင့်သုံးကြောင်း ရှင်းပြတတ်မည်။<br><br>• ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့မှာ မည်သည်တို့ဖြစ်ကြောင်း ဖော်ပြတတ်ပြီး ထိုစံတန်ဖိုးများကို မည်ကဲ့သို့ မွေးမြူနိုင်ကြောင်း လေ့လာဆန်းစစ်တတ်မည်။ | (က)(၄.၁) | (က)(၄.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၂.၃.၂။ တန်းတူညီမျှမှုနှင့် သာတူညီမျှမှု | • တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ကို ခွဲခြားတတ်မည်။<br>• တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ကို လက်တွေ့ဘဝ အခြေအနေများတွင် မည်သို့ ကျင့်သုံးနိုင်ကြောင်း လေ့လာဆန်းစစ်တတ်မည်။ | (က)(၄.၁) | (က)(၄.၁.၁) | ၁ |
| | ၂.၄။ ကောင်းမွန်သော ပြောဆိုဆက်ဆံမှု၏ တန်ဖိုးများ | ၂.၄.၁။ ထိရောက်၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု | • ထိရောက်၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု၏ ဝိသေသလက္ခဏာများနှင့် ၎င်းတို့သည် အဘယ်ကြောင့် အရေးပါသော ကျွမ်းကျင်မှုများ ဖြစ်ကြောင်းကို ဆွေးနွေးတတ်မည်။<br>• အခြေအနေ အရပ်ရပ်၌ ထိရောက်မှုရှိ၍ ယဉ်ကျေးသော ပြောဆို ဆက်ဆံခြင်းကို လက်တွေ့ကျင့်သုံးတတ်မည်။ | (ဂ)(၁.၁) | (ဂ)(၁.၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၂.၄.၂။ ကျင့်ဝတ်နှင့်ညီသောပြောဆိုဆက်ဆံမှု | • ကျင့်ဝတ်နှင့်ညီသောပြောဆိုဆက်ဆံမှုဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်း၏ဝိသေသလက္ခဏာများမှာ မည်သည်တို့ဖြစ်ကြောင်း ရှင်းပြတတ်မည်။<br>• ကျင့်ဝတ်နှင့်ညီသောပြောဆိုဆက်ဆံမှု၏ ပတ်သက်ဆက်နွှယ်မှုများကို လေ့လာဆန်းစစ်တတ်မည်။ | (ဂ)(၁.၁) | (ဂ)(၁.၁.၁) | ၁ |
| | ၂.၅။ အလယ်တန်းဆင့်စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်ဆိုင်ရာသင်ကြား၊ သင်ယူမှုနည်းဗျူဟာများနှင့်ချဉ်းကပ်နည်းများ | ၂.၅.၁။ ဆက်စပ်ခြိုင့်တွေးတောခြင်း | • ဆက်စပ်ခြိုင့်တွေးတောခြင်းဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်းသည် အလယ်တန်းကျောင်းသားများ၏ စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားသင်ယူရေးကို ပိုမိုထိရောက်၍ဆီလျော်မှုရှိအောင် အထောက်အကူပြုနိုင်ပုံကို ရှင်းပြတတ်မည်။<br>• လူမှုကျင့်ဝတ်တန်ဖိုးထားမှုများထဲမှ တစ်ခုအားရွေးချယ်ပြီး ဆက်စပ်ခြိုင့်တွေးတောခြင်းနည်းလမ်းပါရှိသည့်သင်ယူမှုလုပ်ငန်းတစ်ခု ဖန်တီးရေးဆွဲတတ်မည်။ | (က)(၄.၁)<br>(ခ)(၁.၃) | (က)(၄.၁.၁)<br>(ခ)(၁.၃.၁)<br>(ခ)(၁.၃.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၂.၅.၂။ အသိပညာအပြောင်းအလဲပြုသင်ယူခြင်း | • အသိပညာအပြောင်းအလဲပြုသင်ယူမှု သီအိုရီဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်းသည် အလယ်တန်းကျောင်းသားများ၏ မေးခွန်းထုတ်စဉ်းစားခြင်း နှင့် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း အလေ့အကျင့်များကို ဖွံ့ဖြိုးစေပြီး စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးထားမှုများအား တည်ဆောက်ပေးနိုင်ပုံကို ရှင်းပြတတ်မည်။<br><br>• လူမှုကျင့်ဝတ်တန်ဖိုးထားမှုများထဲမှ တစ်ခုအား ရွေးချယ်ပြီး အပြောင်းအလဲပြုသင်ယူမှုနည်းလမ်းကို သုံး၍ သင်ယူမှုလုပ်ငန်းတစ်ခု ပြင်ဆင်တတ်မည်။ | (က)(၄.၁)<br>(ခ)(၁.၃) | (က)(၄.၁.၁)<br>(ခ)(၁.၃.၁)<br>(ခ)(၁.၃.၂) | ၁ |
| | | ၂.၅.၃။ သင်ပြမှုပုံစံနှင့် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း | • အလယ်တန်းတွင် သင်ကြားသည့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်ဆိုင်ရာ သင်ကြား၊ သင်ယူမှုနည်းဗျူဟာများနှင့် ချဉ်းကပ်နည်းများကို ဆန်းစစ်တတ်မည်။<br><br>• သင်ပြမှုပုံစံတစ်ခု ရေးဆွဲတတ်မည်။<br><br>• သင်ခန်းစာတစ်ခု ပို့ချတတ်မည်။ | (က)(၄.၁)<br>(ခ)(၁.၃) | (က)(၄.၁.၁)<br>(ခ)(၁.၃.၁)<br>(ခ)(၁.၃.၂) | ၁ |
| **စုစုပေါင်း စာသင်ချိန်** | | | | | | ၁၂ |

# အခန်း ၁

## စာရိတ္တနှင့်ပြည်သူ့နီတိ၏ အရေးပါပုံ

ပညာရေးဘာသာရပ်၏ အခန်းငယ် (၆.၂) တွင် လေ့လာသင်ယူခဲ့သကဲ့သို့ပင် မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ ကာလအတိုင်းအတာရှိသည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတစ်ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်သည် (The Government of the Republic of the Union of Myanmar, 2018)။ စာရိတ္တနှင့် ပြည်သူ့နီတိကို ကျောင်းသင်ခန်းစာ ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားရခြင်းသည် မြန်မာနိုင်ငံ၏ အဓိကမဏ္ဍိုင်ကြီး သုံးရပ်ဖြစ်သည့် ငြိမ်းချမ်းသော၊ ကြွယ်ဝချမ်းသာသော၊ ဒီမိုကရေစီဝါဒအခြေခံသော မြန်မာနိုင်ငံတော်အဖြစ်သို့ တိုးတက်ရောက်ရှိလာစေရေးတွင် တစ်တပ်တစ်အား ပါဝင်ပံ့ပိုးပေးရန်ဖြစ်သည်။ ဆိုလိုသည်မှာ စာရိတ္တနှင့်ပြည်သူ့နီတိသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ကုံလုံကြွယ်ဝခြင်းနှင့် မိတ်ဖက်ဖွဲ့စည်းခြင်း၊ လူသားများနှင့် ကမ္ဘာမြေဟူသည့် ကဏ္ဍသုံးခုအတွက် အုတ်မြစ်အဖြစ် တည်ဆောက်ပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရေးမှတစ်ဆင့် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်မည့် အရေးကြီးအချက်များကို ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေတွင် ချမှတ်ထားပါသည် (The Union Parliament, 2014)။ အဆိုပါပညာရေးဥပဒေ၏ ပုဒ်မ ၃၉(ဂ) တွင် မြန်မာနိုင်ငံအတွင်း၌ “ကိုယ်ကျင့်တရား ကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းကို နားလည်လက်ခံမှုနှင့် တန်းတူညီမျှမှုကို အလေးထားမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသည့် နိုင်ငံသားကောင်းများဖြစ်ထွန်းရေး” ကို

ကြပ်မတ်ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည် (The Union Parliament, 2014)။ နိုင်ငံသားများ၏ စရိုက်လက္ခဏာကောင်းဖြင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမှာ မြန်မာလူ့အဖွဲ့အစည်းတွင် အစဉ်အလာအားဖြင့် ဦးစားပေးအရာဖြစ်ခဲ့ပြီး ယခုအချိန်တွင် စာရိတ္တနှင့်ပြည်သူ့နီတိကဲ့သို့သော အကြောင်းအရာကိုလည်း အခြေခံပညာအဆင့်တွင် အဓိက ဘာသာရပ်အဖြစ် သင်ကြားနေပြီဖြစ်သည်။

ဤသင်ရိုးသည် စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံပြီး ပြည်သူ့နီတိ သင်ကြားရေးနှင့် ချိတ်ဆက်ထားခြင်းဖြင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် တက်ကြွပြီး အဓိပ္ပာယ်ပြည့်ဝသော လူထုပါဝင်မှုတိုးမြှင့်နိုင်ရေးအတွက် လိုအပ်သည့် အသိပညာ၊ စွမ်းရည်နှင့် တန်ဖိုးတို့ကို ပျိုးထောင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ပင် ဤသင်ရိုးကို ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ အခြေခံမူများအတိုင်း ရေးဆွဲခဲ့ပါသည်။ ဤသင်ရိုးသည် လူငယ်များ၏ လုပ်နိုင်စွမ်းကို မြှင့်တင်ပေးမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ၎င်းလူငယ်များသည် လျင်မြန်စွာပြောင်းလဲနေသောကမ္ဘာနှင့် လိုက်လျောညီထွေ တုံ့ပြန်ဆောင်ရွက်နိုင်ရုံသာမက ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများအတွင်း ခိုင်မာသော ဆက်ဆံမှုများ ဖန်တီးရာတွင်လည်း တက်ကြွစွာ ပါဝင်နိုင်မည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်း အားဖြင့် ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၊ ၎င်းတို့၏မိသားစုများနှင့် ရပ်ရွာလူထုများအပြင် အာဆီယံဒေသတစ်ခုလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ပုံဖော်ပေးမည်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်၏ ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အခြေခံအုတ်မြစ်ကို ရှင်းပြတတ်မည်။
- အလယ်တန်းကျောင်းသားများ အနေဖြင့် ဘက်စုံ အရည်အချင်းပြည့်ဝသော မြန်မာနိုင်ငံသားများ ဖြစ်လာစေရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကျသော တတ်ကျွမ်းမှုများအကြောင်း ဆွေးနွေးတတ်မည်။
- စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ် သင်ကြားရေးဆိုင်ရာ တန်ဖိုးများအကြား ဆက်နွယ်မှုများကို စိစစ်သုံးသပ်တတ်မည်။

- မြန်မာနိုင်ငံအတွင်းနှင့် အာဆီယံဒေသအတွင်း၌ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်း စိတ်ဓာတ် သင်ကြားရေး၏ အရေးပါပုံကို လေ့လာဖော်ထုတ်၊ ဆွေးနွေးတတ်မည်။
- အလယ်တန်းကျောင်းတွင် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရသည့် ရည်ရွယ်ချက်များကို ဆန်းစစ်တတ်မည်။
- အလယ်တန်းပြဆရာများ အနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားရေး၏ တန်ဖိုးထားမှုများအပေါ် ကျယ်ပြန့်နက်ရှိုင်းစွာ နားလည်သဘောပေါက်မှုရှိရန် အဘယ်ကြောင့် အရေးကြီးကြောင်း ဆွေးနွေးတတ်မည်။
- အလယ်တန်းဆင့် နှင့် ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတို့ကို နှိုင်းယှဉ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာနည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

# ၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရေး

စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရေးသည် သီးခြားစီခွဲခြား၍ မရနိုင်သောကြောင့် ဤဘာသာရပ်တွင် အဆိုပါကဏ္ဍ နှစ်ခုစလုံးကို အလေးပေး ဖော်ပြထားပါသည်။ ဒီမိုကရေစီရေးရာ အခြေခံမှုများတွင် တစ်ပါးသူများအားသည်းခံခြင်း၊ လေးစားခြင်းတို့အပြင် လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် ၎င်းတို့လူမှုအသိုက်အဝန်းများ၏ လူမှုဘဝဖူလုံမှုတို့ကို ထည့်သွင်းစဉ်းစားခြင်းလည်း ပါဝင်သည်။ ယင်းဒီမိုကရေစီရေးရာ အခြေခံမှုအားလုံးကို စာရိတ္တပိုင်းဆိုင်ရာ အခြေခံမှုများပေါ်တွင် အခြေခံတည်ဆောက်ထားပါသည်။ တန်းတူမျှမှုမရှိခြင်း (သို့မဟုတ်) ရင်းမြစ်များကို လက်လှမ်းမီရယူနိုင်မှုမရှိခြင်း ကဲ့သို့သော လူမှုအရေးကိစ္စများကို ဖြေရှင်းရာတွင် စာရိတ္တရေးရာများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အမြစ်ဖြတ်ဖြေရှင်းနိုင်မည် မဟုတ်ပါ။ လူပုဂ္ဂိုလ်တစ်ဦးသည် မှန်ကန်စွာ ဆုံးဖြတ်ချက်ချနိုင်မှုနှင့် ခိုင်မာသောစာရိတ္တပိုင်း ဆိုင်ရာ ဖြောင့်မှန်မှုတို့ရှိမှသာလျှင် အရပ်ဘက်ပိုင်းအရနှင့် နိုင်ငံရေးအရ တက်ကြွစွာပါဝင်သူ နှင့် တာဝန်ခံသူတစ်ဦး ဖြစ်လာနိုင်ပါမည်။ ပြည်သူ့တာဝန်သည် စာရိတ္တပိုင်းဆိုင်ရာ စံတန်ဖိုးများနှင့် ခွဲခြား၍မရနိုင်အောင် ဆက်စပ်နေသောကြောင့် ဆရာအတတ်သင် ပညာရေးသည် စာရိတ္တနှင့်ပြည်သူ့နီတိပိုင်းဆိုင်ရာ ရင့်ကျက်မှုနှစ်ရပ်လုံးကို မြှင့်တင်ရန်နှင့် ကျောင်းသားများကို ၎င်းတို့အကြားရှိ ဆက်နွှယ်မှု အများအပြားကို ချိတ်ဆက်နိုင်ရန် ကူညီရမည်ဖြစ်သည်။

## ၁.၁.၁ | စာရိတ္တနှင့် ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်၏ ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အခြေခံအုတ်မြစ်ကို ရှင်းပြတတ်မည်။
- အလယ်တန်းကျောင်းသားများ အနေဖြင့် ဘက်စုံ အရည်အချင်းပြည့်ဝသော မြန်မာနိုင်ငံသားများ ဖြစ်လာစေရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကျသော တတ်ကျွမ်းမှုများအကြောင်း ဆွေးနွေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ -** ရှိထားပြီးဖြစ်သော ဗဟုသုတများနှင့် ချိတ်ဆက်ခြင်း၊ ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** သရုပ်ပြသင်ကြားခြင်း၊ ပိုစတာဖြင့် တင်ပြမှုပြုခြင်း၊ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း၊ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

- ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၁.၁.၁) ကို ကြိုတင်ဖတ်ရှုထား သင့်ပါသည်။
- သင်ယူမှုလုပ်ငန်း (၁) အတွက် ပြည်သူ့နီတိပိုင်းဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သဘောထား အမျိုးအစားများနှင့် ပတ်သက်သည့် ထပ်ဆင့်ထုတ်ပြန်ချက်များကို ပြင်ဆင်ပါ။
- မသန်စွမ်းကျောင်းသားများ၏ သွားလာမည့်လမ်းတွင် အတားအဆီးများ မရှိစေရန်နှင့် စာသင်ခန်းအတွင်း အဆင်ပြေချောမွေ့စွာ လှည့်လည်သွားလာနိုင်စေရန် လုပ်ငန်းမစတင်မီ အတည်ပြုပါ။ ကျောင်းသားများသည် မိမိတို့ ကိုယ်ပိုင်ဖန်တီးနည်းနှင့် ပတ်သက်၍ အကြံဉာဏ်များ လိုအပ်လာနိုင်သည့် အတွက် ဂရပ်ဖစ်နမူနာပုံစံများကို ပြင်ဆင်ထားပါ။

**လိုအပ်သော ရင်းမြစ်များ -** ကျောင်းသားကိုင်စာအုပ်၊ ကားချပ်ကြီး။

## သင်ယူမှုလုပ်ငန်း (၁)။ ရှိထားပြီးဖြစ်သော ဗဟုသုတများနှင့် ချိတ်ဆက်ခြင်း (၂၀ မိနစ်)

စာသင်ခန်းထဲတွင် နေရာသုံးခု သတ်မှတ်ထားပါ - အသိပညာအတွက် တစ်နေရာ၊ စွမ်းရည်အတွက် တစ်နေရာနှင့် စံတန်ဖိုးသတ်မှတ်ချက်များ/ သဘောထားများအတွက် တစ်နေရာ။

၁။ သင်သည် အဆိုပြုချက်တစ်ကြောင်းကို ဖတ်ပြမည်ဖြစ်ကြောင်း ကျောင်းသားများကို ပြောပါ။ ထိုစာကြောင်းသည် ပြည်သူ့နီတိပိုင်းဆိုင်ရာ အသိပညာ၊ပြည်သူ့နီတိပိုင်းဆိုင်ရာ စွမ်းရည် (သို့မဟုတ်) ပြည်သူ့နီတိပိုင်းဆိုင်ရာလှုပ်ရှားမှုကို လမ်းညွှန်သော စာရိတ္တပိုင်းဆိုင်ရာ စံနှုန်းတန်ဖိုးကို ဖော်ပြသည်လားဆိုသည်ကို ကျောင်းသားများက ဆုံးဖြတ်ရန်လိုသည်။

၂။ စာကြောင်းများကို တစ်ကြောင်းချင်းစီ ရွတ်ပြပါ။ ပါဝင်နိုင်သော ဥပမာအချို့မှာ -

- မိမိရပ်ရွာနှင့် နိုင်ငံ၏ စည်းမျဉ်းဥပဒေများကို နားလည်သဘောပေါက်ခြင်း
- လူ့ဂုဏ်သိက္ခာ၊ ကရုဏာတရားနှင့်သည်းခံနိုင်စွမ်းတို့ကို လေးစားမှုရှိခြင်း
- အခြားနိုင်ငံသားများနှင့် ပြောဆိုဆွေးနွေးနိုင်၊ စကားရည်လုနိုင်သည့် စွမ်းရည်
- အများပြည်သူကောင်းကျိုး၊ တန်းတူညီမျှမှုနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အားပေးမြှင့်တင်ရန် ကတိကဝတ်ပြုခြင်း
- နေ့စဉ်သုံးကုန်ပစ္စည်းများ၏ ရင်းမြစ်နှင့် ထုတ်လုပ်ပုံကို သိရှိနားလည်သဘောပေါက်ခြင်း
- ထိရောက်မှုရှိစွာနှင့် အပြုသဘောဆောင်စွာ ဆက်သွယ်ပြောဆိုနိုင်သည့် စွမ်းရည်
- သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှု မရှိခြင်းသည် ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှုရှိပုံ

၃။ စာကြောင်းတစ်ကြောင်းချင်းစီကိုဖတ်ပြီးနောက် ကျောင်းသားများအား စိတ်အေးလက်အေး စဉ်းစားရန်နှင့် စာသင်ခန်းတွင်းရှိ သက်ဆိုင်ရာနေရာသို့ ပြောင်းရွှေ့ရန်အချိန်ပေးပါ။

၄။ မိမိဆန္ဒအလျောက်ပါဝင်သူများကို ၎င်းတို့ရွေးချယ်ထားသော စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဆင့်သတ်မှတ်ထားသည့် နေရာနှင့်ပတ်သက်၍ ၎င်းတို့သိရှိထားသည့် သတင်းအချက်အလက်များကို မျှဝေခိုင်းပါ။

၅။ စာတစ်ကြောင်းပြီးတိုင်း အဆင့်သုံးနှင့်လေးကို ထပ်မံလုပ်ဆောင်ပါ။

၆။ စာရိတ္တနှင့်ပြည်သူ့နီတိသင်ရိုးညွှန်းတမ်းတွင် ပြည်သူ့နီတိပိုင်းဆိုင်ရာ တက်ကျွမ်းမှုများ အကြောင်းနှင့် အဓိကနယ်ပယ်သုံးခု (အသိပညာ၊ ကျွမ်းကျင်မှုနှင့် တန်ဖိုးထားမှုများ/ သဘောထားများ) တွင် ကျောင်းသားများ၏ တက်ကျွမ်းမှုများကို တိုးတက်စေသည့် သင်ခန်းစာကိုဆရာများမည်သို့ ရေးဆွဲနိုင်ပုံတို့ကို ပိုမိုလေ့လာမည်ဖြစ်ကြောင်းရှင်းပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ယူမှုလုပ်ငန်းသည် ဘလွန်း(မ်)၏ မျိုးခွဲပညာ၏ 'မှတ်မိခြင်း' နှင့် 'နားလည် သဘောပေါက်ခြင်း' အဆင့်များ၏ အာရုံစိုက်နားထောင်နိုင်စွမ်းနှင့် ကိုယ်တိုင်ကာယအားဖြင့် လေ့လာခဲ့သည်များကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ပြည်သူ့နီတိပိုင်းဆိုင်ရာ အသိပညာ၊ စွမ်းရည်များနှင့် စံနှုန်းတန်ဖိုးများကြား ကွဲပြားခြားနားမှုကို နားလည်သဘောပေါက်ခြင်း ရှိ/မရှိကို ကျောင်းသားသည် စာသင်ခန်းအတွင်းရှိ သက်ဆိုင်ရာနေရာများသို့ ပြောင်းရွှေ့ခြင်းအားဖြင့် သရုပ်ပြလိမ့်မည်။ အလားတူပင် သင်ခန်းစာ (၁.၁.၁) ရှိ အသိသညာများနှင့် ထိတွေ့သင်ကြား ပြီးသည့်နောက်တွင် ပြည်သူ့နီတိပိုင်းဆိုင်ရာ တတ်ကျွမ်းမှုအမျိုးအစားများကို မည်သို့ခွဲခြား နိုင်သည်ကို ကျောင်းသားများဖော်ထုတ်နိုင်ခြင်း ရှိ/မရှိကို ထိုလုပ်ငန်းတွင် စစ်ဆေးအကဲဖြတ် ပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ခန်းစာ၏ ဤအဆင့်တွင် အဖြေမှန်သည် (သို့မဟုတ်) မှားသည်ဟူ၍ မရှိပါ။ အဓိက ရည်ရွယ်ချက်မှာ အသိသညာများနှင့် ပတ်သက်၍ ကျောင်းသားများ၏ ကနဦးထင်မြင်ချက် များနှင့် နားလည်သဘောပေါက်မှုများကို စစ်ဆေးရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်း (၂၀ မိနစ်)

ကျောင်းသားများကို အဖွဲ့ငါးဖွဲ့ (သို့မဟုတ်) ခြောက်ဖွဲ့ဖြင့် အုပ်စုငယ်များခွဲပါ။ Kohlberg ၏ စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်ကို သရုပ်ဖော်ရန် အုပ်စုတစ်စုလျှင် ဂရပ်ဖစ်ပုံ တစ်ခုကို ဖန်တီးရမည်ဖြစ်ကြောင်း ကျောင်းသားများကိုရှင်းပြပါ။ ကျောင်းသားကိုင်စာအုပ်တွင်

ပါရှိသော ဤလုပ်ငန်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ Kohlberg ၏ စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်ကို သရုပ်ဖော်ရန် အုပ်စုတစ်စုလျှင် ဂရပ်ဖစ်ပုံတစ်ခု ဖန်တီးပါ။ ကျန်အတန်းသားများအား ပြန်လည်တင်ပြရန် ဂရပ်ဖစ်ပုံ၏ အပြီးသတ်ပုံစံကို ကားချပ်ကြီးပေါ်တွင် ဆွဲပါ။

၂။ အဆင့်တစ်ခုစီ၌ စာရိတ္တပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ချရာတွင် လူတစ်ဦးကို လှုံ့ဆော်ပေးသော အကြောင်းအရာအနှစ်ချုပ်နှင့်အတူ Kohlberg ၏ စံပုံစံရှိ အဆင့်တစ်ခုချင်းစီကို အညွှန်းတပ်ပါ။ ဥပမာ - အဆင့် (၁) တွင် ကလေးတစ်ဦးသည် ပြစ်ဒဏ်ပေးခံရခြင်းကို ရှောင်ရှားလိုသောကြောင့် သူ/သူ(မ)သည် စည်းကမ်းများကို လိုက်နာမှုရှိကြောင်းပြသည့် အမူအရာဖြင့် ပြုမူလိမ့်မည်။ ပထမအဆင့်ကို 'ပြစ်ဒဏ်ပေးမှုကို ရှောင်ကြဉ်ခြင်း' (သို့မဟုတ်) 'စည်းကမ်းများကို လိုက်နာခြင်း' ဟု အညွှန်းတပ်နိုင်သည်။ သင်ခန်းစာ (၁.၁.၁) ပါ အချက်အလက်များကို အုပ်စုများနှင့် ဆွေးနွေးပြီး ပုံစံငယ်ရှိအဆင့်တစ်ခုစီတွင် လူတစ်ဦးချင်းစီအလိုက် လှုံ့ဆော်မှုများကို မည်သို့အကျဉ်းချုံး ဖော်ပြမည်ကို ဆုံးဖြတ်ပါ။

၃။ အညွှန်းတပ်ထားသည့် ဂရပ်ဖစ်ပုံကို စာသင်ခန်းနံရံတွင် ကပ်ပြီးလျှင် အခန်းထဲ လှည့်လည်သွားလာကာ အခြားအုပ်စုများ၏ လုပ်ဆောင်ချက်များကို ကြည့်ရှုပါ။

သတင်းအချက်အလက်များကို အသေးစိတ်စီစဉ်ရမည့် နည်းလမ်းများကိုစဉ်းစားရန်အတွက် ကျောင်းသားများ အထောက်အပံ့ လိုအပ်လိမ့်မည်ဟု သင်မျှော်လင့်ပါက စာရိတ္တ ဖွံ့ဖြိုးတိုးတက်မှု အဆင့်များကို ဂရပ်ဖစ်ပုံပေါ်တွင် ပြထားသည့် အင်တာနက်မှ နမူနာဂရပ်ဖစ် ကားချပ်များကို ပုံနှိပ်ထုတ်လုပ်ပါ (ဤအခန်း၏အဆုံးရှိ ဆက်လက်ဖတ်မှတ်စရာများတွင် ကြည့်ပါ)။

ဤလုပ်ငန်းသင်ယူပြီးချိန်တွင် အသက်အရွယ်တူ အုပ်စုတစ်စုရှိ ကလေးများအားလုံးသည် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် တူညီသောအဆင့်၌ ရှိလိမ့်မည်မဟုတ်ဟူသော အတွေးအမြင်အပေါ် ပြန်လည်သုံးသပ်ပါ။ အကျုံးဝင်သင်ကြားခြင်းဆိုင်ရာ လေ့ကျင့်မှုများ၌ ၎င်းတို့၏ စာသင်ခန်းထဲရှိ ကလေးများသည် ကွဲပြားသော စာရိတ္တအဆင့်အမျိုးမျိုး၌ ရှိလိမ့်မည်ကို သတိပြုမိသည့် အခြေအနေပါဝင်ပြီး ကျောင်းသားများသည် ထိုအချက်ကို ကြိုတင်မျှော်လင့်ထားကာ သင်ခန်းစာများကို စီစဉ်သင့်ကြောင်း သတိပေးပါ။ ဤအတွေးအခေါ်များကို နောက်ပိုင်းတွင် ထပ်မံတွေ့ရလိမ့်မည်ဟု ကျောင်းသားများကို ရှင်းပြပါ။

Kohlberg ၏ စံပုံစံသည် ၎င်းတို့ကိုယ်ပိုင်စာရိတ္တပိုင်းဆိုင်ရာ အမူအကျင့်အဆင့်နှင့် ၎င်းတို့ လတ်တလောပိုင်ဆိုင်ထားသော ပြည်သူ့နီတိပိုင်းဆိုင်ရာအသိပညာနှင့် ကျွမ်းကျင်မှု အမျိုးအစားများနှင့် မည်သို့သက်ဆိုင်သည်ကို မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းပြုလုပ်ပြီး ပြန်လည်သုံးသပ်ရန် အတွက် ကျောင်းသားများအား ပိုစတာဖြင့်တင်ဆက်ပြသခြင်းနှင့် ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း အဆုံးတွင် အချိန်တစ်မိနစ်ပေးပါ။ ဤသို့ဖြင့် ကျောင်းသားများသည် ၎င်းတို့၏ အသိသညာများကို ပြန်လည်သုံးသပ်ရန်နှင့် ပိုမိုရှင်းလင်းစွာ နားလည်သိရှိနိုင်ရန်အတွက် အချိန်ပိုရရှိနိုင်မည်ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ယူမှုလုပ်ငန်း၏ စစ်ဆေးအကဲဖြတ်ခြင်းမှာ ပိုစတာဖြင့်တင်ဆက်ပြသခြင်းနှင့် ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း ဖြစ်သည်။ Kohlberg ၏ စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဆင့်များ၏ အဆင့်တစ်ဆင့်ချင်းစီတွင် လူတစ်ဦးချင်းစီအား လှုံ့ဆော်ပေးသော အကြောင်းအရာနှင့် ၎င်းတို့၏ အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသော အပြုအမူများကို ကျောင်းသားများ မည်သည့်အတိုင်းအတာထိ နားလည်သဘောပေါက်သည်ကို ထိုတင်ပြချက် မှတစ်ဆင့် ဆရာများက သိရှိနိုင်မည်ဖြစ်သည်။ အုပ်စုအားလုံးသည် ၎င်းတို့၏ အညွှန်းတပ်ထားသော ဂရပ်ဖစ်ပုံများကို စာသင်ခန်းပတ်လည်နံရံများရှိ ကားချပ်ကြီးပေါ်တွင် တင်ပြီးသောအခါ စာသင်ခန်းအတွင်း လှည့်လည်၍ အခြားအုပ်စုများ ဖန်တီးထားသည့်ပုံများကို ကြည့်ရှုကြရမည်။ ထိုစဉ် ဆရာသည် ကျောင်းသားများအား လှည့်လည်ကြည့်ရှု၍ ၎င်းတို့ အတွက် ရှုပ်ထွေးစေနိုင်သည့် အသိသညာများကို မှတ်တမ်းပြုစုနိုင်သည်။ ကျောင်းသားများ ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း အဆုံးတွင် တင်ဆက်ပြသမှုများ အားလုံးကို ကြည့်ရှုပြီးစီးသည့်အခါ ကျောင်းသားများအတွက် ရှုပ်ထွေးစေနိုင်သည့် အသိပညာများကို ဥပမာများဖြင့် ရှင်းလင်းပြသပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ခန်းစာ၏ ဤအဆင့်တွင် အဖြေမှန်သည် (သို့) မှားသည်ဟူ၍မရှိပါ။ အဓိကရည်ရွယ်ချက်မှာ အသိသညာများနှင့် ပတ်သက်၍ ကျောင်းသားများ၏ ကနဦးထင်မြင်ချက်များနှင့် နားလည် သဘောပေါက်မှုများကို စစ်ဆေးရန်ဖြစ်သည်။ မသန်စွမ်းကျောင်းသားများ သွားလာမည့် လမ်းတွင် အတားအဆီးများမရှိစေရန်နှင့် စာသင်ခန်းအတွင်း ၎င်းတို့ အလွယ်တကူ လှည့်လည်သွားလာနိုင်စေရန် တင်ဆက်ပြသမှုနှင့် ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း မတိုင်မီအဆင့်၌ အတည်ပြုပါ။

### ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ သက်ဆိုင်ရာ နေရာသုံးခု (၂၀ မိနစ်)

ထပ်ဆောင်းလုပ်ငန်းအနေဖြင့် ပြည်သူ့နီတိပိုင်းဆိုင်ရာအသိပညာ၊ ပြည်သူ့နီတိပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ပြည်သူ့နီတိပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်းတို့ကို ပုံဖော်သည့် စာရိတ္တပိုင်းဆိုင်ရာ စံတန်ဖိုးများ၏ ဥပမာများကို ကျောင်းသားများအား နှစ်ယောက်တစ်တွဲထိုင်စေပြီး ခေါင်းချင်းဆိုင် အဖြေရှာခိုင်းပါ။

### လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်း (၂၀ မိနစ်)

သင့်တွင် အရင်းအမြစ်အကန့်အသတ် နှင့်/သို့မဟုတ် ကားချပ်ကြီးများမရှိပါက ဤလုပ်ငန်းကို ကျောင်းသားများ နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုငယ်များဖြင့်ဖြစ်စေ အတူလုပ်ဆောင်နိုင်ပြီး ၎င်းတို့၏ ဂရပ်ဖစ်ကားချပ်ကို ၎င်းတို့၏ မှတ်စုစာအုပ် (သို့မဟုတ်) A4 စာရွက်ပိုင်းတစ်ခုပေါ်တွင် ရေးဆွဲနိုင်သည်။ နည်းပညာကို ကောင်းမွန်စွာ အသုံးပြုလုပ်ဆောင်နိုင်သော ကျောင်းသားအုပ်စုများ အတွက် ဆရာသည် Microsoft PowerPoint (သို့) အလားတူပရိုဂရမ်ကို အသုံးပြု၍ ဂရပ်ဖစ်ကားချပ်ကို ဖန်တီးခိုင်းနိုင်သည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုငယ်များဖြင့်ဖြစ်စေ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို ဆွေးနွေးရန် ကျောင်းသားများအားအချိန်ပေးပါ။ ၎င်းတို့မေးခွန်းများကို ဆွေးနွေးနေစဉ်တွင် အတန်းကို လှည့်လည်ကြည့်ရှု၍ ၎င်းတို့၏တုံ့ပြန်မှုများကို နားထောင်ပါ။ သင့်လျော်သော အဖြေများ ရရှိစေရေးအတွက် လိုအပ်ပါက လမ်းညွှန်ပေးနိုင်ရန် ကျောင်းသားများ၏ ဆွေးနွေးမှုများတွင် ဖြည့်စွက်ချက်များပံ့ပိုးပါ (သို့မဟုတ်) ၎င်းတို့၏ အတွေးအခေါ်များကို ရှင်းလင်းရန် မေးခွန်းများမေးပါ။

- ပြည်သူ့နီတိပိုင်းဆိုင်ရာ အသိပညာနှင့် ပြည်သူ့နီတိပိုင်းဆိုင်ရာ စွမ်းရည်များအကြား ကွာခြားချက်ကို ဖော်ပြပါ။ စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးများနှင့် ပြည်သူ့နီတိပိုင်းဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုများကြား ဆက်နွှယ်မှုကို ဖော်ပြပါ။
- စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ မည်သည့်အဆင့်များတွင် ကလေးများ (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် မိမိတို့၏ လိုအင်များကို ပိုမိုစဉ်းစား တွေးတောပါသနည်း။
- စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ မည်သည့်အဆင့်များတွင် ကလေးများ (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် လူမှုအသိုင်းအဝိုင်းတစ်ခု (သို့မဟုတ်) လူမှုအဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်လိုအင်အတွက် သာမက အခြားသူများ၏ လိုအင်များအတွက်ပါ ပိုမိုစဉ်းစားတွေးတောပါသနည်း။
- ကလေးများ၏ စာရိတ္တပိုင်းဆိုင်ရာ အတွေးအခေါ်များကို 'သမားရိုးကျအဆင့် မရောက်ရှိမီအဆင့်' ၏ အနိမ့်ပိုင်းအဆင့်ငယ်များမှသည် 'သမာရိုးကျအဆင့်'နှင့် 'သမားရိုးကျထက် သာလွန်သောအဆင့်' ၏ အမြင့်ပိုင်းအဆင့်ငယ်များဆီသို့ အဆင့်ဆင့်တိုးတက်ကူးပြောင်းရာ၌ ဆရာများက ကူညီလမ်းညွှန်ပေးရန်မှာ အဘယ်ကြောင့် အရေးကြီးသနည်း။
- ကျောင်းသားများအနေဖြင့် ပြည်သူ့နီတိဆိုင်ရာကျွမ်းကျင်မှုများနှင့် အသိပညာများကို လက်တွေ့အသုံးချလေ့ကျင့်ပြီး စာရိတ္တပိုင်းဆိုင်ရာအဆင့်များတွင် 'သမားရိုးကျ အဆင့်'နှင့် 'သမားရိုးကျထက် သာလွန်သောအဆင့်' များသို့ ရောက်ရှိလာအောင် လှုံ့ဆော်ပေးနိုင်သည့် စာရိတ္တပိုင်းဆိုင်ရာလွှမ်းမိုးမှုအသားပေး စာသင်ခန်းများ ဖန်တီးရာတွင် ဆရာများအနေဖြင့် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများမှာ မည်သည်တို့ ဖြစ်သနည်း။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ ပြည်သူ့နီတိပိုင်းဆိုင်ရာ အသိပညာနှင့် ပြည်သူ့နီတိပိုင်းဆိုင်ရာ စွမ်းရည်များ အကြား ကွာခြားချက်ကို ဖော်ပြပါ။ စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးများနှင့် ပြည်သူ့နီတိပိုင်းဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုများအကြား ဆက်နွှယ်မှုကို ဖော်ပြပါ။

အဖြေ။ *ပြည်သူ့နီတိပိုင်းဆိုင်ရာ အသိပညာ ဆိုသည်မှာ ပြည်သူလူထုသည် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်းရှိ အဖွဲ့အစည်းများ၊ အဖြစ်အပျက်များ၊ လုပ်ဆောင်မှုများ၊ ဖြစ်စဉ်များနှင့် လူမှုရေးပြဿနာများ မည်သည့်အကြောင်းကြောင့်နှင့် မည်သို့ဖြစ်ပျက်နေသည်ကို သိရှိရန်လိုအပ်သည့်အရာဖြစ်သည်။ ပြည်သူ့နီတိပိုင်းဆိုင်ရာ စွမ်းရည်များ ဆိုသည်မှာ ပြည်သူများက ၎င်းတို့၏ပြည်သူ့နီတိပိုင်းဆိုင်ရာ အသိပညာများကို အသုံးပြုပြီး ၎င်းတို့လူ့အသိုင်းအဝိုင်းတွင် မည်သို့ပါဝင်ဖြည့်ဆည်းပေးရမည်ဆိုသည့် ဆုံးဖြတ်ချက်များချရန် အသုံးပြုသည့် ကိရိယာများဖြစ်သည်။ စာရိတ္တပိုင်းဆိုင်ရာ စံနှုန်းတန်ဖိုးထားမှုများသည် ကျွန်ုပ်တို့ မည်သို့တွေးခေါ်ပြီး ပြုမူသည်ကိုပုံဖော်သည်။ ထို့ကြောင့် ၎င်းတို့သည် ကျွန်ုပ်တို့ လူ့အသိုင်းအဝိုင်းတွင် မည်သည့်အချိန်၌ မည်ကဲ့သို့ တက်ကြွစွာ ပါဝင်လှုပ်ရှားသည် ဆိုသည့် နောက်ကွယ်မှ အကြောင်းရင်းများဖြစ်သည်။*

မေးခွန်း ၂။ စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ မည်သည့်အဆင့်များတွင် ကလေးများ (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် မိမိတို့၏ လိုအင်များကို ပိုမိုစဉ်းစား တွေးတောပါသနည်း။

အဖြေ။ *'သမားရိုးကျအဆင့်မရောက်ရှိမီ' နှင့် 'သမားရိုးကျ' အဆင့်များမှ ပထမအဆင့် သုံးဆင့်သည် အခြားသူများ၏ လိုအင်ကို လိုက်လျောတတ်သော ကလေးငယ်တစ်ဦး (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးနှင့် ပိုမိုသက်ဆိုင်သည်။ အကြောင်းမှာ ၎င်းတို့သည် အပြစ်ပေးခြင်း မခံလိုသောကြောင့် စည်းမျဉ်းတစ်ခုကိုလိုက်နာခြင်း ဖြစ်နိုင်သကဲ့သို့ ၎င်းတို့၏ ကိုယ်ပိုင်လိုအင်များကို ဖြည့်ဝစေရန် အလို့ငှာ (သို့မဟုတ်) ချစ်ခင်မှုကို ခံယူလိုသောကြောင့် ဖြစ်နိုင်သည်။*

မေးခွန်း ၃။ စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ မည်သည့်အဆင့်များတွင် ကလေးများ (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် လူမှုအသိုင်းအဝိုင်းတစ်ခု (သို့မဟုတ်) လူမှုအဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်လိုအင်အတွက်သာမက အခြားသူများ၏ လိုအင်များအတွက်ပါ ပိုမိုစဉ်းစားတွေးတောပါသနည်း။

အဖြေ။ *အဆင့်နှစ်ရှိ အဆင့်လေး မှ ခုနစ် ('သမားရိုးကျအဆင့်') (သို့မဟုတ်) အဆင့်သုံး ('သမားရိုးကျထက်သာလွန်သောအဆင့်') တွင် ကလေးများ (သို့မဟုတ် ) တစ်ဦးချင်းစီသည် ၎င်းတို့၏ လိုအပ်ချက်များနှင့် အခြားသူများ၏ လိုအပ်ချက်များကို စဉ်းစားရန် ပိုမိုလိုလားသည်။ ဥပဒေပြဋ္ဌာန်းချက်များသည် ၎င်းတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီခြင်းမရှိစေကာမူ စာရိတ္တပိုင်းဆိုင်ရာ အမှား/အမှန် ဝေဖန်ပိုင်းခြားရာတွင် တစ်ပါးသူ၏ လိုအပ်ချက်များကို ကာကွယ်စောင့်ရှောက်ရန် (သို့မဟုတ်) လူအများလက်ခံကျင့်သုံးလျက်ရှိသည့် ကျင့်ဝတ်စည်းမျဉ်းများကို လိုက်နာကျင့်သုံးရန် အားစိုက်ထုတ်ကြသည်။*

မေးခွန်း ၄။ ကလေးများ၏ စာရိတ္တပိုင်းဆိုင်ရာ အတွေးအခေါ်များကို 'သမားရိုးကျအဆင့်မရောက်ရှိမီအဆင့်' ၏ အနိမ့်ပိုင်းအဆင့်ငယ်များမှသည် 'သမာရိုးကျအဆင့်'နှင့် 'သမားရိုးကျထက် သာလွန်သောအဆင့်' ၏ အမြင့်ပိုင်းအဆင့်ငယ်များဆီသို့ အဆင့်ဆင့် တိုးတက်ကူးပြောင်းရာ၌ ဆရာများက ကူညီလမ်းညွှန်ပေးရန်မှာ အဘယ်ကြောင့် အရေးကြီးသနည်း။

အဖြေ။ *'သမားရိုးကျအဆင့်' နှင့် 'သမားရိုကျထက်သာလွန်သောအဆင့်' များတွင် တစ်ဦးချင်းစီသည် ၎င်းတို့၏ ကိုယ်ပိုင်လိုအင်များအတွက် စဉ်းစားသကဲ့သို့ အခြားသူများအတွက်လည်း စဉ်းစားသည်။ ဤအဆင့်များ၌ ရှိသူများသည် အခြားသူများအပေါ် သည်းခံနိုင်စွမ်းနှင့် လေးစားမှုထားရှိပြီး လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် ၎င်းတို့လူမှုအသိုင်းအဝန်းများ၏ အကျိုးစီးပွားစသည့် ဒီမိုကရေစီ အခြေခံမှုများအား ထိန်းသိမ်းထားကြောင်း ဖော်ပြနေသည်။ ၎င်းသည် ငြိမ်းချမ်းမျှတသော လူ့အဖွဲ့အစည်းများ ဖန်တီးရန်နှင့် ထိန်းသိမ်းရန်အတွက် အခြေခံကျသည်။*

မေးခွန်း ၅။ ကျောင်းသားများအနေဖြင့် ပြည်သူ့နီတိဆိုင်ရာကျွမ်းကျင်မှုများနှင့် အသိပညာများကို လက်တွေ့အသုံးချလေ့ကျင့်ပြီး စာရိတ္တပိုင်းဆိုင်ရာအဆင့်များတွင် 'သမားရိုးကျအဆင့်'နှင့် 'သမားရိုးကျထက် သာလွန်သောအဆင့်' များသို့ ရောက်ရှိလာအောင် လှုံ့ဆော်ပေးနိုင်သည့် စာရိတ္တပိုင်းဆိုင်ရာလွှမ်းမိုးမှု အသားပေး စာသင်ခန်းများ ဖန်တီးရာတွင် ဆရာများအနေဖြင့် မည်သည်တို့ကို လုပ်ဆောင်နိုင်သနည်း။

အဖြေ။ *ဆရာသည် အတန်းတွင်း၌ မိမိ၏ သင်ကြားခြင်းနည်းလမ်းများဖြင့် အားလုံးပါဝင်လှုပ်ရှားနိုင်မှုနှင့် ကျား/မ ရေးရာ တန်းတူညီမျှမှုကို တက်ကြွစွာ အားပေးလှုံ့ဆော်ပြီး အခန်းတွင်းရှိ အတန်းဖော်များအား သည်းခံခြင်းနှင့် လေးစားခြင်း ကဲ့သို့သော ဒီမိုကရေစီဆိုင်ရာ ဥပဒေသများကို နမူနာလုပ်ပြနိုင်သည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် ကျောင်းသားများအားလုံး၏ ပါဝင်လှုပ်ရှားမှုများကို တူညီစွာတန်ဖိုးထားခြင်းခံရပြီး ၎င်းတို့၏လိုအပ်ချက်များကို ဆရာမှထည့်သွင်း စဉ်းစားပေးသည်ဟု ခံစားရသည့် ပတ်ဝန်းကျင်တစ်ခုကို ဆရာက ဖန်တီးပေးပါသည်။ စိတ်ပါဝင်စားစွာနားထောင်ပြီး အကျိုးရှိရှိပြောဆိုဆက်ဆံပုံအား နမူနာလုပ်ပြခြင်းဖြင့် လုံခြုံမှုရှိပြီး စာရိတ္တပိုင်းဆိုင်ရာ အပြုသဘောဆောင်သည့် ပတ်ဝန်းကျင်ကို ဆရာမှ ကူညီလမ်းညွှန် ဖန်တီးပေးနိုင်သည်။ ပြဿနာဖြေရှင်းခြင်းနှင့် ဆွေးနွေးခြင်းများတွင် ပါဝင်ပြောဆိုခြင်း ကဲ့သို့သော အခြားသော ပြည်သူ့နီတိပိုင်းဆိုင်ရာ စွမ်းရည်များအား သင်ယူလေ့ကျင့်နိုင်မည့် အခွင့်အရေးများကို ဆရာမှ ဖန်တီးပေးနိုင်သည်။*

# ၁.၂။ စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်း စိတ်ဓာတ်

ကျွန်ုပ်တို့ ယနေ့အချိန်ထိ သင်ယူလေ့လာခဲ့ပြီးသကဲ့သို့ပင် စာရိတ္တနှင့်ပြည်သူ့နီတိသင်ကြားရေး (သို့မဟုတ်) 'ပြည်သူ့နီတိ' ၏ ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်း၏ လုပ်ငန်းစဉ်များ၊ တစ်နည်းဆိုသော် ဒီမိုကရေစီနည်းကျနိုင်ငံသားဖြစ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် လူတစ်ဦး တစ်ယောက်ချင်း တက်ကြွစွာပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည်ဟု လက်ခံယုံကြည်ထားသော ပြည်သူ့နီတိဆိုင်ရာ အသိပညာများ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးများကို သင်ကြားပို့ချရန် ဖြစ်ပါသည် (Kahne & Middaugh, 2008)။ စာရိတ္တ ဆိုသည်မှာ လူသားများအကြား ဆက်ဆံမှုများကို တာဝန်ဝတ္တရားများနှင့် ထိန်းသိမ်းကြပ်မတ်ပေးသည့် စနစ်တစ်ခုဖြစ်ကြောင်း လေ့လာခဲ့ရပြီးဖြစ်ပါသည်။ Schwartz (2012) ၏ အဆိုအရ ကျွန်ုပ်တို့သည် မိမိတို့၏တန်ဖိုးထားမှုများနှင့်စပ်လျဉ်း၍ တွေးတောသည့်အခါမျိုးတွင် မိမိတို့ဘဝအတွက် အရေးကြီးသောအရာများကို တွေးတောတတ်ကြပါသည်။ ကျွန်ုပ်တို့သည် တစ်ဦးချင်းစီအလိုက် မိမိအတွက်အရေးပါမှုအဆင့် အမျိုးမျိုးပေါ်မူတည်၍ တန်ဖိုးထားမှု အမြောက်အမြား (ဥပမာ - အောင်မြင်မှု၊ ဖူလုံမှု၊ သဒ္ဒါတရားထက်သန်မှု) ကို စွဲကိုင်ထားလေ့ရှိပါသည်။ လူတစ်ဦး၏ တန်ဖိုးထားမှုတစ်ရပ်သည် ထိုသူအတွက် အလွန်အရေးပါနိုင်သော်လည်း အခြားသူအတွက်မူ အရေးမပါလှပေ။ တန်ဖိုးထားမှုဆိုင်ရာသီအိုရီ (Schwartz, 1992, 2006 as cited in Schwartz, 2012) သည် အဓိကအင်္ဂါရပ်ခြောက်ရပ်ကို အလေးပေးဖော်ပြသည့် တန်ဖိုးထားမှုဆိုင်ရာ သဘောထားယူဆချက်ကို လိုက်နာကျင့်သုံးထားပါသည်။ ထိုခြောက်ရပ်အနက်မှ တန်ဖိုးထားမှုဆိုသည်မှာ လုပ်ဆောင်ချက်တစ်ရပ်ကိုဖြစ်မြောက်အောင် လုပ်ဆောင်ရန်အတွက် တွန်းအားပေးသည့် နှစ်လိုဖွယ်ပန်းတိုင်များကို ဆိုလိုခြင်းဖြစ်ပါသည်။ လူမှုအဆင့်အတန်း၊ တရားမျှတမှုနှင့် ကူညီရိုင်းပင်းမှုတို့ကို အလေးပေးတန်ဖိုးထားသူများ အတွက် ယင်းတန်ဖိုးထားမှုများသည် ထိုပန်းတိုင်များသို့ ဦးတည်လုပ်ဆောင်စေသည့် တွန်းအားများ ဖြစ်ပါသည်။ အခန်း (၂)တွင် လူ့တန်ဖိုးနှင့်ပတ်သက်၍ ဆက်လက်လေ့လာရမည် ဖြစ်ပါသည်။

# ၁.၂.၁ မြန်မာနိုင်ငံအတွင်းနှင့် အာဆီယံဒေသအတွင်း၌ စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ်၏ အရေးပါပုံ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ် သင်ကြားရေးဆိုင်ရာ တန်ဖိုးများအကြား ဆက်နွှယ်မှုများကို စိစစ်သုံးသပ်တတ်မည်။
- မြန်မာနိုင်ငံအတွင်းနှင့် အာဆီယံဒေသအတွင်း၌ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ် သင်ကြားရေး၏ အရေးပါပုံကို လေ့လာဖော်ထုတ်၊ ဆွေးနွေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှုလိုအပ်ချက်ရှိသော သင်ယူသူများအပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု)နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်း အမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များ နှင့်ချိတ်ဆက်ရာ၌ အထောက်အကူပြုနိုင်ရန် ထိထိမိမိအလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစား တို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှုနည်းဗျူဟာများကို အသုံးပြုသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ -** ဗင်ပုံဖြင့် သင်ကြားသင်ယူခြင်း၊ တွေး-တွဲ-မျှဝေသင်ယူခြင်း နှင့် တီပုံစံ ဇယားကွက်။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကျောင်းသားများ သင်ယူနေစဉ်တွင် ကြည့်ရှုလေ့လာခြင်း။


**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ဆရာသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၁.၂.၁) ကို ကြိုတင်ဖတ်ရှုထားရမည်။ ကျောင်းသားများအနေဖြင့် "ရပ်တည်ချက်"နှင့် "အသိုက်အဝန်း" ဟူသည့် သဘောတရားနှစ်ခုအား ရောထွေးနေသည်များ ရှိနိုင်သည့်အတွက် ယင်းတို့၏ ခြားနားချက်ကို ၎င်းတို့ နားလည်အောင် ပံ့ပိုးပေးရန် သာဓကများ ပြင်ဆင်ပါ။ ထို့ပြင် တန်ဖိုးထားမှုများနှင့် ဝတ္တရားများအကြားရှိ ဆက်နွယ်မှုများနှင့်ပတ်သက်၍ မေးမြန်းရန်အတွက် မေးခွန်းများလည်း ပြင်ဆင်ထားပါ။

**လိုအပ်သောရင်းမြစ်များ -** ကျောင်းသားကိုင်စာအုပ်၊ ကျောင်းသားမှတ်စုစာအုပ်များ။

## သင်ယူမှုလုပ်ငန်း (၁)။ ဗင်ပုံဖြင့် သင်ကြားသင်ယူခြင်း (၁၅ မိနစ်)

၁။ သင်ခန်းစာ (၁.၂.၁) အတွက် ဖြေကြားချက်များ ထည့်သွင်းထားသည့် အပိုင်းကို ကျောင်းသားများ ဖတ်ရှုပြီးလျှင် ၎င်းတို့စဉ်းစားမိသော အသိုက်အဝန်း အမျိုးအစားအားလုံးအကြောင်း ဉာဏ်ဖွင့်ဆွေးနွေးစေပါ။ ၎င်းတို့ စတင်မဆွေးနွေးမီ သာဓကများပေးပါ။ ဥပမာ - ၎င်းတို့သည် စာသင်ခန်းထဲတွင် ရှိနေသည့်အတွက် စာသင်ခန်းအသိုက်အဝန်းနှင့် သက်ဆိုင်သူဖြစ်ပြီး ရန်ကုန်မြို့တွင်နေထိုင်သူ ဖြစ်ပါက ရန်ကုန်အသိုက်အဝန်းနှင့် သက်ဆိုင်သူဖြစ်ပါသည်။ ၎င်းတို့သည် မသန်စွမ်းသူများ ဖြစ်ပါက မသန်စွမ်းသူများ အသိုက်အဝန်းနှင့် သက်ဆိုင်သူ ဖြစ်ပါသည်။ ကျောင်းသားများ ၎င်းတို့၏ ထင်မြင်ချက်များကို ဉာဏ်ဖွင့်ဆွေးနွေးရန် အချိန်တစ်မိနစ်၊ နှစ်မိနစ်ခန့် ပေးပါ။


၂။ သင်ပုန်းပေါ်တွင် အောက်ပါ ဗင်ပုံကိုဆွဲပါ။





ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်ထဲတွင် (ပုံထဲတွင် စာရေးသား ထည့်သွင်းနိုင်သည်အထိ ကြီးသော) ဗင်ပုံ ဆွဲခိုင်းပါ။ စက်ဝိုင်းအပေါ် လက်ဝဲဖက်တွင် ၎င်းတို့၏ အမည်များကို ရေးစေပါ။ စက်ဝိုင်းအပေါ် လက်ယာဖက်တွင် ၎င်းတို့ဘေးရှိ ကျောင်းသားအမည်ကို ရေးစေပါ။

၃။ ကျောင်းသား နှစ်ယောက်တွဲ တစ်တွဲချင်းစီအား ၎င်းတို့နှစ်ဦးလုံးနှင့် သက်ဆိုင်နေသည့် အသိုက်အဝန်းများကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ဥပမာ - နှစ်ယောက်တွဲအဖွဲ့များရှိကျောင်းသားနှစ်ယောက်လုံးသည်စာသင်ခန်းအသိုက်အဝန်း နှင့် သက်ဆိုင်သူများဖြစ်ပါက ၎င်းတို့အနေဖြင့် ဗင်ပုံရှိစက်ဝိုင်းနှစ်ဝိုင်း ထပ်နေသော နေရာတွင် "စာသင်ခန်းအသိုက်အဝန်း" ဟု ရေးရပါမည်။ အကယ်၍ နှစ်ယောက်တစ်တွဲအဖွဲ့မှ ကျောင်းသားတစ်ဦးသည် အခြားကျောင်းသားနှင့် မသက်ဆိုင်သည့် အသိုက်အဝန်းတစ်ခုတွင် ကျင်လည်နေသူဖြစ်ပါက ထိုအသိုက်အဝန်း အမည်ကို ဗင်ပုံရှိ ၎င်း၏ ကိုယ်ပိုင်အပိုင်းတွင် ရေးသားရမည်။ ဥပမာ - ကျောင်းသား တစ်ဦးသည် ကျောင်းသားကလပ်အသင်းဝင်တစ်ဦးဖြစ်ပြီး အခြားကျောင်းသားသည် ထိုအသင်းဝင်မဟုတ်ပါက ထိုကျောင်းသားကလပ် အမည်ကို ၎င်း၏ကိုယ်ပိုင် စက်ဝိုင်းတွင်သာ ရေးသားရမည်။




၄။ ဤလုပ်ငန်းကို မိမိဆန္ဒအလျောက် သရုပ်ပြလိုသည့် ကျောင်းသားတစ်ဦးနှင့် သရုပ်ပြပါ။ သင်သည် အသိုက်အဝန်းတစ်ခု (သို့မဟုတ်) အုပ်စုတစ်စုတွင် ကျင်လည်နေသူဖြစ်ကြောင်း ဦးစွာပြောထားပါ။ မိမိဆန္ဒအလျောက် သရုပ်ပြလိုသူ ကျောင်းသားအား သင်နှင့်တူညီသော အသိုက်အဝန်းတွင် ကျင်လည်နေခြင်း ရှိ/မရှိ မေးမြန်း၍ တူညီပါက ဗင်ပုံရှိ စက်ဝိုင်းနှစ်ဝိုင်းထပ်နေသောအပိုင်းတွင် ထိုအသိုက်အဝန်း အမည်ကို ရေးပါ။ ၎င်းသည် သင်နှင့်ကျင်လည်ရာ အသိုက်အဝန်း မတူညီပါက ထိုအသိုက်အဝန်းအမည်ကို သင်၏ကိုယ်ပိုင်စက်ဝိုင်းထဲတွင် ရေးသား၍ ၎င်းကျင်လည်နေသည့် အခြားသော အသိုက်အဝန်းများအကြောင်း မေးမြန်း၍ ထိုအသိုက်အဝန်းအမည်ကို ၎င်း၏စက်ဝိုင်းထဲတွင်ရေးစေပါ။ သင့် ဗင်ပုံတွင် သာဓက သုံးလေးခုခန့် ဖြည့်ပြီးသည်အထိ ထိုနည်းအတိုင်း တစ်ဦးနှင့်တစ်ဦး အချက်အလက်များ ဆက်လက်ဝေမျှပါ။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏ တွဲဖက်များနှင့် လုပ်ငန်းစတင်လုပ်ဆောင်စေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဆရာများအနေဖြင့် ကျောင်းသားများ ဖြည့်စွက်ပြီးသော ဗင်ပုံကို အသုံးပြုခြင်းအားဖြင့် ၎င်းတို့သည် လူ့အဖွဲ့အစည်းရှိ လူ့အသိုက်အဝန်းမျိုးစုံနှင့် သက်ဆိုင်နေကြောင်းနှင့် လူပုဂ္ဂိုလ် နှစ်ဦးသာရှိလင့်ကစား ထိုပုဂ္ဂိုလ်နှစ်ဦးစလုံး ဘုံသက်ဆိုင်သည့် အသိုက်အဝန်းများရှိကြောင်း နားလည်သဘောပေါက်ခြင်း ရှိ/မရှိ စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ ၎င်းတို့ ဗင်ပုံတွင် ဖြည့်စွက်နေစဉ် အခန်းအတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်းသားများ မရှင်းလင်းသည့် သဘောတရားတစ်ခုခုကို မှတ်စုမှတ်ပါ (သို့မဟုတ်) ၎င်းတို့၏ ထင်မြင်ချက်တစ်ခုခုကို ရှင်းပြစေပါ။ လိုအပ်ပါက ၎င်းတို့ မတွေးမိသေးသည့် အကြံဉာဏ်များပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ခန်းစာ၏ ဤအဆင့်တွင် အဖြေ မှန်သည်၊ မှားသည်ဟူ၍မရှိပါ။ အဓိကရည်ရွယ်ချက်မှာ ကျောင်းသားများသည် အသိုက်အဝန်းဟူသည့် သဘောတရားနှင့် ကျွန်ုပ်တို့အနေဖြင့် အသိုက်အဝန်း မည်မျှခန့်နှင့် သက်ဆိုင်နေနိုင်ပြီး အခြားသူများသည်လည်း ကျွန်ုပ်တို့နှင့်တူညီသော အသိုက်အဝန်းများတွင် မည်သို့သက်ဆိုင်နေနိုင်သည်ဟူသော သဘောတရားများကို မည်မျှထိ ဦးစွာနားလည်ထားကြောင်း စစ်ဆေးရန်ဖြစ်သည်။ ကျောင်းသားများ တွေးတောမိနိုင်သည့် အသိုက်အဝန်းများတွင် အောက်ပါတို့ပါဝင်ပါသည်။

- အားကစား အားပေးသူများ ကလပ်
- ကျောင်းသားအဖွဲ့/ သမဂ္ဂ
- ဘာသာရေး (သို့မဟုတ်) လူမျိုးရေးအဖွဲ့
- ဖေ့စ်ဘုတ်အသုံးပြုသူများ အသိုက်အဝန်း
- LGBTIQ+ အသိုက်အဝန်း
- ဆရာအတတ်သင်ကျောင်းသား အသိုက်အဝန်း
- စစ်ကိုင်းမြို့အသိုက်အဝန်း
- မြန်မာနိုင်ငံအသိုက်အဝန်း
- အာဆီယံအသိုက်အဝန်း
- ကမ္ဘာလုံးဆိုင်ရာအသိုက်အဝန်း

“ရပ်တည်ချက်” နှင့် “အသိုက်အဝန်း”ဟူသည့် သဘောတရားများနှင့် စပ်လျဉ်း၍ မရှင်းလင်းသည်များရှိပါက ဥပမာဖြင့် ရှင်းပြပါ။ ဥပမာ - သင်၏ လိင်စိတ် (ဥပမာ - ကျား၊မ သို့မဟုတ် အခြားလိင်စိတ်ခံယူချက်ရှိခြင်း) သည် သင့်ရပ်တည်ချက်ဖြစ်ပြီး သင်နှင့် အလားတူ ရပ်တည်ချက် ရှိသူများနှင့်လည်း သိကျွမ်းပါက သင်တို့သည် ထိုအသိုက်အဝန်းတစ်ခုတည်းတွင် အတူတကွကျင်လည်နေသူများ ဖြစ်ပါသည်။ ထို့ပြင် တစ်ခါတစ်ရံတွင် သင်မွေးဖွားရာ

အသိုက်အဝန်းသည် တစ်စုံတစ်ဦး၏ ရပ်တည်ချက်တွင် အရေးအကြီးဆုံး အပိုင်းများ ဖြစ်နေတတ်ပါသည် (ဥပမာ - ၎င်းတို့၏ တိုင်းရင်းသားလူမျိုးစု သို့မဟုတ် ၎င်းတို့၏နိုင်ငံ)။

## ဆရာ့မှတ်စု

ကျောင်းသားများကို ၎င်းတို့နှင့် သက်ဆိုင်နိုင်သည့် အသိုက်အဝန်းအမျိုးအစားများ အကြောင်း ပြောကြားရာတွင်သော်လည်းကောင်း ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ရယူရာတွင် သော်လည်းကောင်း LGBTIQ+ အသိုက်အဝန်းနှင့် ပတ်သက်၍ ရှင်းပြဖို့လိုသည့်အခါမျိုး ရှိနိုင်ပါသည်။ ယင်းဝေါဟာရသည် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ (သို့မဟုတ်) လိင်စိတ်ခံယူချက် ကွဲပြားသူများကို ဆိုလိုခြင်း ဖြစ်ပါသည်။ LGBTIQ+ တွင် ပါဝင်သော အက္ခရာများသည် အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ၊ အမျိုးသားချင်း ချစ်ခင်စုံမက်သူသူ၊ အမျိုးသမီး/အမျိုးသား လိင်နှစ်မျိုးစလုံး ချစ်ခင်စုံမက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူနေထိုင်သူ၊ လိင်နှစ်မျိုးစလုံးပါရှိသူ (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ မိမိကိုယ်ကို မရေရာသေးသူတို့ကို ကိုယ်စားပြုနေခြင်း ဖြစ်သည်။ "+" လက္ခဏာသည် တစ်စုံတစ်ဦး၏ လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်စိတ်တို့အပေါ် မူတည်၍ အခြားသော ရပ်တည်ချက်များ အမြောက်အမြား ရှိနေနိုင်သည်ကို ညွှန်းဆိုခြင်းဖြစ်ပါသည်။ အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ၊ အမျိုးသားချင်း ချစ်ခင်စုံမက်သူ၊ အမျိုးသမီး/ အမျိုးသား လိင်နှစ်မျိုးစလုံး ချစ်ခင်စုံမက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူနေထိုင်သူ၊ လိင်စိတ်အမျိုးမျိုးကွဲပြားသူ၊ လိင်နှစ်မျိုးလုံးပါရှိသူ၊ ကွီးယား၊ လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှု မခံစားရသူနှင့် လိင်ပိုင်းဆိုင်ရာ မိမိကိုယ်ကို မရေရာသေးသူတို့၏ အသိုက်အဝန်းများနှင့် ဆက်စပ်သော အသုံးအနှုန်း/ အခေါ်အဝေါ်များကို နားလည် သဘောပေါက်၍ အသုံးပြုခြင်းသည် အစိုးရဌာနများနှင့် အရပ်ဖက် လူ့အဖွဲ့အစည်း များတွင် လူတိုင်းအကျုံးဝင်ပါဝင်၍ လေးစားမှုရှိကြောင်း သေချာစေရာတွင် အထောက်အကူဖြစ်စေပါသည်။ ဩစတေးလျနိုင်ငံ မိသားစုရေးရာ လေ့လာရေး အဖွဲ့မှ ထုတ်ဝေသော CFCA ခက်ဆစ်အဘိဓာန်(နိုဝင်ဘာ၊ ၂၀၁၉ ခုနှစ်) ကို ကြည့်ပါ။

## သင်ယူမှုလုပ်ငန်း (၂)။ တွေး-တွဲ-မျှဝေသင်ယူခြင်း နှင့် တီပုံစံ ဇယားကွက် ( ၃၀ မိနစ်)

၁။ ကျောင်းသားများသည် သင်ယူမှုလုပ်ငန်း (၁) ၌ ၎င်းတို့ တွေးတောစဉ်းစားခဲ့သည့် အသိုင်းအဝိုင်းများနှင့် သက်ဆိုင်သူများဖြစ်သည့်အလျောက် ၎င်းတို့တွင် ရှိသည့် တန်ဖိုးထားမှုများနှင့် ဝတ္တရားများကို စဉ်းစားစေပါ။ ဥပမာ - ၎င်းတို့သည် ဆရာအတတ်သင်ကျောင်းသားများ အသိုင်းအဝိုင်းနှင့် သက်ဆိုင်သူဖြစ်ပါက ဆရာကောင်းတစ်ဦးဖြစ်ရန် တန်ဖိုးထားပါသည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် ပညာရေးဒီဂရီကောလိပ်တွင် လေးနှစ်တာ ပညာသင်ယူစဉ်တစ်လျှောက်လုံး၌ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်တွင် ပြဋ္ဌာန်းထားသော တတ်ကျွမ်းမှုများကို လေ့ကျင့်ပျိုးထောင်ရမည့် တာဝန်ဝတ္တရားရှိပါသည်။ နောက်ထပ် ဥပမာတစ်ခုမှာ အကယ်၍ ၎င်းတို့သည် အာဆီယံအသိုက်အဝန်းဝင် တစ်ဦးဖြစ်ပါက မြန်မာနိုင်ငံနှင့် အခြားသောအာဆီယံနိုင်ငံများအကြား ဆက်ဆံရေးကောင်းမွန်ရန် တန်ဖိုးထားပါသည်။ ထို့ကြောင့် ၎င်းတို့နေထိုင်ရာနိုင်ငံနှင့် အခြားသောအာဆီယံနိုင်ငံများ၏ မျက်မှောက်ရေးရာများကို အချိန်နှင့်တစ်ပြေးညီ သိရှိနေရမည့် တာဝန်ဝတ္တရား ရှိပါသည်။ ၎င်းတို့ ကိုယ်တိုင် စဉ်းစားတွေးတောရန်အတွက် အချိန်တစ်မိနစ်ပေးပါ။

၂။ တစ်မိနစ်ပြည့်ပါက ကျောင်းသားများအား ၎င်းတို့၏ တန်ဖိုးထားမှုများနှင့် တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ ၎င်းတို့၏ ထင်မြင်ချက်များကို ဘေးရှိကျောင်းသားအား မျှဝေစေပါ။ ထိုသို့ပြုလုပ်ရန် ၎င်းတို့ကို အချိန်သုံးမိနစ်ပေးပါ။

၃။ သုံးမိနစ်ပြည့်ပါက နှစ်ယောက်တစ်တွဲအဖွဲ့တိုင်းကို အခြားနှစ်ယောက်တွဲများနှင့် အတူထိုင်စေပါ။ တီပုံစံဇယားကွက်ကို ဥပမာပြသရန်အတွက် သင်ပုန်းပေါ်တွင် အောက်ဖော်ပြပါအတိုင်း ရေးဆွဲပါ။

**အသိုက်အဝန်း -    ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ**

| တန်ဖိုးထားမှု | ဝတ္တရား |
|---|---|
| ဆရာကောင်းတစ်ဦး ဖြစ်ရန် | ဆရာများအတွက်တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်တွင် ပြဋ္ဌာန်းထားသော တတ်ကျွမ်းမှုများကို လေ့ကျင့်ပျိုးထောင်ရန် |

ကျောင်းသားများကို ၎င်းတို့၏ မှတ်စုစာအုပ်များထဲတွင် ၎င်းတို့ ဆွေးနွေးပြောဆိုခဲ့သော အသိုက်အဝန်း တစ်ခုချင်းစီအတွက် တီပုံဇယားကွက်များ ဆွဲစေပါ။ ၎င်းတို့အနေဖြင့် အဆိုပါအသိုက်အဝန်းရှိ ဘုံတူညီနိုင်သော တန်ဖိုးထားမှုတစ်ရပ်ကို ရေးသားရပါမည်။ ထို့ပြင် ၎င်းတို့သည် အဆိုပါအသိုက်အဝန်းတွင်ကျင်လည်ကာ ထိုဘုံတန်ဖိုးထားမှု ထားရှိသည့်အလျောက် ၎င်းတို့တွင်ရှိနိုင်သည့် ဝတ္တရားတစ်ရပ်ကို ရေးသားရပါမည်။ ကျောင်းသားများ တီပုံဇယားကွက်များဆွဲ၍ ၎င်းတို့၏ထင်မြင်ချက်များကို ဆွေးနွေးရန် (၁၅) မိနစ် အချိန်ပေးပါ။

၄။ ကျောင်းသားများ ၎င်းတို့အုပ်စုများထဲတွင် တီပုံဇယားကွက်များ ဖြည့်စွက်ရန် အတူတကွလုပ်ဆောင်နေသည်ကို လှည့်ပတ်၍ စောင့်ကြည့်လေ့လာပါ။ လိုအပ်ပါက မရှင်းလင်းသည့် အချက်အလက်များကို ရှင်းပြပါ နှင့်/သို့မဟုတ် ကျောင်းသားများ အကြံဉာဏ်ထုတ်ရာတွင် ကူညီပါ (သို့မဟုတ်) အကြံဉာဏ်များထွက်အောင် မေးခွန်းများ မေးမြန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

တီပုံစံ ဇယားကွက်သည် အသိုက်အဝန်းတစ်ခု၏ ဘုံတန်ဖိုးထားမှုများနှင့် ယင်းတန်ဖိုးထားမှု များကို ကာကွယ်ရမည့် တာဝန်ဝတ္တရားတို့အကြား ကျောင်းသားများ ဆက်စပ်နိုင်ခြင်း ရှိ/မရှိ သင်ကြည့်ရှုစစ်ဆေးနိုင်အောင် ကူညီပေးသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ အုပ်စုတစ်စုနှင့် တစ်စု ဆွေးနွေးနေသည်များကို လှည့်ပတ်ကြည့်ရှု၍ မရှင်းလင်းသည်များ ရှိနေသည်ကို သတိပြုမိပါကရှင်းပြပါ (သို့မဟုတ်) ကျောင်းသားများအနေဖြင့် အသိုက်အဝန်း တစ်ခု (အသေးစားဖြစ်စေ၊ အကြီးစားဖြစ်စေ) တွင် ပါဝင်သက်ဆိုင်နေခြင်းနှင့် ထိုသို့သက်ဆိုင်သူ ဖြစ်သည့်အလျောက် တာဝန်ယူရမည့် တာဝန်ဝတ္တရားများအကြားရှိ ဆက်နွှယ်မှုများကို ဖော်ထုတ်ရန် ပိုမိုအကူအညီလိုအပ်နေပါက ကူညီပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဤသင်ယူမှုလုပ်ငန်း၏ အဓိကရည်ရွယ်ချက်မှာ တန်ဖိုးထားမှုများ၊ အသိုက်အဝန်းနှင့် ထိုအသိုက်အဝန်းတွင် နေထိုင်သူများဖြစ်သည့်အလျောက် တာဝန်ယူရမည့် တာဝန်ဝတ္တရား များအကြားရှိ ဆက်နွှယ်မှုများကို ကျောင်းသားများ စိစစ်သုံးသပ်နိုင်အောင် ကူညီပေးရန် ဖြစ်သည်။ ၎င်းတို့အနေဖြင့် အသိုက်အဝန်းတစ်ခုချင်းစီရှိ လူများသည် ဘုံတန်ဖိုးထားမှုများ ထားရှိကြပြီး ထိုအသိုက်အဝန်းများတွင် ကျင်လည်သူများဖြစ်သည့်အလျောက် တာဝန်ယူရမည့် တာဝန်ဝတ္တရားများရှိကြောင်း သိရှိသင့်ပါသည်။ ဥပမာ - အကယ်၍ ကျွန်ုပ်တို့သည်

အလုပ်ခွင်ဝင်နေသည့် အချိန်ပြည့်အလုပ်သမား တစ်ယောက်ဖြစ်ပါက ရက်သတ္တပတ် တစ်ပတ်လျှင် နာရီ (၄၀) အလုပ်လုပ်ရန် လိုအပ်ကြောင်း စည်းကမ်းထုတ်ထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ရက်သတ္တပတ် တစ်ပတ်လျှင် နာရီ (၄၀) အလုပ်လုပ်ရန် တာဝန်ရှိပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ ဗီဒီယို (၂၀ မိနစ်)**

၁။ ပြည်သူ့နီတိ သင်ကြားရေး၏ အရေးပါပုံကို MITV မှ ဗီဒီယိုတွင်ကြည့်ပါ။ ဗီဒီယိုတွင် လူတွေ့မေးမြန်းထားသူများ၏ ဖြေကြားချက်အရ စာရိတ္တနှင့်ပြည်သူ့နီတိသည် မြန်မာနိုင်ငံအတွက် အဘယ်ကြောင့်အရေးကြီးရသည်ဟူသော အကြောင်းရင်းများကို စာရင်းပြုစုပါ။

၂။ ပြန်လည်သုံးသပ်ပါ - ဗီဒီယိုတွင် လူတွေ့မေးမြန်းထားသူများ၏ ဖြေကြားချက်များကို မည်သည့်အတိုင်းအတာထိ သဘောတူ (သို့မဟုတ်) သဘောမတူသနည်း။ သင်သဘောတူသည့် အချက်များမှာ အဘယ်နည်း။ သင် သဘောမတူသည့် အချက်များမှာ အဘယ်နည်း။ အဘယ်ကြောင့်နည်း။

**လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ ရပ်တည်ချက် စက်ဝိုင်း (၂၅ မိနစ်)**

အတန်းတွင် နေရာလွတ်ရှိပြီး ကျောင်းသားအားလုံးသည် သန်စွမ်းသူ (သို့မဟုတ်) အလွယ်တကူ လှုပ်ရှားနိုင်သူများဖြစ်ပါက ဇင်ပုံအစား "ရပ်တည်ချက် စက်ဝိုင်း' ဟု ခေါ်သည့် လက်တွေ့လုပ်ငန်းတစ်ခုကို အသုံးပြုနိုင်ပါသည်။ ကျောင်းသားအားလုံးကို စက်ဝိုင်းတစ်ခု (သို့မဟုတ်) စက်ဝိုင်းငယ်များပုံစံ ဝိုင်း၍ ရပ်စေပါ။ အသိုက်အဝန်း တစ်ခု၏ အမည်ကို ခေါ်လိုက်ပါ။ ဥပမာ - ကမ္ဘောဇ/ရတနာပုံ/ ဇေယျာရွှေမြေ ဘောလုံးအသင်းအားပေးသူများ ကလပ်၊ လှိုင်ကော် ပညာရေးဒီဂရီကောလိပ် ကျောင်းသားသမဂ္ဂ၊ မြန်မာစာအုပ်ချစ်သူများကလပ်၊ အင်ယားလေ့လှော်အသင်း၊ မြန်မာတက္ကသိုလ် တောင်တက်အဖွဲ့ စသည်ဖြင့်။ ကျောင်းသားများသည် အမည်ခေါ်ဆိုလိုက်သော အသိုက်အဝန်းနှင့် သက်ဆိုင်သူဖြစ်ပါက ရှေ့တစ်လှမ်း တိုး၍ စက်ဝိုင်းထဲသို့ ဝင်ရပါမည်။ နောက်အသိုက်အဝန်းတစ်ခု၏ အမည်ကို မခေါ်မီတွင် ကျောင်းသားများကို နောက်ပြန်ဆုတ်စေ၍ စက်ဝိုင်းပုံစံ ပြန်ဝိုင်းစေပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ကျောင်းသားများ မေးခွန်းများ ဆွေးနွေးနေစဉ်တွင် အခန်းတွင်း လှည့်ပတ်ကြည့်ရှု၍ ၎င်းတို့၏ ဖြေကြားချက်များကို နားထောင်ပါ။ ကျောင်းသားများသည် သင်ရိုးညွှန်းတမ်း၏ နောက်ပိုင်း အခန်းများတွင် လုပ်ပိုင်ခွင့်နှင့် ဝတ္တရားများဆိုင်ရာသဘောတရားများကို ဖော်ထုတ်ရမည် ဖြစ်ပြီး အာဆီယံဒေသနှင့် ကမ္ဘာတစ်ဝန်းလုံးအပေါ် ပြည်သူ့နီတိ၏ အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ရမည်ဖြစ်ကြောင်း အမှတ်ရပါ။ ထို့ကြောင့်ကျောင်းသားများအနေဖြင့် အခွင့်အရေး နှင့် တာဝန်ဝတ္တရားများ အကြား ဆက်နွယ်မှုနှင့်ပတ်သက်၍ ၎င်းတို့ကိုယ်ပိုင်အယူအဆများကို ဖော်ပြရာ၌ ၎င်းတို့ယနေ့အချိန်ထိ ဖတ်ရှုခဲ့သည့် ပမာဏအတွင်း၌သာ ဖော်ပြနိုင်ခဲ့ပါကလည်း ခွင့်ပြုပေးနိုင်ပါသည်။ နောက်ဆုံးမေးခွန်းကို ဖြေဆိုရာတွင် အကြမ်းဖျင်းသာဖြေဆိုရန် လိုအပ်သည့်အတွက် ကျောင်းသားများအနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားမှု နည်းလမ်းများ အားလုံးကို သိရှိနေဖို့မလိုပါ။ မေးခွန်းမေးရသည့်ရည်ရွယ်ချက်မှာ ကျောင်းသားများ ၎င်းတို့ သင်ယူခဲ့သည်များကို ပြန်လည်သုံးသပ်ရာတွင် ကူညီပေးရန်သာမက ၎င်းတို့၏ ရှိရင်းစွဲ အသိပညာများကို အသုံးချရန်နှင့် ပိုမိုသင်ယူချင်လိုစိတ် တိုးပွားလာအောင် ဆွဲဆောင်ရန်အတွက် နောက်အခန်းများတွင် သင်ယူရမည့် အကြောင်းအရာများကို ခန့်မှန်းရာတွင် ကူညီပေးရန်ဖြစ်သည်။ ဆရာများသည် ကျောင်းသားများ သင့်လျော်သည့် အဖြေများ ဖြေနိုင်အောင် လမ်းညွှန်းပေးရန်အတွက် လိုအပ်ပါက ဆွေးနွေးနေရာတွင် အကြံဉာဏ်များပေးခြင်း (သို့မဟုတ်) ၎င်းတို့၏ ထင်မြင်ချက်များကို ရှင်းပြစေခြင်းတို့ လုပ်ဆောင်နိုင်ပါသည်။

- လူမှုအသိုက်အဝန်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် ထိုအသိုက်အဝန်းရှိ အခြားသူများနှင့် တူညီသော တန်ဖိုးထားမှုများ ရှိနိုင်ပါသလား။ မည်ကဲ့သို့ တူညီနိုင်ပါသနည်း။
- ထိုတန်ဖိုးထားမှုများကို စွဲကိုင်ထားရန်နှင့် ကာကွယ်ရန်မှာ မည်သူ၏ တာဝန် ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။
- လူ့အသိုက်အဝန်း အများအပြားတွင် ကျင်လည်ရာတစ်လျှောက်တွင် သင့်တွင် အခြားသူများနှင့် တူညီသောအသိုက်အဝန်းအချို့ ရှိနေမည်ဖြစ်ရာ မည်သို့သော တန်ဖိုးထားမှုများသည် အရေးကြီးသည်ဟု ထင်ပါသနည်း။

- ကလေးများ၏ ကမ္ဘာ့နိုင်ငံသားဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးထားမှုများကို ပျိုးထောင်ပေးနိုင်ရန် အလယ်တန်းပြ ဆရာတစ်ယောက်အနေဖြင့် သင်၏ သင်ရိုးညွှန်းတမ်းနှင့် စာသင်ခန်းတွင် မည်သည့်လုပ်ငန်းများကို ထည့်သွင်းလုပ်ဆောင်စေမည်နည်း။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ**

မေးခွန်း ၁။ လူမှုအသိုက်အဝန်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် ထိုအသိုက်အဝန်းရှိ အခြားသူများနှင့် တူညီသော တန်ဖိုးထားမှုများ ရှိနိုင်ပါသလား။ မည်ကဲ့သို့ တူညီနိုင်ပါသနည်း။

အဖြေ။ *တူညီမှုများ ရှိနိုင်ပါသည်။ ဥပမာအားဖြင့် သင်နှင့် သင့်အသိုက်အဝန်းရှိ အခြားသူများသည် ပထဝီဝင်တည်နေရာတစ်ခုတည်းတွင် နေထိုင်နေခြင်းမျိုး ဖြစ်နိုင်ပါသည် (သို့မဟုတ်) စိတ်ပါဝင်စားမှု၊ ယဉ်ကျေးမှု၊ ရည်မှန်းချက်နှင့် ပန်းတိုင်များ စသည်တို့ တူညီနိုင်ပါသည်။ ထို့ကြောင့် သင်တို့၏ တန်ဖိုးထားမှုများ တူညီမှုရှိနိုင်ပါသည်။*

မေးခွန်း ၂။ ထိုတန်ဖိုးထားမှုများကို စွဲကိုင်ထားရန်နှင့် ကာကွယ်ရန်မှာ မည်သူ၏ တာဝန်ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

အဖြေ။ *လူ့အသိုက်အဝန်း၏ တန်ဖိုးထားမှုများကို စွဲကိုင်ထား၍ ကာကွယ်ရန်မှာ ထိုလူ့အသိုက်အဝန်းတစ်ခုနှင့် သက်ဆိုင်သူတစ်ဦး (သို့မဟုတ်) ထိုလူ့အသိုက်အဝန်းရှိ နိုင်ငံသားတစ်ဦး၏ တာဝန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားဖြစ်မှု ဆိုသည်မှာ မိမိကိုယ်ပိုင် စိတ်ဝင်စားမှုများနှင့် တန်ဖိုးထားမှုများထက် လူ့အသိုက်အဝန်း၏ စိတ်ဝင်စားမှုနှင့် တန်ဖိုးထားမှုများကို ဦးစားပေးစဉ်းစားရမည် ဖြစ်ကြောင်း နားလည်ခြင်းကို ဆိုလိုခြင်းဖြစ်သောကြောင့်ဖြစ်ပါသည်။*

မေးခွန်း ၃။ လူ့အသိုက်အဝန်း အများအပြားတွင် ကျင်လည်ရာတစ်လျှောက်တွင် သင့်တွင် အခြားသူများနှင့် တူညီသောအသိုက်အဝန်းအချို့ ရှိနေမည်ဖြစ်ရာ မည်သို့သော တန်ဖိုးထားမှုများသည် အရေးကြီးသည်ဟု ထင်ပါသနည်း။

အဖြေ။ *သင်နှင့် အခြားသူများ ကျင်လည်ရာအသိုင်းအဝိုင်းများ တူညီနိုင်သည်ကို သင်သိရှိသည့်အလျောက် သင့်အနေဖြင့် လေးစားမှုကို တန်ဖိုးထားရန် အရေးကြီးပါသည်။ ဆိုလိုသည်မှာ မိမိကိုယ်ကိုလေးစားခြင်းနှင့် သင်နှင့် အသိုက်အဝန်း တစ်ခုတည်းတွင် ကျင်လည်နေသည့် အခြားသူများကို လေးစားခြင်းတို့ ဖြစ်ပါသည်။ လူတစ်ဦးသည် အသိုက်အဝန်းတစ်ခုတည်းတွင်သာ ကျင်လည်နေခြင်းမဟုတ်ပေ။ ထို့ကြောင့် သင်ယုံကြည်ရသူများ ကျင်လည်ရာ အသိုက်အဝန်းသည် သင်နှင့်ကွဲပြားနိုင်သကဲ့သို့ သင်နှင့်သက်ဆိုင်သည့် အသိုက်အဝန်းများအနက်မှ တစ်ခုနှင့်လည်း သက်ဆိုင်နေနိုင်ပါသည်။ ထို့ကြောင့် သွေးစည်းညီညွတ်မှု၊ စည်းလုံးညီညွတ်မှု၊ သည်းခံခြင်းနှင့် အားလုံးအကျုံးဝင် ပါဝင်ခြင်း တို့သည်လည်း အရေးပါသော တန်ဖိုးထားမှုများ ဖြစ်ပါသည်။*

မေးခွန်း ၄။ ကလေးများ၏ ကမ္ဘာ့နိုင်ငံသားဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးထားမှုများကို ပျိုးထောင်ပေးနိုင်ရန် အလယ်တန်းပြ ဆရာတစ်ယောက်အနေဖြင့် သင်၏ သင်ရိုးညွှန်းတမ်းနှင့် စာသင်ခန်းတွင် မည်သည့်လုပ်ငန်းများကို ထည့်သွင်း လုပ်ဆောင်စေမည်နည်း။

အဖြေ။ *လေးစားခြင်း၊ သွေးစည်းညီညွတ်မှု၊ စည်းလုံးညီညွတ်မှု၊ သည်းခံခြင်းနှင့် အားလုံးအကျုံးဝင်ပါဝင်ခြင်းတို့ကဲ့သို့ ကလေးငယ်များ စွဲကိုင်ထားသည့် တန်ဖိုးထားမှုများသည် ၎င်းတို့အရွယ်ရောက်သည့်အချိန်ထိ ၎င်းတို့နှင့်တစ်ပါတည်း ရှိနေမည့် တန်ဖိုးထားမှုများ ဖြစ်သောကြောင့် ကျွန်ုပ်တို့၏စာသင်ခန်းများနှင့် သင်ရိုးညွှန်းတမ်းတွင် ထိုတန်ဖိုးထားမှုများကို လက်တွေ့ကျင့်သုံးနိုင်စေသော ပုံတူဖန်တီးထားသည့် အခြေအနေများ ထည့်သွင်းလုပ်ဆောင်ပါမည်။ ကျွန်ုပ်တို့၏ စာသင်ခန်းများတွင် အလယ်တန်းကျောင်းသားများကို မြန်မာနိုင်ငံအား နိုင်ငံတစ်နိုင်ငံအနေဖြင့် ပိုမိုကျယ်ပြန့်သော အသိုက်အဝန်းများနှင့် မိတ်ဆက်ပေးမည် သာမက မြန်မာနိုင်ငံက အသင်းဝင်ထားသည့် အာဆီယံကိုလည်း အသိုက်အဝန်း တစ်ခုအနေဖြင့် မိတ်ဆက်ပေးမည် ဖြစ်ပါသည်။*

# ၁.၃။ အလယ်တန်းဆင့်တွင် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားခြင်း

အလယ်တန်းဆင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းသည် သင်ယူမှုဆိုင်ရာတန်ဖိုးများဟု သတ်မှတ်ထားသည့် ပိုမိုကျယ်ပြန့်သော ကိုယ်ကျင့်တန်ဖိုး (ခေါင်းစဉ်များ) လေးရပ်နှင့် သင်ယူမှုနယ်ပယ်လေးရပ်ပေါ်တွင် ရေးဆွဲထားခြင်းဖြစ်ပါသည်။ သင်ယူမှုဆိုင်ရာတန်ဖိုးများတွင် (၁) လူမှုကျင့်ဝတ်များ၊ (၂) အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ၊ (၃) စည်းကမ်းနှင့် ဥပဒေ၊ (၄) ငြိမ်းချမ်း၍ သဟဇာတဖြစ်စွာ ယှဉ်တွဲနေထိုင်မှုတို့ပါဝင်ပြီး ၎င်းတို့ကို ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း၏ အဓိကအခန်းများအဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (၂၀၁၈ မှ ၂၀၃၀) နှင့်အညီဖြစ်သော သင်ယူမှုနယ်ပယ်လေးရပ်တွင် (၁) မိမိနှင့်သက်ဆိုင်သော နယ်ပယ်၊ (၂) အခြားသူနှင့်သက်ဆိုင်သော နယ်ပယ်၊ (၃) အသင်းအဖွဲ့၊ လူ့အဖွဲ့အစည်းတို့နှင့် သက်ဆိုင်သော နယ်ပယ်၊ (၄) သဘာဝတရား၊ စကြဝဠာနှင့်သက်ဆိုင်သော နယ်ပယ်တို့ ပါဝင်ပါသည်။

## ၁.၃.၁ အလယ်တန်းဆင့် နှင့် ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အလယ်တန်းကျောင်းတွင် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရသည့် ရည်ရွယ်ချက်များကို ဆန်းစစ်တတ်မည်။
- အလယ်တန်းပြဆရာများ အနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားရေး၏ တန်ဖိုးထားမှုများအပေါ် ကျယ်ပြန့်နက်ရှိုင်းစွာ နားလည်သဘောပေါက်မှုရှိရန် အဘယ်ကြောင့် အရေးကြီးကြောင်း ဆွေးနွေးတတ်မည်။

- အလယ်တန်းဆင့် နှင့် ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတို့ကို နှိုင်းယှဉ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှုလိုအပ်ချက်ရှိသော သင်ယူသူများအပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု)နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့်ချိတ်ဆက်ရာ၌ အထောက်အကူပြုနိုင်ရန် ထိထိမိမိအလေးထားပြီး ရှေ့နောက်အစီအစဉ်တကျဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှုနည်းဗျူဟာများကို အသုံးပြုသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ -** အုပ်စုလိုက် ဆွေးနွေးခြင်း၊ ရပ်တန့်ပါ၊ မှတ်စုရေးပါ။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** နေ့စဉ်မှတ်တမ်း(ဂျာနယ်) ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်းနှင့် အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ဆရာနှင့် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်ရှိ အလယ်တန်းဆင့် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ခန်းစာ (၁.၃.၁) ၏ အတန်းအလိုက် ရည်ရွယ်ချက်များကို ကြိုတင်ဖတ်ထားရန် လိုသည်။

**လိုအပ်သော ရင်းမြစ်များ -** ဆရာလမ်းညွှန်၊ ကျောင်းသားကိုင်စာအုပ်။

## သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုလိုက် ဆွေးနွေးခြင်း (၃၀ မိနစ်)

၁။ ကျောင်းသားများကို အုပ်စုများခွဲပါ။ ၎င်းတို့သည် ဇယား (၁.၁) မူလတန်းအဆင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း၏ သင်ယူမှုဆိုင်ရာတန်ဖိုးများနှင့် အတန်းအဆင့် သင်ခန်းစာခေါင်းစဉ်များကို ဇယား (၁.၂) အလယ်တန်းဆင့် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း၏ အတန်းအလိုက် ရည်ရွယ်ချက်များနှင့် နှိုင်းယှဉ်ရမည်ဖြစ်သည်။ ဇယား (၁.၂) ကို ဇယား (၁.၃) ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာ သင်ရိုးညွှန်းတမ်း၏ အခန်း၊ အခန်းငယ်၊ သင်ခန်းစာ ခေါင်းစဉ်များနှင့် သင်ယူမှုရလဒ်များနှင့် နှိုင်းယှဉ်ရမည် ဖြစ်ကြောင်း အသိပေးပါ။

၂။ ကျောင်းသားများအား အောက်ပါမေးခွန်းများကို ၎င်းတို့၏အုပ်စုများတွင် ဆွေးနွေးခိုင်းပါ။

- အလယ်တန်းဆင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း၏ အခန်း၊ အခန်းငယ်၊ သင်ခန်းစာခေါင်းစဉ်များနှင့် သင်ယူမှုရလဒ်များတွင် သင်ယူမှုနယ်ပယ်လေးရပ်ကို မည်သည့်နေရာတွင် ဖော်ပြထားသနည်း။ လိုအပ်ပါက ဇယားများကို ရောင်စုံမင်သားပြီး အညွှန်းတပ်ပါ။
- အလယ်တန်းဆင့် သင်ရိုးညွှန်းတမ်း၏ နောက်ပိုင်းသင်ခန်းစာများတွင် မူလတန်းဆင့် သင်ရိုးညွှန်းတမ်း၏ မည်သည့်အတန်းအလိုက် ရည်ရွယ်ချက်များကို ပြန်လည်ဖော်ပြပြီး ပြောင်းလဲပြင်ဆင်ထားသနည်း။
- ဇယား (၁.၂) အလယ်တန်းဆင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း၏ အတန်းအလိုက် ရည်ရွယ်ချက်များကို ကြည့်စေပါ။ သင်ယူမှုနယ်ပယ်များဖြစ်သော (၁) မိမိနှင့်သက်ဆိုင်သော နယ်ပယ်၊ (၂) အခြားသူနှင့်သက်ဆိုင်သော နယ်ပယ်၊ (၃) အသင်းအဖွဲ့၊ လူ့အသိုင်းအဝိုင်းနှင့်သက်ဆိုင်သော နယ်ပယ်နှင့် (၄) သဘာဝတရား၊ စကြဝဠာနှင့်သက်ဆိုင်သော နယ်ပယ်တို့ တစ်ခုချင်းစီအတွက် အဓိကဝေါဟာရ များကို ရောင်စုံမင်သားပါ။

- အလယ်တန်းဆင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း၏ အတန်းအလိုက် ရည်ရွယ်ချက်များ (ဇယား ၁.၂) ကို ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့် အခန်းများ၊ အခန်းငယ်များ၊ သင်ခန်းစာခေါင်းစဉ်များ၊ သင်ယူမှုရလဒ်များ (ဇယား ၁.၃ ) နှင့် နှိုင်းယှဉ်ပါ။ သင်ခန်းစာခေါင်းစဉ်များမှ အတန်းအလိုက် ရည်ရွယ်ချက်များကို သက်ဆိုင်ရာခေါင်းစဉ်တပ်၍ ဖော်ပြပါ။

၃။ ကျောင်းသားများသည် ဇယားများအားနှိုင်းယှဉ်ပြီးဆန်းစစ်ရန် အချိန်ပိုလိုအပ်ပါက ၎င်းတို့အား အချိန်အနည်းငယ်ထပ်ပေးပြီး သင်ယူမှုလုပ်ငန်း (၂) ဖြစ်သည့် “ရပ်တန့်ပါ၊ မှတ်စုရေးပါ” ကို နောက်သင်ခန်းစာတွင် လုပ်ဆောင်ပြီးမြောက်နေရမည် ဖြစ်ကြောင်းပြောပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအား မူလတန်းဆင့် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတို့၏ သင်ယူမှုဆိုင်ရာ တန်ဖိုးထားမှုများနှင့် ရည်ရွယ်ချက်များကို ဆန်းစစ်၊ နှိုင်းယှဉ်ပြီး ရင်းနှီးမှုရှိအောင် လုပ်ဆောင်ပေးရန်ဖြစ်ပါသည်။ ကျောင်းသားများ မေးခွန်းများကို ဆွေးနွေးနေစဉ်တွင် အခန်းအတွင်း လှည့်လည်သွားလာပြီး ၎င်းတို့၏ အဖြေများကို နားထောင်ရင်း ၎င်းတို့မင်သားထားသော စကားလုံးများနှင့် ၎င်းတို့ဇယားများကို မည်ကဲ့သို့ အညွှန်းတပ်နေကြောင်း မှတ်စုရေးပါ။ ဤအခန်းအဆုံးတွင် ကျောင်းသားများ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းအနေဖြင့် ဤရင်းနှီးမှုရှိအောင် လုပ်ဆောင်ခြင်းမှ ၎င်းတို့ သင်ယူခဲ့သည်များကို ပြန်လည်သုံးသပ်စေနိုင်သည့် ပြန်လည်သုံးသပ်ခြင်း တစ်ခုရှိပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ အလယ်တန်းဆင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း၏ အခန်း၊ အခန်းငယ်၊ သင်ခန်းစာခေါင်းစဉ်များနှင့် သင်ယူမှုရလဒ်များတွင် သင်ယူမှုနယ်ပယ်လေးရပ်ကို မည်သည့်နေရာတွင် ဖော်ပြထားသနည်း။ လိုအပ်ပါက ဇယားများကို ရောင်စုံမင်သားပြီး အညွှန်းတပ်ပါ။

*ဥပမာအဖြေများ*

မိမိနှင့်သက်ဆိုင်သော နယ်ပယ်

| | | | |
|---|---|---|---|
| 4. Rules and Law | 4.1 Rules and Regulation | 4.1.1. Rules, discipline and self-regulation | • Discuss on "How to show self-discipline in class"<br>• Identify various rules and regulations that can be found in our daily lives<br>• Discuss why it is important for Myanmar citizens to follow these rules and regulations<br>• Discuss how self-regulation influences on the society |
| | 4.2 Rules and Laws | 4.2.1. Laws | • Differentiate between the rules and law<br>• Discussion the implication of the law, duties and responsibilities of citizens as part of the local community, the nation and the world |

အသင်းအဖွဲ့၊ လူ့အသိုင်းအဝိုင်းနှင့်
သက်ဆိုင်သောနယ်ပယ်

၂။ အလယ်တန်းဆင့် သင်ရိုးညွှန်းတမ်း၏ နောက်ပိုင်းသင်ခန်းစာများတွင် မူလတန်းဆင့် သင်ရိုးညွှန်းတမ်း၏ မည်သည့်အတန်းအလိုက် ရည်ရွယ်ချက်များကို ပြန်လည်ဖော်ပြပြီး ပြောင်းလဲပြင်ဆင်ထားသနည်း။

ဥပမာ အဖြေများ -

- ကောင်းမွန်သော အပြုအမူ (ပထမတန်း)
- ယဉ်ကျေးပျူငှာသော ပြောဆိုပုံနှင့် နေထိုင်ပုံ (ပထမတန်း)
- မိဘများနှင့် လူကြီးသူမများအား ရိုသေလေးစားခြင်း (ပထမတန်း၊ ဒုတိယတန်း)
- တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်လေးစားခြင်း (ပထမတန်း)
- အခြားသူများနှင့် ယဉ်ကျေးစွာ ပြောဆိုဆက်ဆံခြင်း (ဒုတိယတန်း)

၃။ ဇယား (၁.၂) အလယ်တန်းဆင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း၏ အတန်းအလိုက် ရည်ရွယ်ချက်များကို ကြည့်ပါ။ သင်ယူမှုနယ်ပယ်များဖြစ်သော (၁) မိမိနှင့်သက်ဆိုင်သော နယ်ပယ်၊ (၂) အခြားသူနှင့်သက်ဆိုင်သော နယ်ပယ်၊ (၃) အသင်းအဖွဲ့၊ လူ့အသိုင်းအဝိုင်းနှင့်သက်ဆိုင်သော နယ်ပယ်နှင့် (၄) သဘာဝတရား၊

စကြဝဠာနှင့်သက်ဆိုင်သော နယ်ပယ်တို့ တစ်ခုချင်းစီအတွက် အဓိကဝေါဟာရများကို ရောင်စုံမင်သားပါ။

**ဥပမာအဖြေများ**

| အတန်းလိုက် ရည်ရွယ်ချက်များ | ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း |
|---|---|---|---|---|
| လူမှုကျင့်ဝတ် | • တန်ဖိုးထားလေးစားအပ်သော မြန်မာ့ယဉ်ကျေးမှု အလေ့အကျင့်ကောင်းများကို နားလည်ပြီး မိသားစုအတွင်း အသုံးပြုတတ်ရန်။ | • ကျောင်းတွင် ယဉ်ကျေးစွာ ပြုမူနေထိုင်ရမည့် အပြုအမူများကို နားလည် ကျင့်သုံးတတ်ရန်။ | • မိမိတို့၏ ရပ်ရွာအတွင်း နိုင်ငံသားတိုင်း လိုက်နာသင့်သည့် ယဉ်ကျေး သိမ်မွေ့သော အပြုအမူများကို ဆန်းစစ်ရန်။ | • မြန်မာ နိုင်ငံသားကောင်း တစ်ယောက် အနေဖြင့် မိမိနိုင်ငံတွင်း၌ ဖြစ်စေ တိုင်းတစ်ပါး နိုင်ငံများ (အာဆီယံနှင့် အခြားသော အိမ်နီးချင်း နိုင်ငံများ) တွင် ဖြစ်စေ မွေးမြူရမည့် ယဉ်ကျေး သိမ်မွေ့သော အပြုအမူများကို အကြံပြုရန်။ |
| | • တန်ဖိုးထား လေးစားအပ်သော ကိုယ်ကျင့်တရားနှင့် ရိုသေလေးစားမှုကို နားလည်ပြီး မိသားစု အတွင်း လက်တွေ့ ကျင့်သုံးတတ်ရန်။ | • ရိုသေလေးစား တတ်သည့် အပြုအမူ များကို ကျောင်းတွင် ကျင့်သုံးတတ်ရန်။ | • မိမိတို့၏ရပ်ရွာနှင့် တိုင်းပြည်အတွက် အရေးပါသော စာရိတ္တပိုင်းဆိုင်ရာ ဖြောင့်မတ်သော အပြုအမူများကို ဆန်းစစ်ရန်နှင့် လက်တွေ့ကျင့်သုံး တတ်ရန်။ | • တိုင်းတစ်ပါး နိုင်ငံများ (အာဆီယံ နိုင်ငံများနှင့် အခြား အိမ်နီးချင်း နိုင်ငံများ) ရှိ နိုင်ငံသား များ အပေါ်တွင် ၎င်းတို့၏ လူမျိုး၊ နိုင်ငံသား ဖြစ်တည်မှု၊ တိုင်းရင်းသားလူမျိုး ဖြစ်တည်မှု၊ လိင်၊ ကိုးကွယ်ယုံကြည်မှုနှင့် လူမှုရေးအဆင့်အတန်း များကို ပဓာနမထားဘဲ အပြန်အလှန် လေးစားမှုရှိကြောင်း ပြသနိုင်မည့် နည်းလမ်းများကို သရုပ်ဖော်ပြသရန်။ |

| **အတန်းလိုက် ရည်ရွယ်ချက်များ** | **ဆဋ္ဌမတန်း** | **သတ္တမတန်း** | **အဋ္ဌမတန်း** | **နဝမတန်း** |
|---|---|---|---|---|
| | • တန်ဖိုးထား လေးစားအပ်သော ကိုယ်ကျင့်တရားနှင့် ရိုးသားဖြောင့်မတ်မှုကို နားလည်ပြီး မိသားစုအတွင်း လက်တွေ့ကျင့်သုံးတတ်ရန်။ | • ကိုယ်ကျင့်တရား ကောင်းမွန်မှုဆိုင်ရာ အပြုအမူများကို ကျောင်းတွင် နားလည်လိုက်နာ ကျင့်သုံးတတ်ရန်။ | • မိမိတို့နိုင်ငံတွင်းရှိ နိုင်ငံသားတိုင်းအပေါ် လူမျိုးရေး၊ လိင်၊ ကိုးကွယ်ယုံကြည်မှုနှင့် လူမှုရေးအဆင့် အတန်းတို့ကို ပဓာနမထားဘဲ အပြန်အလှန် လေးစားမှုရှိခြင်းကို ပြသနေသော ကျင့်ဝတ်နှင့် ညီညွတ်သည့် အလေ့အထများကို ဆန်းစစ်ရန်နှင့် လက်တွေ့ ကျင့်သုံးတတ်ရန်။ | • တိုင်းတစ်ပါးနိုင်ငံများ (အာဆီယံနှင့် အခြား အိမ်နီးချင်းနိုင်ငံများ) ရှိ နိုင်ငံသားများနှင့် မိမိတို့နိုင်ငံ တစ်ဝန်းရှိ နိုင်ငံသားများ ကျင့်သုံးသော စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးထားမှု များကြား တူညီမှုများနှင့် ကွဲပြားခြားနားမှု များကို စစ်ဆေး အကဲဖြတ်ရန်။ |
| | • တန်ဖိုးထား လေးစားအပ်သော မြန်မာ့ယဉ်ကျေးမှု အလေ့အကျင့်ကောင်း များကို နားလည်ပြီး မိသားစုအတွင်း အသုံးပြုတတ်ရန်။ | • ချစ်ခင်မြတ်နိုးမှုကို ဖော်ပြသော ကိုယ်ကျင့်တရား ဆိုင်ရာ အပြုအမူ ကောင်းများကို ကျောင်းတွင်း၌ တစ်ဦးကိုတစ်ဦး ပြသ အသုံးပြု တတ်ရန်။ | • မိမိတို့ရပ်ရွာနှင့် နိုင်ငံတွင်းရှိ လူသားတိုင်းအပေါ် စာနာရိုင်းပင်းမှု ရှိခြင်း၏ တန်ဖိုးကို နားလည်ကြောင်း သရုပ်ဖော်ပြသရန်နှင့် လက်တွေ့ကျင့်သုံး တတ်ရန်။ | • မြန်မာနိုင်ငံတွင် နေထိုင်သူများ သာမက အခြားတိုင်း တစ်ပါးနိုင်ငံမှ လူများ (အာဆီယံနှင့် အခြား အိမ်နီးချင်းနိုင်ငံများ) အပေါ်တွင် စာနာရိုင်းပင်းမှု ရှိကြောင်း ပြသနိုင်သည့် နည်းလမ်းများအား သရုပ်ဖော်ပြသရန်။ |

| အတန်းလိုက် ရည်ရွယ်ချက်များ | ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း |
|---|---|---|---|---|
| အခွင့်အရေးနှင့် တာဝန် | • အိမ်တွင် မိမိနှင့် သက်ဆိုင်သော တာဝန်များကို လုပ်ဆောင်တတ်ရန်။ | • ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတရားများ အကြောင်းကို ရှင်းပြတတ်ပြီး ၎င်းအခွင့်အရေး များကို ကျောင်းတွင်းနှင့် မိသားစုတွင်း၌ မည်သို့ရရှိနိုင်မည်ကို ရှင်းပြတတ်ရန်။<br>• ကလေးများ တာဝန် နှင့် ဝတ္တရား၊ အခွင့်အရေးတို့ကို နေ့စဉ်ဘဝတွင် မည်သို့ အသုံးချမည်ကို ခွဲခြားဖော်ပြ တတ်ရန်။ | • ဒီမိုကရေစီရေးရာ တာဝန်များနှင့် ဝတ္တရားများကို နားလည်ပြီး နေ့စဉ်ဘဝတွင် မည်သို့ အသုံးချရမည်ကို ရှင်းပြရန်။ | • ဒီမိုကရေစီရေးရာ ကျင့်သုံးမှုများနှင့် တက်ကြွသော နိုင်ငံသားကောင်း စိတ်ဓာတ်တို့အား နားလည် သဘောပေါက်ကြောင်း သရုပ်ဖော်ပြသရန်နှင့် လက်တွေ့ ကျင့်သုံးရန်။ |
| စည်းကမ်းနှင့် ဥပဒေ | • စည်းကမ်းနှင့် ဥပဒေများ၏ အရေးပါပုံကို နားလည် ဖော်ပြတတ်ရန်နှင့် ဥပဒေကို လိုက်နာသော နိုင်ငံသားတစ်ဦး ဖြစ်လာရန် မည်သို့ နေထိုင်ရမည်ကို ရှင်းပြတတ်ရန်။ | • အရေးကြီးသော စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို ရှာဖွေလေ့လာ တတ်ရန်။<br>• ရပ်ရွာဒေသအတွင်း ကျင့်သုံးသည့် စည်းမျဉ်းစည်းကမ်း ဥပဒေများကို နားလည် ကျင့်သုံးတတ်ရန်။ | • ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပါဝင်သော နိုင်ငံတော်မှ ချမှတ်ပေးထားသည့် မူဝါဒများနှင့် တည်ဆဲဥပဒေများနှင့် တရားရုံးစနစ်များကို နားလည် သဘောပေါက်ကြောင်း သရုပ်ပြရန်နှင့် ယင်း တို့အား မည်သို့ လိုက်နာရမည်ကို ရှင်းပြရန်။ | • နိုင်ငံသားများအား အကာအကွယ် ပေးသော စည်းမျဉ်းနှင့် ဥပဒေများကို နားလည် သဘောပေါက်ကြောင်း သရုပ်ပြရန်နှင့် ဥပဒေ လိုက်နာသည့် နိုင်ငံသားကောင်းများ ဖြစ်အောင် မည်သို့ လုပ်ဆောင်ရမည်ကို ရှင်းပြရန်။ |

| အတန်းလိုက် ရည်ရွယ်ချက်များ | ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း |
|---|---|---|---|---|
| ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခြင်း | • အိမ်၊ ကျောင်း၊ ပတ်ဝန်းကျင်တွင် ငြိမ်းချမ်းရေးကို ဖော်ဆောင်သော အပြုအမူများကို လုပ်ဆောင် တတ်ရန်။ ။ | • မိမိရပ်ရွာဒေသ အတွင်း ငြိမ်းချမ်းညီညွတ်စွာ နေထိုင်ခြင်း တန်ဖိုးကို နားလည်ပြီး လိုက်နာ ကျင့်သုံးတတ်ရန်။ | • မြန်မာနိုင်ငံသား အားလုံး ငြိမ်းချမ်းခြင်း နှင့် သဟဇာတ ဖြစ်ခြင်းကို မည်သို့ မြှင့်တင်နိုင်ကြောင်း ရှင်းပြရန်။ | • တိုင်းတစ်ပါးနိုင်ငံများ နှင့် သဟဇာတ ဖြစ်အောင် နေထိုင်ခြင်းသည် ကမ္ဘာလောက ငြိမ်းချမ်းရေးအတွက် အထောက်အကူ ဖြစ်စေပုံကို နားလည် သဘောပေါက်ကြောင်း သရုပ်ပြရန်။ |

၄။ အလယ်တန်းဆင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း၏ အတန်းအလိုက် ရည်ရွယ်ချက်များ (ဇယား ၁.၂) ကို ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့် အခန်းများ၊ အခန်းငယ်များ၊ သင်ခန်းစာခေါင်းစဉ်များ၊ သင်ယူမှုရလဒ်များ (ဇယား ၁.၃ ) နှင့် နှိုင်းယှဉ်ပါ။ သင်ခန်းစာ ခေါင်းစဉ်များမှ အတန်းအလိုက် ရည်ရွယ်ချက်များကို သက်ဆိုင်ရာခေါင်းစဉ်တပ်၍ ဖော်ပြပါ။

***ဥပမာအဖြေများ (ကျောင်းသားများသည် ဇယားတန်း တစ်တန်းစီ၏ ညာဖက်ရှိ ရည်ရွယ်ချက်များကိုသာ အညွှန်းတပ်၍ဖော်ပြလျှင်လည်း ရသည်) -***

| အတန်းလိုက် ရည်ရွယ်ချက်များ | ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း | EDC Year 2 သင်ခန်းစာများ |
|---|---|---|---|---|---|
| လူမှုကျင့်ဝတ် | • တန်ဖိုးထားလေးစားအပ်သော မြန်မာ့ယဉ်ကျေးမှု အလေ့အကျင့်ကောင်းများကို နားလည်ပြီး မိသားစုအတွင်း အသုံးပြုတတ်ရန်။ | • ကျောင်းတွင် ယဉ်ကျေးစွာပြုမူနေထိုင်ရမည့် အပြုအမူများကို နားလည်ကျင့်သုံးတတ်ရန်။ | • မိမိတို့၏ ရပ်ရွာအတွင်း နိုင်ငံသားတိုင်း လိုက်နာသင့်သည့် ယဉ်ကျေးသိမ်မွေ့သော အပြုအမူများကို ဆန်းစစ်ရန်။ | • မြန်မာနိုင်ငံသားကောင်း တစ်ယောက် အနေဖြင့် မိမိနိုင်ငံတွင်း၌ဖြစ်စေ တိုင်းတစ်ပါးနိုင်ငံများ (အာဆီယံနှင့် အခြားသော အိမ်နီးချင်းနိုင်ငံများ) တွင် ဖြစ်စေ မွေးမြူရမည့် ယဉ်ကျေးသိမ်မွေ့သော အပြုအမူများကို အကြံပြုရန်။ | ၂.၁.၁<br>၂.၄.၁<br>၂.၄.၂ |
| | • တန်ဖိုးထားလေးစားအပ်သော ကိုယ်ကျင့်တရားနှင့် ရိုသေလေးစားမှုကို နားလည်ပြီး မိသားစုအတွင်း လက်တွေ့ကျင့်သုံးတတ်ရန်။ | • ရိုသေလေးစားတတ်သည့် အပြုအမူများကို ကျောင်းတွင် ကျင့်သုံးတတ်ရန်။ | • မိမိတို့၏ရပ်ရွာနှင့် တိုင်းပြည်အတွက် အရေးပါသော စာရိတ္တပိုင်းဆိုင်ရာ ဖြောင့်မတ်သော အပြုအမူများကို ဆန်းစစ်ရန်နှင့် လက်တွေ့ကျင့်သုံးတတ်ရန်။ | • တိုင်းတစ်ပါးနိုင်ငံများ (အာဆီယံနိုင်ငံများနှင့် အခြားအိမ်နီးချင်းနိုင်ငံများ) ရှိ နိုင်ငံသားများ အပေါ်တွင် ၎င်းတို့၏ လူမျိုး၊ နိုင်ငံသားဖြစ်တည်မှု၊ တိုင်းရင်းသားလူမျိုးဖြစ်တည်မှု၊ လိင်၊ ကိုးကွယ်ယုံကြည်မှုနှင့် လူမှုရေးအဆင့်အတန်းများကို ပဓာနမထားဘဲ အပြန်အလှန် လေးစားမှုရှိကြောင်း ပြသနိုင်မည့် နည်းလမ်းများကို သရုပ်ဖော်ပြသရန်။ | ၂.၁.၁<br>၂.၂.၁ |

| အတန်းလိုက် ရည်ရွယ်ချက်များ | ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း | EDC Year 2 သင်ခန်းစာများ |
|---|---|---|---|---|---|
| | • တန်ဖိုးထား လေးစားအပ်သော ကိုယ်ကျင့်တရားနှင့် ရိုးသားဖြောင့်မတ်မှုကို နားလည်ပြီး မိသားစုအတွင်း လက်တွေ့ကျင့်သုံးတတ်ရန်။ | • ကိုယ်ကျင့်တရားကောင်းမွန်မှုဆိုင်ရာ အပြုအမူများကို ကျောင်းတွင် နားလည် လိုက်နာကျင့်သုံးတတ်ရန်။ | • မိမိတို့နိုင်ငံတွင်းရှိ နိုင်ငံသားတိုင်းအပေါ် လူမျိုးရေး၊ လိင်၊ ကိုးကွယ်ယုံကြည်မှုနှင့် လူမှုရေးအဆင့်အတန်းတို့ကို ပဓာနမထားဘဲ အပြန်အလှန်လေးစားမှုရှိခြင်းကို ပြသနေသော ကျင့်ဝတ်နှင့် ညီညွတ်သည့် အလေ့အထများကို ဆန်းစစ်ရန်နှင့် လက်တွေ့ကျင့်သုံးတတ်ရန်။ | • တိုင်းတစ်ပါးနိုင်ငံများ (အာဆီယံနှင့် အခြားအိမ်နီးချင်းနိုင်ငံများ) ရှိ နိုင်ငံသားများနှင့် မိမိတို့နိုင်ငံတစ်ဝန်းရှိ နိုင်ငံသားများ ကျင့်သုံးသော စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးထားမှုများကြား တူညီမှုများနှင့် ကွဲပြားခြားနားမှုများကို စစ်ဆေးအကဲဖြတ်ရန်။ | ၁.၂.၁<br>၂.၁.၁<br>၂.၂.၁<br>၂.၃.၁<br>၂.၃.၂<br>၂.၄.၁<br>၂.၄.၂ |
| | • တန်ဖိုးထား လေးစားအပ်သော မြန်မာ့ယဉ်ကျေးမှုအလေ့အကျင့်ကောင်းများကို နားလည်ပြီး မိသားစုအတွင်း အသုံးပြုတတ်ရန်။ | • ချစ်ခင်မြတ်နိုးမှုကို ဖော်ပြသော ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူကောင်းများကို ကျောင်းတွင်း၌ တစ်ဦးကိုတစ်ဦး ပြသ အသုံးပြုတတ်ရန်။ | • မိမိတို့ရပ်ရွာနှင့် နိုင်ငံတွင်းရှိ လူသားတိုင်းအပေါ် စာနာရိုင်းပင်းမှုရှိခြင်း၏ တန်ဖိုးကို နားလည်ကြောင်း သရုပ်ဖော်ပြသရန်နှင့် လက်တွေ့ကျင့်သုံးတတ်ရန်။ | မြန်မာနိုင်ငံတွင် နေထိုင်သူများ သာမက အခြားတိုင်းတစ်ပါးနိုင်ငံမှ လူများ (အာဆီယံနှင့် အခြားအိမ်နီးချင်းနိုင်ငံများ) အပေါ်တွင် စာနာရိုင်းပင်းမှု ရှိကြောင်း ပြသနိုင်သည့် နည်းလမ်းများအား သရုပ်ဖော်ပြသရန်။ | ၂.၃.၁ |

| အတန်းလိုက် ရည်ရွယ်ချက်များ | ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း | EDC Year 2 သင်ခန်းစာများ |
|---|---|---|---|---|---|
| အခွင့်အရေးနှင့် တာဝန် | • အိမ်တွင် မိမိနှင့်သက်ဆိုင်သော တာဝန်များကို လုပ်ဆောင်တတ်ရန်။ | • ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတရားများအကြောင်းကို ရှင်းပြတတ်ပြီး ၎င်းအခွင့်အရေးများကို ကျောင်းတွင်းနှင့် မိသားစုတွင်း၌ မည်သို့ရရှိနိုင်မည်ကို ရှင်းပြတတ်ရန်။<br>• ကလေးများ တာဝန်နှင့် ဝတ္တရား၊ အခွင့်အရေးတို့ကို နေ့စဉ်ဘဝတွင် မည်သို့အသုံးချမည်ကို ခွဲခြားဖော်ပြတတ်ရန်။ | • ဒီမိုကရေစီရေးရာ တာဝန်များနှင့် ဝတ္တရားများကို နားလည်ပြီး နေ့စဉ်ဘဝတွင် မည်သို့အသုံးချရမည်ကို ရှင်းပြရန်။ | • ဒီမိုကရေစီရေးရာ ကျင့်သုံးမှုများနှင့် တက်ကြွသော နိုင်ငံသားကောင်းစိတ်ဓာတ်တို့အား နားလည်သဘောပေါက်ကြောင်း သရုပ်ဖော်ပြသရန်နှင့် လက်တွေ့ကျင့်သုံးရန်။ | ၃.၁.၂<br>၃.၂.၁<br>၄.၁.၁<br>၄.၂.၁ |
| စည်းကမ်းနှင့် ဥပဒေ | • စည်းကမ်းနှင့် ဥပဒေများ၏ အရေးပါပုံကို နားလည်ဖော်ပြတတ်ရန်နှင့် ဥပဒေကို လိုက်နာသော နိုင်ငံသားတစ်ဦး ဖြစ်လာရန် မည်သို့နေထိုင်ရမည်ကို ရှင်းပြတတ်ရန်။ | • အရေးကြီးသော စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို ရှာဖွေလေ့လာတတ်ရန်။<br>• ရပ်ရွာဒေသအတွင်း ကျင့်သုံးသည့် စည်းမျဉ်းစည်းကမ်း ဥပဒေများကို နားလည်ကျင့်သုံးတတ်ရန်။ | • ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သော နိုင်ငံတော်မှ ချမှတ်ပေးထားသည့် မူဝါဒများနှင့် တည်ဆဲဥပဒေများနှင့် တရားရုံးစနစ်များကို နားလည်သဘောပေါက်ကြောင်း သရုပ်ပြရန်နှင့် ယင်းတို့အား မည်သို့လိုက်နာရမည်ကို ရှင်းပြရန်။ | • နိုင်ငံသားများအား အကာအကွယ်ပေးသော စည်းမျဉ်းနှင့် ဥပဒေများကို နားလည်သဘောပေါက်ကြောင်း သရုပ်ပြရန်နှင့် ဥပဒေလိုက်နာသည့် နိုင်ငံသားကောင်းများဖြစ်အောင် မည်သို့ လုပ်ဆောင်ရမည်ကို ရှင်းပြရန်။ | ၄.၂.၁ |

| အတန်းလိုက် ရည်ရွယ်ချက်များ | ဆဋ္ဌမတန်း | သတ္တမတန်း | အဋ္ဌမတန်း | နဝမတန်း | EDC Year 2 သင်ခန်းစာများ |
|---|---|---|---|---|---|
| ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခြင်း | • အိမ်၊ ကျောင်း၊ ပတ်ဝန်းကျင်တွင် ငြိမ်းချမ်းရေးကို ဖော်ဆောင်သော အပြုအမူများကို လုပ်ဆောင် တတ်ရန်။။။ | • မိမိရပ်ရွာဒေသ အတွင်း ငြိမ်းချမ်း ညီညွတ်စွာ နေထိုင်ခြင်း တန်ဖိုးကို နားလည်ပြီး လိုက်နာကျင့်သုံး တတ်ရန်။ | • မြန်မာနိုင်ငံသား အားလုံး ငြိမ်းချမ်းခြင်းနှင့် သဟဇာတ ဖြစ်ခြင်းကို မည်သို့ မြှင့်တင် နိုင်ကြောင်း ရှင်းပြရန်။ | • တိုင်းတစ်ပါးနိုင်ငံများ နှင့် သဟဇာတ ဖြစ်အောင် နေထိုင်ခြင်းသည် ကမ္ဘာလောက ငြိမ်းချမ်းရေးအတွက် အထောက်အကူ ဖြစ်စေပုံကို နားလည် သဘောပေါက်ကြောင်း သရုပ်ပြရန်။ | ၅.၁.၁<br>၅.၂.၁ |

## သင်ယူမှုလုပ်ငန်း (၂)။ ရပ်တန့်ပါ၊ မှတ်စုရေးပါ (၁၅ မိနစ်)

အောက်ဖော်ပြပါ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင် စာအုပ်ရှိ ဇယားကွက်များတွင် တုံ့ပြန်ချက်များ ဖြည့်စွက်ရေးသားစေပါ။

၁။ အလယ်တန်းဆင့် ကျောင်းသားများအနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ယူရန် အဘယ်ကြောင့် လိုအပ်ပါသနည်း။

၂။ သင့်အနေဖြင့် အလယ်တန်းအဆင့်၌ စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားသည့်အခါ မည်သို့သော အခက်အခဲများကို ကြုံတွေ့နိုင်သနည်း။

၃။ ဤအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းရှိ မည်သည့်အခန်း/သင်ခန်းစာက မည်သို့ ကူညီပြင်ဆင်ပေးနိုင်မည်နည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် တစ်ဦးချင်းလုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်သောကြောင့် ကျောင်းသားများ ၎င်းတို့၏ အုပ်စုများတွင် ဆွေးနွေးခဲ့သည့် အချက်အလက်များကို ပြန်လည်သုံးသပ်နိုင်ရန်နှင့် နောက်လာမည့်သင်ရိုးအပေါ် ၎င်းတို့မျှော်မှန်းထားသောအရာများကို စာရင်းပြုစုရန် အခွင့်အရေး ရစေပါသည်။ ဆရာများသည် အခန်းတွင်းလှည့်လည်သွားလာပြီး ကျောင်းသားများ

မည်သည့်အရာများ ရေးသားနေကြသည်ကို စောင့်ကြည့်ခြင်းဖြင့် ကျောင်းသားများ ဤမေးခွန်းများ ဖြေဆိုနေသည့် အခြေအနေကို စစ်ဆေးအကဲဖြတ်နိုင်သည်။ ကျောင်းသားတစ်ဦးဦးသည် စိတ်ကူးအကြံထုတ်ရန် ခက်ခဲနေပါက ထိုအခွင့်အရေးကို အကြံဉာဏ်များထပ်ပေးရန်ဖြစ်စေ ကျောင်းသားများ အကြံပိုထုတ်နိုင်ရန် မေးခွန်းများမေးရန်ဖြစ်စေ အသုံးချနိုင်ပါသည်။ ဥပမာ - ကျောင်းသားများအား အတိတ်တွင် မည်သည့် အကြောင်းအရာများသည် ၎င်းတို့အတွက် ဆွေးနွေးပြောဆိုရန် အခက်ခဲဆုံးဖြစ်ကြောင်း မေးမြန်းပါ (သို့မဟုတ်) အတိတ်တွင် ကျောင်းသားများသည် လုပ်ပိုင်ခွင့်နှင့် ဥပဒေများ အကြောင်း ဆွေးနွေးပြောဆိုနိုင်ခြင်း မရှိသည့်အတွက် ထိုအရာများကို လေ့လာရန် မည်သို့သော ရင်ဆိုင်မှုများ ကြုံတွေ့ရနိုင်ကြောင်း မေးမြန်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် အခန်း (၁) မှ ၎င်းတို့ သင်ယူပြီးသည်အထိ အကြောင်းအရာများကို အနှစ်ချုပ်ရေးသား၍ မေးခွန်း (၁) ကို ဖြေဆိုသင့်သည်။

၁။ အလယ်တန်းဆင့် ကျောင်းသားများအနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ယူရန် အဘယ်ကြောင့် လိုအပ်ပါသနည်း။

အဖြေ။ *အလယ်တန်းဆင့် ကျောင်းသားများအနေဖြင့် စာရိတ္တပိုင်းနှင့် ပြည်သူ့နီတိပိုင်းဆိုင်ရာ ရင့်သန်လာစေရန်အတွက် ၎င်းတို့၏ စာရိတ္တပိုင်းဆိုင်ရာ အဆင့်ကို* Kohlberg *၏ စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဆင့်များ၏ "သမားရိုးကျ" အဆင့်လောက်ရောက်သည်ထိ ပျိုးထောင်ရန် လိုအပ်ပါသည်။ တစ်နည်းအားဖြင့် အလယ်တန်းကျောင်းသားများသည် လူ့အခွင့်အရေး၊ တာဝန်ဝတ္တရားများ၊ ဥပဒေနှင့်စည်းမျဉ်းများ၊ ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ခြင်းတို့ကို လေးစားသည့် မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံသားတစ်ယောက်အဖြစ် မည်ကဲ့သို့ ကောင်းမွန်၊ ယဉ်ကျေးပြီး စာရိတ္တပိုင်းတွင် ဖြောင့်မှန်အောင် လုပ်ဆောင်ရမည်ကို သင်ယူရန်လိုပါသည်။*

မေးခွန်း (၂) နှင့် (၃) သည် ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ကျွမ်းကျင်မှုများ အပေါ် မူတည်ပါသည်။

**လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ အုပ်စုလိုက် ဆွေးနွေးခြင်း (၂၅ မိနစ်)**

အချိန်နည်းပါက ကျောင်းသားများအားအုပ်စုလေးစုခွဲပြီး တစ်စုချင်းစီကိုသင်ယူမှုဆိုင်ရာ တန်ဖိုးများအား တာဝန်ခွဲဝေပေးနိုင်သည်။ ဥပမာ - အုပ်စု (၁) ကို လူမှုကျင့်ဝတ်များ အပိုင်း တာဝန်ပေးပြီး အုပ်စု (၂) ကို လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၊ အုပ်စု (၃) ကို စည်းမျဉ်းစည်းကမ်းများနှင့် အုပ်စု (၄) ကို ငြိမ်းချမ်းစွာနေထိုင်ခြင်း စသည်ဖြင့် တာဝန်ပေးနိုင်သည်။ အုပ်စုတစ်စုချင်းစီသည် ဇယားတစ်ခုချင်းစီမှ ၎င်းတို့အား တာဝန်ချထားပေးသည့် သင်ယူမှုဆိုင်ရာ တန်ဖိုးများနှင့် သက်ဆိုင်သည့် အပိုင်းကိုသာ ဆန်းစစ်ရန်လိုပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ ရုပ်တန့်ပါ၊ မှတ်စုရေးပါ (၂၀ မိနစ်)**

မိမိ၏စာသင်ခန်းထဲတွင် အမျိုးမျိုးသော သင်ယူမှုပုံစံများနှင့် လိုအပ်ချက်များရှိသည့် သင်ယူသူများရှိနေမည်ဖြစ်သည့်အတွက် ကျောင်းသားများသည် ၎င်းတို့၏အဖြေများကို ရုပ်မြင်ရသည့် ပုံစံဖြင့်ဖော်ပြနိုင်ပါသည်။ ဥပမာပေးရလျှင် ပုံများဆွဲပြခြင်း (သို့မဟုတ်) စာရိတ္တနှင့်ပြည်သူ့နီတိ၏ အရေးပါပုံနှင့် အလယ်တန်းအဆင့်တွင် ဤဘာသာရပ်၏ စိန်ခေါ်မှုများအားဖော်ပြသည့် ဒိုင်ယာဂရမ်များရေးဆွဲပြခြင်းတို့ ဖြစ်ပါသည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅မိနစ်)**

၁။ အလယ်တန်းပြဆရာများအနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်၏ အခြေခံမျှော်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရန်အတွက် သင်ယူမှုဆိုင်ရာ တန်ဖိုးများနှင့် သင်ယူမှုနယ်ပယ် နှစ်ခုစလုံးအပေါ် ကျယ်ပြန့်နက်ရှိုင်းစွာ နားလည်သဘောပေါက်မှုရှိရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။

၂။ အလယ်တန်းပြ ဆရာများအနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ ပညာရေး၏ တန်ဖိုးထားမှု တစ်ခုလုံးအပေါ် ကျယ်ပြန့်နက်ရှိုင်းစွာ နားလည်သဘောပေါက်မှုရှိရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

မေးခွန်း ၁။ အလယ်တန်းပြဆရာများအနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်၏ အခြေခံ မျှော်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရန်အတွက် သင်ယူမှုဆိုင်ရာ တန်ဖိုးများနှင့် သင်ယူမှုနယ်ပယ် နှစ်ခုစလုံးအပေါ် ကျယ်ပြန့်နက်ရှိုင်းစွာ နားလည်သဘောပေါက်မှုရှိရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။

အဖြေ။ *အလယ်တန်းပြဆရာများသည် မိမိတို့ကျောင်းသားများ မူလတန်း သင်ရိုးညွှန်းတမ်းတွင် လေ့လာခဲ့ပြီးသော အရာများအား နားလည်ရန် လိုအပ်ပါသည်။ ထိုမှသာ ကျောင်းသားများ၏ ရှိပြီးသားအသိပညာဗဟုသုတ အပေါ် အခြေခံ၍ သင်ယူမှုဆိုင်ရာ တန်ဖိုးထားမှုများကို အသုံးပြုပြီး အသိပညာများ ဆက်လက် တည်ဆောက်သွားနိုင်မည် ဖြစ်ပါသည်။ သင်ယူမှုနယ်ပယ်များသည် ကျောင်းသားများအား ၎င်းတို့ကိုယ်တိုင်နှင့် မြန်မာ့လူ့အသိုင်းအဝိုင်းနှင့် အာဆီယံတို့အပါအဝင် ပိုမိုကြီးမားသော ရပ်ရွာအဖွဲ့အစည်းများအကြား ဆက်စပ်မှုပြုလုပ်ရန် ပိုမိုလွယ်ကူစေပါသည်။ ဥပမာ - ၎င်းတို့သည် မိမိတို့၏ မိသားစုနေအိမ်တွင် မည်သည့်လူမှုကျင့်ဝတ်များ ကျင့်သုံးရန် လိုအပ်ပြီး ထိုလူမှုကျင့်ဝတ်များနှင့် အလားတူသည့် သင်ယူမှုဆိုင်ရာ တန်ဖိုးများကို ဤကမ္ဘာကြီးတွင် အဘယ်ကြောင့် လိုအပ်ကြောင်း ဆက်စပ်နိုင်မည်။*

မေးခွန်း ၂။ အလယ်တန်းပြ ဆရာများအနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ ပညာရေး၏ တန်ဖိုးထားမှု တစ်ခုလုံးအပေါ် ကျယ်ပြန့်နက်ရှိုင်းစွာ နားလည်သဘောပေါက်မှုရှိရန် အဘယ်ကြောင့်အရေးကြီးပါသနည်း။

အဖြေ။ *ဆရာများသည် မိမိတို့ကျောင်းသားများအတွက် ဦးဆောင်လမ်းပြသူများ ဖြစ်သည်။ အကယ်၍ ဆရာများသည် စာရိတ္တနှင့်ပြည်သူ့နီတိ ပညာရေးနှင့် မြန်မာနိုင်ငံ နှင့် ကမ္ဘာကြီး၏ အနာဂတ်ရေရှည်တည်တံ့မှုတို့ကို မဆက်စပ်နိုင်ပါက ဤဘာသာရပ်ကို သင်ကြားလိုစိတ်လည်း ရှိနိုင်တော့မည် မဟုတ်ပေ။ ထိုသို့ မချိတ်ဆက်နိုင်ခြင်းမှ အကျိုးဆက်အနေဖြင့် ၎င်းတို့သည် ဘာသာရပ်ဆိုင်ရာ ရလဒ်များပေါ်တွင် အားစိုက်ထုတ်ခြင်း မရှိတော့ပါက ၎င်းတို့၏ ကျောင်းသားများသည်လည်း*

*စိတ်ဝင်စားခြင်းရှိတော့မည် မဟုတ်ပေ။ ထိုနည်းလည်းကောင်းပင် ဆရာတစ်ယောက်သည် သည်းခံနိုင်စွမ်း၊ အပြန်အလှန်လေးစားမှုနှင့် ရိုးသားမှု စသည်တို့၏ တန်ဖိုးများကို နမူနာမပြနိုင်ပါက ၎င်းတို့၏ ကျောင်းသားများသည်လည်း ၎င်းတို့၏ ကိုယ်ပိုင်တန်ဖိုးများကို စာရိတ္တပိုင်းအရ ဖြောင့်မှန်ကြသောနိုင်ငံသားများအဖြစ် မြှင့်တင်ရာတွင် အားစိုက်ထုတ်ရန် ခက်ခဲပေလိမ့်မည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုများသည် မိမိတို့၏ ရပ်ရွာ/ လူ့အသိုင်းအဝိုင်းတွင် အောင်မြင်စွာ ပါဝင်လှုပ်ရှားနိုင်သည့် အတိုင်းအတာကို တိုင်းတာသတ်မှတ်သည်။ ဆရာများသည် အဓိကနယ်ပယ်သုံးရပ်ဖြစ်သည့် ပြည့်သူ့နီတိဆိုင်ရာ အသိပညာ ဗဟုသုတ၊ ပြည်သူ့နီတိဆိုင်ရာကျွမ်းကျင်မှုများနှင့် ပြည်သူ့နီတိဆိုင်ရာ တန်ဖိုးထားမှုများတွင် မိမိတို့၏တတ်ကျွမ်းမှုများကို ဖွံ့ဖြိုးတိုးတက်စေမည့် သင်ခန်းစာများအား ပြင်ဆင်နိုင်သည်။

- ပြည်သူ့နီတိဆိုင်ရာ အသိပညာဗဟုသုတမှာ ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ရပ်ရွာရှိ အဖွဲ့အစည်းများ၊ အဖြစ်အပျက်များ၊ လုပ်ဆောင်မှုများ၊ ဖြစ်စဉ်များနှင့် လူမှုအရေးကိစ္စများဖြစ်ရသည့် အကြောင်းရင်းများနှင့် မည်သို့ဖြစ်ပျက်နေသည်တို့ကိုသိရှိရန် လိုအပ်သည့်အရာ ဖြစ်သည်။ ပြည်သူ့နီတိဆိုင်ရာ ကျွမ်းကျင်မှုများသည် ပြည်သူများအနေဖြင့်၎င်းတို့၏ ပြည်သူ့နီတိ အသိပညာဗဟုသုတများကို အသုံးပြုပြီး ၎င်းတို့၏ လူ့အသိုင်းအဝိုင်းတွင် မည်သို့ပါဝင်ဖြည့်ဆည်းပေးမည်ဆိုသည့် ဆုံးဖြတ်ချက်များ ချမှတ်ရန်အသုံးပြုသည့်နည်းလမ်းများဖြစ်သည်။ စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးထားမှုများသည် ကျွန်ုပ်တို့မည်သို့ တွေးခေါ်ပြီးပြုမူသည်ကို ပုံဖော်သည်။ ထို့ကြောင့် ၎င်းတို့သည် လူ့အသိုင်းအဝိုင်းတွင် ကျွန်ုပ်တို့မည်သည့်အချိန်၌ မည်ကဲ့သို့ တက်ကြွစွာ ပါဝင်လှုပ်ရှားသည်ကို ဖြစ်ပေါ်စေသော အကြောင်းရင်းများ ဖြစ်ပါသည်။

- Kohlberg ၏ ကလေးများ၏ စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု နမူနာပုံစံသည် လူမှုဗေဒနှင့် ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အရေးပါသည့်ယူဆချက် ဖြစ်လာပါသည်။ ၎င်း၏ သုတေသနပြုချက်သည် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ကျွန်ုပ်တို့၏ အမြင်များကို ကြီးကြီးမားမား ပြောင်းလဲသွားစေသည်။

- ကျွန်ုပ်တို့အနေဖြင့် ကလေးများ စာရိတ္တပိုင်းနှင့် ပြည်သူ့နီတိပိုင်းဆိုင်ရာ ရင့်သန်လာစေရန်အတွက် (ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို တာဝန်ဝတ္တရားနှင့်အညီ ကျင့်သုံးနိုင်ရန်အတွက်) ကလေးများ၏ စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအား “သမားရိုးကျ” နှင့် “သမားရိုးကျထက်သာလွန်သော” အဆင့်များထိရောက်အောင် ကူညီလမ်းညွှန်ပေးရန် လိုပါသည်။

- ဆရာသည် အတန်းတွင်း၌ မိမိ၏သင်ကြားရေးနည်းလမ်းများ အသုံးပြုကာ ကျောင်းသားအားလုံးအကျုံးဝင်မှုနှင့် ကျား၊မ ရေးရာ တန်းတူညီမျှမှုကို တက်ကြွစွာ အားပေးလှုံ့ဆော်ခြင်းဖြင့် ကျောင်းသားများစာသင်ခန်းတွင်း လက်တွေ့လုပ်ဆောင်နေစဉ်တွင် အခြားသူများအားသည်းခံခြင်းနှင့် လေးစားသမှုရှိခြင်းကဲ့သို့သော ဒီမိုကရေစီဆိုင်ရာ ဥပဒေသများကို နမူနာလုပ်ပြနိုင်သည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် ဆရာက ၎င်းတို့၏ပါဝင်လှုပ်ရှားမှုများကို သာတူညီမျှတန်ဖိုးထားပြီး ၎င်းတို့၏လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပေးသည်ဟု ကျောင်းသားအားလုံးခံစားရစေသည့် ရပ်ဝန်းတစ်ခုကို ဖန်တီးပေးပါသည်။
- ဆရာသည် အာရုံစိုက်နားထောင်မှုနှင့် ထိရောက်စွာပြောဆိုဆက်ဆံပုံတို့ကို နမူနာလုပ်ပြခြင်းဖြင့် လုံခြုံမှုရှိပြီး စာရိတ္တပိုင်းအရ အပြုသဘောဆောင်သည့် ပတ်ဝန်းကျင်ကို ကူညီလမ်းညွှန် ဖန်တီးပေးနိုင်သည်။ ဆရာသည် ပြဿနာဖြေရှင်းခြင်းနှင့် ဆွေးနွေးခြင်းများတွင် ပါဝင်ပြောဆိုခြင်း ကဲ့သို့သော အခြားသောပြည်သူ့နီတိဆိုင်ရာ ကျွမ်းကျင်မှုများအား သင်ယူသူများ ကျင့်သုံးနိုင်ရန်အတွက် အခွင့်အရေးများ ဖန်တီးပေးနိုင်သည်။
- ပြည်သူ့နီတိပညာတွင် ကလေးများ ၎င်းတို့၏ နေ့စဉ်ထိတွေ့ဆက်ဆံမှုများကို ထိန်းသိမ်းနိုင်သည့်စွမ်းရည်နှင့် စိတ်ပါဝင်စားမှုနှစ်ခုလုံးကို ပျိုးထောင်ပေးခြင်းဖြင့် ၎င်းတို့၏ရှေ့ဆက်ရမည့် ဘဝတစ်လျှောက်တွင် အထောက်အပံ့ဖြစ်စေသည့် အခြေခံအုတ်မြစ်များ ပံ့ပိုးပေးထားသည်။ ကျောင်းသင်ခန်းစာများပါ အကြောင်းအရာများတွင် ကလေးများအရွယ်ရောက်လာပြီး ၎င်းတို့၏ လူ့အသိုင်းအဝိုင်းတွင် နိုင်ငံသားများဖြစ်လာသည့်အချိန်ထိ ၎င်းတို့နှင့်အတူတကွတည်ရှိနေမည့် အတွေးအခေါ်များနှင့် အလေ့အကျင့်များ ပါဝင်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

၁။ သင် လက်ရှိသင်ယူပြီးဖြစ်သည့် အရာများအပေါ် အခြေခံ၍ စာသင်ခန်းအတွင်း ကျောင်းသားအားလုံး အကျုံးဝင်ပါဝင်နိုင်မှုအား အားပေးလှုံ့ဆော်ရာတွင် ဆရာများ၏ အခန်းကဏ္ဍကို သင် မည်သို့ရှင်းပြမည်နည်း။

၂။ အခန်းတွင်း ကျောင်းသားအားလုံး အကျုံးဝင်ပါဝင်သော သင်ကြားရေး အလေ့အထများနှင့် မြန်မာနိုင်ငံအတွက် ပိုမိုကြီးမားသောပန်းတိုင်များ ဥပမာ - မဏ္ဍိုင်သုံးရပ် - ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ ကြွယ်ဝမှုနှင့် မိတ်ဖက်လုပ်ဆောင်မှုနှင့် လူသားများနှင့် ကမ္ဘာမြေကြီးတို့အကြား ဆက်စပ်မှုမှာ အဘယ်နည်း။

၃။ သင့်ကျောင်းသားများ စာရိတ္တဖွံ့ဖြိုးရန်နှင့် ၎င်းတို့၏ ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုများကို သရုပ်ဖော်ပြသနိုင်စွမ်းပျိုးထောင်ရန်အတွက် ကူညီပေးနိုင်ရန် ဆရာတစ်ယောက်အနေဖြင့် သင်သည် မည်သည့်အသိပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးထားမှုများကို ပျိုးထောင်ထားရန် လိုအပ်သနည်း။

## ဆက်လက်ဖတ်မှတ်စရာများ

**၁.၁။**

Association of Southeast Asian Nations. (2012). *ASEAN curriculum sourcebook.* Retrieved from https://www.asean.org/wp-content/uploads/images/2012/publications/ASEAN%20Curriculum%20Sourcebook_FINAL.pdf

MacDonald, M., Jagger, S., & Simpson, M. (2015). *ASEAN: A social science course for ASEAN citizens.* Retrieved from https://www.moteoo.org/en/products/asean-student-book-english-version

Rice, K.E. (2018, March 29). 3 stage theories of development. Retrieved from https://www. integratedsociopsychology.net/

Sanders, C. E. (2020, May 28). Lawrence Kohlberg's stages of moral development. Retrieved from https://www.britannica.com/

United Nations Educational, Scientific and Cultural Organization-Mahatma Gandhi Institute of Education for Peace and Sustainable Development. (2017). *Textbooks for sustainable development: a guide to embedding.* New Delhi, India: Mahatma Gandhi Institute of Education for Peace and Sustainable Development.

၁.၂။

Australian Institute of Family Studies. (2019). *LGBTQA+ communities: Glossary of common terms*. Retrieved from https://aifs.gov.au/cfca/sites/default/files/publication-documents/1911_lgbtiqa_communities_0.pdf

Schulz, W., Ainley, J., Fraillon, J., Losito, B., & Agrusti, G. (2016). *IEA International Civic and Citizenship Education Study 2016: Assessment framework*. Amsterdam, Netherlands: International Association for the Evaluation of Educational Achievement.

United Nations Educational, Scientific and Cultural Organization-Bangkok Office. (2015). *Embracing diversity: toolkit for creating inclusive, learning-friendly environments*. Paris, France: United Nations Educational, Scientific and Cultural Organization.

၁.၃။

International Bureau of Education- United Nations Educational, Scientific and Cultural Organization. (2016). *Reaching out to all learners: A resource pack for supporting inclusive education*. Geneva, Switzerland: International Bureau of Education-United Nations Educational, Scientific and Cultural Organization.

United Nations Educational, Scientific and Cultural Organization-Bangkok Office. (2018). *Preparing teachers for Global Citizenship Education: A template*. Paris, France: United Nations Educational, Scientific and Cultural Organization.

# အခန်း ၂

## လူမှုကျင့်ဝတ်

ဤအခန်းတွင် လူ့တန်ဖိုးနှင့် လူမှုကျင့်ဝတ်များကို အလေးပေးဆန်းစစ်ထားသည်။ ဤအခန်းသည် လူမှုကျင့်ဝတ်များကို မြှင့်တင်ရာတွင် တန်ဖိုးထားမှုများကို အဘယ်ကြောင့် ထည့်သွင်းစဉ်းစားသင့်သည် ဆိုသည်နှင့် ထိုသို့ထည့်သွင်းစဉ်းစားခြင်းမှတစ်ဆင့် နိုင်ငံသားများအနေဖြင့် မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းများထံသို့ ကောင်းမွန်သော လူမှုပေါင်းစပ်ပါဝင်မှုများနှင့် အပြုသဘောဆောင်သည့် ပါဝင်ဆောင်ရွက်မှုများ ပျိုးထောင်ပေးရာတွင် စာရိတ္တသင်ကြားခြင်းနှင့် ပြည်သူ့နီတိသင်ကြားခြင်းတို့မှာ တစ်ထပ်တည်းကျ အရေးပါနေပုံတို့ကို ထိုးထွင်းသိမြင်လာစေပါမည်။ အခြေခံကျသော လူ့တန်ဖိုးများဖြစ်သည့် အပြန်အလှန်လေးစားမှု၊ သည်းခံနိုင်စွမ်း၊ ဖြောင့်မတ်တည်ကြည်မှု၊ ယုံကြည်စိတ်ချနိုင်မှုနှင့် စာနာရိုင်းပင်းတတ်မှုတို့အား လူ့အသိုက်အဝန်းအတွင်း ကျင့်သုံးသင့်ပြီး ကျွန်ုပ်တို့၏ပြောဆိုဆက်ဆံရေးတွင် ပြန်လည်သုံးသပ်သင့်သည်။ ကျင့်ဝတ်နှင့်အညီပြုမူခြင်းသည် အားလုံးပါဝင်နိုင်မှု၊ တန်းတူညီမျှမှုနှင့် သာတူညီမျှရှိမှု နိယာမများနှင့်အညီပြုမူခြင်း ဖြစ်ပါသည်။ ကျင့်ဝတ်နှင့်မညီသော အပြုအမူများသည် ကျား၊မ ရေးရာဖြစ်တည်မှု၊ မသန်စွမ်းဖြစ်မှု၊ လူမျိုးစု၊ ဘာသာစကား၊ လူမှု-စီးပွားရေး အဆင့်အတန်းနှင့် ပထဝီဝင်အနေအထားအရ လက်လှမ်းမီမှု စသည်တို့ကို အကြောင်းပြု၍ ချန်လှပ်ထားခြင်းနှင့် ဖယ်ကြဉ်ထားခြင်း အသွင်တစ်မျိုးမျိုးဖြင့် ထိခိုက်နစ်နာမှုရှိစေနိုင်ပါသည်။ မတူကွဲပြားမှုများကြောင့် ချန်လှပ်ခြင်းသည် ပြည်တွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအခက်အခဲများ၊ ပဋိပက္ခများနှင့် ဘဘာဝဘေးအန္တရာယ်များ ကဲ့သို့သော လူသားများကို ထိခိုက်နိုင်သော အခြေအနေများသို့ ဦးတည်စေနိုင်ပါသည်။ လူမှုကျင့်ဝတ်များတွင် ပါဝင်သော တန်ဖိုးထားမှုများနှင့် ကျွမ်းကျင်မှုများကို ဤအခန်းအဆုံးတွင် အသေးစိတ်ဖော်ပြသွားမည့် ဆက်စပ်ခြုံငုံတွေးတောခြင်းနှင့် အပြောင်းအလဲပြု သင်ယူခြင်းတို့ကိုအသုံးပြု၍ သင်ကြားနိုင်ပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်-

- အခြေခံကျသော လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ သဘောသဘာဝ နှင့် လူမှုကျင့်ဝတ်များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအကြား ဆက်နွယ်မှုများကို ခွဲခြမ်းစိတ်ဖြာတတ်မည်။
- လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ သဘောသဘာဝနှင့်အညီ မြန်မာနိုင်ငံ၏ လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံကို ဆွေးနွေးတတ်မည်။
- အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းတို့သည် မည်သည့်အတွက်ကြောင့် လူမှုကျင့်ဝတ်များ၏ အရေးကြီးအင်္ဂါရပ်များဖြစ်ကြောင်း ရှင်းပြတတ်မည်။
- အခြားသူများနှင့် ထိတွေ့ဆက်ဆံသည့်အခါတွင် အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းကို လက်တွေ့အသုံးချနိုင်မည့် နည်းလမ်းအမျိုးမျိုးကို ဆွေးနွေးတတ်မည်။
- မြန်မာလူ့အဖွဲ့အစည်းတွင် လူမှုရေးဆိုင်ရာ တန်ဖိုးထားမှုများဖြစ်သည့် ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းမှုတို့အား မည်သည့်အတွက်ကြောင့် တန်ဖိုးထားပြီး မည်သို့ကျင့်သုံးကြောင်း ရှင်းပြတတ်မည်။
- ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့မှာ မည်သည်တို့ဖြစ်ကြောင်း ဖော်ပြတတ်ပြီး ထိုစံတန်ဖိုးများကို မည်ကဲ့သို့ မွေးမြူနိုင်ကြောင်း လေ့လာဆန်းစစ်တတ်မည်။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ကို ခွဲခြားတတ်မည်။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ကို လက်တွေ့ဘဝအခြေအနေများတွင် မည်သို့ကျင့်သုံးနိုင်ကြောင်း လေ့လာဆန်းစစ်တတ်မည်။
- ထိရောက်၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု၏ ဝိသေသလက္ခဏာများနှင့် ၎င်းတို့သည် အဘယ်ကြောင့် အရေးပါသော ကျွမ်းကျင်မှုများ ဖြစ်ကြောင်းကို ဆွေးနွေးတတ်မည်။

- အခြေအနေအရပ်ရပ်၌ ထိရောက်မှုရှိ၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံခြင်းကို လက်တွေ့ကျင့်သုံးတတ်မည်။
- ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု ဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်း၏ ဝိသေသလက္ခဏာများမှာ မည်သည်တို့ဖြစ်ကြောင်း ရှင်းပြတတ်မည်။
- ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု၏ ပတ်သက်ဆက်နွှယ်မှုများကို လေ့လာဆန်းစစ်တတ်မည်။
- ဆက်စက်ခြုံငုံတွေးတောခြင်း ဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်းသည် အလယ်တန်းကျောင်းသားများ၏ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားသင်ယူရေးကို ပိုမိုထိရောက်၍ ဆီလျော်မှုရှိအောင် အထောက်အကူပြုနိုင်ပုံကို ရှင်းပြတတ်မည်။
- လူမှုကျင့်ဝတ် တန်ဖိုးထားမှုများထဲမှ တစ်ခုအားရွေးချယ်ပြီး ဆက်စပ်ခြုံငုံတွေးတောခြင်း နည်းလမ်းပါရှိသည့် သင်ယူမှုလုပ်ငန်းတစ်ခု ဖန်တီးရေးဆွဲတတ်မည်။
- အသိပညာအပြောင်းအလဲပြု သင်ယူမှုသီအိုရီ ဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်းသည် အလယ်တန်းကျောင်းသားများ၏ မေးခွန်းထုတ်စဉ်းစားခြင်းနှင့် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း အလေ့အကျင့်များကို ဖွံ့ဖြိုးစေပြီး စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးထားမှုများအား တည်ဆောက်ပေးနိုင်ပုံကို ရှင်းပြတတ်မည်။
- လူမှုကျင့်ဝတ် တန်ဖိုးထားမှုများထဲမှ တစ်ခုအားရွေးချယ်ပြီး အပြောင်းအလဲပြုသင်ယူမှု နည်းလမ်းကို သုံး၍ သင်ယူမှုလုပ်ငန်းတစ်ခု ပြင်ဆင်တတ်မည်။
- အလယ်တန်းတွင် သင်ကြားသည့် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်ဆိုင်ရာ သင်ကြား၊ သင်ယူမှု နည်းဗျူဟာများနှင့် ချဉ်းကပ်နည်းများကို ဆန်းစစ်တတ်မည်။
- သင်ပြမှုပုံစံတစ်ခု ရေးဆွဲတတ်မည်။
- သင်ခန်းစာတစ်ခု ပို့ချတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသသည်။

(ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။

## ၂.၁။ လူ့တန်ဖိုးနှင့် လူမှုကျင့်ဝတ်များ

ဤအခန်းငယ်တွင် လူ့တန်ဖိုးနှင့် လူမှုကျင့်ဝတ်များကို အလေးပေးဆန်းစစ်ထားသည်။ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်သည် အဆိုပါတန်ဖိုးများနှင့် ပတ်သက်၍ မတူကွဲပြားမှုကို လက်ခံရာတွင် အားသာမှုရှိသော လူတစ်ဦးတစ်ယောက်ချင်းစီနှင့် လူထုဗဟိုပြုအဖွဲ့အစည်းများ အားကောင်းလာစေရန် အားပေးမြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်နှင့် ဥတုရာသီဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်များ၊ ကမ္ဘာ့ကပ်ရောဂါကြီးများကဲ့သို့သော ကမ္ဘာအနှံ့ရင်ဆိုင်နေရသည့် ပြဿနာများအကြားတွင် ကျွန်ုပ်တို့လူသားများအကြား ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်မြှုပ်လုပ်ဆောင်ရန် လိုအပ်သည်။ လူမှုကျင့်ဝတ်များသည် ဤဆက်ဆံရေးများ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ယင်းကျင့်ဝတ်များသည် ကျွန်ုပ်တို့၏ ဖြစ်တည်မှုတစ်လျှောက် မိမိကိုယ်၌ရှိသော လူသားဆန်မှုသာမက အခြားသူများ၌ရှိသော လူသားဆန်မှုတို့ကိုပါ အကာအကွယ်ပေး၊ ပြုစုပျိုးထောင်ပေးသည့်အရာ ဖြစ်သည် (Ćurko et al., 2015)။ ကျွန်ုပ်တို့သည် နှစ်ဦးနှစ်ဖက် အပြန်အလှန်ပေးကမ်းခြင်းနှင့် ရယူခြင်းရှိသည့် ဆက်ဆံရေးဆိုသည့် အခြားသူများနှင့် ထိတွေ့ဆက်ဆံရသော ပေါင်းသင်းဆက်ဆံရေးဖြင့် အမြဲရှင်သန်နေကြပါသည်။ ထို့ကြောင့် အခြားသူများအပေါ် အမှီသဟဲပြုရန်နှင့် အခြားသူများအား ဂရုပြုရန် လိုအပ်သည်ကို အသိအမှတ်ပြုခြင်းမှာ အရေးပါပါသည်။ ယနေ့ခေတ်ကမ္ဘာကြီးတွင် လူသားများအကြား အပြန်အလှန်ဆက်သွယ်မှု တိုးပွားလာသည်နှင့်အမျှ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူ့အသိုက်အဝန်း၏ လူမှုကျင့်ဝတ်များကို အလေးထားသူများအနေဖြင့် အဆိုပါလူ့တန်ဖိုးများနှင့်အညီ ပြုမူနေထိုင်ရန်မှာ လူတစ်ဦးတစ်ယောက်ချင်းစီ၏ တာဝန်ဖြစ်လာပါသည်။

# ၂.၁.၁ | မြန်မာနိုင်ငံအတွင်း လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အခြေခံကျသော လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ သဘောသဘာဝ နှင့် လူမှုကျင့်ဝတ်များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအကြား ဆက်နွယ်မှုများကို ခွဲခြမ်းစိတ်ဖြာတတ်မည်။
- လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ သဘောသဘာဝနှင့်အညီ မြန်မာနိုင်ငံ၏ လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံကို ဆွေးနွေးတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ -** ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ တန်ဖိုးထားမှုအဆင့်ဆင့်ပြ ပိရမစ်၊ စားပွဲဝိုင်းဆွေးနွေးမှု။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ဂျာနယ်မှတ်တမ်း/ ပြန်လည်သုံးသပ်ရေးသားခြင်း၊ ကြည့်ရှုလေ့လာခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ဆရာများနှင့် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၂.၁.၁) (သို့မဟုတ်) အခန်းငယ် (၂.၁) ကို ကြိုတင်ဖတ်ရှုထားရန် လိုအပ်သည်။

**လိုအပ်သောရင်းမြစ်များ** - ကျောင်းသားကိုင်စာအုပ်၊ မှတ်စုစာအုပ်များ၊ ရောင်စုံစက္ကူစာရွက်။

## သင်ယူမှုလုပ်ငန်း (၁)။ ဉာဏ်ဖွင့်ဆွေးနွေးခြင်းနှင့် တန်ဖိုးထားမှု အဆင့်ဆင့်ပြ ပိရမစ်

**ကြိုတင်ပြင်ဆင်မှုများ -** ကျောင်းသားများသည် စာသင်ခန်းသို့ မလာခင် သင်ခန်းစာ (၂.၁.၁) မှ အကြောင်းအရာများကို ဖတ်ရှုထားရမည်။ တန်ဖိုးထားမှုအဆင့်ဆင့်ပြ ပိရမစ်၏ အဆင့်များ အတွက် ရောင်စုံစက္ကူစာရွက်များ ပြင်ဆင်ထားရမည်၊ ကျောင်းသားအုပ်စုတစ်စုချင်းစီအတွက် မတူညီသော ရောင်စုံစက္ကူစာရွက် (၆) ရွက် ပြင်ဆင်ထားရမည်။


## လုပ်ငန်းစဉ်

၁။ သင်ပုန်းပေါ်တွင် အကြောင်းအရာ ဆက်သွယ်ပြ ပုံစံတစ်ခုအား ပုံကြမ်းဆွဲပါ။ မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းနှင့် ၎င်း၏ မျှော်မှန်းချက်ဖြစ်သည့် ငြိမ်းချမ်း၍ ကြီးပွားဖြစ်ထွန်းပြီး ဒီမိုကရေစီဝါဒ အခြေခံသော နိုင်ငံဖြစ်ရေးအတွက် လုပ်ဆောင်ရာတွင် လိုအပ်မည်ဟု ကျောင်းသားများထင်သည့် တန်ဖိုးထားမှုများကို ၎င်းတို့အား ထုတ်ပြောခိုင်းပါ။ (ထိုတန်ဖိုးထားမှုများသည် "စည်းလုံးညီညွတ်ခြင်း"၊ "အပြန်အလှန်လေးစားခြင်း"နှင့် "သည်းခံနိုင်စွမ်း" စသည်ဖြင့် ဖြစ်နိုင်သည်။) ၎င်းတို့၏ အဖြေများထဲမှအချို့ကို အကြောင်းအရာဆက်သွယ်ပြပုံစံ ပတ်လည်တွင် ချရေးပါ။

၂။ ကျောင်းသားများအား ၎င်းတို့၏ မှတ်စုစာအုပ်များထဲတွင် အကြောင်းအရာ ဆက်သွယ်ပြပုံစံအားဆွဲခိုင်းပြီး မြန်မာလူ့အဖွဲ့အစည်းနှင့် အနာဂတ်အပေါ် မြန်မာနိုင်ငံ၏ မျှော်မှန်းချက်အတွက် လိုအပ်သည်ဟု ကျောင်းသားများထင်သည့် တန်ဖိုးထားမှုများကို ၎င်းတို့ဘေးရှိ ကျောင်းသားနှင့်အတူ ဆက်လက်၍ ဉာဏ်ဖွင့်ဆွေးနွေးခိုင်းပါ။ ထိုသို့ပြုလုပ်ရန် ၎င်းတို့ကိုအချိန်ငါးမိနစ်ပေးပါ။

၃။ နှစ်ယောက်တစ်တွဲရှိနေသော ကျောင်းသားများအား အခြားသော နှစ်ယောက်တစ်တွဲ ရှိနေသည့် ကျောင်းသားအတွဲနှစ်တွဲဖြင့် ပူးပေါင်းခိုင်းပါ။ အုပ်စုတစ်စုချင်းစီကို ရောင်စုံစက္ကူစာရွက်များ ပေးပါ။

၄။ သင်ပုန်းပေါ်တွင် အောက်တွင်ဖော်ပြထားသောပုံနှင့် ဆင်တူသည့် ပိရမစ်တစ်ခုပုံကို ဆွဲပါ။



ကျောင်းသားများအား ၎င်းတို့တွေးခဲ့သမျှ တန်ဖိုးထားမှုများထဲမှ မြန်မာနိုင်ငံ၏ လူ့အဖွဲ့အစည်းအတွက် အရေးပါဆုံးသော တန်ဖိုးထားမှုများမှာ မည်သည်တို့ဖြစ်သည်ကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြောပါ။ ပိရမစ်၏ အပေါ်ဆုံးတွင်ရှိသော တန်ဖိုးထားမှုသည် မြန်မာနိုင်ငံ၏ လူ့အဖွဲ့အစည်းအတွက် အရေးကြီးဆုံးဖြစ်ပြီး ဒုတိယအတန်း (စည်းကမ်းနှစ်ခု) သည် နောက်ထပ်အရေးအကြီးဆုံးသော တန်ဖိုးထားမှုများဖြစ်သည်။ တန်ဖိုးထားမှုများသုံးခု၏ နောက်ဆုံးအတန်းသည် ဦးစားပေးမှုအပိုင်းတွင် နောက်ထပ်အရေး အကြီးဆုံးဖြစ်ပါသည်။ အုပ်စုတစ်စုချင်းစီအား ၎င်းတို့၏ အကြောင်းအရာဆက်သွယ်ပြပုံစံထဲရှိ စာရင်းထဲမှ အရေးပါဆုံးသော တန်ဖိုးထားမှု (၆) ခုဖြင့် ပိရမစ်တစ်ခု တည်ဆောက်ခိုင်းပါ။

၅။ ကျောင်းသားများအား မည်သည့်တန်ဖိုးထားမှုများကို ဦးစားပေးရမည်နှင့် ပတ်သက်၍ ဆွေးနွေးရန်အတွက် မိနစ် (၂၀) အချိန် ပေးပါ။ ဤလုပ်ငန်းပြီးမြောက်အောင် လုပ်ဆောင်ရန် အတွက် ပါဝင်သူများသည် အလျှော့အတင်းပြုလုပ်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းအချို့ အသုံးပြုရန် လိုလိမ့်မည်။ ဆရာများသည် ဖြစ်နိုင်ခြေရှိသော သဘောထားကွဲလွဲမှုများသည် ပဋိပက္ခများအဖြစ်သို့ ပြောင်းလဲသွားခြင်း မဖြစ်ရစေရန် ကျောင်းသားအုပ်စုများ လုပ်ငန်းစဉ်လုပ်ဆောင် နေစဉ်အခန်းတွင်း လှည့်လည် သွားလာပြီး နားထောင်သင့်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

တန်ဖိုးထားမှုအဆင့်ဆင့်ပြပိရမစ်သည် ကျောင်းသားများ တန်ဖိုးထားမှုများနှင့် ငြိမ်းချမ်း၍ ကြီးပွားဖြစ်ထွန်းပြီး ဒီမိုကရေစီဝါဒ အခြေခံသော မြန်မာနိုင်ငံကြားတွင် ဆက်စပ်မှုပြုလုပ်နိုင်ခြင်း ရှိ/မရှိကို စောင့်ကြည့်လေ့လာရန် ကူညီပေးနိုင်သော နည်းတစ်နည်းဖြစ်ပါသည်။ သင်သည် အခန်းတွင်း လှည့်လည်သွားလာပြီး အုပ်စုတစ်စုချင်းစီကြား ဆွေးနွေးခြင်းတွင် မရှင်းမလင်းဖြစ်နေခြင်း (သို့မဟုတ်) ကျောင်းသားများသည် လိုအပ်သောတန်ဖိုးထားမှုများအား ဖော်ထုတ်ရာတွင် အကူအညီထပ်လိုပါက အကြံဉာဏ်များပေးနိုင်ပါသည်။ ထိုအကြံဉာဏ်များ ထဲတွင် တန်းတူညီမျှမှု၊ သာတူညီမျှရှိမှု၊ အားလုံးပါဝင်နိုင်မှု၊ ပါဝင်လှုပ်ရှားမှု၊ ရိုးသားမှု၊

တရားမျှတမှု၊ သည်းခံနိုင်စွမ်း၊ ဖြောင့်မတ်တည်ကြည်မှု၊ ယုံကြည်စိတ်ချနိုင်မှု၊ စာနာရိုင်းပင်းတတ်မှု၊ အပြန်အလှန်လေးစားမှုစသဖြင့် ပါဝင်နိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ခန်းစာ၏ ဤအဆင့်တွင် အဖြေမှန်သည် (သို့မဟုတ်) မှားသည်ဟူ၍မရှိပါ။ အဓိက ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ လူ့အဖွဲ့အစည်းတွင် မည်သည်တို့သည် ထိန်းသိမ်းထားသင့်သည့် အရေးပါဆုံးသော တန်ဖိုးထားမှုများနှင့် ပတ်သက်ပြီး ကျောင်းသားများ၏ ရှိနှင့်ပြီးသား ထင်မြင်ယူဆချက်များကို စစ်ဆေးရန် ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၂)။ တန်ဖိုးထားမှုအဆင့်ဆင့်ပြ သစ်ပင် (၁၀ မိနစ်)

### ကြိုတင်ပြင်ဆင်မှုများ

၁။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ထဲမှ (အောက်တွင် ဖော်ပြထားသည့်) သင်ယူမှုလုပ်ငန်း (၂) ရှိ ဇယားကို ကိုးကားပါ။

| | | |
|---|---|---|
| အဘိုးအဘွားများ | မိဘများ | အခြားသော မိသားစုဝင်များ |
| သူငယ်ချင်းများ | ကျောင်း | ကိုးကွယ်ယုံကြည်မှု |
| စာအုပ်များ | လူမှုမီဒီယာ | ရုပ်မြင်သံကြား |
| | | |
| | | |

ကျောင်းသားများအား ၎င်းတို့သည် မိမိတို့၏လူမှုကျင့်ဝတ်များအား မည်ကဲ့သို့ တည်ဆောက်နိုင်ခဲ့သည်ကို စဉ်းစားရန် လိုအပ်သည့်အကြောင်းပြောပါ။ ၎င်းတို့၏ တန်ဖိုးထားမှုများ၊ ထိုတန်ဖိုးထားမှုများကြောင့် လူမှုရေးအရ တွေးခေါ် ပြုမူပုံများကို မည်သူ (သို့မဟုတ်) မည်သည်က လွှမ်းမိုးခဲ့သနည်းဟု ကျောင်းသားများအား မေးပါ (ထိုသူများကို နောက်တစ်ဆင့်တွင် လွှမ်းမိုးသူများဟု ခေါ်ဝေါ်သုံးဆွဲမည်)။ ဇယားတွင် လူတစ်ယောက်၏ တန်ဖိုးထားမှုများကို မည်သည့်နေရာမှရရှိသည် ဆိုသည့် အယူအဆအချို့ကို ဖော်ပြထားပြီးဖြစ်ပြီး ကျောင်းသားများသည် ၎င်းတို့အား မည်သူ (သို့မဟုတ်) မည်သည်မှလွှမ်းမိုးထားသည်နှင့် ပတ်သက်၍

၎င်းတို့၏ စိတ်ကူးအကြံဉာဏ်များကို ထပ်မံဖြည့်စွက်နိုင်ကြောင်း ပြောပါ။ ၎င်းတို့အား ထိုသို့ဖြည့်စွက်နိုင်ရန် မိနစ်အနည်းငယ်ပေးပါ။

၂။ သင်ပုန်းပေါ်တွင် အကြောင်းအရာဆက်သွယ်ပြ ပုံစံတစ်ခုအား ပုံကြမ်းဆွဲပါ။ မိနစ်အနည်းငယ် ကြာပြီးနောက်တွင် ကျောင်းသားများအား ၎င်းတို့၏ မှတ်စုများတွင် သစ်ပင်ပုံကြမ်းကို ဆွဲခိုင်းပါ။

၃။ ကျောင်းသားများအား မည်သည့် "လွှမ်းမိုးသူများ"က ၎င်းတို့၏ ဘဝအပေါ်တွင် လေးနက်သောသက်ရောက်မှု ဖြစ်စေခဲ့ပြီး ထို "လွှမ်းမိုးသူများ" သည် မည်သည့် တန်ဖိုးထားမှုများကို ၎င်းတို့ထံတွင် ကူညီသွတ်သွင်းပေးကြောင်း တစ်ဦးချင်းစီ စဉ်းစားရန်အားပေးပါ။ ဥပမာ - ကျောင်းသားတစ်ဦး၏ အဖိုးအဖွားများသည် ၎င်းတို့က အဓိကတန်ဖိုးထားမှုများအဖြစ် ရိုးသားမှုနှင့် ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရာတွင် လေးနက်သည့်သက်ရောက်မှု ဖြစ်စေခဲ့ပြီး နောက်ပိုင်းတွင် ထိုတန်ဖိုးထားမှုများသည် "စာရိတ္တ"နှင့်အညီလုပ်ဆောင်ရန် ၎င်းတို့၏စွမ်းဆောင်ရည်နှင့် ကိုယ်ပိုင်တွေးခေါ်နိုင်စွမ်းကို တည်ဆောက်ပေးသည်။ အကယ်၍ ကျောင်းသားများသည် အသက်ငယ်ရွယ်စဉ်ကပင် ၎င်းတို့၏ ရပ်တည်ချက်တွင် ရိုးသားမှုနှင့် ယုံကြည်စိတ်ချနိုင်မှုတို့ကို နှစ်မြှုပ်ထားလျှင် ၎င်းတို့၏ အဘိုးအဘွားများကို တန်ဖိုးထားမှုအဆင့်ဆင့်ပြ သစ်ပင်၏ အမြစ်နေရာတွင် "လွှမ်းမိုးသူများ" အဖြစ်ထား၍ရသည်။ အခြားတစ်နည်းအားဖြင့်ဆိုလျှင် "လွှမ်းမိုးသူ" တစ်ယောက်သည် ကျောင်းသားအပေါ် သာမန်ကာလျှံကာ သက်ရောက်မှုမျိုးသာ ဖြစ်စေခဲ့သည်ဆိုလျှင် ထို "လွှမ်းမိုးသူများ" ကို တန်ဖိုးထားမှုအဆင့်ဆင့်ပြ သစ်ပင်၏ အပေါ်ပိုင်းတွင် ထား၍ရသည်။ ကျောင်းသားများအား "လွှမ်းမိုးသူ" တစ်ဦးချင်းစီအား ၎င်းတို့၏ တန်ဖိုးထားမှုအဆင့်ဆင့်ပြ သစ်ပင်တွင်ထားသောနေရာများကို ပြန်လည်သုံးသပ်ခိုင်းပြီး ထိုသစ်ပင်အား "လွှမ်းမိုးသူ"နှင့် ထို "လွှမ်းမိုးသူ"မှ ၎င်းတို့အား ကူညီတည်ဆောက်ပေးခဲ့သော တန်ဖိုးထားမှုများနှင့်အညီ အညွှန်းတပ်ခိုင်းပါ။

၄။ ကျောင်းသားများအား သုံးယောက်တစ်ဖွဲ့အဖြစ် လုပ်ရှားခိုင်းပါ။ ကျောင်းသားများအား ၎င်းတို့၏ တန်ဖိုးထားမှုအဆင့်ဆင့်ပြသစ်ပင်ကို အုပ်စုအတွင်းရှိ အခြားသော အတန်းဖော်များလည်း မြင်နိုင်ရန်အတွက် ခုံပေါ်တွင်တင်ခိုင်းပါ။ ကျောင်းသားများအား တစ်ယောက်တစ်စ်လှည့်စီ မှတ်ချက်ပေးခိုင်းပြီး တစ်ဦးချင်းစီ၏ တန်ဖိုးထားမှု အဆင့်ဆင့်ပြသစ်ပင်၊ အဓိကလွှမ်းမိုးသူများနှင့် ၎င်းတို့အတွက် အရေးကြီးသော တန်ဖိုးထားမှုများနှင့် ပတ်သက်၍ (ကျောင်းသားများမှ မျှဝေပြသရန် စိတ်အဆင်ပြေသည် ဆိုမှသာမေးရန်) မေးခွန်းများမေးခိုင်းပါ။

၅။ ကျောင်းသားများ ၎င်းတို့၏အုပ်စုအတွင်းရှိ အဖွဲ့ဝင်များနှင့် ၎င်းတို့၏တန်ဖိုးထားမှု အဆင့်ဆင့်ပြသစ်ပင်များကို မျှဝေပြသပြီးသည်နှင့် မျှတမှုနှင့် ရိုးသားမှုတို့သည် စိတ်နေစိတ်ထား (သို့မဟုတ်) လုပ်ဆောင်မှုများကို လမ်းညွှန်ပေးသော (သို့မဟုတ်) စိတ်အားတက်ကြွစေသော အခြေခံကျသည့် ယုံကြည်မှုများဖြစ်သည့် လူ့တန်ဖိုးများ အကြောင်းဖြစ်သော သင်ခန်းစာအကြောင်းအရာထဲရှိ အတွေးအခေါ်အယူအဆများကို ပြန်လည်သုံးသပ်ပါ။ ကျွန်ုပ်တို့ အသက်ကြီးလာသည်နှင့် ကျွန်ုပ်တို့သည် ထိုလွှမ်းမိုးသူမှ လူ့အဖွဲ့အစည်းတွင် စာရိတ္တပိုင်းအရ "မှန်ကန်သည့်" အပြုအမူ (သို့မဟုတ်) "မှားယွင်းသည့်" အပြုအမူဆိုသည်မှာ မည်သည်တို့ဖြစ်ကြောင်း ကူညီသတ်မှတ်ပေးခဲ့သော တန်ဖိုးထားမှုများကို သုံးပါသည်၊ ထို့သို့အသုံးပြုခြင်းသည် ကျွန်ုပ်တို့အား ကျင့်ဝတ်နှင့်ညီသော လူမှုရေးဆိုင်ရာ အပြုအမူများနှင့် ကျင့်ဝတ်နှင့်မညီသော လူမှုရေးဆိုင်ရာ အပြုအမူများကို ခွဲခြားပိုင်းဖြတ်ရာတွင် ကူညီပေးပါသည်။ ကျောင်းသားများအား ပဋိပက္ခဖြစ်စေသော တန်ဖိုးထားမှု အတွေးအခေါ်အယူအဆနှင့် ကျွန်ုပ်တို့၏ လွှမ်းမိုးသူများသည် တစ်ဦးနှင့်တစ်ဦးမတူညီ ကွဲပြားကြသောကြောင့် အမှန် (သို့မဟုတ်) အမှားအား ခွဲခြားပိုင်းဖြတ်ခြင်းသည် လွယ်ကူလိမ့်မည်မဟုတ်ကြောင်း သတိပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဆရာသည် စာသင်ခန်းတွင်း လှည့်လည်သွားလာနေပြီး ကျောင်းသားများ ဤလေ့ကျင့်ခန်းကို ဖြည့်စွက်နေစဉ်တွင် လူမှုကျင့်ဝတ်နှင့်ဆက်စပ်နေသည့် တန်ဖိုးထားမှုများနှင့် ထိုတန်ဖိုးထားမှု များကို ၎င်းတို့မည်ကဲ့သို့တည်ဆောက်ခဲ့ပုံတို့ကြား ချိတ်ဆက်နိုင်ခြင်း ရှိ/မရှိ သေချာစေရန် စောင့်ကြည့်လေ့လာပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ခန်းစာ၏ ဤအဆင့်တွင် အဖြေမှန်သည် (သို့) မှားသည်ဟူ၍ မရှိပါ။ ဤလုပ်ငန်း၏ ဦးတည်ချက်မှာ ကျောင်းသားများအား သင်ခန်းစာအတွင်း ပြောကြားပြီးသားဖြစ်သည့် တန်ဖိုးထားမှုများနှင့် ထိုတန်ဖိုးထားမှုများ မည်သည့်နေရာမှ ရောက်လာခြင်းတို့အကြား ချိတ်ဆက်မှုပြုနိုင်သည့် အကြောင်းအရာဖဟိုပြု အတွေ့အကြုံတစ်ခုပေးရန် ဖြစ်သည်။ ၎င်းတို့၏ အဖြေအချို့တွင် အောက်ပါတို့ ပါဝင်နိုင်သည်။

| | | |
|---|---|---|
| အဘိုးအဘွားများ | မိဘများ | အခြားသော မိသားစုဝင်များ |
| သူငယ်ချင်းများ | ကျောင်း | ကိုးကွယ်ယုံကြည်မှု |
| စာအုပ်များ | လူမှုမီဒီယာ | ရုပ်မြင်သံကြား |
| ဆရာ၊ ဆရာမများ | သမားရိုးကျ မီဒီယာ | ယဉ်ကျေးမှု လုပ်ငန်းများ |
| ကျွန်ုပ်တို့၏ ပတ်ဝန်းကျင် | လုပ်ငန်းခွင် | လူ့အသိုက်အဝန်း ခေါင်းဆောင်/ အစိုးရ |
| လူမျိုး | လူ့အဖွဲ့အစည်း | အနုပညာနှင့် စာပေ |

ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ၎င်းတို့၏အဖြေများကို သင်ယူမှုရလဒ်များအပေါ် ၎င်းတို့၏ နားလည်မှုအား စစ်ဆေးရန်အတွက်သုံးပါ။

**လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ တန်ဖိုးထားမှုများအား စိတ်ကူးပုံဖော်ခြင်း (၃၀ မိနစ်)**

တန်ဖိုးထားမှုများနှင့် ၎င်းတို့ကိုမည်သည့်နေရာမှ ရရှိသည်တို့ကြားရှိ ဆက်စပ်မှုသည် ဒိုင်ယာဂရမ်အနေနှင့်လည်း ဖြစ်နိုင်သည်။ ကျောင်းသားများသည် စာရွက်တစ်ရွက် အလယ်တွင် ၎င်းတို့၏အမည်အားရေးပြီး စိတ်ကူးပုံဖော်မှုတစ်ခုကိုဖန်တီးပြီး ၎င်းတို့နှင့် ၎င်းတို့၏ အဓိကလွှမ်းမိုးသူများကြားတွင် လွှမ်းမိုးမှုလေးနက်သော နေရာများအား လိုင်းထင်းထင်းဆွဲခြင်းဖြင့်) ချိတ်ဆက်ရေးဆွဲသွားသည်။ ထို့နောက် ကျောင်းသားများသည် ထိုစိတ်ကူးပုံဖော်မှုတွင် မည်သည့်တန်ဖိုးထားမှုများအား ထိုလွှမ်းမိုးသူများမှ ၎င်းတို့ကို ကူညီတည်ဆောက်ပေးသွားကြောင်း ဖော်ထုတ်ပြီး အညွှန်းတပ်သည်။

### ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ တန်ဖိုးထားမှု အဆင့်ဆင့်ပြသစ်ပင် (၁၀ မိနစ်)

တန်ဖိုးထားမှုအဆင့်ဆင့်ပြသစ်ပင်၏ အဆုံးတွင် ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်းဆိုသည့် အပိုင်း၌ စားပွဲဝိုင်းဆွေးနွေးမှုကို ပြန်လည်ဆန်းစစ်ရန် မေးခွန်း(၆) ကိုထည့်ပါ။ ကျောင်းသားများ ၎င်းတို့၏ တန်ဖိုးထားမှုအဆင့်ဆင့်ပြသစ်ပင်အားမျှဝေပြသပြီး သင်လည်း လူမှုရေးအရကျင့်ဝတ်နှင့်ညီသည့် အပြုအမူများကို မည်သို့တည်ဆောက်ခဲ့သည်ဆိုသည့်အပေါ် အတွေးအခေါ်အယူအဆများကို ပြန်လည်သုံးသပ်ပြီးသည်နှင့် ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းနှစ်ခုမှ ၎င်းတို့ မည်သည်တို့ကို သင်ယူခဲ့ပြီးကြောင်း အနှစ်ချုပ်ရေးသည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်နိုင်ပြီဖြစ်သည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း ( ၁၀မိနစ်)

ကျောင်းသားများသည် မေးခွန်းများကို ဆွေးနွေးနေစဉ်တွင် အတန်းကိုလှည့်လည် ကြည့်ရှု၍ ၎င်းတို့၏ အဖြေများကိုနားထောင်ပါ။ နောက်ဆုံးမေးခွန်းတွင် ကျောင်းသားများသည် ၎င်းတို့၏ စိတ်ကူးအကြံဉာဏ်များကို စားပွဲဝိုင်းဆွေးနွေးမှုပုံစံအဖြစ် အကျဉ်းချုံးရန် လိုပါသည်။ အုပ်စုတစ်စုစီတွင် ချရေးရန်အတွက် စာရွက်အပိုင်းအစ တစ်ခုစီလိုပါမည်။ အချိန်သက်သာစေရန်အတွက် ဆရာအနေဖြင့် ကျောင်းသားများအား မေးခွန်း (၁) မှ (၅) အဖို့ ၎င်းတို့၏ အဖြေများကို ဆွေးနွေးရန် အချိန်သုံးမိနစ်သာရမည်ဖြစ်ကြောင်း အသိပေးရန် အကြံပြုပါသည်။ ကျန်ရှိနေသော အချိန်အား စားပွဲဝိုင်းဆွေးနွေးမှု လေ့ကျင့်ခန်းအတွက် ခွဲဝေသတ်မှတ်ပေးနိုင်သည်။ စားပွဲဝိုင်းဆွေးနွေးမှုပုံစံသည် အောက်ပါအဆင့်များနှင့်အညီ ဖြစ်ပါသည်။

၁။ ပထမဆုံးကျောင်းသားသည် ၎င်း၏အဖြေအား အုပ်စု၏ စာရွက်အပိုင်းအစတွင် မြန်နိုင်သမျှ လျှင်မြန်စွာရေးပြီး အခြားသောအုပ်စုဝင်များသည် ၎င်း၏အဖြေအပေါ် စဉ်းစားရန်နှင့် ပြန်လည်ဖြေကြားပြီး ဆက်လက်တည်ဆောက်သွားနိုင်သော အခွင့်အရေးရရန် အဖြေကို အသံထွက်ဖတ်ပြရမည်။

၂။ ထို့နောက် ပထမဆုံးကျောင်းသားသည် စာရွက်အပိုင်းအစကို ဒုတိယကျောင်းသားအား လက်ဆင့်ကမ်းလိုက်ပြီး ဒုတိယကျောင်းသားသည်လည်း ထိုနည်းလည်းကောင်းပင် လုပ်ဆောင်သွားမည်။

၃။ စာဖတ်ဝိုင်းဆွေးနွေးမှုသည် ၎င်းတို့အုပ်စုတွင်းရှိ ကျောင်းသားအားလုံး မိမိတို့၏ အကျဉ်းချုပ်များကိုချရေးပြီး အသံထွက်ဖတ်ပြပြီးသည်နှင့် ပြီးဆုံးသွားမည်ဖြစ်သည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ**

မေးခွန်း ၁။ မည်သည့်တန်ဖိုးထားမှုများသည် ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုအတွက် အရေးပါဆုံးဖြစ်သည် ဆိုသည့်အပေါ် သင်တို့ဆွေးနွေးညှိနှိုင်းခဲ့စဉ် သင်သည် မည်သည့်တန်ဖိုးထားမှုများကို ကျင့်သုံးခဲ့ပါသနည်း။

အဖြေ။ *အလျော့အတင်းပြုခြင်း၊ အများသဘောဆန္ဒကို လိုက်လျောခြင်း၊ အပြန်အလှန်လေးစားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပါဝင်လှုပ်ရှားခြင်း၊ ရိုးသားခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်းနှင့် အုပ်စုလိုက်လုပ်ဆောင်ခြင်းတို့ဖြစ်သည်။*

မေးခွန်း ၂။ စာသင်ခန်းအတွင်း လုပ်ဆောင်ခဲ့သော လုပ်ငန်းတွင် ထိုတန်ဖိုးထားမှုများအတိုင်း လိုက်လံဆောင်ရွက်ရခြင်းသည် လွယ်ကူပါသလား (သို့မဟုတ်) ခက်ခဲမှုများရင်ဆိုင်ရပါသလား။

အဖြေ။ *ထိုအရာသည် ကျောင်းသားအပေါ်တွင် မူတည်ပါသည်၊ သို့သော်လည်း မိမိတို့၏ စိတ်ကူးအကြံဉာဏ်သည်သာ ကောင်းသည်ဟု လက်ခံထားသောသူ အနေဖြင့် အခြားသူများ၏ စိတ်ကူးအကြံဉာဏ်အပေါ် အလျှော့ပေးရန်မှာ စိန်ခေါ်မှု အခက်အခဲတစ်ရပ် ဖြစ်လေ့ရှိသည်။ အခြားတစ်ဖက်တွင်မူ ကျောင်းသားများသည် ဤလုပ်ငန်းဆောင်ရွက်ရာတွင် အုပ်စုလိုက်လုပ်ဆောင်ခြင်းနှင့် အခြားသူများ၏ ပါဝင်ဖြည့်စွက်မှုများကို တန်ဖိုးထားပါက အခက်အခဲရှိနိုင်မည်မဟုတ်ပေ။*

မေးခွန်း ၃။ လုပ်ငန်းမလုပ်ဆောင်မီတွင် သင်၏ထံတွင် အဆိုပါတန်ဖိုးထားမှုများ ရှိနှင့်ပြီးသား ဖြစ်ပါသလား။

အဖြေ။ *ကျောင်းသားအပေါ်တွင် မူတည်ပါမည်။*

မေးခွန်း ၄။ အကယ်၍ ရှိနှင့်ပြီးသားဖြစ်ပါက ဤတန်ဖိုးထားမှုများအား သင် မည်ကဲ့သို့ တည်ဆောက်ခဲ့ကြောင်း ဖော်ပြပါ။ သင်၏တန်ဖိုးထားမှုများကို မည်သည့်အရာများက လွှမ်းမိုးခဲ့သနည်း။

အဖြေ။ *ဤသည်လည်း ကျောင်းသားပေါ်တွင် မူတည်ပါမည်။ ဤမေးခွန်းကို ဖြေကြားရန်အတွက် သင်ယူမှုလုပ်ငန်း (၂) (တန်ဖိုးထားမှုအဆင့်ဆင့်ပြသစ်ပင်) တွင်ပါသည့် ၎င်းတို့၏ လွှမ်းမိုးသူများအပေါ် မည်သို့တွေးထင်ကြောင်းကို ထပ်လောင်း ပြောဆိုနိုင်ရပါမည်။*

မေးခွန်း ၅။ အဆိုပါ တန်ဖိုးထားမှုများသည် သင်၏ အပြုအမူများကို မည်ကဲ့သို့ လမ်းညွှန်မှုပြုခဲ့သနည်း။

*အဖြေ။ တစ်ဖန် ကျောင်းသားသည် ဤတန်ဖိုးထားမှုများမှာ ၎င်းတို့၏ လူမှုရေးပိုင်းတွင် ပြုမူပုံကို မည်သို့လွှမ်းမိုးခဲ့ကြောင်းကို ပြသနိုင်ရန်အတွက် ၎င်းတို့၏ တန်ဖိုးထားမှု အဆင့်ဆင့်ပြသစ်ပင်ကို ပြန်လည်စဉ်းစားနိုင်ပါသည်။*

မေးခွန်း ၆။ ဤလုပ်ငန်းများ လုပ်ဆောင်နေစဉ် သင်ကြုံတွေ့ခဲ့ရသည်များထဲမှ လူမှုရေးအရ ကျင့်ဝတ်နှင့်ညီသော လုပ်ဆောင်ချက်များကို တည်ဆောက်နိုင်မည့် နည်းလမ်းများကို အကျဉ်းချုပ် ဖော်ပြပါ (စာဖတ်ဝိုင်းဆွေးနွေးခြင်း လုပ်ဆောင်ပါ)။

အဖြေ။ *ကျွန်ုပ်တို့သည် မိမိတို့ကိုဖွံ့ဖြိုးတိုးတက်ရန်နှင့် မိမိတို့၏ လူမှုရေးပေါင်းသင်း ဆက်ဆံမှုများတွင် "စာရိတ္တနှင့်ညီသော" (သို့မဟုတ်) "မှန်ကန်သော" နည်းလမ်းကို ရှာရန်အတွက် ကူညီပေးမည့် တန်ဖိုးထားမှုများကို လိုအပ်ပါသည်။ ထိုတန်ဖိုးထားမှု များအား ကျွန်ုပ်တို့၏ မိသားစု (သို့မဟုတ်) မိဘများအပြင် ကျွန်ုပ်တို့၏ ယုံကြည်ကိုးကွယ်မှု၊ မီဒီယာ (သို့မဟုတ်) လူမှုမီဒီယာကဲ့သို့သော ကျွန်ုပ်တို့ အနီးအနားရှိ "လွှမ်းမိုးသူများ" မှတစ်ဆင့် တည်ဆောက်နိုင်ပါသည်။*

## ၂.၂။ အပြန်အလှန်လေးစားမှု

ဤသင်ရိုးတွင် လေ့လာသင်ယူခဲ့သကဲ့သို့ပင် ကျွန်ုပ်တို့သည် (ယဉ်ကျေးမှုနောက်ခံ အမျိုးမျိုးမှ လူများအတူတကွ ယှဉ်တွဲနေထိုင်ခြင်း သို့မဟုတ် အလုပ်လုပ်ကိုင်နေသည့်) ယဉ်ကျေးမှုအမျိုးမျိုး ပေါင်းစပ်ယှဉ်တွဲနေထိုင်သော၊ အချင်းချင်းအပြန်အလှန် ဆက်ဆံမှုရှိသော ကမ္ဘာကြီး၌ နေထိုင်ရခြင်းဖြစ်၍ စာရိတ္တနှင့်ပြည်သူ့နီတိပိုင်းဆိုင်ရာ တတ်ကျွမ်းမှုများ ဖွံ့ဖြိုးတိုးတက်လာခြင်း မှတစ်ဆင့် ဖြေရှင်းသွားနိုင်မည့် ခက်ခဲသောကျင့်ဝတ်ပိုင်းဆိုင်ရာ အရေးကိစ္စများပါရှိနေပုံကို တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် ကျင့်ဝတ်များကို တစ်ဦးတစ်ယောက်ချင်းစီ နှင့် လူအုပ်စုများ၏ အပြုအမူများအားကူညီ ထိန်းကျောင်းပေးသော ပြုမူနေထိုင်ခြင်း မူဝါဒများကို လေ့လာသည့် ဘာသာအဖြစ် မည်သို့ ယူဆနိုင်ကြောင်းကိုလည်း လေ့လာခဲ့ပြီး ဖြစ်သည်။ များသောအားဖြင့် ဤမူဝါဒများသည် ရပ်ရွာအဖွဲ့အစည်း၏ အကောင်းနှင့်အဆိုး ရှုမြင်ပုံအပေါ် မူတည်၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် နှစ်ဦးနှစ်ဖက် အပြန်အလှန်ပေးကမ်းခြင်းနှင့် ရယူခြင်းရှိသည့် ဆက်ဆံရေးဆိုသည့် အခြားသူများနှင့် ထိတွေ့ဆက်ဆံရသော ပေါင်းသင်းဆက်ဆံရေးဖြင့် အမြဲရှင်သန်ကြပါသည်။ ထို့ကြောင့် အခြားသူများအပေါ် အမှီသဟဲပြုရန်နှင့် အခြားသူများအား ဂရုပြုရန် လိုအပ်သည်ကို အသိအမှတ်ပြုခြင်းမှာ အရေးပါပါသည်။ ကျင့်ဝတ်ဆိုသည်မှာ လူ့အသိုက်အဝန်းကို ဗဟိုပြုသော သဘောသဘာဝ ရှိသောကြောင့် အထူးပင်အရေးကြီးသည့်အပြင် ယင်းသည် ကျွန်ုပ်တို့ အနေဖြင့် တရားမျှတမှု၊ စည်းလုံးညီညွတ်မှု၊ စာနာရိုင်းပင်းတတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ တန်ဖိုးထားမှုများကို လေးစားကြောင်း ဖော်ပြပေးသည့် အရာလည်းဖြစ်သည်။ ထိုအားထုတ်မှုများနှင့် တွေ့ရှိမှုများသည် ပွင့်လင်းမှု၊ အပြန်အလှန်အပေးအယူရှိမှုနှင့် အပြန်အလှန်လေးစားမှုတို့အပေါ် အခြေခံပြီး တည်ဆောက်ထားသော အပြန်အလှန်နှီးနှော ဆွေးနွေးမှုများနှင့် နီးစပ်စွာဆက်စပ်နေသည့် အရာများဖြစ်သည် (Ćurko et al., 2015)။

# ၂.၂.၁ | အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းတို့သည် မည်သည့်အတွက်ကြောင့် လူမှုကျင့်ဝတ်များ၏ အရေးကြီးအင်္ဂါရပ်များဖြစ်ကြောင်း ရှင်းပြတတ်မည်။
- အခြားသူများနှင့် ထိတွေ့ဆက်ဆံသည့်အခါတွင် အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းကို လက်တွေ့အသုံးချနိုင်မည့် နည်းလမ်းအမျိုးမျိုးကို ဆွေးနွေးတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။

(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ -** သရုပ်ဆောင် သင်ကြားသင်ယူခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကြည့်ရှုလေ့လာခြင်း၊ နေစဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း ပြန်လည်သုံးသပ်ရေးသားခြင်း စာရွက်များ။

## လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ

ဆရာများနှင့် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၂.၂.၁) ကို ကြိုတင်ဖတ်ရှုထားရန် လိုပါသည်။ "အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်း" တို့အတွက် မြန်မာစကားပုံနမူနာများကို ဆရာမှအတန်းမစမီတွင် ကြိုတင်ပြန်လှန် သုံးသပ်ထားသင့်သည်။

**"အပြန်အလှန်လေးစားမှုနှင့် သည်းခံခြင်း" ဆိုင်ရာ မြန်မာစကားပုံ သာဓကများ**

ကျီးကိုဘုတ်ရိုသေ၊ ဘုတ်ကိုကျီးရိုသေ။

ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ။

ရှဥ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ။

တောကြောင့်ကျားလုံ၊ ကျားကြောင့်တောလုံ။

ပိုနေမြဲ ကျားနေမြဲ။

ဘီလူးစည်း လူ့စည်း။

မချစ်သော်လည်း အောင့်ကာနမ်း။

မလျှော့မတင်း စောင်းကြိုးညင်း။

## လိုအပ်သောရင်းမြစ်များ

ကျောင်းသားကိုင်စာအုပ်များနှင့် ဇာတ်လမ်းသရုပ်ဆောင် ပြောဆိုခြင်းအတွက် ပြောဆိုရန် စာသားများပါသည့် ကတ်ပြားများ၊ ဥပမာ - မိဘမှမိဘကိုပြောရန်၊ မိဘမှကလေးကိုပြောရန်၊ အုပ်စုတစ်စုတွင်းမှ သူငယ်ချင်းများပြောရန်၊ ခန္ဓာသန်စွမ်း၍ လုပ်နိုင်ကိုင်နိုင်သူမှ သက်ကြီးရွယ်အိုတစ်ဦး/ မသန်စွမ်းသောသူတစ်ဦးကိုပြောရန်၊ နယ်မြေ၊ မြို့နယ်အရာရှိမှ လူ့အသိုက်အဝန်း၏ အဖွဲ့ဝင်ကိုပြောရန်၊ ဆရာမှကျောင်းသားကိုပြောရန်နှင့် ကံစမ်းမဲနှိုက်ရန်အတွက် အုပ်စုနံပါတ်များထည့်ထားသော ဦးထုပ် (သို့မဟုတ်) ပုံးတစ်ပုံး။

## သင်ယူမှုလုပ်ငန်း (၁)။ သရုပ်ဆောင် သင်ကြားသင်ယူခြင်း (က) (၂၀ မိနစ်)

၁။ ကျောင်းသားများကို ငါးယောက် (သို့မဟုတ်) ခြောက်ယောက်ပါဝင်သော အဖွဲ့များ အဖြစ် ခွဲလိုက်ပါ။ ဇာတ်ကောင်များ၏ ပြောဆိုရန်စာသားများပါသည့် ကတ်ပြားများကို ကျောင်းသားအုပ်စုများအား တစ်စုလျှင် တစ်ကတ်နှုန်းဖြင့် ဝေပေးပါ။

၂။ ကျောင်းသားများအား ၎င်းတို့အုပ်စုများတွင် သရုပ်ဆောင်လုပ်မည့်သူအား ရွေးချယ်ခိုင်းပါ။ ထို့နောက် ကျောင်းသားများသည် ဇာတ်ကောင်များမှ အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းအားပြသသော တစ်မိနစ်စာ အခြေအနေတစ်ရပ်/ စကားပြောခန်းတစ်ခန်းကို စဉ်းစားရန်လိုအပ်ပြီး ထိုအတိုင်းဇာတ်လမ်း သရုပ်ဆောင်ပြောဆိုရမည်။

၃။ ကျောင်းသားများ ၎င်းတို့၏ ဇာတ်လမ်းသရုပ်ဆောင်ပြောဆိုခြင်းကို ပြင်ဆင်ရန် အတွက်အချိန် (၁၀) မိနစ်ပေးပြီး အကယ်၍ ကျောင်းသားများတွင် မေးစရာမေးခွန်း တစ်စုံတစ်ရာ (သို့မဟုတ်) မရှင်းလင်းမှုတစ်စုံတစ်ခု ရှိ/မရှိ သေချာစေရန် စာသင်ခန်းအား လှည့်လည်သွားလာ၍ စောင့်ကြည့်လေ့လာပါ။

၄။ ဆယ်မိနစ်ပြီးနောက် မည်သည့်အဖွဲ့မှ ဇာတ်လမ်းသရုပ်ဆောင်ခြင်းကို စတင်လုပ်ဆောင်ရမည်ကို ဆုံးဖြတ်ရန်အတွက် အုပ်စုတစ်စုချင်းစီအား ကံစမ်းမဲပုံး (သို့မဟုတ်) ဦးထုပ်ထဲမှ နံပါတ်တစ်ခုကို နှိုက်ခိုင်းပါ။ ကျောင်းသားများအား ၎င်းတို့၏ စကားပြောခန်းကို လုပ်ဆောင်ရန်အချိန် တစ်မိနစ်သာရကြောင်း သတိပေးပါ။ အုပ်စုတစ်စုစီ လုပ်ဆောင်ပြီးသွားသည်နှင့်တစ်ပြိုင်နက် ၎င်းတို့၏ ကြိုးပမ်းမှုများအတွက် ချီးမွမ်းမှုနှင့် အားပေးမှုများစွာရရှိစေရန် သေချာဆောင်ရွက်ပါ။

၅။ အုပ်စုအားလုံး ၎င်းတို့၏ ဇာတ်လမ်းသရုပ်ဆောင် ပြောဆိုခြင်းအား လုပ်ဆောင်ပြီးစီးသွားပါက အခြေအနေ/စကားပြောခန်းမှ မည်သည့်အင်္ဂါရပ်များသည် အပြန်အလှန် လေးစားခြင်းနှင့် သည်းခံနိုင်စွမ်းကို ပြသပြီး အဘယ်ကြောင့် ၎င်းတို့အား ထင်ဟပ်ပြသကြောင်း အတန်းလိုက် ပြန်လည်သုံးသပ်ခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဆရာများသည် ကျောင်းသားများ၏ ဇာတ်လမ်းသရုပ်ဆောင်ချက်များသည် အပြန်အလှန် လေးစားမှုနှင့် သည်းခံနိုင်စွမ်းတို့၏ တန်ဖိုးများအပေါ် ထင်ဟပ်ခြင်းရှိစေရန်အတွက်သာ ကျောင်းသားများကို ကြည့်ရှုလေ့လာရန် လိုအပ်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် လေးစားမှု၊ သည်းခံနိုင်စွမ်း၊ ကြင်နာခြင်း၊ ဂုဏ်သိက္ခာနှင့် စာနာရိုင်းပင်းတတ်မှုတို့အား ထင်ဟပ်စေသည့် အခိုက်အတန့်များကိုသာ ပြုမူသင့်ပါသည်။ ထိုသို့ပြုမူနိုင်ရန်အတွက် ကျောင်းသားများသည် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို အသုံးပြုရနိုင်ခြေရှိပါသည်။ အကယ်၍ ကျောင်းသားများ၏ ဇာတ်လမ်းသရုပ်ဆောင်ပြောဆိုခြင်းတွင် အပြန်အလှန်နားလည်မှုနှင့် သည်းခံနိုင်စွမ်းတို့တွင် ပါဝင်သင့်သည်တို့အား သိရှိနားလည်မှု လိုအပ်နေပါက ကျောင်းသားများနှင့် အခြားသောကျောင်းသားအုပ်စုများကို ဇာတ်ကောင်တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းထားနိုင်ရန်အတွက် စကားပြောခန်းများတွင် မည်သည်ကတော့ လစ်ဟာနေခြင်းရှိသည်ကို မေးမြန်းခြင်းဖြင့် လမ်းညွှန်ပေးပါ။

## သင်ယူမှုလုပ်ငန်း (၂)။ သရုပ်ဆောင် သင်ကြားသင်ယူခြင်း (ခ) (၂၀ မိနစ်)

၁။ သင်ယူမှုလုပ်ငန်း (၁) မှ အုပ်စုများအတိုင်းပင် ကျောင်းသားများအား အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းတို့အား မပြသနိုင်လျှင် မည်သည်တို့ဖြစ်နိုင်ကြောင်း စဉ်းစားခိုင်းပါ။ ပြောဆိုရန် စာသားများပါဝင်သော ကတ်ပြားများကို အုပ်စုတစ်စုချင်းစီမှ ပြန်တောင်းပြီး ရောနှောကာ ပြန်လည်ဝေပေးပါ။

၂။ ကျောင်းသားများအား ၎င်းတို့အုပ်စုများတွင် သရုပ်ဆောင်ပြီးသားသူမှလွဲပြီး အခြားသောသူအား သရုပ်ဆောင်လုပ်ရန် ရွေးချယ်ခိုင်းပါ။ ထို့နောက် ကျောင်းသားများသည် ဇာတ်ကောင်များမှ အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းအား ပြသခြင်းမရှိသော တစ်မိနစ်စာ အခြေအနေတစ်ရပ်/ စကားပြောခန်းတစ်ခန်းကို စဉ်းစားပြီး ထိုအတိုင်းဇာတ်လမ်းသရုပ်ဆောင် ပြောဆိုရမည်။

၃။ ဆယ်မိနစ်ပြီးနောက် မည်သည့်အဖွဲ့မှ ဇာတ်လမ်းသရုပ်ဆောင်ခြင်းကို စတင်လုပ်ဆောင်ရမည်ကို ဆုံးဖြတ်ရန်အတွက် အုပ်စုတစ်စုချင်းစီအား ကံစမ်းမဲပုံး (သို့မဟုတ်) ဦးထုပ်ထဲမှ နံပါတ်တစ်ခုကို နှိုက်ခိုင်းပါ။ ကျောင်းသားများအား ၎င်းတို့၏ စကားပြောခန်းကိုလုပ်ဆောင်ရန် အချိန်တစ်မိနစ်သာရကြောင်း သတိပေးပါ။ အုပ်စုတစ်စုစီ လုပ်ဆောင်ပြီးသွားသည်နှင့်တစ်ပြိုင်နက် ၎င်းတို့၏ ကြိုးပမ်းမှုများအတွက် ချီးမွမ်းမှုနှင့် အားပေးမှုများစွာရရှိစေရန် သေချာဆောင်ရွက်ပါ။

၄။ အုပ်စုအားလုံး ၎င်းတို့၏ ဇာတ်လမ်းသရုပ်ဆောင်ပြောဆိုခြင်းအား လုပ်ဆောင်ပြီးစီးသွားပါက ထိုအခြေအနေ/ စကားပြောခန်းမှ မည်သည့်အင်္ဂါရပ်များသည် အပြန်အလှန်

လေးစားမှုမရှိခြင်းအား ပြသနေပြီး အဘယ့်ကြောင့် လေးစားမှုလစ်လပ်နေပြီး ဇာတ်ကောင်များသည် မလေးမစားဆက်ဆံခံရသည့်အခါ မည်ကဲ့သို့ခံစားရသည်ကို အတန်းလိုက်ပြန်လည်သုံးသပ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဆရာသည် ထိတွေ့ဆက်ဆံရာတွင် အပြန်အလှန်လေးစားမှု (သို့မဟုတ်) သည်းခံနိုင်စွမ်းမရှိလျှင် မည်သည်တို့ဖြစ်တတ်ကြောင်း စိတ်ကူးပုံဖော်နိုင်သည့် ကျောင်းသားများ၏ စွမ်းရည်ကိုသာ ကြည့်ရှုလေ့လာရန်လိုပါသည်။ ကျောင်းသားများအား ဇာတ်လမ်းသရုပ်ဆောင်ပြောဆိုခြင်း လုပ်ငန်းလုပ်ဆောင်နေစဉ် ၎င်းတို့၏ အတွေ့အကြုံများကို ဂျာနယ်မှတ်တမ်း/ ပြန်လည် သုံးသပ်ရေးသားခြင်း စာရွက်များတွင် ချရေးနိုင်ကြောင်း သတိပေးပါ။ ဤစာရွက်များသည် ဆရာဖြစ်ရေးအတွက် ၎င်းတို့ရောက်ရှိနေသည့် အခြေအနေအပေါ် ပြန်လည်သုံးသပ်ခြင်းဖြင့် ၎င်းတို့၏ ကိုယ်ပိုင်သင်ယူမှုများကို လေးလေးနက်နက်စဉ်းစားနိုင်ရန် ကူညီပေးဖို့ ရည်ရွယ် ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ယူမှုလုပ်ငန်း (၁) သည် ပထမ သင်ယူမှုလုပ်ငန်း၏ ထိတွေ့ဆက်ဆံမှုတိုင်းမှ ဇာတ်ကောင် တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို သေချာထိန်းသိမ်းစေရန်လိုအပ်သော အပြန်အလှန်လေးစားမှု နှင့် သည်းခံနိုင်စွမ်းကိုထင်ဟပ်သည့် ထိတွေ့ဆက်ဆံမှုဆိုသော အတွေးအခေါ်အယူအဆကို ကျောင်းသားများရရှိဖို့ လမ်းညွှန်ပေးရန် ဖြစ်သည်။ ကျောင်းသားများသည် ထိုအရာကို အပြန်အလှန်လေးစားမှု (သို့မဟုတ်) သည်းခံနိုင်စွမ်းမရှိသည့်အတွက် ချန်လှပ်ထားခြင်း၊ သီးခြားဖယ်ကြဉ်ခံရခြင်း၊ ခွဲခြားဆက်ဆံခြင်း (သို့မဟုတ်) ဖိနှိပ်ခြင်းများရှိနိုင်သော သင်ယူမှုလုပ်ငန်း (၂) အတွက် လုံးဝမတူညီသည့် အခြေအနေတစ်ခု အဖြစ်သို့ ပြောင်းလဲဘာသာပြန်နိုင်ရမည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် ကျောင်းသားများသည် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို အသုံးပြုရနိုင်ခြေရှိပါသည်။

### ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ ဇာတ်လမ်း သရုပ်ဆောင်ပြောဆိုခြင်း (က) (၂၀ မိနစ်)

ပထမဇာတ်လမ်းသရုပ်ဆောင်ပြောဆိုခြင်း (က) ကို အဆုံးသတ်ပြီးနောက်တွင် ကျောင်းသားများသည် ဇာတ်လမ်းသရုပ်ဆောင် ပြောဆိုခြင်း (ခ) နှင့် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများ အတွက် ပြင်ဆင်ရန် ပြောဆိုဆက်ဆံမှု ပြုလုပ်ရာတွင် အပြန်အလှန်လေးစားမှု၏ အင်္ဂါရပ်များကို ၎င်းတို့၏ မှတ်စုစာအုပ်များတွင် စာရင်းပြုစုရမည်။

### လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ ဇာတ်လမ်း သရုပ်ဆောင်ပြောဆိုခြင်း (ခ) (၂၀ မိနစ်)

သင်၏အတန်းပေါ် မူတည်ပြီး ဤလုပ်ဆောင်ချက်တွင် ပြောဆိုရန်စာသားများပါသော ကတ်ပြားများကိုပြင်ဆင်ရန် မလိုအပ်လောက်ပေ။ သင်၏ကျောင်းသားများသည် ပြောဆိုရန်စာသားများပါသော ကတ်ပြားများမလိုဘဲ ၎င်းတို့ဘာသာ မိမိတို့၏ ဇာတ်လမ်းသရုပ်ဆောင်ပြောဆိုခြင်းအတွက် ဇာတ်ကောင်များကို စဉ်းစားနိုင်မည်ဟု ယုံကြည်ပါက ၎င်းတို့၏ အဓိကဇာတ်ကောင် မည်သူဖြစ်မည်ကို ဉာဏ်ဖွင့်စဉ်းစားရန် အတွက် အချိန်အနည်းငယ်ထပ်ပေးပါ။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (အဖွဲ့လိုက်စစ်ဆေးခြင်း ၁၀မိနစ်)

ကျောင်းသားများ မေးခွန်းများကို ဆွေးနွေးနေစဉ်တွင် အခန်းအတွင်း လှည့်လည်သွားလာ၍ ကျောင်းသားများ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကိုရရှိကြောင်း သေချာစေရန်အလို့ငှာ ၎င်းတို့၏ အဖြေများကို နားထောင်ပါ။ အခြားမေးခွန်းများကို စဉ်းစားရန် အချိန်မလုံလောက်ပါက ဆရာများသည် မေးခွန်း (၂) ကို အိမ်စာပေးလိုက်နိုင်ပါသည်။ လိုအပ်ပါက ဆရာသည် ကျောင်းသားများအား ၎င်းတို့၏ ကိုယ်တိုင်ပြန်လည်သုံးသပ်ထားသော ဥပမာ စကားပုံများနှင့် ပတ်သက်ပြီး အကူအညီပေးနိုင်ပါသည်။ ယူဆချက်များနှင့် ပတ်သက်၍ မရှင်းလင်းမှု

(သို့မဟုတ်) နားလည်မှုလွဲမှားခြင်း တစ်စုံတစ်ရာရှိပါက အောက်ပါမေးခွန်းများမေးခြင်းဖြင့် ၎င်းတို့အား လမ်းပြပေးပါ။ ကျွန်ုပ်တို့သည် ကွဲပြားစုံလင်သည့် လူ့အသိုင်းအဝိုင်းများတွင် နေထိုင်သည့်အလျောက် ကျွန်ုပ်တို့အတူတကွ လုပ်ငန်းဆောင်ရွက်ပြီး ထိတွေ့ဆက်ဆံနိုင်ရန် အတွက် မည်သည့်အရာသည် မရှိမဖြစ်ဖြစ်ပါသနည်း။ အခြားသူများသည် ကျွန်ုပ်တို့နှင့် မတူကွဲပြားနိုင်သော်လည်း ကျွန်ုပ်တို့သည် ထိုကွဲပြားမှုများကို သည်းခံနိုင်စွမ်း မရှိသည့်အခါ၌ မည်သို့ဖြစ်မည်နည်း။ အကယ်၍ ကျွန်ုပ်တို့သည် မိမိတို့၏ မတူကွဲပြားမှုများကို သည်းခံနိုင်ပါက ထိုသည်းခံခြင်းမှ အကျိုးဆက်အနေဖြင့် မည်သည်ကို ကျွန်ုပ်တို့ ပြသနိုင်မည်နည်း။

- အပြန်အလှန်လေးစားမှု၏ လက္ခဏာရပ်များမှာ မည်သည်တို့ဖြစ်သနည်း။
- အပြန်အလှန်လေးစားမှု၊ သည်းခံနိုင်စွမ်းတို့နှင့် ဆက်နွယ်သည့် မြန်မာစကားပုံများကို ဉာဏ်ဖွင့်စဉ်းစားပြီး ထိုစကားများ၏ အဓိပ္ပာယ်များကို ဆွေးနွေးကာ ၎င်းတို့အား လက္ခဏာရပ်စာရင်းထဲသို့ ထည့်ပါ။
- လူအများသည် လေးစားမှုကိုမပြရသည့် အကြောင်းအရင်းအချို့မှာ မည်သည်တို့ ဖြစ်မည်နည်း။
- သည်းခံနိုင်စွမ်းနှင့် အပြန်အလှန်လေးစားမှုတို့ကြားရှိ ဆက်စပ်မှုမှာ အဘယ်နည်း။
- အပြန်အလှန်နားလည်မှုနှင့် သည်းခံနိုင်စွမ်းသည် လူမှုကျင့်ဝတ်များနှင့် အခြားသူများ နှင့် ကျွန်ုပ်တို့၏ ထိတွေ့ဆက်ဆံမှုတွင် အဘယ်ကြောင့် အရေးပါသည့်အပိုင်းများ ဖြစ်နေရပါသနည်း။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ အပြန်အလှန်လေးစားမှု၏ လက္ခဏာရပ်များမှာ မည်သည့်တို့ဖြစ်သနည်း။

အဖြေ။ *အခြားသူများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်း၊ အခြားသူများအား နားထောင်ခြင်း၊ အခြားသူများအား နားလည်ပေးခြင်း၊ အခြားသူများ၏ ထင်မြင်ချက်များအား မေးခြင်း၊ အခြားသူများနှင့် အတူတကွ လုပ်ကိုင်လိုခြင်း၊ အခြားသူများထံမှ တုံ့ပြန်အကြံပြုချက်များ လက်ခံရယူပြီး ပြန်လည်တောင်းဆိုခြင်း၊ ထင်မြင်ယူဆချက်ကွဲပြားခြင်းအပေါ် တန်ဖိုးထားပြီး သည်းခံနိုင်ခြင်းနှင့် အုပ်စု၏ ရှုထောင့်များ နောက်ခံအသိုင်းအဝိုင်းနှင့် စိတ်ပါဝင်စားမှုများအား တန်ဖိုးထားခြင်းတို့ ဖြစ်ပါသည်။*

မေးခွန်း ၂။ အပြန်အလှန်လေးစားမှု၊ သည်းခံနိုင်စွမ်းတို့နှင့် ဆက်နွှယ်သည့် မြန်မာစကားပုံများကို ဉာဏ်ဖွင့်စဉ်းစားပြီး ထိုစကားများ၏ အဓိပ္ပာယ်များကို ဆွေးနွေးကာ လက္ခဏာရပ်များကို စာရင်းပြုစုပါ။။

အဖြေ။ *အဖြေများသည် ကွဲပြားမှုရှိမည်ဖြစ်သည်။ ဆရာလမ်းညွှန်၏ သင်ခန်းစာ (၂.၂.၁) အစပိုင်းတွင် ဖော်ပြထားသော "အပြန်အလှန်လေးစားမှုနှင့် သည်းခံခြင်း" ဆိုင်ရာ မြန်မာစကားပုံ သာဓကများကို ပြန်လည်ရည်ညွှန်းပါ။*

မေးခွန်း ၃။ အချို့သောသူများသည် လူအများနှင့် ဆက်ဆံရာတွင် လေးစားမှုမရှိသည့် အကြောင်းရင်းအချို့မှာ မည်သည့်တို့ဖြစ်သနည်း။

အဖြေ။ *လေးစားမှုမရှိသောသူများသည် ၎င်းတို့နှင့် မတူကွဲပြားသောသူများ (သို့မဟုတ်) ၎င်းတို့အနေဖြင့် လေးစားရန် မထိုက်တန်သူဟု ယုံကြည် လက်ခံထားသောသူများနှင့် စပ်လျဉ်း၍ အရိုးစွဲနေသော ယုံကြည်ချက်များနှင့် ပုံသေကားကျယူဆမှုများ ရှိနေနိုင်ပါသည်။ ထိုသူများသည် ၎င်းတို့အနေဖြင့် လေးစားစွာဆက်ဆံရန် ထိုက်တန်ခြင်းမရှိသူဟု မှတ်ယူထားသော လူပုဂ္ဂိုလ် တစ်စုံတစ်ယောက်ကို ပို၍ပင် ခွဲခြားဆက်ဆံနိုင်ပါသည်။*

မေးခွန်း ၄။ သည်းခံနိုင်စွမ်းနှင့် အပြန်အလှန်လေးစားမှုတို့အကြားရှိ ဆက်နွှယ်မှုမှာ အဘယ်နည်း။

အဖြေ။ *သည်းခံနိုင်စွမ်း ဆိုသည်မှာ ထင်မြင်ယူဆချက်များ ကွဲပြားစုံလင်မှုရှိနိုင်ပုံကို လက်ခံပြီး မိမိနှင့်မတူကွဲပြားသောသူများ၏ ရပ်တည်ချက်များကို လက်ခံနိုင်ခြင်း ဖြစ်သည်။ အပြန်အလှန်လေးစားမှု ဆိုသည်မှာ အခြားသူများကို အသိအမှတ်ပြု လက်ခံခြင်းဖြစ်ပြီး ၎င်းသည် ကွဲပြားစုံလင်မှုအား လက်ခံနိုင်သည့် သင်၏ သဘောထားကို ထင်ဟပ်စေပါသည်။*

မေးခွန်း ၅။ အပြန်အလှန်နားလည်မှုနှင့် သည်းခံနိုင်စွမ်းသည် လူမှုကျင့်ဝတ်များနှင့် လူမှုဆက်ဆံရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ အဘယ်ကြောင့် ပါဝင်နေသနည်း။

အဖြေ။ *အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းသည် လူသားများအကြား ပေါင်းသင်းဆက်ဆံရေး တည်ဆောက်၊ ထိန်းသိမ်းရာတွင် ကျွန်ုပ်တို့၏ အပြုအမူများကို ထိန်းကျောင်းပေးသော လူမှုကျင့်ဝတ်များ၏ အခြေခံ အစိတ်အပိုင်းများဖြစ်ပါသည်။ တစ်ဦးအပေါ်တစ်ဦးမှီခိုခြင်းနှင့် တစ်ဦးအပေါ်တစ်ဦး ကရုဏာထားခြင်းဖြင့် တစ်ဦးတစ်ယောက်ချင်းစီနှင့် လူ့အသိုက်အဝန်းများအကြား ငြိမ်းချမ်းစွာ အတူတကွ ရှင်တွဲနေထိုင်နိုင်ရန် ကျွန်ုပ်တို့သည် အပြန်အလှန်လေးစားမှု၊ ရိုင်းပင်းကူညီတတ်မှု နှင့် သည်းခံနိုင်စွမ်းတို့အား လက်ကိုင်ကျင့်သုံးရန် လိုအပ်ပါသည်။*

# ၂.၃။ မြန်မာနိုင်ငံအတွင်း လူမှုကျင့်ဝတ်များနှင့် စပ်လျဉ်း၍ တန်ဖိုးထားမှု

ကျွန်ုပ်တို့သည် မိမိတစ်ဦးတည်း သီးခြားနေထိုင်ခြင်း မဟုတ်သည့်အတွက် မိမိတို့၏ လုပ်ဆောင်မှုများ (သို့မဟုတ် လုပ်ဆောင်ရန်ပျက်ကွက်မှုများ) သည် အခြားသူများနှင့် မိမိတို့၏ ပတ်ဝန်းကျင်အပေါ်တွင် အကျိုးဆက်များသက်ရောက်စေပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည်မိမိတို့၏ လုပ်ဆောင်မှုများကြောင့် အခြားသူများအပေါ် သက်ရောက်နိုင်ခြေရှိသော သက်ရောက်မှုများနှင့် အကျိုးဆက်များကို စဉ်းစားရန် တာဝန်ရှိသည်။ ထိုသို့စဉ်းစားခြင်းအားဖြင့် ကျွန်ုပ်တို့ကျင့်ဝတ်နှင့်အညီ ပြုမူနေကြောင်း သေချာစေပါသည်။ မြန်မာနိုင်ငံတွင် ကျွန်ုပ်တို့အနေဖြင့် မိမိတို့၏မိသားစုဝင်များကို ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ရှိသကဲ့သို့ အခြားသော လူ့အသိုက်အဝန်းများသာမက တစ်နိုင်ငံလုံးကိုလည်း စုပေါင်းကြည့်ရှုစောင့်ရှောက်ရန် တာဝန်ရှိသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးဆိုင်ရာ၊ ဥစ္စာခနကြွယ်ဝမှုဆိုင်ရာနှင့် ဒီမိုကရေစီဆိုင်ရာရည်မှန်းချက်များ ရရှိအောင်မြင်ရန်အတွက် လိုအပ်သော ကျင့်ဝတ်ဆိုင်ရာ လိုအပ်ချက်များတွင် အပြန်အလှန်လေးစားမှု၊ သည်းခံစိတ်ရှိမှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့ ပါဝင်သည်။ မြန်မာနိုင်ငံရှိ လူ့အသိုက်အဝန်းများ၏ လိုအပ်ချက်များနှင့် ရပ်တည်ချက်များ ကွဲပြားစုံလင်မှုကြောင့် ဤရည်မှန်းချက်များ ရရှိအောင်မြင်ရန်အတွက် သာတူညီမျှပြီး အားလုံးပါဝင်နိုင်သော ချဉ်းကပ်မှုမျိုး လိုအပ်သည်။ မြန်မာလူငယ်များ အနေဖြင့်ဖြောင့်မတ်တည်ကြည်မှု စံနှုန်းများအကြောင်း နိုးကြားသိရှိလာစေရန်အတွက် ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေး တည်ဆောက်ရာတွင် ထိုကျင့်ဝတ်များ ပျက်ပြားခြင်းမရှိစေရန် လူတစ်ဦးတစ်ယောက်ချင်းစီတိုင်း ဖြောင့်မတ်တည်ကြည်မှုရှိအောင်လည်း ပျိုးထောင်ပေးရန် လိုအပ်သည်။ ဤအခန်းငယ်တွင် ထိုအဓိကတန်ဖိုးထားမှုများနှင့် ချဉ်းကပ်မှုများကို မည်သို့ပြုစုပျိုးထောင်၍ မြှင့်တင်နိုင်သည်ကို အသေးစိတ်လေ့လာရမည် ဖြစ်ပါသည်။

# ၂.၃.၁ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မြန်မာလူ့အဖွဲ့အစည်းတွင် လူမှုရေးဆိုင်ရာ တန်ဖိုးထားမှုများဖြစ်သည့် ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းမှုတို့အား မည်သည့်အတွက်ကြောင့် တန်ဖိုးထားပြီး မည်သို့ကျင့်သုံးကြောင်း ရှင်းပြတတ်မည်။
- ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့မှာ မည်သည်တို့ဖြစ်ကြောင်း ဖော်ပြတတ်ပြီး ထိုစံတန်ဖိုးများကို မည်ကဲ့သို့ မွေးမြူနိုင်ကြောင်း လေ့လာဆန်းစစ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - သင် မည်သူ့အား သိရှိသနည်း။ လက်တွေ့မဆန်သော/ အဆိုးမြင်သော အမြင်များ။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ဆရာများနှင့် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၂.၃.၁) ကို ကြိုတင်ပြီး ဖတ်ရှုရန် လိုအပ်သည်။ "ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု" အတွက် မြန်မာစကားပုံ သာဓကများကို ဆရာသည် အတန်းမစမီတွင် ကြိုတင်ပြန်လှန်သုံးသပ်ထားသင့်သည်။

**"ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု" အတွက် မြန်မာစကားပုံ သာဓကများ**

## ဖြောင့်မတ်တည်ကြည်မှု

"ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်လှစေ။" (ရှင်မဟာရဋ္ဌသာရ၊ "ဆုံးမစာ")

"သူ့ကိုမမှား၊ မလှည့်စားနှင့် စကားစမြည်၊ မွက်သည့်စစ၊ ပြောသမျှကိုမှန်လှစေ။" (ရှင်မဟာရဋ္ဌသာရ၊ "ဆုံးမစာ")

ရိုးရိုးကျင့် မြင့်မြင့်ကြံ။

ကောက်သော် စားမလောက်၊ ဖြောင့်သော် စားမကုန်။

## စိတ်ချယုံကြည်ရမှု

အကျင့်ကောင်းမှ သီလမြဲ၏။

အယုံအကြည်ရှိမှ အမှုမြဲ၏။

ပညာရှိကိုပေါင်း၊ သမားကောင်းကိုဖက်။

## စာနာရိုင်းပင်းတတ်မှု

ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ သူ့အသက်ကို ချစ်ပါလေ။ (ရှင်မဟာရဋ္ဌသာရ၊ "ဆုံးမစာ")

ကျောကသား လည်းသား၊ ရင်ကသား လည်းသား။

## လိုအပ်သောရင်းမြစ်များ

ကျောင်းသားကိုင် စာအုပ်၊ A4 စာရွက်၊ သင်ယူမှုလုပ်ငန်း (၂) အတွက် မည်သည့်အဖွဲ့က ဦးစွာတင်ဆက်ရမည်ကို ရွေးချယ်ရန် ကံစမ်းမဲနှိုက် ဦးထုပ်/ ပုံး။

## သင်ယူမှုလုပ်ငန်း (၁)။ သင် မည်သူ့အား သိရှိသနည်း။ (၂၀ မိနစ်)

၁။ ကျောင်းသားများအား ၎င်းတို့၏ဘဝတွင် ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့ကို ပြသသည့် လူတစ်ယောက်ကို စဉ်းစားခိုင်းပါ။ ၎င်းတို့ကိုယ်တိုင်စဉ်းစားရန် အချိန်တစ်မိနစ်ပေးပါ။ ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များတွင် ပါသော အကွက်ထဲတွင် ထိုသူအကြောင်း မှတ်စုရေးရန် တိုက်တွန်းပါ။

၂။ ကျောင်းသားများအား အတွဲအလိုက် အတူလုပ်ဆောင်ရန် အတန်းဖော်တစ်ယောက်ရှာခိုင်းပါ (သို့မဟုတ် ကျောင်းသားများ အတူတွဲ မလုပ်ဆောင်ဖူးသေးသောသူအချင်းချင်း အတွဲလိုက်လုပ်ဆောင်ကြောင်း သေချာစေရန် လိုအပ်ပါက မိမိကိုယ်တိုင် အတွဲများခွဲပေးပါ)။ ကျောင်းသားများသည် အတွဲများအလိုက် ၎င်းတို့စဉ်းစားထားသော လူနှစ်ယောက်၏ အပြုအမူပိုင်းဆိုင်ရာ လက္ခဏာများကို စာရင်းပြုလုပ်ရန် လိုအပ်သည်။ ထိုလုပ်ငန်းအတွက် ကျောင်းသားများကို အချိန် (၅) မိနစ်ပေးပါ။

၃။ ငါးမိနစ်ကြာပြီးနောက် ကျောင်းသားအတွဲ တစ်တွဲတိုင်းကို အခြားနှစ်တွဲဖြင့် ပူးပေါင်းလုပ်ဆောင်ခိုင်းပါ။ ထိုအခါ အုပ်စုတစ်စုလျှင် ကျောင်းသားခြောက်ယောက်ဖြစ်သွားလိမ့်မည်။ ကျောင်းသားများ၏ စိတ်ထဲတွင် တွေးထင်ယူဆခဲ့သူများ၏ အပြုအမူပိုင်းဆိုင်ရာ လက္ခဏာများကို စာရင်းပြုလုပ်ခိုင်းပြီး မြန်မာလူ့ဘောင်အဖွဲ့အစည်းအတွင်း လူပုဂ္ဂိုလ်တစ်ဦး၏ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့ကို ပြသနိုင်သည့် ယေဘုယျအခြေအနေများကို ကျောင်းသားများအား ဖော်ထုတ်ခိုင်းပါ။ ၎င်းတို့၏ အတွေးအမြင်များကို အတန်းထဲတွင် မျှဝေရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ၎င်းတို့တွင် ဆွေးနွေးချိန် (၁၀) မိနစ်ရှိကြောင်း ပြောပါ။ ဆန္ဒရှိပါက ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ထဲရှိ ပေးထားသောအကွက်တွင် မှတ်စုများရေးသားနိုင်သည်။

၄။ လူတစ်ဦးတစ်ယောက်ထံမှ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့ကို ပြသနိုင်သည့် ယေဘုယျအခြေအနေများနှင့် ပတ်သက်သည့် ကျောင်းသားများ၏ အတွေးအမြင်များကို မိမိတို့၏ ဆန္ဒအလျောက် တင်ပြချက်များ ဖော်ထုတ်ခိုင်းပါ။

၅။ ကျောင်းသားများ စာသင်ခန်းတွင်း ၎င်းတို့၏ အတွေးအမြင်များကို ဝေမျှသည့် မျက်နှာစုံညီလုပ်ငန်းအပြီး၌ လှုပ်ရှားမှုအစတွင် ၎င်းတို့စဉ်းစားထားသူကို သရုပ်ဖော်ပြနိုင်မည့် နီးစပ်သော မြန်မာစကားပုံများကို ဆွေးနွေးရန် အုပ်စုများဆီသို့ ပြန်သွားခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း


ကျောင်းသားများသည် ၎င်းတို့၏ ဘဝအတွေ့အကြုံများနှင့် သင်ခန်းစာပါ အကြောင်းအရာများကို ဆက်စပ်သိရှိနိုင်ကြောင်း သေချာစေရန် လူတစ်ဦး၏ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုကို ထုတ်ဖော်ပြသသည့် အခြေအနေများနှင့် ပတ်သက်၍ ကျောင်းသားများမှ မိမိဆန္ဒအလျောက် အတွေးအမြင်များကို မျှဝေနေစဉ်တွင် ဆရာများသည် ကျောင်းသားများကို ဂရုပြုလေ့လာရန် လိုအပ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် အောက်ပါအခြေအနေများနှင့် ပတ်သက်၍ မျှဝေနိုင်သည်။

| ဖြောင့်မတ်တည်ကြည်မှု | စိတ်ချယုံကြည်ရမှု | စာနာရိုင်းပင်းတတ်မှု |
|---|---|---|
| • ကတိတည်ခြင်း<br><br>• မိတ်ဆွေတစ်ဦး၏ ယုံကြည်မှုကို ဘယ်သောအခါမှ မလှည့်ဖျားခြင်း<br><br>• မိမိပြုလုပ်ခဲ့သည့်အရာအတွက် အခြားသူအပေါ် အပြစ်မပုံချခြင်း<br><br>• တစ်စုံတစ်ဦး၏ မကောင်းကြောင်းကို မပြောခြင်း | • တစ်သမတ်တည်း ပြုမူတတ်ခြင်း<br><br>• ဖြောင့်မတ်တည်ကြည်မှုရှိခြင်းနှင့် မိမိအကျိုးအတွက် သူတစ်ပါးကို ဘယ်သောအခါမှ မလှည့်ဖျားခြင်း<br><br>• ရုပ်ဝါဒီကိုင်စွဲသူ မဟုတ်ခြင်း (သို့မဟုတ်) ငွေနောက်မလိုက်ခြင်း<br><br>• အားကိုးရပြီး အခြားသူများနှင့် အတူတကွ လုပ်ဆောင်နိုင်သူဖြစ်ခြင်း | • ကြင်နာမှုရှိခြင်း။ ဥပမာ - ဆင်းရဲသူများကို အဝတ်အစားနှင့် အစားအစာလှူခြင်း၊ တစ်စုံတစ်ယောက်အတွက် တံခါးဖွင့်ပေးခြင်း<br><br>• အခြားသူများအား ကြားဖြတ်ခြင်းမပြုဘဲ အချိန်ပေး၍ နားထောင်ပေးခြင်း၊ ၎င်းတို့၏ အခြေအနေများကို နားလည်ပေးခြင်း<br><br>• မည်သည့်အချိန်၌ ပဋိပက္ခအတွင်း ဝင်ရောက်စွက်ဖက်ခြင်း မပြုရမည်ကို သိရှိခြင်းနှင့် တစ်ဖက်သား၏ လိုအပ်ချက်များကို နားလည်ရန် ကြိုးစားခြင်း |

| ဖြောင့်မတ်တည်ကြည်မှု | စိတ်ချယုံကြည်ရမှု | စာနာရိုင်းပင်းတတ်မှု |
|---|---|---|
| • တစ်စုံတစ်ယောက် ပိုက်ဆံကျကျန်ခဲ့ပါက မသိမ်းထားဘဲ ပြန်ပေးခြင်း | • တာဝန်ခံမှုရှိပြီး ပရိယာယ်ကင်းခြင်း<br>• ဘယ်သောအခါမျှ မလိမ်ညာခြင်း | • ကျေးဇူးတင်တတ်ခြင်းနှင့် ကျေးဇူးတင်ကြောင်း မကြာခဏ ပြောဆိုတတ်ခြင်း |



## သင်ယူမှုလုပ်ငန်း (၂)။ လက်တွေ့မဆန်သော/ အဆိုးမြင်သော အမြင်များ (၂၅ မိနစ်)

၁။ လူများ၏ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့ကို ပြသသည့် အခြေအနေများနှင့် ပတ်သက်သည့် ဖြစ်စဉ်တစ်ခုကို ဖတ်ပါ (ကျောင်းသားကိုင်စာအုပ်ရှိ အကြောင်းအရာများတွင် ဖြစ်စဉ်နှင့်သက်ဆိုင်သော ရုပ်ပုံများ ပါရှိပါသည်)။

| |
|---|
| ဖွေးဖွေးသည် သူ့မိဘများနှင့် လက်ဖက်ရည်ဆိုင်ထိုင်နေသည်။ ဖွေးဖွေးသည် သူ၏အကြိုက် မနက်စာဖြစ်သော အုန်းနို့ခေါက်ဆွဲထဲတွင် ကြက်ဥပြုတ်နှင့် မုန့်ကြွပ်ကြော်ထပ်ထည့်ပြီး စားနေစဉ်တွင် အခြားစားသုံးသူတစ်ယောက်သည် စားသောက်ပြီးစီးသွားသဖြင့် စားပွဲထိုးအား ငွေရှင်းပေးသည်ကို မြင်လိုက်သည်။ ထိုအမျိုးသမီးက ပြန်ရန်ထလိုက်ချိန်တွင် သူ၏ငွေအကြွေအချို့ ကြမ်းပေါ်ပြုတ်ကျသွားသည်။ သို့သော် သူသတိမထားမိလိုက်ချေ။ ဖွေးဖွေးသည် စားနေသည်ကို ရပ်လိုက်ပြီး ထိုအမျိုးသမီး ထွက်သွားခါစခုံကို ပြေးသွားလိုက်သည်။ သူသည် ငွေအကြွေများကိုကောက်လိုက်ပြီးထိုအမျိုးသမီးကိုပြန်ပေးလိုက်သည်။အမျိုးသမီးက သူ့ကိုကျေးဇူးတင်ကြောင်းပြောပြီး ထွက်သွားသည်။ သူ့စားပွဲကို ပြန်ရောက်ချိန်တွင် ဖွေးဖွေးသည် သူဗိုက်မဆာတော့ကြောင်းပြောပြီး ပါဆယ်ထုပ်ခိုင်းပေးရန်နှင့် ငွေရှင်းပေးရန် သူ့မိဘများကို ပြောလိုက်သည်။ လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးသည် ငွေအကြွေပြန်အမ်းသော်လည်းအမ်းငွေမှာအလွန်များနေသည်။ဖွေးဖွေး၏မိဘများက စားပွဲထိုးကိုပြန်ခေါ်ပြီး ပိုနေသောပိုက်ဆံကို ပြန်ပေးလိုက်သဖြင့် စားပွဲထိုးက ၎င်းတို့ကို ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ အိမ်အပြန်လမ်းတွင် ဖွေးဖွေးနှင့် သူ၏မိဘတို့သည် လမ်းပေါ်တွင် ပိုက်ဆံနှင့်စားစရာ တောင်းရမ်းနေသည့် ဆာလောင်နေသော ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ကောင်လေးအတွက် စိတ်မကောင်းဖြစ်သွားကြ၍ ထိုကောင်လေးကို မနက်စာစားရာမှ ပိုကျန်နေသေးသည့် အုန်းနို့ခေါက်ဆွဲကို ကျွေးလိုက်သည်။ ကောင်လေးလည်း အလွန်ကျေးဇူးတင်သွားသည်။ |

၂။ ဖွေးဖွေး နှင့်/သို့မဟုတ် သူ့မိဘများမှ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့ကို ပြသသည့် အခိုက်အတန့်များကို အတန်းတစ်တန်းလုံး အနေဖြင့် ပြန်လည်သုံးသပ်ပါ။

၃။ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု မရှိသည့် မြန်မာနိုင်ငံအတွင်းရှိ အခြေအနေတစ်ခုကို ပုံဖော်ရန် သင်ယူမှုလုပ်ငန်း (၁) မှ ကျောင်းသားခြောက်ယောက်တစ်ဖွဲ့အား မေးမြန်းပါ။ ကျောင်းသားများသည် တစ်မိနစ် မှ နှစ်မိနစ် ကြာရှည်သော ဇာတ်လမ်းအတိုတစ်ပုဒ် ရေးနိုင်သလို ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု မရှိခြင်း၏ အကျိုးဆက်များကို ပြန်လည်သုံးသပ်စေသည့် ပုံများလည်း ရေးဆွဲနိုင်သည်။ သို့တည်းမဟုတ်ပါက တစ်မိနစ် မှ နှစ်မိနစ်ထိကြာရှည်သော ဇာတ်လမ်းတစ်ပုဒ် ကိုလည်း သရုပ်ဆောင်နိုင်သည့်အပြင် ၎င်းတို့၏ ခန္ဓာကိုယ်များကို အသုံးပြု၍ လှုပ်တစ်ပြက်ရိုက်ချက် (ပုံရိပ်ခန်းမ) ကိုလည်း ဖန်တီးနိုင်သည်။ အုပ်စုတစ်စုလျှင် ကွဲပြားသော သရုပ်ဖော်မှုတစ်ခုစီရွေးလျှင် ကိစ္စမရှိကြောင်း ကျောင်းသားများကို ပြောပြပါ။ ထိုအတွေးအား သရုပ်ဖော်တင်ပြရန် ပြင်ဆင်ချိန် (၁၀) မိနစ်ပေးပါ။

၄။ ကျောင်းသားများ လုပ်ဆောင်နေစဉ်တွင် အတန်းကို လှည့်လည်ကြည့်ရှုပြီး ၎င်းတို့၏ ဆွေးနွေးချက်များကို စောင့်ကြည့်လေ့လာပါ။ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု မရှိသည့် မြန်မာနိုင်ငံအတွင်းရှိ အခြေအနေများအတွက် မည်သို့တင်ပြနိုင်မည်နှင့် ပတ်သက်၍ တွေးခေါ်ရာတွင် လိုအပ်ပါက ကူညီပေးပါ။

၅။ ဆယ်မိနစ်ပြီးနောက် မည်သည့်အဖွဲ့မှ တင်ပြချက်ကို စတင်လုပ်ဆောင်ရမည်ကို ဆုံးဖြတ်ရန်အတွက် အုပ်စုတစ်စုချင်းစီအား ကံစမ်းမဲနှိုက်ပုံး (သို့မဟုတ် ဦးထုပ်) ထဲမှ နံပါတ်တစ်ခုစီအား နှိုက်ခိုင်းပါ။ ကျောင်းသားများသည် ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု မရှိသည့် မြန်မာနိုင်ငံအတွင်းရှိ အခြေအနေများကို တင်ပြရန်အတွက် ရွေးချယ်ထားပါက ၎င်းတို့ စကားပြော သရုပ်ဆောင်ရန် (သို့မဟုတ်) ၎င်းတို့၏ ဇာတ်လမ်းတိုများ ဖတ်ပြရန်အတွက် ၎င်းတို့တွင် အချိန်တစ်မိနစ် မှ နှစ်မိနစ် ရှိကြောင်း သတိပေးပါ။

၆။ အုပ်စုတစ်စုစီမှ တင်ပြပြီးသွားသည်နှင့်တစ်ပြိုင်နက် ၎င်းတို့၏ ကြိုးပမ်းမှုများအတွက် ဝမ်းမြောက်စွာ ချီးမွမ်းအားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤသင်ယူမှုလုပ်ငန်းသည် ကျောင်းသားများ၏ အသိသညာများကို စိတ်လှုပ်ရှားခံစားမှု နယ်ပယ်များနှင့် ထိတွေ့ပေးရန်ရည်ရွယ်သည်။ ထို့ကြောင့် ကျောင်းသားများက ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုမရှိသည့် မြန်မာနိုင်ငံ အတွင်းရှိ အခြေအနေများကို မှန်းဆကြည့်သည့်အချိန်တွင် ဆရာများသည် မိမိတို့ကျောင်းသား များကို လေ့လာကြည့်ရှုရန် လိုအပ်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ တင်ပြသော အခြေအနေများသည် သင်ယူမှုလုပ်ငန်း (၁) တွင် ၎င်းတို့ စဉ်းစားခဲ့သော ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့ကို ထင်ဟပ်ပြသသည့် အခြေအနေများနှင့် ဆန့်ကျင်ဘက်ဖြစ်သင့်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ဤစံတန်ဖိုးများကို ထင်ဟပ်မှုမရှိခြင်း၏ အကျိုးဆက်များကို ပြသရာတွင် ဖန်တီးမှုဉာဏ်စွမ်းဖြင့် လုပ်ဆောင်ရန် ၎င်းတို့အား တိုက်တွန်းပါ။

---

### လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ ကျွန်ုပ် မည်သူ့အား သိရှိသနည်း။ (၂၅ မိနစ်)

သင်ကြားချိန် အကန့်အသတ်ရှိပါက သင်ယူမှုလုပ်ငန်းမှ မြန်မာစကားပုံများ ရှာဖွေသည့် အဆင့်ကို အိမ်စာအနေဖြင့် စီမံဆောင်ရွက်နိုင်ပါသည်။

---

### ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ လက်တွေ့မဆန်သော/ အဆိုးမြင်သော အမြင်များ (၂၅ မိနစ်)

နှစ်ဆယ့်ငါးမိနစ်ထက်ပို၍ အချိန်လိုအပ်ပါက ဤလုပ်ဆောင်မှုကို နောက်စာသင်ချိန်တွင် ဆက်လက်လုပ်ဆောင်နိုင်သည်။ ကျောင်းသားများသည် ဤသင်ခန်းစာ သင်ယူနေစဉ် အစီအစဉ်ရေးဆွဲကာ အိမ်စာကိုပြီးမြောက်အောင် လုပ်ဆောင်ပြီး နောက်သင်ခန်းစာ အစတွင် ၎င်းတို့၏ သရုပ်ဖော်မှုများကို တင်ပြနိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို ကျောင်းသားများအတွက် အိမ်စာအဖြစ် စီမံထည့်သွင်းနိုင်သည်။ ၎င်းတို့၏ လက်တွေ့ဘဝနှင့် အသက်မွေးဝမ်းကြောင်းဘဝတွင် ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့၏ သက်ရောက်မှုများကို ၎င်းတို့၏ သင်ယူမှု ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) များတွင် ပြန်လည်သုံးသပ်ရန် တိုက်တွန်းပါ။

- မြန်မာနိုင်ငံတွင် ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့ကို ပြသရန် ဧကန် လိုအပ်နေသည့် အခြေအနေများကို ဖော်ပြပါ။
- အလယ်တန်းကျောင်းတွင် ထိုစံတန်ဖိုးများကို ပြုစုပျိုးထောင်ရာတွင် အထောက်အကူဖြစ်စေရန် ကျွန်ုပ်တို့၏ စာသင်ခန်းများအတွင်း ပြုလုပ်နိုင်သည့် လုပ်ငန်းများကို ဖော်ပြပါ။

# ၂.၃.၂ | တန်းတူညီမျှမှုနှင့် သာတူညီမျှမှု

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ကို ခွဲခြားတတ်မည်။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ကို လက်တွေ့ဘဝအခြေအနေများတွင် မည်သို့ကျင့်သုံးနိုင်ကြောင်း ဆန်းစစ်တတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ -** ဗီဒီယို ကြည့်ရှုခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကြည့်ရှုလေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) များ။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ဆရာများနှင့် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ(၂.၃.၂)ကို ကြိုတင်ပြီး ဖတ်ရှုရန်လိုအပ်သည်။ ကျောင်းသားများ သင်ယူမှုလုပ်ငန်း (၁) ရှိ တီပုံစံ ဇယားကွက်ကို အပြီးသတ်နိုင်ရေးကို ကူညီပေးရန်အတွက် “တန်းတူညီမျှမှု” နှင့် “သာတူညီမျှမှု” အကြား ကွာခြားချက်များ၏ အခြားဥပမာများကို ဆရာများက စဉ်းစားသင့်သည်။ တန်းတူညီမျှမှုနှင့် သာတူညီမျှမှု အကြား ကွာခြားမှုကို ပြသသည့်ပုံတွင် အရပ်အမြင့်ဆုံးယောကျ်ားလေးသည် အဘယ်ကြောင့် သေတ္တာတစ်လုံးသာ ရရှိကြောင်းနှင့် ၎င်းသည် မျှတမှုရှိ/မရှိဆိုသည်နှင့် ပတ်သက်သည့် မေးခွန်းများကို ကျောင်းသားများထံမှ မျှော်လင့်ထားပါ။ အကယ်၍ သင်သည် ထိုကဲ့သို့သော မေးခွန်းများကို လက်ခံရရှိပါက ထိုကောင်လေးသည် အရပ်ရှည်သောကြောင့် ကောင်းစွာမြင်နိုင်ရန် ရင်းမြစ်အနည်းငယ်သာလိုသည် ဟူသော အယူအဆကို လမ်းညွှန်နိုင်ရန် အခြားမေးခွန်းများကို မေးခြင်းဖြင့်တုံ့ပြန်ပါ။ နမူနာမေးခွန်းများမှာ - ‘ရုပ်ပုံကို ကြည့်လျှင် (တန်းတူညီမျှမှု) ထိုရုပ်ပုံတွင် မည်သည်က တရားမျှတမှု မရှိသနည်း။’ ‘မည်သည့်အတွက်ကြောင့် တရားမျှတမှုမရှိသနည်း။ အဘယ်ကြောင့်ဆိုသော် အရပ်အပုဆုံးကောင်လေးသည် ကုန်သေတ္တာတစ်လုံးတည်း ရရှိလျှင် မြင်နိုင်ခြင်း မရှိဘဲ အရပ်အမြင့်ဆုံးကောင်လေးမှာမူ ကုန်သေတ္တာ တစ်ခုမျှပင် လိုအပ်ခြင်း မရှိသောကြောင့်ဖြစ်သည်)။

**လိုအပ်သောရင်းမြစ်များ -** ကျောင်းသားကိုင် စာအုပ်၊ သင်ယူမှုလုပ်ငန်း (၂) တွင် ပါရှိသည့် အခြေအနေများဖြင့် လုပ်ဆောင်ရမည့်အချက်များပါသော ကတ်များ၊ သင်ယူမှုလုပ်ငန်း(၁)ဗီဒီယို-https://www.youtube.com/watch?v=nCS7Rus4_-Y

## သင်ယူမှုလုပ်ငန်း (၁)။ ဗီဒီယို ကြည့်ရှုခြင်း (၂၀ မိနစ်)

၁။ ဗီဒီယိုလင့်ခ်ကိုဖွင့်ပြီး ညွှန်ကြားချက်များပေးနေစဉ်တွင် ဗီဒီယိုကို ခေတ္တရပ်ထားပါ။ 'တန်းတူညီမျှမှု'နှင့် 'သာတူညီမျှမှု' ကြား ကွာခြားချက်များနှင့် ပတ်သက်သည့် ဗီဒီယို တစ်ခုကို ကြည့်ရတော့မည်ဖြစ်ကြောင်း ကျောင်းသားများကို အသိပေးပါ။ ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များတွင် ပါရှိသော အကွက်များတွင် မှတ်စုများ ရေးသားရန် လိုသည်။

၂။ ဗီဒီယိုကို ပြသပါ။ ကျောင်းသားများ ဗီဒီယိုကိုမြင်နိုင်၊ ကြားနိုင်ပြီး သင့်လျော်သည့် အကွက်များတွင် မှတ်စုများရေးသားနေကြောင်း သေချာစေရန်အတွက် အခန်းအတွင်း လှည့်လည်ကြည့်ရှုပါ။

၃။ ဗီဒီယို ပြသပြီးနောက် ကျောင်းသားများကို ၎င်းတို့၏ စာအုပ်များမှ ဒုတိယမေးခွန်းကို ကြည့်ခိုင်းပါ။ ကျောင်းသားများသည် ဗီဒီယိုမှ ကိုးကားချက်ကို ဖတ်ရှု၍၊ ဗီဒီယိုတွင် ပါရှိသည့် အတွေးအခေါ်များနှင့် အဆိုပါကိုးကားချက်ကို အသုံးပြုလျက် သာတူညီမျှမှုသည် မျှတမှုနှင့် အားလုံးအကျုံးဝင်မှုတို့နှင့် မည်သို့ ဆက်စပ်နေကြောင်း ရှင်းပြကြရမည်။ ကျောင်းသားများသည် ၎င်းတို့၏ အတွေးအခေါ်များကို ၎င်းတို့၏ဘေးရှိ အတန်းဖော်နှင့် ဆွေးနွေးစေပါ။ တွေးခေါ်ဆွေးနွေးရန်အတွက် ၎င်းတို့ကို အချိန် (၅) မိနစ် ပေးပါ။

၄။ ၎င်းတို့အတွဲလိုက်အနေဖြင့် ကျောင်းသားကိုင်စာအုပ်များတွင် ပါဝင်သော တန်းတူ ညီမျှမှုနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ရန် ကျောင်းသားများကိုပြောပါ။ ထို့နောက် တန်းတူညီမျှမှု (သို့မဟုတ်) သာတူညီမျှမှုကို ပြသသော (သို့မဟုတ်) ပြသင့်သည့် အခြားအခြေအနေများနှင့် ပတ်သက်၍ တီပုံစံ ဇယားကွက်တွင်အကြံဥာဏ်များထပ်ထည့်ပါ။ (အောက်တွင်ပါဝင်သော ဥပမာများကို ကျောင်းသားကိုင်စာအုပ်များတွင် ထည့်သွင်းထားသည်)။

| တန်းတူညီမျှမှု | သာတူညီမျှမှု |
|---|---|
| လူအားလုံးသည် သန့်ရှင်းသောရေကို ရပိုင်ခွင့်ရှိသည်။ | လူမှုအဖွဲ့အစည်းရှိ အဆင်းရဲဆုံးသူများနှင့် ဝေးလံခေါင်သီသောဒေသများတွင် နေထိုင်သူများကို သန့်ရှင်းသောရေကို တတ်နိုင်သော နည်းလမ်းများဖြင့် ထောက်ပံ့ပေးသည်။ |
| အမျိုးသားများရော အမျိုးသမီးများပါ တူညီသော အခွင့်အရေးများ၊ အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များ ရရှိနိုင်သည်။ | အမျိုးသမီးများနှင့် အမျိုးသားများအပါအဝင် မည်သည့် လိင်ဖြစ်တည်မှုခံယူချက်ရှိသူမဆို တရားမျှတစွာ ဆက်ဆံခြင်းနှင့် အားလုံးအကျုံးဝင်ပါဝင်ခြင်း |
| | |
| | |

## စစ်ဆေးအကဲဖြတ်ခြင်း

မေးခွန်းများနှင့်စပ်လျဉ်း၍ ကျောင်းသားများ၏ တုံ့ပြန်မှုများသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီမှုရှိစေရန် ဆရာသည် စာသင်ခန်းအတွင်း လှည့်လည်၍ ကျောင်းသားများကို ကြည့်ရှုလေ့လာနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ တန်းတူညီမျှမှုနှင့် သာတူညီမျှရှိမှုတို့၏ ကွဲပြားခြားနားချက်ကို ဖော်ပြပါ။

၂။ သာတူညီမျှမှုသည် မျှတမှုနှင့် အားလုံးအကျုံးဝင်မှုတို့နှင့် မည်သို့ဆက်စပ်နေသည်ကို ရှင်းပြပါ။

၃။ တီပုံစံ ဇယားကွက်။

| **တန်းတူညီမျှမှု** | **သာတူညီမျှမှု** |
|---|---|
| လူအားလုံးသည် သန့်ရှင်းသောရေကို ရပိုင်ခွင့်ရှိသည်။ | လူမှုအဖွဲ့အစည်းရှိ အဆင်းရဲဆုံးသူများနှင့် ဝေးလံခေါင်သီသောဒေသများတွင် နေထိုင်သူများကို သန့်ရှင်းသောရေကို တတ်နိုင်သော နည်းလမ်းများဖြင့် ထောက်ပံ့ပေးသည်။ |
| အမျိုးသားများရော အမျိုးသမီးများပါ တူညီသော အခွင့်အရေးများ၊ အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များ ရရှိနိုင်သည်။ | အမျိုးသမီးများနှင့် အမျိုးသားများအပါအဝင် မည်သည့် လိင်ဖြစ်တည်မှုခံယူချက်ရှိသူမဆို တရားမျှတစွာ ဆက်ဆံခြင်းနှင့် အားလုံးအကျုံးဝင်ပါဝင်ခြင်း |
| အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ လူမှုစီးပွား နောက်ခံမရွေး၊ မသန်စွမ်းမှု စသည်တို့ရှိသည့် ကလေးများအားလုံးသည် ပညာသင်ခွင့်ရှိသည်။ | အချို့သောကလေးများသည် အခြားသူများထက်ပို၍ အခွင့်အလမ်းနည်းသောကြောင့် ဤကွဲပြားခြားနားမှုများကို ထည့်သွင်းစဉ်းစားရာတွင် လူတိုင်းအတွက် အောင်မြင်မှုရရန် အခွင့်အရေးရှိသည့် ပညာရေးဆိုင်ရာနည်းဗျူဟာများ ရှိသည်။ |
| မသန်စွမ်းသောသူများသည် သန်စွမ်းသူများကဲ့သို့ပင် တူညီသော အခွင့်အရေးများကို ခံစားနိုင်သည်။ | မသန်စွမ်းသူများကို သန်စွမ်းသူများကဲ့သို့ပင် တူညီသော အခွင့်အလမ်းများ၊ အရင်းအမြစ်များ နှင့် အကျိုးခံစားခွင့်များ ရရှိခံစားနိုင်ကြောင်း သေချာစေရန် ဝန်ဆောင်မှုများ (သို့) ပစ္စည်းကိရိယာများဖြင့် ထောက်ပံ့ပေးထားပါသည်။ |

## သင်ယူမှုလုပ်ငန်း (၂)။ အုပ်စုလိုက် ဆွေးနွေးခြင်း (၂၅ မိနစ်)

၁။ စာသင်ခန်းအတွင်း အုပ်စုများခွဲပါ။ တစ်ဖွဲ့စီတိုင်းကို အောက်တွင်ပါရှိသည့် စာသင်ခန်း အခြေအနေများနှင့် လုပ်ဆောင်ရမည့် အချက်များပါသော ကတ်များ ဝေပေးပါ။

- ဘာသာစကား - အချို့ကလေးများသည် စာသင်ခန်းအတွင်းရှိ ကလေးအများစု ပြောသည့် ဘာသာစကားကို ပြောနိုင်ခြင်း မရှိပါ။
- ကျန်းမာရေးနှင့် နေကောင်းကျန်းမာခြင်း - ကလေးတစ်ဦးသည် ဖျားနာ၊ ဆာလောင်နေသည် (သို့မဟုတ်) စာမလိုက်နိုင်ဘဲ နောက်ကျကျန်နေသည်။
- ရှက်တတ်သော / စကားနည်းသော ကျောင်းသားများ - အချို့ကလေးများသည် အဖွဲ့ကြီးများဖြင့် လုပ်ဆောင်ရသောလုပ်ငန်းများတွင် ပါဝင်ရန်အခက်အခဲရှိနိုင်ပြီး စာသင်ခန်းရှေ့တွင် စကားထွက်ပြောရန် အခက်အခဲရှိနိုင်သည်။
- ကျား၊မ ဖြစ်တည်မှု - ကျောင်းသူများထက် ကျောင်းသားများကို ဦးစားပေးမှုများ (သို့မဟုတ်) အပြန်အလှန်အခြေအနေများ (သို့မဟုတ်) လိင်စိတ်တိမ်းညွှတ်မှု (သို့မဟုတ်) ကျား၊မ ခံယူမှု ကွဲပြားသောသူအား ဖယ်ကျဉ်ထားသော အခြေအနေများ ရှိနိုင်ပါသည်။

- မသန်စွမ်းမှု - အကြားအာရုံ (သို့မဟုတ်) အမြင်အာရုံ အားနည်းချက်ရှိသည့် ကလေးများ၊ လမ်းမလျှောက်နိုင်သော ကလေးများနှင့် သင်ယူမှုလေ့လာမှုနှုန်း နှေးသော ကလေးများ။

၂။ ပေးထားသော အခြေအနေတစ်ခုချင်းစီတိုင်းတွင် သာတူညီမျှမှုကို မည်သို့ ကျင့်သုံးမည်ကို ကျောင်းသားများအား ဆွေးနွေးစေပါ။ ထိုစာသင်ခန်းတွင်း အခြေအနေများကို ဆွေးနွေးရန် ၎င်းတို့ကို အချိန် (၁၀) မိနစ်ပေးပါ။

၃။ ထို (၁၀) မိနစ်အပြီးတွင် တစ်ဖွဲ့စီတိုင်းကို အောက်တွင်ပါရှိသည့် ကျောင်းတွင်း အခြေအနေများ၌ လုပ်ဆောင်ရမည့် အချက်များပါသောကတ်များ ဝေပေးပါ။

- ဘာသာစကား - အချို့ကလေးများသည် စာသင်ခန်းအတွင်းရှိ ကလေးအများစု ပြောသည့် ဘာသာစကားကို ပြောနိုင်ခြင်း မရှိပါ။
- ကျန်းမာရေးနှင့် နေကောင်းကျန်းမာခြင်း - ကလေးတစ်ယောက်သည် ဖျားနာခြင်း၊ ဆာလောင်ခြင်း (သို့မဟုတ်) မစွမ်းဆောင်နိုင်သောကြောင့် ကျောင်းထွက်ရနိုင်သည့် အခြေအနေရှိနိုင်သည်။
- ဘာသာရေး (သို့မဟုတ်) လူမှုရေး ဆိုင်ရာ အခြေအနေ - ကလေးတစ်ဦးသည် စာသင်ခန်း/ကျောင်းရှိ ကလေးအများစုနှင့် မတူကွဲပြားသော ဘာသာရေး (သို့မဟုတ်) လူမျိုးစုတစ်ခုနှင့် သက်ဆိုင်နိုင်သည်။
- ကျား၊မ ရေးရာ - လိင်စိတ်ပိုင်းဆိုင်ရာ ခံယူချက်/ ကျား၊မ သတ်မှတ်ချက် (LGBTIQ+) ကြောင့် ခွဲခြားဆက်ဆံခံရသော ကလေးများ (သို့မဟုတ်) ချိုးမွမ်းခံရခြင်း (သို့မဟုတ်) အသိအမှတ်ပြုခံရခြင်းများတွင် ကျောင်းသားများကို ကျောင်းသူများထက် ဘက်လိုက်အရေးပေးခြင်းများ ရှိနိုင်သည်။
- လူမှု - စီးပွားရေး အဆင့်အတန်း - ကျောင်းတက်နေသင့်သော်လည်း မတက်ရသည့် မိန်းကလေးများနှင့် ယောကျ်ားလေးများအားလုံး အထူးသဖြင့် အိမ်တွင်၊ လယ်ကွင်းများ (သို့) အခြားနေရာများတွင် (ရွှေ့ပြောင်းသွားလာနေထိုင်သူများ) နှင့် ၎င်းတို့၏ မိသားစုများ ရှင်သန်ရပ်တည်ရေးအတွက် ဝင်ငွေရှာဖွေပေးရသူများ။
- မသန်စွမ်းမှု - အကြားအာရုံ (သို့မဟုတ်) အမြင်အာရုံ အားနည်းချက်ရှိသည့် ကလေးများ၊ လမ်းမလျှောက်နိုင်သော ကလေးများနှင့် သင်ယူမှုလေ့လာမှုနှုန်း နှေးသော ကလေးများ။

၄။ ကျောင်းအုပ်ချုပ်ရေးမှူးများသည် ပေးထားသောအခြေအနေ တစ်ခုချင်းစီတိုင်းတွင် သာတူညီမျှမှုကို မည်သို့ကျင့်သုံးနိုင်မည်ကို ကျောင်းသားများအား ဆွေးနွေးစေပါ။ ထိုစာသင်ခန်းတွင်း အခြေအနေများကို ဆွေးနွေးရန် ၎င်းတို့ကို အချိန် (၁၀) မိနစ် ပေးပါ။

## ဆရာ့မှတ်စု

ကျောင်းသားများကို ၎င်းတို့နှင့် သက်ဆိုင်နိုင်သည့် အသိုက်အဝန်းအမျိုးအစားများ အကြောင်း ပြောကြားရာတွင်သော်လည်းကောင်း ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ရယူရာတွင် သော်လည်းကောင်း LGBTIQ+ အသိုက်အဝန်းနှင့် ပတ်သက်၍ ရှင်းပြဖို့လိုသည့်အခါမျိုး ရှိနိုင်ပါသည်။ ယင်းဝေါဟာရသည် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများ (သို့မဟုတ်) လိင်စိတ်ခံယူချက် ကွဲပြားသူများကို ဆိုလိုခြင်း ဖြစ်ပါသည်။ LGBTIQ+ တွင် ပါဝင်သော အက္ခရာများသည် အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ၊ အမျိုးသားချင်း ချစ်ခင်စုံမက်သူသူ၊ အမျိုးသမီး/အမျိုးသား လိင်နှစ်မျိုးစလုံး ချစ်ခင်စုံမက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူနေထိုင်သူ၊ လိင်နှစ်မျိုးစလုံးပါရှိသူ (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ မိမိကိုယ်ကို မရေရာသေးသူတို့ကို ကိုယ်စားပြုနေခြင်း ဖြစ်သည်။ “+” လက္ခဏာသည် တစ်စုံတစ်ဦး၏ လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်စိတ်တို့အပေါ် မူတည်၍ အခြားသော ရပ်တည်ချက်များ အမြောက်အမြား ရှိနေနိုင်သည်ကို ညွှန်းဆိုခြင်းဖြစ်ပါသည်။ အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ၊ အမျိုးသားချင်း ချစ်ခင်စုံမက်သူ၊ အမျိုးသမီး/ အမျိုးသား လိင်နှစ်မျိုးစလုံး ချစ်ခင်စုံမက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြုမူနေထိုင်သူ၊ လိင်စိတ်အမျိုးမျိုးကွဲပြားသူ၊ လိင်နှစ်မျိုးလုံးပါရှိသူ၊ ကွီးယား၊ လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှု မခံစားရသူနှင့် လိင်ပိုင်းဆိုင်ရာ မိမိကိုယ်ကို မရေရာသေးသူတို့၏ အသိုက်အဝန်းများနှင့် ဆက်စပ်သော အသုံးအနှုန်း/ အခေါ်အဝေါ်များကို နားလည် သဘောပေါက်၍ အသုံးပြုခြင်းသည် အစိုးရဌာနများနှင့် အရပ်ဖက် လူ့အဖွဲ့အစည်း များတွင် လူတိုင်းအကျုံးဝင်ပါဝင်၍ လေးစားမှုရှိကြောင်း သေချာစေရာတွင် အထောက်အကူဖြစ်စေပါသည်။ ဩစတေးလျနိုင်ငံ မိသားစုရေးရာ လေ့လာရေး အဖွဲ့မှ ထုတ်ဝေသော CFCA ခက်ဆစ်အဘိဓာန်(နိုဝင်ဘာ၊ ၂၀၁၉ ခုနှစ်) ကို ကြည့်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ အခြေအနေများကို ဆွေးနွေးနေစဉ်တွင် ၎င်းတို့ကို ကြည့်ရှုလေ့လာပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အစပိုင်းရှိ အခြေအနေများအတွက် ဆွေးနွေးရ ပို၍လွယ်ကူကြောင်းကို ကျောင်းသားများ သဘောပေါက်လာလိမ့်မည်။ စာသင်ခန်းနှင့်ကျောင်းတွင် ဖယ်ကျဉ်ခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များအပေါ် ၎င်းတို့၏ ဖြေရှင်းချက်အများစုသည် ဖယ်ကျဉ်ခံထားရသည့် အုပ်စုများအား ထပ်ပိုးထောက်ပံ့မှုများဖြစ်စေသည့် အဖြေများဖြစ်သင့်သည်။ ဥပမာ - ကျောင်းသားများ အတွက် ထပ်ဆောင်းအထောက်အပံ့ (သို့မဟုတ်) စာသင်ခန်းပြင်ပ၌ အနီးကပ်သင်ကြား ပေးခြင်း၊ အထူးအားပေးခြင်းနှင့် ရှက်ရွံ့ပြီးစကားနည်းသည့် ကျောင်းသားများအတွက် အုပ်စုငယ်လုပ်ငန်းလေးများ ပြုလုပ်ပေးခြင်း။

### လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း(၁)။ ဗီဒီယို(၂၀မိနစ်)

အင်တာနက်ချိတ်ဆက်မှုတွင် အခက်အခဲ အကန့်အသတ်များရှိပါက ကျောင်းသား များသည် အဖြေများကိုဖြေဆိုရန်အတွက် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်မှ အကြောင်းအရာများကို ကိုးကားနိုင်သည်။

### ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုလိုက် ဆွေးနွေးခြင်း (၂၅ မိနစ်)

စာသင်ခန်းများနှင့်ကျောင်းများတွင် ဖယ်ကျဉ်ခြင်းဆိုင်ရာ အခြေအနေတစ်ခုစီ အတွက် သင့်လျော်သောအတွေးအခေါ်များကို ဆွေးနွေးရန် ၎င်းတို့အသုံးပြုနိုင်သည့် အားလုံးအကျုံးဝင်သည့် ပညာရေးနှင့် ပတ်သက်၍ ကျောင်းသားများအား ထပ်ဆောင်းဖတ်စရာများ ပံ့ပိုးပေးပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

- သင်ယူမှုရလဒ်များနှင့် ၎င်းတို့သင်ယူရရှိခဲ့သည့်အတိုင်းအတာကို အကျဉ်းချုပ်ဖော်ပြပါ။
- ကျွမ်းကျင်မှုများနှင့် သင်ခန်းစာပါ အကြောင်းအရာအားဖြင့် ၎င်းတို့ မည်သို့ ကိုင်တွယ်ဖြေရှင်းခဲ့ကြောင်းကို အကျဉ်းချုပ်ဖော်ပြပါ။
- ကျောင်းသားများအား ၎င်းတို့ လေ့လာခဲ့ရသည့် အကြောင်းအရာများနှင့် နည်းလမ်းများကို အကျယ်တဝင့် ရှင်းပြပါ။
- ကျောင်းသားများအား သင်ကြားမှုရလဒ်များ၊ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင်နှင့်အညီ တတ်ကျွမ်းမှုကို ပြန်လည်လေ့လာခိုင်းပါ။
- ကျောင်းသားများအား အောက်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို အသုံးပြု၍ ၎င်းတို့၏ လက်တွေ့ဘဝနှင့် အသက်မွေးဝမ်းကြောင်းဘဝတို့တွင် တန်းတူညီမျှမှုနှင့် သာတူညီမျှမှု၏ အကျိုးသက်ရောက်ပုံများကို ပြန်လည်သုံးသပ်ရန် တိုက်တွန်းပါ။

### ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

မေးခွန်း ၁။ တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့၏ ကွဲပြားခြားနားချက်ကို ဖော်ပြပါ။

အဖြေ။ *တန်းတူညီမျှမှု ဆိုသည်မှာ နှစ်ဦးနှစ်ဖက် (သို့မဟုတ်) ထို့ထက်ပိုသော ပါဝင်ပတ်သက်သူ အုပ်စုများသည် တူညီသောအရာများကို ရရှိခြင်းကို ဆိုလိုသည်။ ဥပမာ - မိမိ၏ စာသင်ခန်းအတွင်းရှိ ကလေးငယ်များအားလုံးကို တူညီသော ထောက်ပံ့မှု ပေးခြင်း။ သာတူညီမျှမှု ဆိုသည်မှာ အားလုံးကိုယ်စီ အောင်မြင်မှုရရှိရန်နှင့် အခွင့်အရေး ရရှိခံစားနိုင်စေရန်အတွက် လိုအပ်သည့်အရာများကို ဖြည့်ဆည်းပေးခြင်း ဖြစ်သည်။ ဥပမာ - စာသင်ခန်းအတွင်း အခက်အခဲကြုံတွေ့ရသော ကျောင်းသားများ အတွက် ထပ်ဆောင်းအထောက်အပံ့နှင့် လမ်းညွှန်မှုများ ပံ့ပိုးပေးခြင်း။*

မေးခွန်း ၂။ လက်တွေ့ဘဝတွင် တန်းတူညီမျှမှုနှင့် သာတူညီမျှမှုကို မည်သို့ကျင့်သုံးနိုင်သနည်း။

*အဖြေ။ လူတိုင်း တူညီသော အခွင့်အရေးများ ရရှိစေရန်အလို့ငှာ တန်းတူညီမျှမှုကို ကျင့်သုံးနိုင်သည်။ ဥပမာ - အမျိုးသားနှင့် အမျိုးသမီး နှစ်ဖက်စလုံးကို တူညီသော အခွင့်အလမ်းများ၊ အရင်းအမြစ်များနှင့် အကျိုးခံစားခွင့်များ ရရှိစေခြင်း။ သာမန်လူတစ်ဦး လက်လှမ်းမီလုပ်ဆောင်နိုင်သည့် အရာများကို အားနည်းချက်ရှိသူများ လက်လှမ်းမီလုပ်ဆောင်နိုင်စေရန်အတွက် အထောက်အပံ့ပေးရာတွင် သာတူညီမျှမှုကို ကျင့်သုံးနိုင်သည်။ ကျွန်ုပ်တို့၏ သင်ကြားရေး၊ ကျောင်း၊ အဖွဲ့အစည်းနှင့် သဘောထားများတွင် သာတူညီမျှမှုကို ထင်ဟပ်စေကာ အားနည်းသူများ (သို့မဟုတ်) ဖယ်ကျဉ်ခံရသူများကို ထည့်သွင်းစဉ်းစားသင့်သည်။*

မေးခွန်း ၃။ လူ့အဖွဲ့အစည်းတွင် တန်းတူညီမျှမှုနှင့် သာတူညီမျှမှုကို ယှဉ်တွဲ၍ ကျင့်သုံးရန် အဘယ်ကြောင့် လိုအပ်သနည်း။

*အဖြေ။ယခုအချိန်ကာလတွင် မြန်မာနိုင်ငံအတွင်း သော်လည်းကောင်း၊ တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် သော်လည်းကောင်း စီးပွားရေးနှင့် လူမှုရေးအပြောင်းအလဲများ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်နေသည့်အတွက် အလုပ်အကိုင်၊ ကျန်းမာရေး၊ အိုးအိမ်၊ ဝင်ငွေ၊ လူမှုဖူလုံရေးနှင့် ပညာရေး စသည့် ကဏ္ဍများနှင့် စပ်လျဉ်းသော လူ့အခွင့်အရေးများကို ကာကွယ်နိုင်ရန် အရေးကြီးလှပါသည်။ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းတွင်ရှိသော အခွင့်အလမ်းနည်းပါးသူများ (သို့မဟုတ်) အားနည်းချက်ရှိသူများ အနေဖြင့် အခွင့်အရေးများကို ပိုမိုလက်လှမ်းမီမှုရှိသော အခြားသူများနည်းတူ တူညီသောရလဒ်များကို လက်လှမ်းမီရရှိနိုင်စေရန်အတွက် အထူးထောက်ပံ့မှုများ ပံ့ပိုးပေးရန် လိုအပ်ပါသည်။ ထိုသို့ပံ့ပိုးမှုများမပေးစွမ်းနိုင်ပါက တန်းတူညီမျှမှု မရှိခြင်းနှင့်အတူ ချန်လှပ်ခြင်း၊ သီးခြားပထုတ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ သံသယဖြင့်ဆက်ဆံခြင်း/ မယုံကြည်ခြင်းများသာ တိုးပွားလာမည်ဖြစ်ပြီး အကျိုးဆက်အနေဖြင့် ငြိမ်းချမ်းသာယာဝပြောသော မြန်မာနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွန်ုပ်တို့ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည် မဟုတ်ပါ။*

မေးခွန်း ၄။ စာသင်ခန်းအတွင်းနှင့် ကျောင်းတွင် တန်းတူညီမျှမှုနှင့် သာတူညီမျှမှုကို မည်သို့ကျင့်သုံးနိုင်သနည်း။

အဖြေ။ *အောက်ပါရင်းမြစ်များကို ရည်ညွှန်းနိုင်သည်* -

- United Nations Educational, Scientific and Cultural Organization-Bangkok Office.(2015)._*Embracing diversity: Toolkit for creating inclusive, learning-friendly environments*. Paris, France: United Nations Educational, Scientific and Cultural Organization.
- United Nations Educational, Scientific and Cultural Organization-Ministry of Education Myanmar. (n.d.). *Training manual on gender mainstreaming in teacher education in Myanmar.* Yangon, Myanmar: United Nations Educational, Scientific and Cultural Organization-Ministry of Education Myanmar.

# ၂.၄။ ကောင်းမွန်သော ပြောဆိုဆက်ဆံမှု၏ တန်ဖိုးများ

ဤသင်ရိုးတစ်လျှောက်တွင် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာပုံနှင့် အခြားသူများကို အလေးဂရုပြုခြင်း၏ အရေးပါပုံကို နားလည်သဘောပေါက်ခြင်းသည် ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းအတွက် ရပ်ရွာတွင်း၊ နိုင်ငံတွင်း၊ ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ အဆင့်တို့တွင် လိုအပ်လျက်ရှိကြောင်းကို လေ့လာခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သင်ယူခဲ့သည့် အကြောင်းအရာမှာ တရားမျှတမှု၊ တန်းတူညီမျှမှု၊ ဂုဏ်သိက္ခာ၊ လေးစားမှုနှင့် သည်းခံမှု တို့ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးထားမှုများနှင့်အညီ ဆောင်ရွက်မှုပြု၍ လူတစ်ဦးချင်းစီ၏ ယဉ်ကျေးမှုဆိုင်ရာဖြစ်စေ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာဖြစ်စေ၊ လူမျိုးစုဆိုင်ရာ ကွဲပြားမှုများဖြစ်စေ၊ အခြားသောကွဲပြားမှုများကိုဖြစ်စေ လျစ်လျူရှု ကျော်လွှားနိုင်သည့် 'စုပေါင်းအမှတ်အသားသရုပ်' တစ်ခုအတွက် အလားအလာဖြစ်သည်။ အောက်ပါသင်ခန်းစာများသည် ကျောင်းသားများအနေဖြင့် ဆန်းစစ်ဝေဖန်တတ်၍၊ နည်းစနစ်ကျနစွာနှင့် ဆန်းသစ်စွာ တွေးတောနိုင်ရန်အတွက် လိုအပ်သည့် ဉာဏဆိုင်ရာ ကျွမ်းကျင်မှုများအပြင် ထိရောက်၍ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ပါဝင်သည့် ဉာဏစွမ်းရည်နှင့် မသက်ဆိုင်သော ကျွမ်းကျင်မှုများကိုပါ အလေးပေးမည်ဖြစ်သည်။

## ၂.၄.၁ ထိရောက်၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ထိရောက်၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု၏ ဝိသေသလက္ခဏာများနှင့် ၎င်းတို့သည် အဘယ်ကြောင့် အရေးပါသော ကျွမ်းကျင်မှုများ ဖြစ်ကြောင်းကို ဆွေးနွေးတတ်မည်။
- အခြေအနေအရပ်ရပ်၌ ထိရောက်မှုရှိ၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံခြင်းကို လက်တွေ့ကျင့်သုံးတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅) သွယ် အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - ရေး/တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - ကြည့်ရှုလေ့လာခြင်း၊ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ဆရာများနှင့် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၂.၄.၁) ကို ကြိုတင်ဖတ်ရှုရန် လိုအပ်သည်။ ယဉ်ကျေး၍ ထိရောက်သော ပြောဆိုဆက်ဆံမှုအတွက် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်မှုဆိုင်ရာ သတ်မှတ်ချက်ဇယား (လက်ကမ်းစာစောင် ၁) အား ကျောင်းသားများကို ဖြန့်ဝေပေးရန်အတွက် ပရင့်ထုတ်ပါ။

**လိုအပ်သောရင်းမြစ်များ** - ကျောင်းသားကိုင်စာအုပ်များ၊ ယဉ်ကျေး၍ ထိရောက်သော ပြောဆိုဆက်ဆံမှုအတွက် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်မှုဆိုင်ရာ သတ်မှတ်ချက်ဇယား (လက်ကမ်းစာစောင် ၁)။

### သင်ယူမှုလုပ်ငန်း (၁)။ ရေး/တွေး-တွဲ-မျှဝေ သင်ယူခြင်း (၁၅ မိနစ်)

ကျောင်းသားများသည် ထိရောက်သော ပြောဆိုဆက်ဆံမှု၏ ဆိုလိုရင်းကို ထင်ရှားသော အဆင့်သုံးဆင့်ဖြင့် တွေးကြရမည်။

၁။ **တွေးတောခြင်း/ရေးသားခြင်း -** ၎င်းတို့၏ ဆရာကိုင်စာအုပ်များထဲတွင် ဖော်ပြထားသော "ထိရောက်သော ပြောဆိုဆက်ဆံမှု ဆိုသည်မှာ အဘယ်နည်း" နှင့် "ထိရောက်သော ပြောဆိုဆက်ဆံမှုသည် သင်၏နေ့စဉ်ဘဝအတွက် အဘယ်ကြောင့် လိုအပ်ပါသနည်း။" ဟူသည့် မေးခွန်းနှစ်ခုနှင့် ပတ်သက်၍ ကျောင်းသားများကို လွတ်လပ်စွာ တွေးတောစေပါ။ ကျောင်းသားများသည် ၎င်းတို့၏ အကြံဉာဏ်များကို ချရေးရန် အတွက် ပေးထားသောအကွက်များကို အသုံးပြုနိုင်သည်။

၂။ **အတွဲဖြင့်လုပ်ဆောင်ခြင်း** - ကျောင်းသားများ ရေးသားထားသည့်အရာများကို မျှဝေပြီး ၎င်းတို့၏ အတွေးအမြင်များကို ဆွေးနွေးရန်အတွက် ၎င်းတို့ကို နှစ်ယောက်တစ်တွဲ တွဲပါ။ ဤအဆင့်သည် ကျောင်းသားများကို ၎င်းတို့၏ အကြံဉာဏ်များအား ထုတ်ဖော်ပြောစေပြီး အခြားသူများ၏ အကြံဉာဏ်များကို ထည့်သွင်းစဉ်းစားစေသည်။

၃။ **မျှဝေခြင်း** - ကျောင်းသားများအား မိမိတို့၏ အကြံဉာဏ်များကို ၎င်းတို့၏ အတွဲများ အလိုက် အခြားအုပ်စုများနှင့် မျှဝေစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

လုပ်ငန်းပြီးမြောက်သောအခါ စာသင်ခန်းအတွင်း လှည့်လည်၍ ကျောင်းသားများ၏ လိုအပ်ချက်များအား ကြည့်ရှုလေ့လာပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ယဉ်ကျေး၍ ထိရောက်သော ပြောဆိုဆက်ဆံမှုအပေါ် ကျောင်းသားများ၏ နားလည် သဘောပေါက်မှုသည် သင်ခန်းစာ အကြောင်းအရာများနှင့် ကိုက်ညီမှု ရှိသင့်သည်။ မေးခွန်းနှစ်ခုကို ကျောင်းသားများ ဖြေကြားနေစဉ် ဆရာသည် ၎င်းတို့ကို လေ့လာကြည့်ရှုပြီး အကူအညီလိုပါက ထိုအကြောင်းအရာများကို အသုံးပြု၍ ကူညီထောက်ပံ့ပေးနိုင်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ လက်တွေ့ဆောင်ရွက်ခြင်း (၃၀ မိနစ်)

၁။ ကျောင်းသားတစ်တွဲချင်းစီကို အခြားကျောင်းသားအတွဲနှင့် ပူးပေါင်းဆောင်ရွက်စေပါ။ ယဉ်ကျေး၍ ထိရောက်သော ပြောဆိုဆက်ဆံမှုအတွက် မိမိကိုယ်ကို စစ်ဆေး အကဲဖြတ်မှုဆိုင်ရာ သတ်မှတ်ချက်ဇယားအား အုပ်စုတစ်စုစီကို ဖြန့်ဝေပေးပါ -

| စံနှုန်းများ | တစ်မှတ် | နှစ်မှတ် | သုံးမှတ် | လေးမှတ် |
|---|---|---|---|---|
| **စိတ်ပါဝင်စားစွာ နားထောင်မှု** | အခြားသူများ စကားပြောနေချိန်တွင် အမြဲတမ်း အာရုံမစိုက်ပါ။ | အခြားသူများ စကားပြောနေချိန်တွင် တစ်ခါတစ်ရံ အာရုံစိုက်သည်။ | အခြားသူများ စကားပြောနေချိန်တွင် အာရုံစိုက်သော်လည်း တစ်ခါတစ်ရံတွင် အာရုံထွေပြားသည်။ | အခြားသူများ စကားပြောနေချိန်တွင် အမြဲတမ်း အာရုံစိုက်သည်။ |
| **ကြားဖြတ်ပြောခြင်းများ** | အခြားသူများ စကားပြောနေချိန်တွင် အမြဲတမ်း အနှောင့်အယှက်ပြု၍ စကားပြောသူကို အခက်အခဲ ဖြစ်စေသည်။ | အခြားသူများကို ၎င်းတို့၏ ခွင့်ပြုချက်မရှိဘဲ ကြားဖြတ်ပြော၍ စကားပြောသူကို ပြဿနာဖြစ်စေ နိုင်သည်။ သို့မဟုတ် မဖြစ်စေနိုင်ပါ။ | အခြားသူများကို ၎င်းတို့၏ခွင့်ပြုချက်ဖြင့် ကြားဖြတ်ပြောသည်။ ကြားဖြတ်ပြောခြင်း များသည် အမှာစကားကို သိရှိစေရာတွင် ကူညီပေးသည်။ | အခြားသူများ စကားပြောနေစဉ်တွင် မည်သည့်အခါမျှ ကြားဖြတ်မပြောပါ။ |
| **အချက်အလက်ရှာ မေးခွန်းများ** | အခြားသူများ မျှဝေသော အချက်အလက်များ အပေါ် စိတ်ဝင်စားမှု အနည်းငယ်ပြသသည်။ သို့မဟုတ် ယင်းအပေါ် စိတ်ဝင်စားမှုမရှိခြင်းကို ပြသသည်။ | မရေရာပါက မေးခွန်းများ မေးသော်လည်း ဤမေးခွန်းများထဲမှ အများစုသည် စကားဝိုင်းနှင့် မသက်ဆိုင်ပါ။ | ရှင်းလင်းမှု လိုအပ်သောအခါ မေးခွန်းများ မေးသော်လည်း ဤမေးခွန်းအချို့သည် သက်ဆိုင်မှုမရှိခြင်း ဖြစ်နိုင်သည်။ | ရှင်းလင်းမှု လိုအပ်သောအခါ သက်ဆိုင်ရာ မေးခွန်းများမေးသည်။ |
| **နားလည်နိုင်စွမ်း** | နားလည်ရန်ခက်သော စကားလုံးများ၊ ဝေါဟာရများ နှင့်/သို့မဟုတ် နားထောင်သူ(များ) နားမလည်သည့် သာဓကများ အသုံးပြုသည်။ | နားလည်ရန်ခက်သော စကားလုံးများ၊ ဝေါဟာရများ နှင့်/သို့မဟုတ် နားထောင်သူ(များ)ကို အနည်းငယ်သာ နားလည်စေသော သာဓကများ အသုံးပြုသည်။ | နားလည်ရလွယ်သော စကားလုံးများ၊ ဝေါဟာရများ နှင့်/သို့မဟုတ် သာဓကများ အသုံးပြုသော်လည်း အဓိက အကြံဉာဏ်များကို ရှင်းလင်းစေသည့် သာဓကများကို အသုံးပြုရန် လိုအပ်သည်။ | အခြားသူများ ရှင်းလင်းပြတ်သားစွာ နားလည်သည့် စကားလုံးများ၊ ဝေါဟာရများ နှင့်/သို့မဟုတ် သာဓကများကို အသုံးပြုသည်။ |
| **စာနာမှု** | အခြားသူများ၏ ခံစားချက်ကို လက်ခံရန် ခက်ခဲသည်။ သို့မဟုတ် အနည်းငယ်သာ ဂရုစိုက်ကြောင်း ပြသသည်။ သို့မဟုတ် ဂရုစိုက်ခြင်း လုံးဝမရှိကြောင်း ပြသသည်။ | အခြားသူများ၏ ခံစားချက်များကို လက်ခံသော်လည်း ၎င်းတို့၏ စိတ်ပါဝင်စားမှုများကို နားလည်ခြင်း မရှိသည့်အပြင် အခြားသူများကို နားလည်ပေးလိုသည့် စိတ်လည်း နည်းပါးသည်။ | အခြားသူများ၏ ခံစားချက်များကို လက်ခံပြီး ၎င်းတို့၏ စိတ်ပါဝင်စားမှုများကို ပိုမိုကောင်းမွန်စွာ နားလည်ပေးရန် ကြိုးပမ်းသည်။ | အခြားသူများ၏ ခံစားချက်များနှင့် စိတ်ပါဝင်စားမှုများကို လက်ခံပြီး အခြားသူများအပေါ် မိမိ၏ နားလည်မှုကို ပိုမိုနက်ရှိုင်းစေရန် ပြုလုပ်သည်။ |

| စံနှုန်းများ | တစ်မှတ် | နှစ်မှတ် | သုံးမှတ် | လေးမှတ် |
|---|---|---|---|---|
| **အကြည့်ချင်းဆုံမှု** | စကားပြောသူ(များ)နှင့် မျက်နှာချင်းမဆိုင်ပါ။ သို့မဟုတ် အကြည့်ချင်းမဆုံပါ။ | စကားပြောသူ(များ)နှင့် မျက်နှာချင်းဆိုင် အကြည့်ချင်း ဆုံသော်လည်း တစ်ခါတစ်ရံ အကြည့်လွှဲ၍ စကားပြောသူကို အာရုံထွေပြားစေသည်။ | စကားပြောနေသူများ နှင့် မျက်နှာချင်းဆိုင်ပြီး အကြည့်ချင်းဆုံကာ ပြောဆိုသည်။ | စကားပြောနေသူများ နှင့် မျက်နှာချင်းဆိုင်၊ အကြည့်ချင်းဆုံကာ လေးစားပွင့်လင်းစွာ ပြောဆိုသည်။ |
| **အသံ** | မကောင်းမွန်သော အသံနေအသံထား၊ ရှင်းလင်းပြတ်သားမှုနှင့် စကားပြောနှုန်း တို့ကြောင့် နားလည်ရန် ခက်ခဲလေ့ရှိသော အသံဖြင့် စကားပြောသည်။ | ယေဘုယျအားဖြင့် နားလည်နိုင်သော အသံဖြင့် စကားပြောသော်လည်း တစ်ခါတစ်ရံတွင် အသံနေအသံထား (သို့မဟုတ်) ရှင်းလင်းပြတ်သားမှု (သို့မဟုတ်) စကားပြောနှုန်းသည် အမှာစကားကို နားမလည်နိုင်အောင် နှောင့်ယှက်သည်။ | ယေဘုယျအားဖြင့် နားလည်နိုင်သော အသံဖြင့် စကားပြောသော်လည်း နားထောင်သူက နားမလည်သောအခါ အသံနေ အသံထား (သို့မဟုတ်) ရှင်းလင်းပြတ်သားမှု (သို့မဟုတ်) စကားပြောနှုန်းကို ချိန်ညှိပေးသည်။ | အမှာစကားကို ရှင်းလင်းပြတ်သားစွာ လက်ခံရရှိစေရန် ရှင်းလင်း ပြတ်သားသော အသံနေအသံထား၊ ရှင်းလင်းပြတ်သားမှုနှင့် သင့်လျော်သော စကားပြောနှုန်းကို အသုံးပြု၍ နားလည် နိုင်သော အသံဖြင့် အမြဲပြောသည်။ |

၂။ အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို ဖတ်ရှုပြီး စံသတ်မှတ်ချက်များ၏ ဆိုလိုရင်းကို ရှင်းလင်းစွာသိရှိနိုင်ရန်အတွက် မေးခွန်းများမေးရန် ကျောင်းသားများကို အချိန်ပေးပါ။

၃။ ကျောင်းသားများအား အောက်ပါအဆိုပြုချက်များကို ဆွေးနွေးစေပါ -

- ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းကို တားမြစ်သင့်သည်။
- လူတိုင်းသည် ၎င်းတို့၏ ကိုယ်ပိုင်ဘဝများကို အပြည့်အဝထိန်းချုပ်ပိုင်ခွင့် ရှိသင့်သည်။
- အလုပ်အကိုင်ဖြစ်စေ၊ ငွေကြေးဥစ္စာဖြစ်စေ၊ ပညာရေးဖြစ်စေ မရှိပါက လူတစ်ဦးသည် လွတ်လပ်မှု မရှိပါ။
- ဆိုရှယ်မီဒီယာသည် ကောင်းကျိုးထက် ဆိုးကျိုး ပိုဖြစ်စေသည်။
- ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ဂေဟစနစ်များ ပျက်စီးမှုတို့ကို ကာကွယ်တားဆီး နိုင်ရန် အတွက် ပလတ်စတစ်အသုံးပြုမှုကို ကမ္ဘာအနှံ့တွင် တားမြစ်သင့်သည်။
- ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်း အခမဲ့ရရှိသင့်သည်။

- ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုသည် လူ့သမိုင်းတွင် အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်သည်။
- နည်းပညာအသုံးပြုမှုသည် လူသားများ၏ ဘဝကို ပိုမိုတိုးတက်ကောင်းမွန်စေသည်။
- လူအားလုံးသည် သက်သတ်လွတ်စားသုံးသူများ ဖြစ်သင့်သည်။
- ကျောင်းများတွင် အိမ်စာပေးခြင်းကို တားမြစ်သင့်သည်။

၄။ ကျောင်းသားများကို အဆိုပြုချက်တစ်ခုအား ရွေးချယ်ပြီး ထိုအဆိုပြုချက်ကို တစ်မိနစ် မှ နှစ်မိနစ် အထိ ဆွေးနွေးရန် လိုအပ်ကြောင်း ပြောပါ။ ဆွေးနွေးပြီးသောအခါ ကျောင်းသားများသည် သတ်မှတ်ချက်ဇယားကို ကြည့်ရှု၍ ၎င်းတို့၏ ပြောဆိုဆက်ဆံမှုအား ရသင့်သည်ထင်သည့် အမှတ်များပေးရမည်။ ကျောင်းသားများအနေဖြင့် ဆန္ဒရှိပါက အခြားသူများနှင့် နှိုင်းယှဉ်ကြည့်နိုင်သည် (သို့မဟုတ်) မမျှဝေလိုပါကလည်း ဆန္ဒရှိသလို လုပ်ဆောင်နိုင်ကြောင်း အသိပေးပါ။

၅။ ကျောင်းသားများအား ၎င်းတို့၏ ဆွေးနွေးမှုများကို စတင်ရန် ပြောပါ။ ဆွေးနွေးရန်အတွက် တစ်မိနစ် မှ နှစ်မိနစ်အထိ အချိန်ပေး၍ နှစ်မိနစ်ကျော်ပါက ၎င်းတို့၏ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်မှုများကို ထိုအချိန်၌ လုပ်ဆောင်ပြီးမြောက်ရန် လိုအပ်ကြောင်းပြောပါ။

၆။ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ ပြောဆိုဆက်ဆံမှုဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်ရေးအတွက် အနည်းဆုံးလေးကြိမ် ကြိုးစားနိုင်စေရန် အဆင့် (၄) နှင့် အဆင့် (၅) တို့ကို အကြိမ်အနည်းငယ် ထပ်မံလုပ်ဆောင်စေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအနေဖြင့် ၎င်းတို့၏ ပြောဆိုဆက်ဆံမှုဆိုင်ရာ ကျွမ်းကျင်မှုများအား ပျိုးထောင်ခြင်းကို အလေးပေးပြီး တစ်ချိန်တည်းမှာပင် ယဉ်ကျေး၍ထိရောက်သော ပြောဆိုဆက်ဆံမှု၏ စံနှုန်းများမှာ မည်သည်တို့ဖြစ်ကြောင်းကို သင်ယူနိုင်စေရန်အတွက် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းသည် အန္တရာယ်အကင်းဆုံး စစ်ဆေးအကဲဖြတ်မှု နည်းလမ်းဖြစ်သည်။ ကျောင်းသားများသည် ဆွေးနွေးမှုများ လုပ်ဆောင်ပြီးနောက် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်နေစဉ်တွင် ဆရာသည် စာသင်ခန်းအတွင်း လှည့်လည်၍ ၎င်းတို့၏ အဖြေများကို လေ့လာကြည့်ရှုနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ထိရောက်သော ပြောဆိုဆက်ဆံမှု၏ စံသတ်မှတ်ချက်တစ်ခုစီအတွက် ကျောင်းသားများသည် သုံးမှတ်မှလေးမှတ်အထိ ရရှိနိုင်သင့်သည်။

### လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ ရေး/တွေး-တွဲ-မျှဝေသင်ကြားခြင်း (၁၅ မိနစ်)

သင်၏ကျောင်းသားများကို လက်တွေ့လေ့ကျင့်ရန် အချိန်ပိုမိုရရှိစေလိုပါက ဤလုပ်ငန်းကို ငါးမိနစ်ကြာသော နှစ်ယောက်တစ်တွဲ ဆွေးနွေးမှုလုပ်ငန်းအဖြစ် ပြုလုပ်နိုင်သည်။

### ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ လက်တွေ့ဆောင်ရွက်ခြင်း (၄၀ မိနစ်)

သင်၏ကျောင်းသားများသည် ယုံကြည်မှုရှိပြီး ယေဘုယျအားဖြင့် တစ်တန်းလုံးနှင့် အဆင်ပြေမှုရှိစွာ ပြောဆိုဆက်ဆံနိုင်ပါက ဆရာများအနေဖြင့် ကျောင်းသားများကို မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်းအား အသုံးပြု၍ အနည်းဆုံး လေးကျော့ လေ့ကျင့်ပြီးနောက် အချင်းချင်းအမှတ်ပေးရန် သတ်မှတ်ချက်ဇယားကိုလည်း အသုံးပြု စေနိုင်သည်။ ကျောင်းသားများအား အဆိုပြုချက်အသစ်ကို ဆွေးနွေးစေပြီးနောက် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို အသုံးပြု၍ အချင်းချင်း မည်သို့ အမှတ်ပေးနိုင်သည်ကို ဆွေးနွေးသင့်ကြောင်း အသိပေးပါ။ ထိုသို့ဆောင်ရွက်နေစဉ် အပြုသဘောဆောင်၍ စာနာလေးစားမှုရှိသော စကားအသုံးအနှုန်းများကို အသုံးပြုကြရန် ၎င်းတို့အား သတိပေးပါ။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ဤသည်မှာ သင်ယူမှုလုပ်ငန်းကို လုပ်ဆောင်နေစဉ်အတွင်း ၎င်းတို့၏ ကိုယ်ပိုင်ကျွမ်းကျင်မှု များကို ပြန်လည်သုံးသပ်ခြင်းဖြစ်သောကြောင့် ကျောင်းသားများအား ၎င်းတို့၏ ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း (ဂျာနယ်) တွင် ဖြည့်စွက်ရန် လုပ်ငန်းတာဝန် ပေးနိုင်သည်။

- ယဉ်ကျေးစွာနှင့် ထိရောက်စွာပြောဆိုဆက်ဆံရာတွင် မည်သည့်ကျွမ်းကျင်မှုများသည် သင့်အတွက် အလွယ်ကူဆုံးဖြစ်ခဲ့သနည်း။
- ယဉ်ကျေးစွာနှင့် ထိရောက်စွာပြောဆိုဆက်ဆံရာတွင် မည်သည့်ကျွမ်းကျင်မှုများသည် သင့်အတွက် အခက်ခဲဆုံးဖြစ်ခဲ့သနည်း။
- ဤလုပ်ငန်းကို လုပ်ဆောင်ပြီးနောက် ယဉ်ကျေးစွာနှင့် ထိရောက်စွာ ပြောဆိုဆက်ဆံရာတွင် သင်၏ကျွမ်းကျင်မှုများသည် တိုးတက်မှုရှိပါသလား။

# ၂.၄.၂ ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုသည် မည်သည်ဖြစ်ကြောင်းနှင့် ၎င်း၏ ဝိသေသလက္ခဏာများမှာ မည်သည်တို့ဖြစ်ကြောင်း ရှင်းပြတတ်မည်။
- ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု၏ ပတ်သက်ဆက်နွှယ်မှုများကို လေ့လာဆန်းစစ်တတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅) သွယ်အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - စာသင်ခန်းပတ်လည်ရှိ စာသားများကို ဖတ်ရှု လေ့လာခြင်း၊ နှီးနှောဖလှယ်ခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း၊ နှီးနှောဖလှယ်ပွဲ။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ဆရာများနှင့် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၂.၄.၂) ကို ကြိုတင်ဖတ်ရှုထားရန် လိုအပ်သည်။ ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံခြင်းနှင့် ကျင့်ဝတ်နှင့် မညီသော ပြောဆိုဆက်ဆံခြင်းအကြောင်း ရေးထားသည့် စာသားများကို

အခန်းပတ်လည်တွင်ကပ်ရန် လိုအပ်မည်ဖြစ်ရာ ကျောင်းသားများ လွတ်လပ်စွာ လှုပ်ရှားနိုင်စေရန်နှင့် စာသားများကို ဖတ်နိုင်ရန်အတွက် နေရာအနည်းငယ် ရှိစေရန် တစ်ခုနှင့်တစ်ခုအကြား နေရာအလုံအလောက်ခွာထားပါ။ ၎င်းတို့ကို ကျောင်းသားများ အတန်းအတွင်းသို့ မရောက်ရှိမီ ပြီးစီးအောင် ဆောင်ရွက်ပါ။

**လိုအပ်သော ရင်းမြစ်များ** - ကျောင်းသားကိုင် စာအုပ်များ၊ နီးနှောဖလှယ်ပွဲအတွက် ကားချပ်ကြီးစာရွက်နှင့် မာကာများ၊ အခန်းပတ်လည်တွင်ကပ်ထားမည့်စာသားများ။

စာသား (၁) - ကျော်ခိုင်နှင့် အေးအေးတို့သည် ကျောင်းကစားကွင်းထဲတွင် ဆော့ကစားနေကြသည်။ ၎င်းတို့သည် ကစားကွင်းထောင့်တွင် တစ်ဦးတည်းထိုင်ပြီး နေ့လယ်စာစားနေသော အိဇင်မွန်ကို သတိပြုမိကြသည်။ ၎င်းတို့သည် သူမဆီသို့ လျှောက်သွားကြပြီး သူမ၏ နာမည်များကို စတင်ခေါ်ကြ၍ သူမ၏မကောင်းကြောင်းကို ပြောဆိုကြသည်။

စာသား (၂) - ထွန်းထွန်းနှင့် ကျော်ကျော်တို့သည် ၎င်းတို့၏အတန်းထဲမှ မိုးမိုးဟုခေါ်သော မိန်းကလေးတစ်ယောက်ကြောင်း အတင်းပြောနေကြသည်။ ထွန်းထွန်းက “သူ့အဖေက ထောင်ထဲရောက်နေပြီး သူ့အမေက အရက်စွဲနေတဲ့သူလို့ ငါကြားခဲ့တယ်ကွ” ဟု ပြောသည်။ ကျော်ကျော်က “သူ့မှာ ရည်းစားတွေအများကြီးရှိတယ်လို့ ငါကြားခဲ့တယ်ကွ” ဟုပြောသည်။

စာသား (၃) - ဖော်လော်အယ်သည် ဆိုင်းမြော်နှင့်အတူ အတန်းတွင်း စီမံချက်တစ်ခုကို လုပ်နေသည်။ ဆိုင်းမြော်က အကြံဉာဏ်ပေးသည့်အခါတိုင်း သူမသည် ထိုအကြံဉာဏ်များကို အားတက်သရောလက်ခံပေးပြီး အကြံဉာဏ်ကောင်းများ စဉ်းစားနိုင်သည့်အတွက် သူမ၏ သူငယ်ချင်းကို ချီးကျူးနေသည်။ ဆိုင်းမြော်က အကြံဉာဏ်များ ပေးသည့်အခါတိုင်း ဂရုတစိုက်နားထောင်တတ်ပြီး သူမ ပြောကြားသည့်အရာကို နားမလည်ပါက ပြန်လည် မေးမြန်းဆွေးနွေးသည်။

စာသား (၄) - ခိုင်ခိုင်နှင့် ခေါန်ပီတို့သည် သူငယ်ချင်းများအဖြစ် ခင်မင်ဟန် ဆောင်ကြသည်။ သို့သော်လည်း ခိုင်ခိုင် အနားတွင်မရှိသည့်အချိန်တိုင်းတွင် ခေါန်ပီသည် သူမ၏ မကောင်းကြောင်းကို အခြားသူများထံပြောသည်။ ခေါန်ပီ အနားတွင် မရှိသည့်အခါတိုင်း ခိုင်ခိုင်သည် သူမ၏မကောင်းကြောင်းကို အခြားသူများထံပြောသည်။

စာသား (၅) - နန်းခမ်းလှနှင့် အောန်ဂျာတို့သည် ယခုအပတ်တွင် အတန်းဝေယျာဝစ္စများကို ပြုလုပ်ရန်မှာ မည်သူ့အလှည့်ဖြစ်ကြောင်း ငြင်းခုံနေကြသည်။ နန်းခမ်းလှသည် ပြီးခဲ့သည့် အပတ်က သူမတာဝန်ကျခဲ့သည်ဖြစ်ကြောင်းနှင့် သူမ၏အမေသည် သူမ၏အကူအညီကို လိုအပ်သဖြင့် အိမ်သို့အမှန်တကယ် ပြန်ရမည်ဖြစ်ကြောင်း ရှင်းပြသည်။ အောန်ဂျာသည် ကြားဖြတ်မပြောဘဲနားထောင်ပြီး ကိုယ်ချင်းစာကြည့်ရန် ကြိုးစားသည်။ သူသည် အတန်းဝေယျာဝစ္စများကိုလုပ်ရန် နောက်ဆုံး၌ သဘောတူလိုက်သည်။

## သင်ယူမှုလုပ်ငန်း (၁)။ စာသင်ခန်းပတ်လည်ရှိ စာသားများကို ဖတ်ရှုလေ့လာခြင်း (၁၅ မိနစ်)

၁။ ကျောင်းသားများကို အဖွဲ့လေးဖွဲ့ (သို့မဟုတ်) ငါးဖွဲ့ဖြင့် အုပ်စုများခွဲပါ။ ဆရာကိုင်စာအုပ်များထဲတွင်ပါဝင်သည့် ဇယားကွက်ကို ရည်ညွှန်းပြီးနောက် အခန်းပတ်လည်တွင် ကပ်ထားသော စာသားများကို ရည်ညွှန်းပါ။ ကျောင်းသားများအား အတန်းအတွင်း လှည့်လည်သွားလာ၍ ၎င်းတို့၏ ဇယားကွက်များကို ဖြည့်စွက်နိုင်ရန်အတွက် အချက်အလက်များကို စုဆောင်းရန် အချိန် (၅) မိနစ်ပေးပါ။ ကျောင်းသားများအနေဖြင့် ကပ်ထားသောစာသားများမှ အချက်အလက်များကို အသုံးပြု၍ ဤတို့၏စာအုပ်ထဲရှိ ဇယားကွက်၏ ပထမကော်လံကို ဖြည့်စွက်ရန် လိုအပ်ကြောင်း အသိပေးပါ။ ဇယားကွက်များကို ဖြည့်စွက်ရာတွင် အတူတကွလုပ်ဆောင်ရန် အကြံပြုပါ (အဖွဲ့ဝင်တစ်ဦးက ဖြစ်ရပ်အခြေအနေ (၁) ကို ဖြည့်စွက်နေစဉ် ထိုအဖွဲ့မှ နောက်တစ်ဦးက ဖြစ်ရပ်ခြေအနေ (၂) ကို ဖြည့်စွက်ရမည်ဖြစ်သည်)။

၂။ ငါးမိနစ် ကျော်ပါက ကျောင်းသားများကို အုပ်စုအလိုက်ထိုင်၍ ၎င်းတို့၏ ပထမကော်လံတွင် မည်သည်ကို ထည့်သွင်းထားကြောင်း မျှဝေစေပါ။ ဆွေးနွေးပြီးနောက် အုပ်စုအလိုက် ဒုတိယကော်လံကို အတူတကွဖြည့်စွက်ရန် ၎င်းတို့ကို တိုက်တွန်းပါ။ ထိုသို့ပြုလုပ်ရန် ၎င်းတို့ကိုအချိန် (၅) မိနစ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုအကြောင်း ၎င်းတို့သိသည့် အရာများကို စတင်အသုံးချနိုင်စေရန်အတွက် ဆရာများအနေဖြင့် လုပ်ငန်းလုပ်ဆောင်နေစဉ် အတွင်း ကျောင်းသားများကို ကြည့်ရှုလေ့လာရန် လိုအပ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

| ဖြစ်ရပ် အခြေအနေ | ဖြစ်ရပ်အခြေအနေတွင် မည်သည်တို့ ဖြစ်ပွားနေသနည်း။ | ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု ဖြစ်ပါသလား။ အဘယ်ကြောင့်နည်း။ |
|---|---|---|
| ၁။ | ကျော်ခိုင်နှင့် အေးအေးတို့သည် အိဇင်မိုးကို အနိုင်ကျင့်နေကြသည်။ | ၎င်းတို့သည် လေးစားမှုမရှိဘဲ ရန့်ရင်းကြမ်းတမ်းမှုရှိကြသဖြင့် ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုဖြစ်သည်။ |
| ၂။ | ထွန်းထွန်းနှင့် ကျော်ကျော်တို့သည် ၎င်းတို့၏ အတန်းထဲမှ မိန်းကလေးတစ်ယောက် အကြောင်း မကောင်းပြောနေကြသည်။ | ၎င်းတို့သည် အပြုသဘောမဆောင်သော အသံနေအသံထားကို အသုံးပြု၍ မိန်းကလေး၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လေးစားမှုမရှိဘဲ ၎င်းတို့၏ပြောဆိုဆက်ဆံမှုအတွက် ဖြစ်လာနိုင်သော အကျိုးဆက်များကို တာဝန်ယူမှု မရှိသောကြောင့် ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုဖြစ်သည်။ |
| ၃။ | ဖော်လော်အယ်နှင့် ဆိုင်းမြော်တို့သည် အတန်းတွင်းစီမံချက်တစ်ခုတွင် ကောင်းမွန်စွာ အတူတကွ အလုပ်လုပ်နေကြသည်။ | ဖော်လော်အယ်သည် ဆိုင်းမြော်၏ အကြံဉာဏ်များကို စိတ်ပါဝင်စားစွာ နားထောင်ပြီး လေးစားမှုရှိသောကြောင့် ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ပြသသည်။ |
| ၄။ | ခိုင်ခိုင်နှင့် ခေါန်ပီတို့သည် အချင်းချင်း၏ မကောင်းကြောင်းကို အခြားသူများထံ ပြောကြသည်။ | ၎င်းတို့သည် အချင်းချင်းလေးစားမှုမရှိဘဲ အပြုသဘောမဆောင်သော အသံနေအသံထားကို အသုံးပြုကြသောကြောင့် ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုဖြစ်သည်။ |
| ၅။ | နန်းခမ်းလှနှင့် အောန်ဂျာတို့သည် အတန်းဝေယျာဝစ္စများကို မည်သူက ပြုလုပ်သင့်ကြောင်း ငြင်းခုံနေကြသည်။ | နန်းခမ်းလှ၏ လိုအပ်ချက်များနှင့် တွန်းအားများကို ကြားဖြတ်မပြောဘဲ နားလည်ရန် ကြိုးစားသောကြောင့် အောန်ဂျာသည် ပြောဆိုဆက်ဆံခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ပြသသည်။ |

## သင်ယူမှုလုပ်ငန်း (၂)။ နှီးနှောဖလှယ်ခြင်း (၃၀ မိနစ်)

၁။ ကျောင်းသားများအား ပြီးခဲ့သည့်သင်ယူမှုလုပ်ငန်းမှ အုပ်စုများအတိုင်း တူညီစွာ ဆက်လက်လုပ်ဆောင်ရန် အသိပေးပါ။ တစ်အုပ်စုဆီကို ကားချပ်ကြီး စာရွက်တစ်ရွက်စီ ဖြန့်ဝေပါ။

၂။ ကျောင်းသားများအား ယဉ်ကျေး၍ ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု၏ ဆောင်ရန်၊ ရှောင်ရန်များ ပါဝင်သည့် အတန်းတွင်းလူမှုရေးဆိုင်ရာ သဘောတူညီချက် တစ်ခုကို ဖန်တီးစေပါ။ အတန်းတွင်း လူမှုရေးဆိုင်ရာ သဘောတူညီချက် ဆိုသည်မှာ အတန်းတစ်တန်းရှိ ကျောင်းသားများနှင့် ဆရာတို့အနေဖြင့် လိုက်နာရန် လိုအပ်သည့် စာသင်ခန်းတွင်း စည်းမျဉ်းများကို ဖော်ပြထားသော ၎င်းတို့ကြား ညှိနှိုင်းထားသည့် သဘောတူညီမှုတစ်ခုဖြစ်ကြောင်း ရှင်းပြပါ။

၃။ သင်ပုန်းပေါ်တွင် အောက်ပါဇယားကွက်ကိုဆွဲ၍ အုပ်စုများကို ၎င်းတို့၏ အကြံဉာဏ်များ ရေးရန်အတွက် လုံလောက်သောနေရာ ရှိစေရန် ဇယားကွက်အား ကားချပ်ကြီးပေါ်တွင် ကူးရေးစေပါ။

| ဆောင်ရန်များ | ရှောင်ရန်များ |
|---|---|
| | |

၄။ ကျောင်းသားများအား ယဉ်ကျေး၍ ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု၏ ဆောင်ရန်၊ ရှောင်ရန်များအတွက် ၎င်းတို့၏ အကြံဉာဏ်များကို ဦးစွာတိုင်ပင် ဆွေးနွေးစေပါ။ ထို့နောက် ၎င်းတို့သည် ကားချပ်ကြီးများကို မာကာပင်များဖြင့် ဖြည့်စွက်နိုင်သည်။ ၎င်းတို့၏ ကားချပ်ကြီးများကို ဖြည့်စွက်ပြီးသောအခါ အခြားကျောင်းသားများ ကြည့်ရှုနိုင်စေရန် အတွက် စာသင်ခန်းနံရံပေါ်တွင် တင်ပြချက်များအဖြစ် ကပ်ရန် လိုအပ်မည်ဖြစ်ကြောင်း ရှင်းပြပါ။ ၎င်းတို့၏ ပိုစတာ တင်ပြချက်များကို လုပ်ဆောင်ပြီးမြောက်ရန် မိနစ် (၂၀) ကြာ ခွင့်ပြုပေးပါ။

၅။ မိနစ် (၂၀) ကျော်သောအခါ အခြားကျောင်းသားများဆီမှ ပိုစတာအကြောင်း မေးခွန်းများကို ဖြေဆိုရန်အတွက် အုပ်စုတစ်စုစီကို ကိုယ်စားပြုရန် မိမိဆန္ဒအလျောက် တင်ပြမည့်သူတစ်ဦးကို ပိုစတာနှင့်အတူ မတ်တတ်ရပ်စေပါ။ ကျောင်းသားများအား အခြားသူများ လုပ်ဆောင်ထားသည်ကို ကြည့်ရှုရန်အတွက် စာသင်ခန်းအတွင်း လှည့်လည်သွားလာရန် လိုအပ်ကြောင်း အသိပေးပါ။ ပိုစတာများသည် လူမှုရေး ဆိုင်ရာ သဘောတူညီချက်များ ဖြစ်ကြသောကြောင့် ကျောင်းသားများသည်

စည်းမျဉ်းများကို သဘောတူညီကြောင်း (သို့မဟုတ်) စည်းမျဉ်းများသည် ရှုပ်ထွေးကြောင်း ဆုံးဖြတ်ရန်လိုအပ်သည်။ စည်းမျဉ်းများသည် ရှုပ်ထွေးပါက မိမိဆန္ဒအလျောက် တင်ပြမည့်အုပ်စုမှ ကိုယ်စားလှယ်ကို ပိုစတာတွင် ပါရှိသည့် အဆိုပြုချက်များ၏ ဆိုလိုရင်းကို ရှင်းပြရန် အလို့ငှာ မေးခွန်းများမေးရန် လိုအပ်သည်။ ၎င်းတို့သည် စည်းမျဉ်းများကို ကျေနပ်ပါက စည်းမျဉ်းများအား သဘောတူညီကြောင်း ပြသရန် အတွက် ၎င်းတို့၏ အမည်များကို လက်မှတ်ရေးထိုးရန် လိုအပ်သည်။ ၎င်းတို့သည် ဖတ်ပြသည့် ပိုစတာတိုင်းကို တူညီသောလုပ်ငန်းစဉ်ဖြင့် ထပ်ကျော့သင့်သည်။ ကျောင်းသားများက လူမှုရေးဆိုင်ရာ သဘောတူညီချက်များကို အမေးအဖြေပြုလုပ်နေကြစဉ် ကျင့်ဝတ်နှင့်ညီစွာ ပြောဆိုဆက်ဆံရန် သတိပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ဆရာဖြစ်သူအနေဖြင့် ကျောင်းသားများသည် ကျင့်ဝတ်နှင့် ညီသော ပြောဆိုဆက်ဆံမှုနှင့် ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုတို့ကို ခွဲခြားတတ်ခြင်း ရှိ/မရှိနှင့် လက်တွေ့ဘဝအခြေအနေများတွင် ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုဆိုင်ရာ စည်းမျဉ်းများကို အမှန်တကယ် အသုံးချနိုင်ခြင်း ရှိ/မရှိတို့ကို ကြည့်ရှုလေ့လာရန် ကျောင်းသားများကို သင်ယူမှုတစ်လျှောက် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု၏ 'ဆောင်ရန်များ' အတွက် ကျောင်းသားများ၏ အကြံဉာဏ်များသည် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များတွင် ပါဝင်သည့် အကြံဉာဏ်များ နှင့် ကိုက်ညီမှုရှိသင့်သည်။

၁။ မှန်ကန်၍ ရိုးသားမှုရှိပါစေ။

၂။ စိတ်ပါဝင်စားစွာ နားထောင်ပါ။

၃။ ဝေဖန်ခြင်းမပြုဘဲ စကားပြောဆိုပါ။

၄။ နားလည်ရန် ကြိုးပမ်းပါ။

၅။ အပြုသဘောမဆောင်သော အသံနေအသံထားကို ရှောင်ကြဉ်ပါ။

၆။ အခြားသူများစကားပြောနေစဉ် ကြားဖြတ်မပြောပါနှင့်။

၇။ အခြားသူများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လေးစားပါ။

၈။ သင်၏ စကားလုံးများကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ တာဝန်ခံယူမှုပြုရမည်။

**လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ စာသင်ခန်းပတ်လည်ရှိ စာသားများကို ဖတ်ရှုလေ့လာခြင်း (၁၅ မိနစ်)**

သင့်အတန်းထဲမှ ကျောင်းသားတစ်ဦးဦးသည် လွတ်လပ်စွာလှုပ်ရှားရန် အခက်အခဲရှိပါက (သို့မဟုတ်) အမြင်အာရုံဆိုင်ရာ အခက်အခဲရှိပါက လုပ်ငန်းပုံစံကို ပြောင်းလဲနိုင်သည်။ ထိုမှသာ တစ်အုပ်စုချင်းစီသည် ဖြစ်ရပ်အခြေအနေစာသား တစ်ခုအတွက် အချိန် (၂) မိနစ်စီ ရရှိမည်ဖြစ်ပြီး ၎င်းတို့၏စာသားကို အခြားအုပ်စုများ၏ စာသားများနှင့် ဖလှယ်နိုင်မည်ဖြစ်သည်။ ယင်းအား ဖြစ်ရပ်အခြေအနေ (၅) ခုစလုံး ဖတ်ပြီးသည်အထိ ဆက်လက်လုပ်ဆောင်ရမည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ၎င်းတို့၏ဇယားကွက်များကို ဖြည့်စွက်ရာတွင် အချင်းချင်းကူညီနိုင်သည်။

**ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ နှီးနှောဖလှယ်ခြင်း (၃၀ မိနစ်)**

ကျောင်းသားများကို လူနှစ်ဦးအကြား ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု တစ်ခုနှင့် လူနှစ်ဦးအကြား ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုတစ်ခု ဟူ၍ နောက်ထပ်သာဓကနှစ်ခု ဖန်တီးစေနိုင်သည်။ သင်သည် ကျောင်းသားများအား ယဉ်ကျေး၍ ထိရောက်သော ပြောဆိုဆက်ဆံခြင်း ပါဝင်ခဲ့သည့် သင်ယူမှုလုပ်ငန်း (၂) ကို ရည်ညွှန်းရန် ပြောကြားနိုင်သည်။ အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားတွင် ပါဝင်သည့် ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု သာဓကများကို ၎င်းတို့အား မီးမောင်ထိုးပြစေခြင်းသည် အခြားသော ဖြစ်ရပ်အခြေအနေ သာဓကများကို စဉ်းစားနိုင်ရန် အထောက်အကူပြုနိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

- ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုကို ကျင့်သုံးခြင်း၏ သက်ရောက်မှုမှာ အဘယ်နည်း။ ကျင့်ဝတ်နှင့်မညီစွာ ပြောဆိုဆက်ဆံပါက မည်သို့ဖြစ်လာနိုင်သနည်း။
- ကလေးများတွင် ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ အဘယ်နည်း။
- မည်သည့် အခြေအနေများတွင် ကလေး၏ ပြောဆိုဆက်ဆံမှုသည် ကျင့်ဝတ်နှင့်မညီခြင်းမျိုး ဖြစ်နိုင်သနည်း။
- ကလေးများသည် ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုကို ပြင်ဆင်ခြင်း မပြုဘဲ ကြီးပြင်းပါက ၎င်းတို့အရွယ်ရောက်သောအခါတွင် ၎င်းတို့နှင့် ၎င်းတို့အနီးနားရှိ လူများအပေါ် မည်သို့သက်ရောက်မှု ရှိနိုင်သနည်း။
- ကလေးများတွင် ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန် ဆရာများအနေဖြင့် ကျွန်ုပ်တို့သည် မည်သည်တို့ကို လုပ်ဆောင်ပေးနိုင်သနည်း။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ။

မေးခွန်း ၁။ ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုကို ကျင့်သုံးခြင်း၏ သက်ရောက်မှုမှာ အဘယ်နည်း။ ကျင့်ဝတ်နှင့်မညီစွာ ပြောဆိုဆက်ဆံပါက မည်သို့ဖြစ်လာနိုင်သနည်း။

အဖြေ။ *ကျင့်ဝတ်နှင့်ညီစွာ ပြောဆိုဆက်ဆံပါက ခိုင်မြဲသောဆက်ဆံရေးများကို တည်ဆောက်၍ ထိန်းသိမ်းနိုင်သည့်အတွက် တစ်ကိုယ်ရေအောင်မြင်မှုနှင့် ပျော်ရွှင်မှုတို့ကို ရှာဖွေရရှိနိုင်ခြေ ပိုများသည်။ ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုသည် လူမှုဆက်ဆံရေးများကို အလွယ်တကူ ပျက်စီးစေနိုင်သည်။*

မေးခွန်း ၂။ ကလေးများတွင် ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ အဘယ်နည်း။

အဖြေ။ *ပြုစုစောင့်ရှောက်သူများသည် အနိုင်ကျင့်သော ပြောဆိုဆက်ဆံမှုဖြစ်စေ၊ ဆူပူကြိမ်းမောင်းသော ပြောဆိုဆက်ဆံမှုဖြစ်စေ၊ ရုန့်ရင်းကြမ်းတမ်းသော ပြောဆိုဆက်ဆံမှု ဖြစ်စေ ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုကို စံနမူနာပြလုပ်ဆောင်ခဲ့သောကြောင့် ဖြစ်နိုင်သည်။*

မေးခွန်း ၃။ မည်သည့် အခြေအနေများတွင် ကလေး၏ ပြောဆိုဆက်ဆံမှုသည် ကျင့်ဝတ်နှင့်မညီခြင်းမျိုး ဖြစ်နိုင်သနည်း။

အဖြေ။ *၎င်းတို့ဆက်ဆံရေးများတွင် အခြေအနေအရပ်ရပ်မှ အင်အားမညီမျှမှု တစ်ခုရှိနေသည့်အခါမျိုးတွင် ဖြစ်ပေါ်လာနိုင်သည်။ သာဓကအားဖြင့် ကျော်ခိုင်နှင့် အေးအေးတို့သည် အိဗင်မိုးကို မလိုလားသော ကလေးနှစ်ယောက်ဖြစ်သည်။ ၎င်းတို့သည် ဤမလိုလားမှုကို အနိုင်ကျင့်သည့်အပြုအမူဖြင့် ပြသခဲ့သည်။ ထိုနည်းတူစွာပင် ထွန်းထွန်းနှင့် ကျော်ကျော်တို့သည် ၎င်းတို့အတန်းထဲရှိ မိန်းကလေးတစ်ဦး၏ အားနည်းချက်ဟု ထင်ရသည့်အရာကို ဖော်ထုတ်ပြီးနောက် ထိုအရာကို သူမအကြောင်းမကောင်းပြောရန် အကြောင်းပြချက်တစ်ခုအနေဖြင့် အသုံးပြုခဲ့သည်။*

မေးခွန်း ၄။ ကလေးများသည် ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှုကို ပြင်ဆင်ခြင်း မပြုဘဲ ကြီးပြင်းပါက ၎င်းတို့အရွယ်ရောက်သောအခါတွင် ၎င်းတို့နှင့် ၎င်းတို့အနီးနားရှိ လူများအပေါ် မည်သို့သက်ရောက်မှု ရှိနိုင်သနည်း။


အဖြေ။ *ထိုသူတို့ကြီးပြင်းလာပါက ၎င်းတို့၏ကျင့်ဝတ်နှင့်မညီသော ပြောဆိုဆက်ဆံမှု (သို့မဟုတ်) ကျင့်ဝတ်နှင့်မညီသော အပြုအမူတို့ကို မဟန့်တားလျှင်ဖြစ်စေ၊ အမှန်မပြင်ပေးလျှင်ဖြစ်စေ ၎င်းတို့သည် ကျင့်ဝတ်နှင့်မညီသောအပြုအမူကို ဆက်လက်ပြုမူမည်ဖြစ်ပြီး ရုန့်ရင်းကြမ်းတမ်းကာ အခြားသူများနှင့် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်နိုင်မည်မဟုတ်ပေ။*

မေးခွန်း ၅။ ကလေးများတွင် ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန် ဆရာများအနေဖြင့် ကျွန်ုပ်တို့သည် မည်သည်တို့ကို လုပ်ဆောင်ပေးနိုင်သနည်း။

အဖြေ။ *ကျွန်ုပ်တို့သည် စာသင်ခန်းများအတွင်း၌ ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံခြင်း ဆိုင်ရာ ကျွမ်းကျင်မှုများကို စံနမူနာပြုပြီး အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရသော စီမံချက်များနှင့် လုပ်ငန်းများတို့ကို အသုံးပြုခြင်းဖြင့် ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုများကို လေ့ကျင့်ရန် အခွင့်အလမ်းများစွာ ပေးနိုင်သည်။ ၎င်းတို့သည် ဤလုပ်ငန်းများ လုပ်ဆောင်နေစဉ်အတွင်း ကျင့်ဝတ်နှင့်မညီစွာ ပြောဆိုဆက်ဆံပါက ဆရာများသည် ၎င်းတို့၏ပြောဆိုဆက်ဆံပုံကို အမှန်ပြင်ပေးရန် အခွင့်အလမ်းရှိသည်။*

# ၂.၅။ အလယ်တန်းဆင့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်ဆိုင်ရာ သင်ကြား၊ သင်ယူမှု နည်းဗျူဟာများနှင့် ချဉ်းကပ်နည်းများ

ယခင် အခန်းငယ်ပါ အကြောင်းအရာများတွင် သင်ယူခဲ့ရသည့်အတိုင်း အပြန်အလှန် လေးစားမှုရှိခြင်း၊ သည်းခံနိုင်စွမ်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ ယုံကြည်စိတ်ချရခြင်း အစရှိသည့် တန်ဖိုးထားမှုများသည် ကျွန်ုပ်တို့နှင့် အခြားသူများ၏ ဆက်ဆံရေး ခိုင်မြဲတည်တံ့စေရန် အရေးပါသည့် နည်းလမ်းများ ဖြစ်ရုံသာမက ထိုတန်ဖိုးထားမှုများသည် ကျွန်ုပ်တို့ အခြားသူများနှင့် ပြောဆိုဆက်ဆံရာတွင်လည်း ရောင်ပြန်ဟပ်စေပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရာတွင် ကျွန်ုပ်တို့ အသုံးပြုသော သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းဗျူဟာများကို အလယ်တန်းကျောင်းသားများတွင် ပြည်သူ့နီတိဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးထားမှုများ ဖွံ့ဖြိုးလာအောင် ပျိုးထောင်ပေးသင့်ပါသည်။ ဤဘာသာရပ်၏ မျှော်မှန်းရလဒ်မှာ ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖို့ အဆင်သင့် ဖြစ်ရန် လူ့အဖွဲ့အစည်းအကြောင်း ဗဟုသုတကြွယ်ဝသူ၊ ယဉ်ကျေးမှုကွဲပြားခြင်းတို့အပေါ် သိနားလည်မှုရှိသူ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ချတတ်သူ၊ လူသားချင်းစာနာမှုအပေါ် တန်ဖိုးထားမှုများရှိသူ၊ လူမှုရေးတာဝန်ဝတ္တရားများသိသူနှင့် ပြည်သူ့နီတိပိုင်းတွင် ပါဝင် ပတ်သက်ခြင်းရှိသည့် လူပုဂ္ဂိုလ်များအား ပြင်ဆင်ပေးခြင်းဖြစ်သည်။ သင်ခန်းစာ (၁.၁.၁) မှ ပုံ (၁.၁) ကို ပြန်လည်သုံးသပ်ကြည့်ပါက ရပ်ရွာတွင်း၊ ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူ့နီတိဘာသာရပ် သင်ကြားရာတွင် အထက်ဖော်ပြပါ တန်ဖိုးထားမှုများနှင့် ကျွမ်းကျင်မှုများကို ကျောင်းသားများ တည်ဆောက် နိုင်ရန် အတွက် ၎င်းတို့၏ လူ့အဖွဲ့အစည်းဆိုင်ရာ ဗဟုသုတများ တိုးပွားစေရုံသာမက ကျွမ်းကျင်မှုများကိုပါ ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးသင့်သည်။ ဤသို့လုပ်ဆောင်ခြင်းသည် အခြားသူများနှင့် ကျွန်ုပ်တို့၏ အပြန်အလှန်ဆက်နွှယ်မှုကို လူမှုတာဝန်ဝတ္တရား၏ အရေးပါပုံ နှင့် ကူညီချိတ်ဆက်ပေးသည်။




**ပုံ ၂.၁။ သင်ခန်းစာ (၁.၁.၁) - ပြည်သူ့နီတိအသိပညာ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးထားမှုများ ထည့်သွင်းဖော်ပြထားသော Venn diagram**

*ရင်းမြစ်* - Rieckmann (2018, p. 46) မှ ကောက်နုတ်ထားသည်။

ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုနယ်ပယ်သုံးရပ်စလုံးကို ဖော်ပြရန်အတွက် သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို ဆက်စပ်ခြုံငုံတွေးတောခြင်း (Systems Thinking) ဆိုင်ရာ အခြေခံသဘောတရားများအပေါ် အခြေခံ၍ ရေးဆွဲနိုင်ပါသည်။ ဆက်စပ်ခြုံငုံတွေးတောခြင်းသည် လူပုဂ္ဂိုလ်များ၊ ၎င်းတို့၏ အသိုက်အဝန်းများနှင့် ထိုအသိုက်အဝန်းများ၏ စနစ်များအကြားရှိ အပြန်အလှန်ဆက်နွယ်မှုများကို ပြန်လည်သုံးသပ်ရန် သာမက ကျောင်းသားများ ၎င်းတို့ကြုံတွေ့နေရသည့် ပြဿနာများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် လက်တွေ့ဆောင်ရွက်မှု အစီအစဉ်များ ရေးဆွဲရာတွင် ကူညီပေးရန် ရည်ရွယ်ပါသည်။

အသိပညာအပြောင်းအလဲပြု တွေးတောခြင်းသည် အလယ်တန်းကျောင်းသားများက ၎င်းတို့၏ဆရာများ ပို့ချသော အသိပညာ ဗဟုသုတများအပေါ်မှီခိုပြီး လက်သင့်ခံနေခြင်းမှနေ၍ မေးမြန်းပြောဆိုဆွေးနွေးပြီး ပြန်လည်သုံးသပ်တတ်သည့် မိမိကိုယ်ပိုင်တွေးခေါ်မှုရှိသော သင်ယူသူများအဖြစ် ပြောင်းလဲရာ၌ ကူညီပံ့ပိုးပေးသည်။ ထို့ပြင် ကျောင်းသားများအား လုပ်ငန်းစဉ်များကို သရုပ်ပြရန်နှင့် သာတူညီမျှမှု၊ လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ကျင့်ဝတ်နှင့် ညီညွတ်သော အပြုအမူတို့ကို ပြုမူခြင်း၏ အကျိုးကျေးဇူးများကို သရုပ်ပြရန်အတွက် သင်ကြားသင်ယူမှု နည်းလမ်းများသည် -

- ကျောင်းသားအားလုံး လက်လှမ်းမီ သင်ယူနိုင်သင့်ပါသည်။
- သင်ယူလေ့လာရာတွင် ကျောင်းသားများအား ကိုယ်တိုင်ပါဝင်စေပြီး ဘေးကင်းလုံခြုံ၍ အောင်မြင်စွာလုပ်ဆောင်နိုင်သည်ဟု ခံစားရစေသင့်ပါသည်။
- ကျောင်းသားများအနေဖြင့် ၎င်းတို့အား လက်ခံကြိုဆို၍ တန်ဖိုးထားသည်ဟု ခံစားရစေသည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေး၍ ပံ့ပိုးပေးသင့်ပါသည်။

## ၂.၅.၁ | ဆက်စပ်ခြုံငုံတွေးတောခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဆက်စက်ခြုံငုံတွေးတောခြင်း ဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်းသည် အလယ်တန်းကျောင်းသားများ၏ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြား သင်ယူရေးကို ပိုမိုထိရောက်၍ ဆီလျော်မှုရှိအောင် အထောက်အကူပြုနိုင်ပုံကို ရှင်းပြတတ်မည်။
- လူမှုကျင့်ဝတ် တန်ဖိုးထားမှုများထဲမှ တစ်ခုအားရွေးချယ်ပြီး ဆက်စပ်ခြုံငုံ တွေးတောခြင်း နည်းလမ်းပါရှိသည့် သင်ယူမှုလုပ်ငန်းတစ်ခု ဖန်တီးရေးဆွဲ တတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်း ပြင်ဆင်သည်။

(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - ဆက်စပ်ခြုံငုံတွေးတောခြင်း ဥပမာ (၁) - တန်ဖိုးထားမှုများ၊ ထင်မြင်ယုံကြည်ချက်များနှင့် ခံယူချက်များ၊ ဆက်စပ်ခြုံငုံတွေးတောခြင်း ဥပမာ (၂) - ပြဿနာဖြစ်ပွားမှု အဆင့်ဆင့်ပြသစ်ပင်၊ သင်ယူမှုလုပ်ငန်း ရေးဆွဲခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - ဂျာနယ်မှတ်တမ်း/ ပြန်လည်သုံးသပ်ချက် ရေးသားခြင်း၊ ကြည့်ရှုလေ့လာခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ဆရာများနှင့် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၂.၅.၁) ကို ကြိုတင်ဖတ်ရှုထားရန်လိုပါသည်။ ကျောင်းသားများအနေဖြင့် သာဓကများထပ်မံလိုအပ်ပါက ပြသနိုင်ရန်အတွက် ဆရာများသည် သင်ယူမှုလုပ်ငန်း (၂) ၏ အဆုံးတွင် ဆောင်ရွက်ရမည့် ဆက်စပ်ခြုံငုံတွေးတောခြင်း လုပ်ငန်းသာဓကများကို ပရင့်ထုတ်ထားရန်လည်း လိုအပ်ပါသည်။ ကျောင်းသားများသည် ၎င်းတို့ လေ့လာသင်ယူခဲ့သော တန်ဖိုးထားမှုများဖြစ်သည့် အပြန်အလှန်လေးစားမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ယုံကြည်စိတ်ချရမှု၊ စာနာရိုင်းပင်းတတ်မှု၊ တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ အနက် မည်သည်တို့အတွက် သင်ယူမှုလုပ်ငန်း ရေးဆွဲမည်ကိုလည်း ရွေးချယ်ဆုံးဖြတ်ရန် လိုအပ်ပါသည်။ ဆရာများအနေဖြင့် ကျောင်းသားများ၏

သင်ယူမှုလုပ်ငန်းများကို နောက်စာသင်ချိန်တွင် တင်ပြရမည့် သင်ပြမှုပုံစံများနှင့် အလားတူပုံစံအတိုင်း တင်ပြစေရန် (သို့မဟုတ်) နောက်ထပ် မိနစ် (၅၀) ကြာ စာသင်ချိန်တစ်ချိန်ထား၍ ကျောင်းသားများကို သင်ယူမှုလုပ်ငန်းများ တင်ပြစေပြီး အမေးအဖြေ ဆက်လက်ပြုလုပ်ရန် ရွေးချယ်ဆုံးဖြတ်ရမည် ဖြစ်ပါသည်။

ဆရာများအနေဖြင့်လည်း သင်ယူမှုလုပ်ငန်း(၁)အတွက် "ထင်မြင်ယုံကြည်ချက်များကို ဖော်ပြသည့် ကတ်များ" ကို ပရင့်ထုတ်ပေးရန် လိုအပ်ပါသည်။

**လိုအပ်သော ရင်းမြစ်များ -** ကျောင်းသားကိုင်စာအုပ်၊ ထင်မြင်ယုံကြည်ချက်များကို ဖော်ပြသည့် ကတ်များ၊ ကားချပ်ကြီး။

**သင်ယူမှုလုပ်ငန်း (၁)။ ဆက်စပ်ခြုံငုံတွေးတောခြင်း ဥပမာ (၁) - တန်ဖိုးထားမှုများ၊ ထင်မြင်ယုံကြည်ချက်များနှင့် ခံယူချက်များ (၂၀ မိနစ်)**

၁။ ကျောင်းသားလေးယောက်၊ ငါးယောက်ခန့် ပါဝင်သော အဖွဲ့များဖွဲ့ပါ။ အုပ်စုတစ်စုလျှင် "ထင်မြင်ယုံကြည်ချက်များကို ဖော်ပြသည့် ကတ်" တစ်ထုပ်စီ ဝေပေးပါ။

| | | |
|---|---|---|
| ကမ္ဘာကြီးသည် ပြားသည်ဟု ထင်မြင်ယုံကြည်ခြင်း | မိသားစုတစ်စုတွင် အာဏာအရှိဆုံးသူကို သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသော ထင်မြင်ယုံကြည်ချက်များ | အိမ်ထောင်မပြုဘဲ ကလေးမွေးခြင်းနှင့် စပ်လျဉ်းသော ထင်မြင်ယုံကြည်ချက်များ |
| ကွာရှင်းခြင်းနှင့် စပ်လျဉ်းသော ထင်မြင်ယုံကြည်ချက်များ | အမျိုးသမီးများ အလုပ်လုပ်ခြင်းနှင့် စပ်လျဉ်းသော ထင်မြင်ယုံကြည်ချက်များ | ဘာသာတရား မကိုးကွယ်ခြင်းနှင့် စပ်လျဉ်းသော ထင်မြင်ယုံကြည်ချက်များ |
| ဆိုင်ကလုန်းမုန်တိုင်းများနှင့် သဘာဝ ဘေးအန္တရာယ်များသည် (နတ်ဘုရား တစ်ပါးပါးက) လူသားတို့၏ အပြစ်ကြောင့် အပြစ်ပေးခြင်းဟု ထင်မြင်ယုံကြည်ခြင်း | စိတ်ကျန်းမာရေး ထိခိုက်ခြင်းသည် ရှက်ဖွယ်ဖြစ်သည်ဟု ထင်မြင်ယုံကြည်ခြင်း | လိင်တူထိမ်းမြားခြင်းနှင့် စပ်လျဉ်းသော ထင်မြင်ယုံကြည်ချက်များ |
| ကလေးများကို ထိန်းသိမ်းကြပ်မတ်ခြင်းနှင့်စပ်လျဉ်းသော ထင်မြင်ယုံကြည်ချက်များ | နိမိတ်ဖတ်ခြင်း၊ ရှေ့ဖြစ်ဟောခြင်း နှင့် အခြားသော သဘာဝလွန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ထင်မြင်ယုံကြည်ချက်များ | ကောင်းမွန်သော ပညာရေးနှင့် စပ်လျဉ်းသော ထင်မြင်ယုံကြည်ချက်များ |

၂။ ကျောင်းသားများအား ၎င်းတို့၏ "ထင်မြင်ယုံကြည်ချက်များကို ဖော်ပြသည့် ကတ်များ" ထဲမှ ကတ်တစ်ကတ်ကို ဦးစွာရွေးချယ်၍ အုပ်စုမှ အဖွဲ့ဝင်

တစ်ယောက်ချင်းစီအား ကတ်တွင်ပါရှိသော အချက်နှင့်စပ်လျဉ်း၍ ၎င်းတို့၏ ယုံကြည်ထင်မြင်ချက်များကို အလှည့်ကျပြောရန် ပြောကြားပါ။ ပုံမှန်စာသင်ချိန်တွင် အလယ်တန်းကျောင်းသားများ ကတ်တစ်ကတ်ထက်ပို၍ ရွေးချယ်နိုင်အောင် မိနစ် (၃၀) ခန့် အချိန်ပေးသင့်ပြီး ယနေ့တွင် သရုပ်ပြခြင်းအဖြစ်သာ လုပ်ဆောင်ရမည် ဖြစ်ကြောင်း ရှင်းပြပါ။

၃။ အချိန်အနည်းငယ်ကြာပါက အုပ်စုများမှကျောင်းသားများအား ၎င်းတို့၏ထင်မြင်ချက်များသည် ၎င်းတို့၏ မိဘဘိုးဘွားများ ထင်မြင်ယုံကြည်သည့်အချက်များ/ ထင်မြင်ယုံကြည်ခဲ့သည့်အချက်များနှင့် ကွာခြားသည်ဟုထင်မြင်ခြင်း ရှိ/မရှိ ဆွေးနွေးစေပါ။ ၎င်းတို့အား ထိုသို့ဆွေးနွေးရန် နောက်ထပ် (၅) မိနစ် အချိန်ပေးပါ။ ၎င်းတို့ ဆွေးနွေးနေစဉ်တွင် သင်ပုန်းပေါ်၌ အဆင့် (၄) မှ မေးခွန်းများကို ရေးပါ။

၄။ ငါးမိနစ်ပြည့်ပါက အုပ်စုများအား သင်ပုန်းပေါ်ရှိ မေးခွန်းများကို ဖြေစေပါ။ ဆွေးနွေးချက်များမှ ရရှိသည့် အရေးပါသောအချက်များကို ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်တွင် ပေးထားသော ကွက်လပ်ထဲတွင် ဖြည့်ရန် တိုက်တွန်းပါ။ ထိုသို့လုပ်ဆောင်ရန် နောက်ထပ်အချိန် (၅) မိနစ် ရရှိမည်ဖြစ်ကြောင်း ပြောပါ။

- သင့် ထင်မြင်ယုံကြည်ချက်များသည် မည်သည်မှ အရင်းခံပါသနည်း။
- ထိုယုံကြည်ထင်မြင်ချက်များသည် မည်ကဲ့သို့ ခိုင်မာလာပါသနည်း။
- သင့်မိဘဘိုးဘွားများ၏ ထင်မြင်ယုံကြည်ချက်များသည် ကျိုးကြောင်းဆီလျော်ပါသလား။ အဘယ်ကြောင့် ကျိုးကြောင်းဆီလျော်/ မဆီလျော်ပါသနည်း။
- ထိုထင်မြင်ယုံကြည်ချက်များသည် မည်သည်တို့အပေါ်တွင် (သိပ္ပံနည်းကျနားလည်ခြင်း၊ ကိုးကွယ်ယုံကြည်မှု၊ မိဘများ၏ ထင်မြင်ယုံကြည်ချက်များ စသည်ဖြင့်) အခြေခံထားပါသနည်း။
- အချိန်ကာလ ကြာလာသည်နှင့်အမျှ မိမိ၏ ထင်မြင်ယုံကြည်ချက်များနှင့် မိဘဘိုးဘွားတို့၏ ထင်မြင်ယုံကြည်ချက်များအကြား များစွာကွာဟချက်မှု ရှိပါက အဘယ်ကြောင့် ထိုသို့ကွာဟမှုရှိလာရသည်ကို ကျိုးကြောင်းသင့် ရှင်းပြပါ။

၅။ အဖွဲ့တစ်ဖွဲ့ချင်းစီကို ၎င်းတို့၏ သုံးသပ်ချက်များအကြောင်း အတန်းသားများအား တင်ပြစေပါ။

၆။ ဤလုပ်ငန်းကို တစ်ခါတစ်ရံတွင် အလယ်တန်းကျောင်းသားများ ၎င်းတို့၏ ထင်မြင်ယုံကြည်ချက်များ မြစ်ဖျားခံရာ အကြောင်းရင်းများကို လေ့လာဖော်ထုတ်ရာတွင် ပံ့ပိုးပေးရန်အတွက် အသုံးပြုကြောင်း ရှင်းပြပါ။ ယင်းသည် ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းရင်းကို ဆန်းစစ်ရာတွင် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ထင်မြင်ယုံကြည်ချက်များကို ဆန်းစစ်လေ့လာခြင်းသည် ယင်းထင်မြင်ယုံကြည်ချက်များမှာ တစ်ခါတစ်ရံတွင် မျိုးရိုးစဉ်ဆက်အဆင့်ဆင့် လက်ဆင့်ကမ်းလာသော ထင်မြင်ယုံကြည်မှုစနစ်များ (သို့မဟုတ်) ထိုထင်မြင်ယုံကြည်မှုစနစ်များကို လွှမ်းမိုးပြောင်းလဲစေသည့် ဒေသတွင်းအဆင့် ဖြစ်ရပ်များမှသည် တစ်ကမ္ဘာလုံးအဆင့် ဖြစ်ရပ်များမှတစ်ဆင့် ဆင်းသက်လာပုံကို သိရှိရစေပါသည်။ မျိုးဆက်တစ်ဆက်ဆီ၏ ထင်မြင်ယုံကြည်ချက်များအပေါ် လွှမ်းမိုးသည့်အချက်များကို ဆန်းစစ်ခြင်းအားဖြင့် တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခဖြစ်ပွားစေသည့် ဇာစ်မြစ်ကို သိရှိရစေပါသည်။ ထိုနားလည်သဘောပေါက်မှုသည် ပဋိပက္ခများကို ငြိမ်းချမ်းသောအသွင်သို့ ပြောင်းလဲရာတွင် ထောက်ကူပေးပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအနေဖြင့် ဆက်စပ်ချိုင့်တွေးတောခြင်းအား နားလည်သဘောပေါက်ရန် အတွက် ဤလုပ်ငန်းကို စမ်းသပ်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဤသို့လုပ်ဆောင်ခြင်းသည် သင်ခန်းစာအဆုံး၌ ၎င်းတို့ကိုယ်ပိုင် သင်ယူမှုလုပ်ငန်းရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ


ကျောင်းသားများ၏ သာဓကများသည် သင်ခန်းစာ (၂.၁.၁) တန်ဖိုးထားမှု အဆင့်ဆင့်ပြသစ်ပင် ရေးဆွဲရာတွင် ဖြေကြားခဲ့သည့် အဖြေများနှင့် ဆင်တူနေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ တန်ဖိုးထားမှုများသည် ကျွန်ုပ်တို့၏ထင်မြင်ယုံကြည်ချက်များကို ပုံသွင်းကြောင်း ဆန်းစစ်သုံးသပ်နေခြင်း ဖြစ်သောကြောင့် ဖြစ်ပါသည်။ ကျောင်းသားများသည် ၎င်းတို့၏ ထင်မြင်ယုံကြည်ချက်များသည် ကျိုးကြောင်းဆီလျော်ခြင်း ရှိ/မရှိနှင့် ကာလရွေ့လျားလာသည်နှင့်အမျှ ယင်းတို့၏ ပြောင်းလဲလာပုံတို့ကို အကဲဖြတ်ခြင်းဖြင့် ထိုထင်မြင်ယုံကြည်ချက်များ မြစ်ဖျားခံရာ အကြောင်းရင်းများကို ထဲထဲဝင်ဝင် လေ့လာသင့်ပါသည်။ ဥပမာ - အမျိုးသမီးများ အလုပ်လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်းသော ထင်မြင်ယုံကြည်ချက်များအကြောင်း ဆွေးနွေးခြင်း။

- သင်၏ ထင်မြင်ယုံကြည်ချက်များသည် မည်သည်မှ အရင်းခံပါသနည်း။ ကျွန်ုပ်လက်ခံယုံကြည်ထားသည့် တရားမျှတမှု မူများ။
- ထိုယုံကြည်ထင်မြင်ချက်များသည် မည်ကဲ့သို့ ခိုင်မာလာပါသနည်း။ ကျွန်ုပ်၏ စာသင်ကျောင်းနှင့် ဆရာများ၏ သင်ကြားပြသမှုမှတစ်ဆင့်။
- သင့်မိဘဘိုးဘွားများ၏ ထင်မြင်ယုံကြည်ချက်များသည် ကျိုးကြောင်းဆီလျော်ပါသလား။ အဘယ်ကြောင့် ကျိုးကြောင်းဆီလျော်/ မဆီလျော်ပါသနည်း။ ဥပမာ - ၎င်းတို့ထင်မြင် ယုံကြည်ထားသည့် အမျိုးသမီးများ အလုပ်မလုပ်သင့်ဟူသော အချက်သည် ကျိုးကြောင်းဆီလျော်မှုမရှိပါ။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည်လည်း အမျိုးသားများကဲ့သို့ပင် အသက်မွေးမှု လုပ်ငန်းများကို တန်းတူလုပ်ကိုင်ရန် အခွင့်အရေးရှိသောကြောင့် ဖြစ်ပါသည်။
- ထိုထင်မြင်ယုံကြည်ချက်များသည် မည်သည်တို့အပေါ်တွင် (သိပ္ပံနည်းကျနားလည်ခြင်း၊ ကိုးကွယ်ယုံကြည်မှု၊ မိဘများ၏ ထင်မြင်ယုံကြည်ချက်များ စသည်ဖြင့်) အခြေခံထားပါသနည်း။ အမျိုးသမီးများသည် အလုပ်မလုပ်ဘဲ အိမ်၌သာနေသင့်သည် ဟူသော ထင်မြင်ယုံကြည်ချက်သည် အခွင့်အရေးများနှင့် ဂလိုဘယ်လိုက်ဇေးရှင်း တို့ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာစနစ်များနှင့် ဖြစ်စဉ်များနှင့်ပတ်သက်၍ အမြင်မပွင့်လင်းသော ကျွန်ုပ်တို့ဘိုးဘွားများခေတ်မှ ဆင်းသက်လာသည့် ထင်မြင်ယုံကြည်ချက်တစ်ခု ဖြစ်ပါသည်။ မျက်မှောက်ခေတ်တွင် ထင်မြင်ယုံကြည်ချက် အမျိုးမျိုး ကွဲပြားလာသည်နှင့်အညီ အမျိုးသမီးများအနေဖြင့် မိသားစုကို စောင့်ရှောက်ရင်း အိမ်၌သာ နေသင့်ကြောင်း ထင်မြင်ယုံကြည်လျက်ပင်ရှိသေးသော လူအချို့ ရှိနေသေးသော်လည်း အများစုမှာမူ အမျိုးသားရော အမျိုးသမီးပါ အလုပ်လုပ်ခွင့် ရသင့်ကြောင်း ထင်မြင်ယုံကြည်ကြပါသည်။
- အချိန်ကာလကြာလာသည်နှင့်အမျှ မိမိ၏ ထင်မြင်ယုံကြည်ချက်များနှင့် မိဘဘိုးဘွား တို့၏ ထင်မြင်ယုံကြည်ချက်များအကြား များစွာကွာဟချက်မှု ရှိပါက အဘယ်ကြောင့် ထိုသို့ကွာဟမှု ရှိလာရသည်ကို ကျိုးကြောင်းသင့် ရှင်းပြပါ။ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းသည် လူပုဂ္ဂိုလ်တစ်ဦးချင်း ရရှိသင့်သည့် အခွင့်အရေးများနှင့် စပ်လျဉ်း၍ ပိုမိုအမြင်ကျယ်လာပြီး ကျွန်ုပ်တို့၏နိုင်ငံသည် တစ်ကမ္ဘာလုံးနှင့်ချီ၍ စီးပွားရေးပြိုင်ဆိုင်မှုများ ပြင်းထန်လာသည့်အတွက် အလုပ်လုပ်သူဦးရေ ပိုမိုများပြားလာရန် လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၂)။ ဆက်စပ်ခြင်္ချင်တွေးတောခြင်း ဥပမာ (၂) - ပြဿနာ ဖြစ်ပွားမှု အဆင့်ဆင့်ပြသစ်ပင် (၁၀ မိနစ်)

၁။ အုပ်စုတစ်စုချင်းစီကို ကားချပ်ကြီး တစ်ခုစီဝေပေးပါ။

၂။ သင်ပုန်းပေါ်တွင် အောက်ဖော်ပြပါ သစ်ပင်ပုံနှင့် ဆင်တူသည့် သစ်ပင်တစ်ခုကို ရေးဆွဲပြီး သစ်ပင်၏ မြေပေါ်ပိုင်းကို "အသီးများ" ဟု အညွှန်းတပ်၍ မြေအောက်ပိုင်းကို "အမြစ်များ" ဟုအညွှန်းတပ်ပါ။ ကျောင်းသားများအား ၎င်းတို့ကို ပေးထားသည့် ကားချပ်စာရွက်ပိုင်းများ ကပ်နိုင်သော အရွယ်အစားရှိသည့် အမြစ်များနှင့် သစ်ပင်ပုံကြမ်းတစ်ခု ရေးဆွဲခိုင်းပါ။




**ပြဿနာဖြစ်ပွားမှု အဆင့်ဆင့်ပြ သစ်ပင်**

၃။ ပြဿနာဖြစ်ပွားမှု အဆင့်ဆင့်ပြသစ်ပင်ကို အသုံးပြုကာ ကမ္ဘာကြီးပူနွေးလာမှု ပြဿနာများအကြောင်းကို တွေးတောစဉ်းစားရမည်ဖြစ်ကြောင်း ကျောင်းသားများအား ရှင်းပြပါ။ အုပ်စုတစ်စုချင်းစီသည် လူသားများကြောင့် ကမ္ဘာကြီးပူနွေးစေသည့် အကြောင်းရင်းများနှင့် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်များကို ဉာဏ်ဖွင့်ဆွေးနွေး၍ ၎င်းတို့၏ သစ်ပင်ပုံတွင် ဆီလျော်အောင် အညွှန်းတပ်ရန် လိုအပ်ပါသည်။ သစ်ပင်၏ "အမြစ်များ" သည် ကမ္ဘာကြီးပူနွေးမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို ကိုယ်စားပြုသည်။ သစ်ပင်၏ "အသီးများ" သည် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်များကို ကိုယ်စားပြုသည်။

၄။ သစ်ပင်၏ ပင်စည်ကို "ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု" ဟု အညွှန်းတပ်ပါ။ ထို့နောက် လုပ်ငန်းလုပ်ဆောင်ပုံ အဆင့်ဆင့်ကို သရုပ်ပြရန်အတွက် ရှေးဦးစွာ ကျောင်းသားများနှင့်အတူ ဉာဏ်ဖွင့်ဆွေးနွေးပါ။ ဥပမာ - ကျောင်းသားများကို ကမ္ဘာကြီးပူနွေးလာခြင်းကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများနှင့် စပ်လျဉ်းသော ထင်မြင်ချက်များပေးစေပါ။ ၎င်းတို့၏ အဖြေများတွင် 'ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်း' (သို့မဟုတ်) 'သစ်တောပြုန်းတီးခြင်း' တို့ကဲ့သော အဖြေများ ပါဝင်နိုင်ပါသည်။ ထိုအဖြေများကို သင်ပုန်းပေါ်ရှိ သစ်ပင်ပုံ၏အမြစ်တစ်ခုခု၏ ဘေးဘက်တွင် ရေးသားပါ။ ဥပမာ - ကျောင်းသားများကို ကမ္ဘာကြီးပူနွေးလာခြင်း၏ အကျိုးဆက်များနှင့် စပ်လျဉ်းသော ထင်မြင်ချက်များပေးစေပါ။ "ပိုမိုပြင်းထန်သော မုန်တိုင်းများ"နှင့် "ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း" ကဲ့သို့သော အဖြေများ ဖြေနိုင်ပါသည်။ အသီးများကို သရုပ်ဖော်ရန်အတွက် သစ်ကိုင်းပေါ်တွင် စက်ဝိုင်းများ ဆွဲ၍ သင်ပုန်းပေါ်တွင် သင် ရေးဆွဲခဲ့သည့် အသီးများဘေးတွင် အဖြေများရေးပါ။

၅။ ကျောင်းသားများ ပြဿနာဖြစ်ပွားမှုအဆင့်ဆင့်ပြ သစ်ပင်တွင် ၎င်းတို့၏ ထင်မြင်ချက်များကို စတင်ရေးသားရန်အတွက် အချိန် (၅) မိနစ် ထပ်မံပေးပါ။

၆။ ကျောင်းသားများသည် အလယ်တန်းကျောင်းသားများအား ကမ္ဘာကြီးပူနွေးလာစေသည့် အကြောင်းရင်းများနှင့် ယင်း၏အကျိုးဆက်များကို သေချာစွာတွေးတောရန် ပုံမှန်အားဖြင့် မိနစ် (၃၀) ခန့် အချိန်ပေးရမည်ဖြစ်သော်လည်း ဤသင်ခန်းစာအတွက် အချိန်မလုံလောက်သောကြောင့် ဤနေရာတွင်သာ ရပ်မည်ဖြစ်ကြောင်း (၅) မိနစ် ပြည့်ပြီးလျှင် ရှင်းပြပါ။ ရည်ရွယ်သည်မှာ လုပ်ငန်းလုပ်ဆောင်ပုံကို ပြသရန်နှင့် ဆက်စပ်ခြုံငုံတွေးတောခြင်း ဆိုင်ရာ ချဉ်းကပ်နည်းအား အသုံးပြုရမည့် သင်ယူမှုလုပ်ငန်း နောက်တစ်ခုကို သရုပ်ပြရန်ဖြစ်သည်။ ရေခဲစိုင်ပုံစံတွင် ရှင်းပြထားသကဲ့သို့ ဖြစ်ရပ်တစ်ခု၏ ဇာစ်မြစ်ကို ဖော်ထုတ်ပြီးပါက ဖြေရှင်းရန် အဖြေများကို ဉာဏ်ဖွင့်ဆွေးနွေးဖို့ ပိုမိုလွယ်ကူသွားစေကြောင်းနှင့် ပိုမိုလွယ်ကူ သွားစေသည့် အကြောင်းရင်းမှာ ထိုသို့ဖော်ထုတ်ခြင်းအားဖြင့် ဖြစ်ရပ်ဖြစ်ပွားစေခဲ့သည့် နောက်ကွယ်မှ စနစ်တကျစီစဉ်မှုများကို ဖော်ပြနိုင်ပြီဖြစ်သောကြောင့် ဖြစ်ကြောင်း ရှင်းပြပါ။ ဥပမာ - သစ်တောပြုန်းတီးမှုသည် ကမ္ဘာကြီးပူနွေးစေသော အကြောင်းရင်း ဖြစ်ပြီး ယင်း၏ အကျိုးဆက်သည် ကျွန်ုပ်တို့အပေါ်တွင် သက်ရောက်မှု အလွန်ကြီးမားကြောင်း (ပိုမိုပြင်းထန်သော မုန်တိုင်းများစသည်ဖြင့်) သိရှိပါက အလယ်တန်းကျောင်းသားများသည် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် နှင့် ပြဿနာကိုဖြေရှင်းရန် နည်းလမ်း (ဥပမာ - သစ်ပင်ပိုစိုက်ရန် အားပေးတိုက်တွန်း၍ သစ်ပင်သစ်တောများ ခုတ်ထွင်ခြင်းကို တားမြစ်ခြင်း) ကို စဉ်းစားရန် အာရုံစိုက်မည် ဖြစ်ပါသည်။

၇။ ကျောင်းသားများအား ၎င်းတို့၏အုပ်စုထဲတွင် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို အတူတကွ ဖြေစေပါ။

၈။ လိုအပ်ပါက စနစ်သုံးခုလုံး (သဘာဝ၊ နည်းပညာ၊ လူသား)ကို ဆက်စပ်ချိုင့်တွေးတောရသည့် အောက်ပါလုပ်ငန်းနမူနာများကို ပြသပါ။

| အကြောင်းအရာ | ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရမည်ဖြစ်သော လူသားတို့၏ ဝတ္တရား |
|---|---|
| ဖြစ်နိုင်သောသင်ကြားရေး နည်းလမ်းများ | • သဘာဝနှင့် လူ့အဖွဲ့အစည်းတို့ ရောယှက်နေသောစနစ်ကဲ့သို့ အခြေအနေများနှင့် ကိစ္စရပ်များကို တင်ပြခြင်း။<br>• လူ့အဖွဲ့အစည်းသည် သဘာဝတရားကို မှီခိုနေပုံနှင့် ထိုသဘာဝတရားနှင့် လူ့အဖွဲ့အစည်းတို့ အပြန်အလှန်အကျိုးသက်ရောက်နေပုံတို့ကို အလေးပေးပြောကြားခြင်း။ |
| သင်ကြားသင်ယူမှု နည်းလမ်းဥပမာများ | ကမ္ဘာကြီးကို စနစ်တစ်ခုအနေဖြင့် လေ့လာရန်အတွက်  လူသားနှင့် ပတ်ဝန်းကျင်တို့ အကြားရှိ ပမာဏအမျိုးမျိုးရှိသည့် အပြန်အလှန်ဆက်နွှယ်မှုများကို အလေးပေးခြင်း။<br>ဥပမာ -<br>• သဘာဝစနစ်များကို ရေရှည်တည်တံ့စေသော နည်းလမ်းများကို ပြသ၍ လူ့အဖွဲ့အစည်းအနေဖြင့် ၎င်းတို့ထံမှသင်ယူနိုင်သည်များကို ပြန်လည်သုံးသပ်စေခြင်း။<br>• “ရေ”၊ “အသုပ်”နှင့် “ဓာတ်ဆီ”ဟူသည့် ဝေါဟာရများပါဝင်သော လက်စမသတ်ရသေးသည့် အကြောင်းအရာ ဆက်သွယ်ပြပုံတစ်ပုံကို တင်ပြ၍ အလယ်တန်းကျောင်းသားများအား ထိုဝေါဟာရများအကြား ဆက်စပ်မှုများ ပြုလုပ်စေ၍ ယင်းတို့အကြားရှိ ဆက်နွှယ်မှုများကို ရှင်းပြစေပါ။ ထို့နောက် “ဓာတ်ဆီ”များ အလွန်အကျွံသုံးစွဲခြင်းကြောင့် “ဓာတ်ဆီ”များ ကုန်ခမ်းသွားပါက မည်သို့ဖြစ်သွားနိုင်သည်ကို အလယ်တန်းကျောင်းသားများအား သုံးသပ်စေပါ။<br>• အလယ်တန်းကျောင်းသားများအား ၎င်းတို့၏ ပြဋ္ဌာန်းစာအုပ်ထဲတွင် ဖော်ပြထားသော အခြေအနေ/ ဖြစ်စဉ် တစ်ခုအတွက် အခြားအဆုံးသတ်တစ်ခု ဖန်တီးစေပါ။ |

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအနေဖြင့် ဆက်စပ်ချိုင့်တွေးတောခြင်းအား နားလည်သဘောပေါက်ရန်အတွက် ဤလုပ်ငန်းကို စမ်းသပ်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဤသို့လုပ်ဆောင်ခြင်းသည် သင်ခန်းစာအဆုံး၌ ၎င်းတို့ကိုယ်တိုင် သင်ယူမှုလုပ်ငန်းရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကမ္ဘာကြီးပူနွေးစေသည့် အကြောင်းရင်းများ - စိုက်ပျိုးမြေများ ချဲ့ထွင်ရန်အတွက် သစ်ပင်များ ခုတ်ထွင်ခြင်းနှင့် တောရှင်းခြင်း၊ တောရှင်းရာတွင် သစ်ပင်မီးရှို့ခြင်း၊ လျှပ်စစ်အတွက် ကျောက်မီးသွေး၊ ရေနံနှင့်ဓာတ်ငွေ့များ လောင်ကျွမ်းစေခြင်း၊ လမ်းပန်းဆက်သွယ်ရေး အတွက် စွမ်းအင်များပံ့ပိုးပေးရခြင်း (ကုန်းလမ်းဆက်သွယ်ရေးဖြစ်သည့် ကားများ၊ လေကြောင်း ဆက်သွယ်ရေးဖြစ်သည့် လေယာဉ်ပျံများ၊ ရေကြောင်းဆက်သွယ်ရေးဖြစ်သည့် သင်္ဘောများ) နှင့် စိုက်ပျိုးမွေးမြူရေး (နွားများနှင့် သိုးများသည် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်သည်) တို့မှ ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်း ( ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် မီသိန်း)။

ကမ္ဘာကြီးပူနွေးလာခြင်း၏ အကျိုးဆက်များ - ကမ္ဘာ့မြေမျက်နှာပြင် ပူနွေးလာမှုကြောင့် တောမီးများ၊ ကန္တာရများကျယ်ပြန့်လာခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ ပိုမိုပြင်းထန်သောမုန်တိုင်းများ၊ ရေခဲပြင်များနှင့် အာတိတ်နှင့်အန္တာတိကတို့ရှိ ရေခဲပြင်များအရည်ပျော်လာခြင်း၊ ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာခြင်း၊ သမုဒ္ဒရာရေပြင်တွင် အက်စစ်ဓာတ်များ များပြားလာခြင်း၊ မျိုးစိတ်များနှင့် ဂေဟစနစ်များ မျိုးသုဉ်းပျောက်ကွယ်သွားခြင်း၊ အာဟာရမပြည့်ဝသော အစားအစာများ များပြားလာခြင်း၊ စားနပ်ရိက္ခာဖူလုံမှု လျော့ပါးလာခြင်း (စားနပ်ရိက္ခာ မဖူလုံမှုကြောင့် ဖြစ်လာသည့် ငတ်မွတ်ခေါင်းပါးမှုများ၊ စားနပ်ရိက္ခာကျပ်တည်းမှုများ၊ နိုင်ငံရေး မတည်ငြိမ်မှုများ)၊ အဖျက်ပိုးများ ပိုမိုကျရောက်ခြင်း၊ ဇီကာ၊ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောနှင့် ဆင်တုပ်ကွေးတို့ကဲ့သို့သော ခြင်မှတစ်ဆင့် ကူးစက်သောရောဂါဖြစ်ပွားမှု များပြားလာခြင်းနှင့် ကိုရိုနာဗိုင်းရပ်စ် ကဲ့သို့သော ရောဂါများ ပိုမိုလျင်မြန်စွာ ကူးစက်ပျံ့နှံ့ခြင်း။

## သင်ယူမှုလုပ်ငန်း (၃)။ သင်ယူမှုလုပ်ငန်း ရေးဆွဲခြင်း (၁၀ မိနစ်)

ကျောင်းသားများသည် လူမှုကျင့်ဝတ်ဆိုင်ရာ တန်ဖိုးထားမှုများအနက်မှတစ်ခုကို (သင်ခန်းစာ မစတင်မီ) ရွေးချယ်၍ ( ကြိုတင်ပြင်ဆင်ရမည်များကို ကြည့်ပါ) ဆက်စပ်ခြုံငုံတွေးတောခြင်း ဆိုင်ရာ ချဉ်းကပ်နည်းကို အသုံးပြုရမည့် သင်ယူမှုလုပ်ငန်းတစ်ခုဖန်တီးရန် လိုအပ်ပါသည်။ ထိုသင်ယူမှုလုပ်ငန်းသည် (၂၀) မိနစ်မှ (၂၅) မိနစ်ခန့် ကြာသင့်သည်။

ဆက်စပ်ခြုံငုံတွေးတောခြင်းဆိုင်ရာ သင်ယူမှုလုပ်ငန်းစဉ် - အစီအစဉ်ရေးဆွဲနည်း ကိရိယာ (လက်ကမ်းစာစောင် ၂) ကို ဝေပေး၍ ကျောင်းသားများအား ထိုလက်ကမ်းစာစောင်ကို ဖတ်ရှု၍ အုပ်စုများအတွင်း ဆွေးနွေးရန်နှင့် လိုအပ်ပါက သင့်အား မေးခွန်းများမေးနိုင်ရန်

အတွက် အချိန်ပေးပါ။ ၎င်းတို့အနေဖြင့် လူမှုစနစ်ကိုသာ အာရုံစိုက်သင့်ကြောင်း ပြောကြားပါ။ ဆရာများအနေဖြင့် ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်းများ (သင်ယူမှုလုပ်ငန်းရေးဆွဲနည်းကို ဖြည့်ခြင်း) ကို နောက်စာသင်ချိန်တွင် တင်ပြစေရန် (သို့မဟုတ်) နောက်ထပ် မိနစ် (၅၀) ကြာ စာသင်ချိန်ထား၍ ကျောင်းသားများကို ကားချပ်ကြီးပေါ်တွင် သင်ယူမှုလုပ်ငန်းများ တင်ပြစေပြီး အမေးအဖြေ ဆက်လက်ပြုလုပ်ရန် ရွေးချယ်ဆုံးဖြတ်ရမည် ဖြစ်ပါသည်။ ဆရာသည် ကျောင်းသားများအား နောက်သင်ခန်းစာမစတင်မီတွင် အုပ်စုများတွေ့ဆုံ၍ သင်ယူမှုလုပ်ငန်း တစ်ခုကို ရေးဆွဲရန်စီစဉ်သင့်ကြောင်း အကြံပြုသင့်ပါသည်။

| ဆက်စပ်ခြုံငုံတွေးတောခြင်းဆိုင်ရာ သင်ယူမှုလုပ်ငန်း - အစီအစဉ်ရေးဆွဲနည်း ကိရိယာ | |
|---|---|
| **စံနှုန်းများ** | **မှတ်စုများ** |
| မည်သည့် လူမှုကျင့်ဝတ်များကို ဤသင်ယူမှုလုပ်ငန်းဖြင့် ဖော်ညွှန်းလိုသနည်း။ (အပြန်အလှန်လေးစားမှု၊ တည်ကြည်ဖြောင့်မတ်မှု၊ စိတ်ချယုံကြည်ရမှု၊ စာနာရိုင်းပင်းတတ်မှု၊ တန်းတူညီမျှမှုနှင့်/သို့မဟုတ် သာတူညီမျှမှုတို့မှ ရွေးချယ်ပါ) | |
| ဤသင်ယူမှုလုပ်ငန်း မှတစ်ဆင့် ကျောင်းသားများသည် မည်သို့သော စိတ်နေစိတ်ထားများကို ပျိုးထောင်နိုင်သနည်း။ (တစ်ခု သို့မဟုတ် နှစ်ခုသာ ရွေးချယ်ပါ)<br>• အရေးကြီးဆုံးအချက်ကို နားလည်သဘောပေါက်အောင် ကြိုးပမ်းခြင်း<br>• စနစ်များရှိ ပုံစံများ/ ဦးတည်ရာများကို ရှုမြင်ခြင်း<br>• စနစ်၏ ဖွဲ့စည်းပုံက ၎င်းပြုမှုလုပ်ဆောင်ပုံအား မည်သို့ ပုံဖော်သည်ကို ခွဲခြားသိရှိခြင်း<br>• အကြောင်းနှင့် အကျိုးဆက်နွယ်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်း<br>• မရည်ရွယ်ထားသော အကျိုးဆက်များ ပေါ်ပေါက်နိုင်သည့် နေရာများကို ရှာဖွေဖော်ထုတ်ခြင်း<br>• စနစ်ကိုပြောင်းလဲနိုင်သည့် နယ်ပယ်များကို ရှာဖွေဖော်ထုတ်ခြင်း<br>• ဂရုတစိုက်ဖြင့် နည်းစနစ်တကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း | |
| ဤလုပ်ငန်းအတွက် သင်ယူမှုရည်မှန်းချက် (များ) မှာ အဘယ်နည်း။ (တစ်ခု သို့မဟုတ် နှစ်ခုသာ ရွေးချယ်ရမည်ဖြစ်ပြီး သင်ယူမှုရည်မှန်းချက် (များ) ကို SMART ဖြစ်စေရန် သတိပြုပါ) | |

| |
|---|
| လိုအပ်သော သင်ထောက်ကူပစ္စည်းများ - |
| ဤလုပ်ငန်းအဆုံး၌ မည်သည့် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို မေးမြန်းမည်နည်း။ |

| **လုပ်ငန်းစဉ်ဆိုင်ရာ မှတ်စုများ** | |
|---|---|
| အဆင့် (၁)။ | |
| အဆင့် (၂)။ | |
| အဆင့် (၃)။ | |
| အဆင့် (၄)။ | |

| | |
|---|---|
| အဆင့် (၅)။ | |

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အမြေများ

ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်းအစီအစဉ်များသည် အလယ်တန်းကျောင်းသားများအား မွေးမြူပေးလိုသည့် စိတ်နေစိတ်ထားများကို ရင်းနှီးမှုရှိလာအောင် အလယ်တန်းကျောင်းသားများလုပ်ဆောင်သည့် အဆင့်များကို ပြသနေသင့်ပါသည်။ သင်ယူမှုလုပ်ငန်းများသည် အလယ်တန်းကျောင်းသားများ အောက်ပါမေးခွန်းများ မေးမြန်းလာနိုင်သည်အထိ ၎င်းတို့၏တွေးခေါ်ပုံများကို ဦးတည်ပေးသင့်ပါသည်။ "ထိုစနစ်သည် အဘယ်ကြောင့် ဤသို့လည်ပတ်နေပါသနည်း။" "ပိုမိုကောင်းမွန်သောနည်းလမ်း ရှိမည်ဆိုပါက မည်သို့ဖြစ်မည်နည်း။" မိမိတို့၏ အပြုအမူများကို ပြောင်းလဲရန် မည်သည်တို့ကို သိရှိထားရန် လိုအပ်သနည်း။

### ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ ဆက်စပ်ချိန်ငုံ တွေးတောခြင်း

ဆရာများအနေဖြင့် ကျောင်းသားများ သင်ယူမှုလုပ်ငန်းတိုင်းကို လုပ်ဆောင်ရန်အတွက် သင်ရိုးမှ ပေးစရာအချိန်ကျန်သေးပါက တန်ဖိုးထားမှုများ၊ ယုံကြည်ထင်မြင်ချက်များနှင့် ခံယူချက်လုပ်ငန်းသာမက ပြဿနာဖြစ်ပွားမှု အဆင့်ဆင့်ပြသစ်ပင်ဆွဲရသည့် လုပ်ငန်းနှစ်ခုစလုံးအတွက် ပုံမှန်အားဖြင့် တစ်ခုလျှင် မိနစ်သုံးဆယ် အချိန်ပေးရပါမည်။

**လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ စစ်ဆေးအကဲဖြတ်ခြင်း (၁၀ မိနစ်)**

ကျောင်းသားများသည် ၎င်းတို့၏ သင်ယူမှုလုပ်ငန်းများ (သင်ယူမှုလုပ်ငန်းရေးဆွဲနည်းကို ဖြည့်ရန်) ကို နောက်စာသင်ချိန်တွင် တင်ပြနိုင်ပါသည် (သို့မဟုတ်) ဆရာများ အနေဖြင့် စာသင်နှစ်ဝက်တွင် အချိန်ပိုရှာ၍ ကျောင်းသားများကို ကားချပ်ကြီးပေါ်တွင် ၎င်းတို့၏ သင်ယူမှုလုပ်ငန်းများကိုတင်ပြစေပြီး အမေးအဖြေများ လုပ်ဆောင်စေနိုင် ပါသည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)**

၁။ ပထမလုပ်ငန်းတွင် ဆက်စပ်ခြင်္ငံ တွေးတောခြင်းကို မည်သို့ထည့်သွင်း အသုံးပြုခဲ့သနည်း။ ဤလုပ်ငန်း၏ ရည်မှန်းချက်မှာ အဘယ်နည်း။ ဤကဲ့သို့ သိရှိနားလည်ခြင်းသည် သင်ယူသူတစ်ဦးအား မည်သို့ အထောက်အကူပြု ပေးနိုင်သနည်း။

၂။ ဒုတိယလုပ်ငန်းတွင် ဆက်စပ်ခြင်္ငံ တွေးတောခြင်းကို မည်သို့ထည့်သွင်း အသုံးပြုခဲ့သနည်း။ ဤလုပ်ငန်း၏ ရည်မှန်းချက်မှာ အဘယ်နည်း။ ဤကဲ့သို့ သိရှိနားလည်ခြင်းသည် သင်ယူသူတစ်ဦးအား မည်သို့ အထောက်အကူပြု ပေးနိုင်သနည်း။

၃။ စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်၏ သင်ယူမှုလုပ်ငန်းများအနက်မှ မည်သည့် လုပ်ငန်းတွင် ဆက်စပ်ခြင်္ငံတွေးတောမှုဆိုင်ရာ ချဉ်းကပ်နည်း ပါရှိသနည်း။ သင် မည်ကဲ့သို့သိရှိသနည်း။

၄။ စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားခြင်းအား အလယ်တန်းကျောင်းသားများ အတွက် ပိုမိုထိရောက်၊ ဆီလျော်မှုရှိစေရန် ဤချဉ်းကပ်နည်းလမ်းက မည်သို့ အထောက်အကူပြုနိုင်သနည်း။

# ၂.၅.၂ အသိပညာ အပြောင်းအလဲပြု သင်ယူခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အသိပညာ အပြောင်းအလဲပြု သင်ယူမှုသီအိုရီ ဆိုသည်မှာ မည်သည် ဖြစ်ကြောင်းနှင့် ၎င်းသည် အလယ်တန်းကျောင်းသားများ၏ မေးခွန်းထုတ် စဉ်းစားခြင်းနှင့် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း အလေ့အကျင့်များကို ဖွံ့ဖြိုးစေပြီး စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးထားမှုများအား တည်ဆောက်ပေးနိုင်ပုံကို ရှင်းပြတတ်မည်။
- လူမှုကျင့်ဝတ် တန်ဖိုးထားမှုများထဲမှ တစ်ခုအားရွေးချယ်ပြီး အပြောင်းအလဲပြု သင်ယူမှု နည်းလမ်းကိုသုံး၍ သင်ယူမှုလုပ်ငန်းတစ်ခု ပြင်ဆင်တတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာအသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်း ပြင်ဆင်သည်။

(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင်စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - ပြန်လည်ဆန်းစစ်ခြင်း၊ ဉာဏ်ရည်၊ နှလုံးရည်၊

လက်ရုံးရည်တို့ကို ဖော်ထုတ်ခြင်း၊ သင်ယူမှုလုပ်ငန်း ရေးဆွဲခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ဂျာနယ်မှတ်တမ်း / ပြန်လည်သုံးသပ်ရေးသားခြင်း၊ ကြည့်ရှုလေ့လာခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ဆရာများနှင့် ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၂.၅.၂) ကို ကြိုတင်ဖတ်ရှုထားရန် လိုပါသည်။

**လိုအပ်သောရင်းမြစ်များ -** အရောင်အမျိုးမျိုးရှိသည့် ရောင်စုံစက္ကူ၊ တစ်အုပ်စုစီ အတွက် စက္ကူတစ်ရောင်စီ။

## သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်ဆန်းစစ်ခြင်း (၅ မိနစ်)

၁။ ကျောင်းသားများကို ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များတွင် ပါဝင်သည့် ပင်မနယ်ပယ်သုံးခု (အသိပညာ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးထားမှုများ) ရှိ ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုများပါ ဇယားကွက်သို့ ညွှန်းဆိုပါ။

၂။ ကျောင်းသားများကို စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်တွင် လက်ရှိအချိန်အထိ လေ့လာဖော်ထုတ်ခဲ့ပြီးသည့် ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုများအား အမှန်ခြစ်စေပါ။

**ဇယား ၂.၁။ တက်ကြွပြီး တာဝန်သိတတ်သော ကမ္ဘာ့နိုင်ငံသားကောင်းစိတ်ဓာတ်ကို ပျိုးထောင်ရန်အတွက် အဓိကအချက်များ**

| အသိပညာနှင့်<br>နားလည်သဘောပေါက်မှု | ကျွမ်းကျင်မှုများ | တန်ဖိုးထားမှုများနှင့်<br>သဘောထားများ |
| --- | --- | --- |
| လူမှုရေးဆိုင်ရာ တရားမျှတမှုနှင့်<br>သာတူညီမျှမှု | လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့်<br>ဆန်းသစ်စွာ တွေးတောမှု | ကိုယ်ပိုင်စိတ်သဘောထားခံယူချက်နှင့်<br>မိမိကိုယ်ကိုတန်ဖိုးထားမှု |
| ရပ်တည်ချက်နှင့် ကွဲပြားစုံလင်မှု | စာနာမှု | လူမှုရေးဆိုင်ရာ တရားမျှတမှုနှင့်<br>သာတူညီမျှမှုအပေါ်<br>စိတ်အာရုံနှစ်မြုပ်ထားမှု |
| ဂလိုဘယ်လိုက်ဇေးရှင်းနှင့်<br>အပြန်အလှန် အမှီသဟဲပြုမှု | မိမိကိုယ်ကိုသိရှိမှုနှင့်<br>ပြန်လည်သုံးသပ်မှု | လူများအပေါ် လေးစားမှုရှိခြင်းနှင့်<br>လူ့အခွင့်အရေး |
| စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး | ပြောဆိုဆက်ဆံမှု | တန်ဖိုးထားမှုဆိုင်ရာ ကွဲပြားစုံလင်မှု |
| ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ | ပူးပေါင်းဆောင်ရွက်မှုနှင့်<br>ပဋိပက္ခများကို ပြေလည်စေမှု | သဘာဝပတ်ဝန်းကျင်အတွက်<br>ပူပန်မှုနှင့် စဉ်ဆက်မပြတ်<br>ဖွံ့ဖြိုးတိုးတက်ရေးအပေါ်<br>တာဝန်ခံဆောင်ရွက်မှု |
| လူ့အခွင့်အရေး | ရှုပ်ထွေးမှုနှင့် မရေရာမှုတို့အား<br>စီမံခန့်ခွဲနိုင်စွမ်း | ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့်<br>ကျောင်းသားအားလုံး ပါဝင်မှုတို့အပေါ်<br>စိတ်အာရုံနှစ်မြုပ်ထားမှု |
| အာဏာနှင့်အုပ်ချုပ်ရေး | အမြော်အမြင်ရှိ၍<br>ပြန်လည်သုံးသပ်တတ်သည့်<br>လုပ်ဆောင်ချက် | လူများသည် ပြောင်းလဲမှုကို<br>ဖြစ်ပေါ် စေနိုင်သည်ဟူသည့်<br>ယုံကြည်ထင်မြင်ချက် |

*ရင်းမြစ်* - UNESCO-Bangkok Office, 2018

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် ညွှန်ကြားချက်များအား နားလည်သဘောပေါက်ကြောင်းနှင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် လက်ရှိအချိန်အထိလေ့လာပြီးသည့် အကြောင်းအရာများကို မှန်ကန်စွာ ခွဲခြားဖော်ထုတ်နိုင်ကြောင်း သေချာစေရန်အတွက် ကျောင်းသားများက ဤလေ့ကျင့်ခန်းကို လုပ်ဆောင်နေကြစဉ် ဆရာများအနေဖြင့် ၎င်းတို့ကိုလှည့်လည်ကြည့်ရှု လေ့လာသင့်သည်။ ဤသင်ယူမှုလုပ်ငန်း၏ အဓိကရည်မှန်းချက်မှာ သင်ယူမှုလုပ်ငန်း (၂) အတွက် ကျောင်းသားများကို ကြိုတင်သင်ကြားပေးရန် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များကို အမှတ်မထင် ပြန်လှန်ကြည့်မိနိုင်သော်လည်း ဆရာများအနေဖြင့် တတ်ကျွမ်းမှုများကို ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိသည့်တိုင်အောင် ၎င်းတို့လေ့ကျင့်ပြီးသည့် ထပ်ဆောင်းအသိပညာများ (သို့မဟုတ်) ကျွမ်းကျင်မှုများ (သို့မဟုတ်) တန်ဖိုးထားမှုများမှာ မည်သည်တို့ဖြစ်ကြသည်ကို ပြန်လည်သတိပေးသင့်သည်။ အောက်ပါသာဓကသည် ကျောင်းသားတစ်ဦးက ဤလုပ်ငန်း အတွင်း တုံ့ပြန်နိုင်ပုံ သာဓကတစ်ခု ဖြစ်သည်။ ၎င်းတို့တည်ဆောက်ခဲ့သည့် တန်ဖိုးထားမှုများ နှင့် သဘောထားများသည် ကျောင်းသားတစ်ဦးနှင့် တစ်ဦးအကြား ကွဲပြားခြားနားနိုင်ကြောင်းကို ဂရုပြုပါ။

| အသိပညာနှင့် နားလည် သဘောပေါက်မှု | ကျွမ်းကျင်မှုများ | တန်ဖိုးထားမှုများနှင့် သဘောထားများ |
|---|---|---|
| လူမှုရေးဆိုင်ရာ တရားမျှတမှုနှင့် သာတူညီမျှမှု✔ | လေးနက်စွာ ဆန်းစစ်ဝေဖန်၍ ဆန်းသစ်စွာ တွေးတောမှု✔ | ကိုယ်ပိုင်စိတ်သဘောထားခံယူချက်နှင့် မိမိကိုယ်ကို တန်ဖိုးထားမှု✔ |
| ရပ်တည်ချက်နှင့် ကွဲပြားစုံလင်မှု✔ | စာနာမှု✔ | လူမှုရေးဆိုင်ရာ တရားမျှတမှုနှင့် သာတူညီမျှမှုအပေါ် စိတ်အာရုံနှစ်မြှုပ်ထားမှု✔ |
| ဂလိုဘယ်လိုက်ဇေးရှင်းနှင့် အပြန်အလှန်အမှီသဟဲပြုမှု✔ | မိမိကိုယ်ကိုသိရှိမှုနှင့် ပြန်လည်သုံးသပ်မှု✔ | လူများအပေါ် လေးစားမှုရှိခြင်းနှင့် လူ့အခွင့်အရေး✔ |
| စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး✔ | ပြောဆိုဆက်ဆံမှု✔ | တန်ဖိုးထားမှုဆိုင်ရာ ကွဲပြားစုံလင်မှု✔ |
| ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ | ပူးပေါင်းဆောင်ရွက်မှုနှင့် ပဋိပက္ခများကို ပြေလည်စေမှု✔ | သဘာဝပတ်ဝန်းကျင်အတွက် ပူပန်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် တာဝန်ခံဆောင်ရွက်မှု✔ |
| လူ့အခွင့်အရေး | ရှုပ်ထွေးမှုနှင့် မရေရာမှုတို့အား စီမံခန့်ခွဲနိုင်စွမ်း | ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ကျောင်းသားအားလုံးပါဝင်မှုတို့အပေါ် စိတ်အာရုံနှစ်မြှုပ်ထားမှု✔ |
| အာဏာနှင့် အုပ်ချုပ်ရေး | အမြော်အမြင်ရှိ၍ ပြန်လည်သုံးသပ်တတ်သည့် လုပ်ဆောင်ချက် | လူများသည် ပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်သည်ဟူသည့် ယုံကြည်ထင်မြင်ချက်✔ |

## သင်ယူမှုလုပ်ငန်း (၂)။ ဉာဏ်ရည်၊ နှလုံးရည်၊ လက်ရုံးရည်တို့ကို ဖော်ထုတ်ခြင်း (၂၀ မိနစ်)

၁။ ကျောင်းသားများကို လေးဦးမှ ငါးဦးအထိပါဝင်သော အုပ်စုများအဖြစ် အဖွဲ့ခွဲပြီး မိမိတို့ကိုယ်တိုင် အုပ်စုအမည်တစ်ခုပေးစေပါ။ တစ်အုပ်စုစီကို ရောင်စုံစက္ကူများ ဝေပေးပါ။ ရောင်စုံစက္ကူတစ်ရွက် (ဥပမာ အစိမ်းရောင်စက္ကူ) ပေါ်တွင် ကျောင်းသားများသည် ဦးခေါင်းပုံကြမ်းတစ်ခုကို ဆွဲရန်လိုအပ်သည်။ အခြားစက္ကူတစ်ရွက် (ဥပမာ - အနီရောင်စက္ကူ) တွင် ကျောင်းသားများသည် နှလုံးပုံကြမ်းတစ်ခုကို ရေးဆွဲရန်လိုအပ်သည်။ နောက်ဆုံး၌ စက္ကူနှစ်ရွက် (ကျောင်းသားများ စိတ်ကြိုက်အရောင်ရွေးချယ်ခြင်း) အပေါ်တွင် ၎င်းတို့သည် ဘယ်လက်နှင့် ညာလက်တို့ကို ရေးဆွဲသည်။ ကျောင်းသားများကို ပုံများအား ခေါင်းတစ်လုံး၊ နှလုံးတစ်ခုနှင့် လက်နှစ်ဖက်ပုံများ ပါရှိအောင် ဖြတ်ညှပ်စေပါ။

၂။ ကျောင်းသားများအား ဇယားကွက်နှင့် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များတွင် ရှိသည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ တန်ဖိုးထားမှုများ ဟူသည့် ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုများ၏ နယ်ပယ်သုံးခုအား ပြန်လည်ကြည့်ရှုစေပါ။ ၎င်းတို့အနေဖြင့် အခန်း (၁) နှင့် (၂)၏ သင်ရိုးတွင် သင်ယူတတ်မြောက်ခဲ့သည့် အသိပညာများကို (ခေါင်းပိုင်းတွင်ရေး၍) မှတ်တမ်းတင်ကာ အခန်း (၁) နှင့် (၂) ၏ သင်ရိုးတွင် ဖွံ့ဖြိုးတိုးတက်ခဲ့သည့် ကျွမ်းကျင်မှုများကို (ကိုယ်လက်အင်္ဂါအခွဲများ အပိုင်းတွင်ရေး၍) မှတ်တမ်းတင်ပြီးနောက် အခန်း (၁) နှင့် (၂) ၏ သင်ရိုးတွင် လေ့လာဖော်ထုတ်ခဲ့သည့် တန်ဖိုးထားမှုများကို (နှလုံးသားအပိုင်းတွင်ရေး၍) မှတ်တမ်းတင်ရန် လိုအပ်သည်။ အုပ်စုများအား သင်ယူခဲ့ပြီးသည့် အရာများကို ဆွေးနွေးပြီးနောက် ၎င်းတို့၏ ဦးခေါင်းပိုင်း၊ နှလုံးပိုင်းနှင့် လက်နှစ်ဖက်ပိုင်းတို့တွင် ဖြည့်စွက်ရန် အတူတကွ လုပ်ဆောင်စေပါ။

၃။ အုပ်စုအားလုံးသည် ပုံများကို ဖြည့်စွက်ပြီးပါက စာသင်ခန်းနံရံများတွင် ကပ်စေပြီး ထိုပုံများတွင် ၎င်းတို့၏ အုပ်စုအမည်ကို အညွှန်းတပ်စေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများက ဦးခေါင်းပိုင်း၊ နှလုံးပိုင်းနှင့် လက်ပိုင်းတို့ကို ဖြည့်စွက်ရာတွင် ၎င်းတို့၏ အုပ်စုများနှင့် အတူတကွလုပ်ဆောင်နေစဉ် ၎င်းတို့ကို စောင့်ကြည့်လေ့လာပါ။ လိုအပ်ပါက တိုက်တွန်းအားပေးခြင်းသော်လည်းကောင်း အမှန်ပြင်ပေးခြင်းသော်လည်းကောင်း ပြုလုပ်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏အဖြေများတွင် အောက်ပါတို့ ပါဝင်သင့်သည် -

**ဦးခေါင်းပိုင်း -**

- စာရိတ္တနှင့်ပြည်သူ့နီတိ၏ ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အခြေခံအုတ်မြစ်
- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး
- အလယ်တန်းကျောင်းသားများအနေဖြင့် အဘက်ဘက်တွင် အရည်အချင်းပြည့်ဝသော မြန်မာနိုင်ငံသားများ ဖြစ်လာစေရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကကျသော တတ်ကျွမ်းမှုများ
- မြန်မာနိုင်ငံနှင့် အာဆီယံဒေသတွင်း၌ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ် သင်ကြားရေး
- အလယ်တန်းတွင်သင်ကြားမည့် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်၏ ရည်မှန်းချက်များ
- စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားခြင်း၏ အရေးပါပုံ
- အခြေခံကျသော လူ့တန်ဖိုးများ၊ လူသားဆန်မှုတို့၏ သဘောသဘာဝနှင့် လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်မှုအကြား ဆက်နွှယ်မှုများ
- ရပ်တည်ချက်နှင့် ကွဲပြားစုံလင်မှု
- ဂလိုဘယ်လိုက်ဇေးရှင်းနှင့် အပြန်အလှန်အမှီသဟဲပြုမှု
- လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ စရိုက်လက္ခဏာများနှင့်အညီ မြန်မာနိုင်ငံ၏ လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံ
- အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းတို့သည် လူမှုကျင့်ဝတ်များ၏ အရေးကြီးအင်္ဂါရပ်များဖြစ်ရသည့် အကြောင်းရင်းများ
- ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့မှာ မည်သည်တို့ဖြစ်ကြောင်းနှင့် ထိုစံတန်ဖိုးများကို မည်ကဲ့သို့ မွေးမြူနိုင်ပုံ
- တန်းတူညီမျှမှုနှင့် သာတူညီမျှရှိမှုတို့၏ ကွဲပြားခြားနားချက်
- ထိရောက်မှုရှိ၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု၏ ဝိသေသလက္ခဏာများနှင့် ၎င်းတို့၏ အရေးပါပုံ

- ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု၏ ဝိသေသလက္ခဏာများ
- ဆက်စပ်ခြုံငုံတွေးတောခြင်း ဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်းသည် အလယ်တန်းကျောင်းသားများ၏ စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားသင်ယူရေးကို ပိုမိုထိရောက်၍ ဆီလျော်မှုရှိအောင် အထောက်အကူပြုနိုင်ပုံ
- အသိပညာ အပြောင်းအလဲပြု သင်ယူမှုသီအိုရီသည် မည်သည်ဖြစ်ကြောင်းနှင့် ၎င်းသည် အလယ်တန်းကျောင်းသားများ၏ မေးခွန်းထုတ်စဉ်းစားခြင်းနှင့် လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း အလေ့အကျင့်များကို ဖွံ့ဖြိုးစေပြီး စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးထားမှုများအား တည်ဆောက်ပေးနိုင်ပုံ

**နှလုံးပိုင်း -**

- လူ့တန်ဖိုးနှင့် လူမှုကျင့်ဝတ်များ
- လူမှုရေးဆိုင်ရာ တန်းတူညီမျှမှုနှင့် သာတူညီမျှမှု
- ပူးပေါင်းဆောင်ရွက်ခြင်း/ပူးတွဲလုပ်ဆောင်ခြင်း
- အပေးအယူပြုလုပ်ခြင်း
- အပြန်အလှန်လေးစားမှု
- သည်းခံနိုင်စွမ်း
- ဖြောင့်မတ်တည်ကြည်မှု
- စိတ်ချယုံကြည်ရမှု
- စာနာရိုင်းပင်းတတ်မှု
- စာနာမှု
- ကွဲပြားစုံလင်မှု
- အပြန်အလှန်ဆက်နွယ်မှု
- ပူးပေါင်းပါဝင်ဆောင်ရွက်မှု
- အားလုံးအကျုံးဝင်ပါဝင်မှု
- ပတ်ဝန်းကျင်
- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး

## ကိုယ်လက်အင်္ဂါအခွဲများ အပိုင်း -

- ဆွေးနွေးမှု
- နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသောအချက်များအကြား ဆက်နွှယ်မှုကို ဆန်းစစ်လေ့လာမှု
- အခြေအနေအရပ်ရပ်၌ ထိရောက်မှုရှိစွာ၊ ယဉ်ကျေးစွာနှင့် ကျင့်ဝတ်နှင့်ညီစွာ ပြောဆိုဆက်ဆံမှု
- အပြန်အလှန်ဆွေးနွေးချက်များကို စီစဉ်ရေးဆွဲခြင်း
- ပုံပြင်ဇာတ်လမ်းများ (သို့မဟုတ်) ရုပ်ပုံတင်ပြချက်များကို ဖန်တီးခြင်း (လက်တွေ့မဆန်သော/ အဆိုးမြင်သော အမြင်များ)
- ပူးတွဲလုပ်ဆောင်မှု
- ပူးပေါင်းဆောင်ရွက်မှု
- ပူးပေါင်းပါဝင်ဆောင်ရွက်မှု
- ဆွေးနွေးညှိနှိုင်းခြင်း

## သင်ယူမှုလုပ်ငန်း (၃)။ သင်ယူမှုလုပ်ငန်း ရေးဆွဲခြင်း (၁၅ မိနစ်)

ကျောင်းသားများသည် လူမှုကျင့်ဝတ်ဆိုင်ရာ တန်ဖိုးထားမှုများအနက်မှ တစ်ခုကို ရွေးချယ်၍ (သင်ခန်းစာမစတင်မီ ကြိုတင်ပြင်ဆင်ရမည်များကို ကြည့်ပါ) အသိပညာ အပြောင်းအလဲပြု သင်ယူမှုလုပ်ငန်းတစ်ခု ဖန်တီးရန် လိုအပ်ပါသည်။ ထိုသင်ယူမှုလုပ်ငန်းသည် မိနစ် (၂၀) မှ (၂၅) မိနစ်ခန့် ကြာသင့်သည်။ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်တွင် လက်ရှိအချိန်အထိ အသုံးပြုခဲ့သော သင်ယူမှုလုပ်ငန်း အားလုံးသည် ကျောင်းသားများက ၎င်းတို့အား အကြံဉာဏ်များအဖြစ် အသုံးပြုနိုင်စေရန် အတွက် အသိပညာ အပြောင်းအလဲပြု သင်ယူမှုလုပ်ငန်းများ၏ သရုပ်ဖော်ပြချက်များဖြစ်ကြောင်း ကျောင်းသားများကို သတိပေးပါ။

အသိပညာအပြောင်းအလဲပြု သင်ယူမှုလုပ်ငန်း- အစီအစဉ်ရေးဆွဲနည်း ကိရိယာ (လက်ကမ်းစာစောင် (၃) နှင့် ကျောင်းသားများအား ဖတ်ရှုရန်၊ ၎င်းတို့အုပ်စုများထဲတွင် ဆွေးနွေးရန်နှင့် လိုအပ်ပါက သင့်အား မေးခွန်းများ မေးနိုင်စေရန်အတွက် အချိန်ပေးပါ။ ဆရာများအနေဖြင့် ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်းများ (သင်ယူမှုလုပ်ငန်းရေးဆွဲနည်း ဖြည့်စွက်ချက် အပါအဝင်) ကို နောက်စာသင်ချိန်တွင် တင်ပြစေလိုခြင်း ရှိ/မရှိ (သို့မဟုတ်)

ကျောင်းသားများကို ကားချပ်ကြီးပေါ်တွင် သင်ယူမှုလုပ်ငန်းများတင်ပြစေပြီး အမေးအဖြေဆက်လက်ပြုလုပ်ရန် အတွက် နောက်ထပ်မိနစ် (၅၀) ကြာ စာသင်ချိန်ထားမည်၊ မထားမည်ကို ရွေးချယ်ဆုံးဖြတ်ရန် လိုအပ်ပါသည်။ ဆရာများသည် ကျောင်းသားများအား နောက်သင်ခန်းစာ မစတင်မီတွင် အုပ်စုများတွေ့ဆုံ၍ သင်ယူမှုလုပ်ငန်းတစ်ခုကိုရေးဆွဲရန် အချိန်ဇယားတစ်ခု စီစဉ်ရန် အကြံပြုသင့်ပါသည်။

| **အသိပညာအပြောင်းအလဲပြု သင်ယူမှုလုပ်ငန်း - အစီအစဉ်ရေးဆွဲနည်း ကိရိယာ** | |
|---|---|
| **စံနှုန်းများ** | **မှတ်စုများ** |
| မည်သည့် လုပ်မှုကျင့်ဝတ်များကို ဤသင်ယူမှုလုပ်ငန်းဖြင့် ဖော်ညွှန်းလိုသနည်း။ (အပြန်အလှန်လေးစားမှု၊ တည်ကြည်ဖြောင့်မတ်မှု၊ စိတ်ချယုံကြည်ရမှု၊ စာနာရိုင်းပင်းတတ်မှု၊ တန်းတူညီမျှမှုနှင့်/သို့မဟုတ် သာတူညီမျှမှုတို့မှ ရွေးချယ်ပါ) | |
| ဤသင်ယူမှု လုပ်ငန်းမှတစ်ဆင့် ကျောင်းသားများသည် မည်သို့သော စိတ်နေစိတ်ထားများကို ပျိုးထောင်နိုင်သနည်း။ (တစ်ခု သို့မဟုတ် နှစ်ခုသာ ရွေးချယ်ပါ)<br>• အရေးကြီးဆုံးအချက်ကို နားလည်သဘောပေါက်အောင် ကြိုးပမ်းခြင်း<br>• စနစ်များရှိ ပုံစံများ/ ဦးတည်ရာများကို ရှုမြင်ခြင်း<br>• စနစ်၏ ဖွဲ့စည်းပုံက ၎င်းပြုမူလုပ်ဆောင်ပုံအား မည်သို့ ပုံဖော်သည်ကို ခွဲခြားသိရှိခြင်း<br>• အကြောင်းနှင့် အကျိုးဆက်နွှယ်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်း<br>• မရည်ရွယ်ထားသော အကျိုးဆက်များ ပေါ်ပေါက်နိုင်သည့် နေရာများကို ရှာဖွေဖော်ထုတ်ခြင်း<br>• စနစ်ကိုပြောင်းလဲနိုင်သည့် နယ်ပယ်များကို ရှာဖွေဖော်ထုတ်ခြင်း<br>• ဂရုတစိုက်ဖြင့် နည်းစနစ်တကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း | |

စစ်ဆေးရန် အချက်များပါသော စာရင်း - ဤလုပ်ငန်းတွင် အောက်ပါလက္ခဏာရပ်များ ရှိပါသလား။ အလယ်တန်းကျောင်းသားများသည် အောက်ပါလက္ခဏာရပ် တစ်ခုချင်းစီနှင့် ကိုက်ညီသော မေးခွန်းများ မေးမြန်းနိုင်ပါသလား။

- အဘက်ဘက်မှခြုံငုံစဉ်းစားခြင်း - 'X နှင့် Y သည် မည်သို့ဆက်စပ်နေသနည်း။' 'ပိုမိုကျယ်ပြန့်သော ဆက်စပ်အကြောင်းအရာမှာ အဘယ်နည်း။'
- လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း - 'ဤအရာများသည် မည်သူ့အကျိုးအတွက် ဖြစ်သနည်း။ အဘယ်ကြောင့် ဤသို့ဖြစ်နေရသနည်း။'
- အသိအမှတ်ပြုလက်ခံခြင်း - 'မည်သည်က ကောင်းမွန်သနည်းနှင့် ဤနေရာတွင် မည်သည်ကို ကောင်းမွန်စွာလုပ်ဆောင်ခဲ့ပြီး ဖြစ်သနည်း။'
- အားလုံးအကျုံးဝင်ပါဝင်မှု - မည်သူ့ဆီက/ မည်သည်ကို ကြားရသနည်း။ မည်သူ/ မည်သည်ကို နားထောင်နေသနည်း။ မည်သူ/ မည်သည်နှင့် ချိတ်ဆက်နေသနည်း။
- စနစ်တကျဖြစ်ခြင်း - 'ဤသည်၏ အကျိုးဆက်များမှာ မည်သည်တို့ဖြစ်သနည်း (သို့မဟုတ်) မည်သည်တို့ ဖြစ်လာနိုင်သနည်း။'
- ဆန်းသစ်တီထွင်ခြင်း - 'မည်သည့်တီထွင်မှုကို လိုအပ်နိုင်သနည်း။'
- ကျင့်ဝတ်နှင့် ညီခြင်း - 'X နှင့် Y သည် မည်သို့ ဆက်နွယ်နေသနည်း။' 'မှန်ကန်သော လုပ်ရပ် ဆိုသည်မှာ အဘယ်နည်း။' 'မိတ္တ၊ ဘောဂနှင့် ဂေဟ စသည့် စနစ်တစ်ခုလုံး အလုံးစုံဖွံ့ဖြိုးအောင် မည်သို့ဆောင်ရွက်နိုင်သနည်း။
- လက်တွေ့ဆောင်ရွက်ခြင်း - 'ကျွန်ုပ်တို့သည် ဤအသိပညာနှင့် မည်သည်တို့ကို လုပ်ဆောင်ကြသနည်း။'

ဤလုပ်ငန်းအတွက် သင်ယူမှု ရည်မှန်းချက် (များ) မှာ အဘယ်နည်း။ (တစ်ခု သို့မဟုတ် နှစ်ခုသာ ရွေးချယ်ရမည်ဖြစ်ပြီး သင်ယူမှုရည်မှန်းချက် (များ) ကို SMART ဖြစ်စေရန် သတိရပါ)

လိုအပ်သော သင်ထောက်ကူပစ္စည်းများ -

ဤလုပ်ငန်းအဆုံး၌ မည်သည့် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို မေးမြန်းမည်နည်း။

| **လုပ်ငန်းစဉ်ဆိုင်ရာ မှတ်စုများ** | |
|---|---|
| အဆင့် (၁)။ | |
| အဆင့် (၂)။ | |

| | |
|---|---|
| အဆင့် (၃)။ | |
| အဆင့် (၄)။ | |
| အဆင့် (၅)။ | |

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်း အစီအစဉ်များသည် အလယ်တန်းဆင့် ကျောင်းသားများအား မွေးမြူပေးလိုသည့် စိတ်နေစိတ်ထားများကို ရင်းနှီးမှုရှိလာအောင် ၎င်းတို့လုပ်ဆောင်ရမည့် အဆင့်များကို ပြသသင့်ပါသည်။ သင်ယူမှုလုပ်ငန်းများသည် အလယ်တန်းကျောင်းသားများ အောက်ပါမေးခွန်းများကို ကိုယ်တိုင်မေးခွန်းထုတ် စဉ်းစား နိုင်သည်အထိ လမ်းညွှန်ပေးသင့်ပါသည်။

## လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း။ စစ်ဆေးအကဲဖြတ်ခြင်း (၁၅ မိနစ်)

ကျောင်းသားများသည် ၎င်းတို့၏ (သင်ယူမှုလုပ်ငန်း အစီအစဉ် ရေးဆွဲနည်း အပါအဝင်) သင်ယူမှုလုပ်ငန်းများကို နောက်စာသင်ချိန်တွင် တင်ပြနိုင်ပါသည် (သို့မဟုတ်) ဆရာများ အနေဖြင့် ကျောင်းသားများကို ကားချပ်ကြီးပေါ်တွင် ၎င်းတို့၏ သင်ယူမှုလုပ်ငန်းများကို တင်ပြစေပြီး အမေးအဖြေများ လုပ်ဆောင်စေရန် အတွက် စာသင်နှစ်တစ်လျှောက်တွင် အချိန်ပိုမိုပေးအပ်နိုင်ပါသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၁၀ မိနစ်)

ကျောင်းသားများကို ၎င်းတို့၏ ဦးခေါင်းပိုင်း၊ နှလုံးပိုင်းနှင့် ကိုယ်လက်အင်္ဂါအခွဲများတွင် မည်သည်တို့ကို ရေးသားခဲ့ကြောင်း ကြည့်ရှုစေပြီး ဆွေးနွေးစေပါ။

- သင့်တွင် မည်သို့အားဖြင့် ပြောင်းလဲမှုရှိလာခဲ့ပါသနည်း။
- လူမှုရေးဆိုင်ရာ အရေးကိစ္စများနှင့်ပတ်သက်၍ သင်၏ကိုယ်ပိုင် ထင်မြင်ယူဆချက် (သို့မဟုတ်) အခြားသူများ၏ ထင်မြင်ယူဆချက်များအပေါ် သင့်ကိုယ်ပိုင် သိရှိနားလည်မှုများတွင် ပြောင်းလဲမှုများ တစ်ခုခုဖြစ်ပွားခဲ့သည်ကို သတိပြုမိခြင်း ရှိပါသလား။
- အကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍ သင်၏ ထင်မြင်ယူဆချက်ကို ပြောင်းလဲလိုသည့်ဟု ခံစားရသည့် အချက်တစ်ချက် ရှိပါသလား။
- ဤကဲ့သို့သော သင်ယူမှုလုပ်ငန်းများသည် သင်၏ ကျောင်းသားများအပေါ် မည်ကဲ့သို့သော သက်ရောက်မှုများ ရှိနိုင်ပါသနည်း။
- အသိပညာအပြောင်းအလဲပြု သင်ယူမှုသည် အဘယ်ကြောင့် အရေးပါသနည်း။

## ၂.၅.၃ | သင်ပြမှုပုံစံနှင့် အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အလယ်တန်းတွင် သင်ကြားသည့် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်ဆိုင်ရာ သင်ကြား၊ သင်ယူမှု နည်းဗျူဟာများနှင့် ချဉ်းကပ်နည်းလမ်းများကို ဆန်းစစ်တတ်မည်။
- သင်ပြမှုပုံစံတစ်ခု ရေးဆွဲတတ်မည်။
- သင်ခန်းစာတစ်ခု ပို့ချတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။


(ခ) (၁.၃.၂) ကျောင်းသားများသင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ -** ပြန်လည်ဆန်းစစ်ခြင်း၊ သင်ခန်းစာ အစီအစဉ် ရေးဆွဲခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း၊ ပြန်လည်သုံးသပ်ခြင်း နေ့စဉ်မှတ်တမ်း(ဂျာနယ်)။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ဆရာများသည် သင်ခန်းစာ (၂.၅.၂) အသိပညာအပြောင်းလဲပြုသင်ယူခြင်း၊ ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုများ၏ နယ်ပယ်သုံးရပ်နှင့်အတူ စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ် မာတိကာ အကြောင်းအရာတို့ကို ပြန်လည်ဆန်းစစ်သင့်ပါသည်။ ဆရာများသည် ကျောင်းသားများအနေဖြင့် ၎င်းတို့၏ လက်တွေ့တန်းပြ လေ့ကျင့်ခြင်းတွင် ဆက်လက်သင်ကြားနိုင်ရန် အတွက် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားချိန် တစ်ချိန်ကို ပြင်ဆင်ပေးထားသင့်ပါသည်။ အုပ်စုငယ်ဖြင့်စမ်းသပ် သင်ကြားချိန်တွင် မည်သည့်အုပ်စုတွင် မည်သူက ဝင်ရောက်သင်ကြားမည်ကို အောက်ပါသာကေ အတိုင်း ထည့်သွင်းထားသင့်ပါသည်။




ကျောင်းသားများအနေဖြင့် သင်ယူမှုလုပ်ငန်း (၂) အတွက် သင်ပြမှုပုံစံကို ဖြည့်စွက်နိုင်ရန် လက်ကမ်းစာစောင် (၅) မှ သင်ပြမှုပုံစံ - ပုံစံလွှာကို ပရင့်ထုတ်ပေးနိုင်သည်။

**လိုအပ်သော ရင်းမြစ်များ -** ကျောင်းသားကိုင်စာအုပ်၊ ကားချပ်ကြီး၊ ရောင်စုံစက္ကူ၊ မာကာများ။

## သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်ဆန်းစစ်ခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို ငါးယောက် (သို့မဟုတ်) ခြောက်ယောက် ပါဝင်သော အဖွဲ့များအဖြစ် ခွဲလိုက်ပါ။ ထို့နောက် ကျောင်းသားကိုင်စာအုပ်ရှိ ဒုတိယနှစ် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးကို ဖော်ပြသည့် ဇယားကွက်ကို ကျောင်းသားများအား ညွှန်ပြပါ။

၂။ ဤသင်ရိုးအတွင်း အသုံးပြုခဲ့သည့် လုပ်ငန်းအများစုမှာ အသက် (၁၁) နှစ် မှ (၁၅) နှစ် အတွင်း အလယ်တန်းကျောင်းသားများကို သင်ကြားရာတွင် အသုံးပြုသင့်သည့် လုပ်ငန်းများဖြစ်ကြောင်း ကျောင်းသားများအား သတိပေးပါ။ ကျောင်းသားများအား အတူတကွလုပ်ဆောင်စေ၍ နောက်ဆုံးဇယားတိုင်နှစ်ခုတွင် သင်ခန်းစာတစ်လျှောက် အသုံးပြုခဲ့သည့် သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူများကို ဖြည့်စွက်ရန် စေခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် သင်ယူမှုလုပ်ငန်း (၂) ရှိ ကျောင်းသားများ၏ သင်ခန်းစာအစီအစဉ် ရေးဆွဲခြင်းအတွက် ကြိုတင်ပြင်ဆင်ပေးသည့် လုပ်ငန်းဖြစ်သည်။

## ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသောအဖြေများ

**လက်ကမ်းစာစောင် (၄)။ ပထမစာသင်နှစ်ဝက် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးမာတိကာတွင် ပါရှိသော သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူများကို ပြန်လည်သုံးသပ်ခြင်း**

| သင်ခန်းစာ ခေါင်းစဉ်များ | သင်ယူမှုရလဒ်များ | မည်သည့် သင်ယူမှုလုပ်ငန်းများကို အသုံးပြုခဲ့သနည်း။ | သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၁.၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုများ | • စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အခြေခံအုတ်မြစ်ကို ရှင်းပြတတ်မည်။<br><br>• အလယ်တန်း ကျောင်းသားများ အနေဖြင့် ဘက်စုံ အရည်အချင်း ပြည့်ဝသော မြန်မာနိုင်ငံသားများ ဖြစ်လာစေရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကကျသော တတ်ကျွမ်းမှုများ အကြောင်း ဆွေးနွေးတတ်မည်။ | • ရှိထားပြီးဖြစ်သော ဗဟုသုတများနှင့် ချိတ်ဆက်ခြင်း<br>• ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်းနှင့် ပြခန်း လှည့်လည် ကြည့်ရှု သင်ယူခြင်း | • ‘အသိပညာ’၊ ‘ကျွမ်းကျင်မှုများ’၊ ‘တန်ဖိုးထားမှုများ’ ပါရှိသည့် သင်္ကေတများ<br>• ကားချပ်ကြီးနှင့် မာကာများ |
| ၁.၂.၁။ မြန်မာနိုင်ငံ အတွင်းနှင့် အာဆီယံ ဒေသအတွင်း၌ စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်း စိတ်ဓာတ်၏ အရေးပါပုံ | • စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ် သင်ကြားရေးတို့၏ တန်ဖိုးများအကြား ဆက်နွယ်မှုများကို စိစစ်သုံးသပ်တတ်မည်။<br><br>• မြန်မာနိုင်ငံအတွင်းနှင့် အာဆီယံဒေသ အတွင်း၌ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ် သင်ကြားရေး၏ အရေးပါပုံကို လေ့လာဖော်ထုတ်၊ ဆွေးနွေးတတ်မည်။ | • ဗင်ပုံဖြင့် သင်ကြား သင်ယူခြင်း<br>• တွေး-တွဲ- မျှဝေ သင်ယူခြင်းနှင့် တီပုံစံ ဇယားကွက် | • A4 စက္ကူ၊ ကျောင်းသားများ၏ မှတ်စုစာအုပ်များ |

| သင်ခန်းစာ ခေါင်းစဉ်များ | သင်ယူမှုရလဒ်များ | မည်သည့် သင်ယူမှုလုပ်ငန်းများကို အသုံးပြုခဲ့သနည်း။ | သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၁.၃.၁။ အလယ်တန်းဆင့်နှင့် ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း | • အလယ်တန်းကျောင်းတွင် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရသည့် ရည်ရွယ်ချက်များကို ဆန်းစစ်တတ်မည်။<br>• အလယ်တန်းပြဆရာများ အနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားရေး၏ တန်ဖိုးထားမှုများအပေါ် ကျယ်ပြန့်နက်ရှိုင်းစွာ နားလည်သဘောပေါက်မှုရှိရန် အဘယ်ကြောင့် အရေးကြီးကြောင်း ဆွေးနွေးတတ်မည်။<br>• အလယ်တန်းဆင့် နှင့် ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတို့ကို နှိုင်းယှဉ်တတ်မည်။ | • အုပ်စုလိုက် ဆွေးနွေးခြင်း<br>• ရပ်တန့်ပါ၊ မှတ်စုရေးပါ | • ကျောင်းသားများ၏ စာအုပ်များ |
| ၂.၁.၁။ မြန်မာနိုင်ငံ အတွင်း လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံ | • အခြေခံကျသော လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ သဘောသဘာဝနှင့် လူမှုကျင့်ဝတ်များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအကြား ဆက်နွှယ်မှုများကို ခွဲခြမ်းစိတ်ဖြာတတ်မည်။<br>• လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ သဘောသဘာဝနှင့်အညီ မြန်မာနိုင်ငံ၏ လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံကို ဆွေးနွေးတတ်မည်။ | • ဉာဏ်ဖွင့်ဆွေးနွေးခြင်းနှင့် တန်ဖိုးထားမှု အဆင့်ဆင့်ပြပုံရမစ်<br>• တန်ဖိုးထားမှု အဆင့်ဆင့်ပြ သစ်ပင် | • ရောင်စုံစက္ကူ<br>• စက္ကူကားချပ်ကြီး<br>• မာကာများ |
| ၂.၂.၁။ အပြန်အလှန် လေးစားမှုနှင့် သည်းခံနိုင်စွမ်း | • အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းတို့သည် မည်သည့်အတွက်ကြောင့် လူမှုကျင့်ဝတ်များ၏ အရေးကြီးအင်္ဂါရပ်များဖြစ်ကြောင်း ရှင်းပြတတ်မည်။<br>• အခြားသူများနှင့် ထိတွေ့ဆက်ဆံသည့် အခါတွင် အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းကို လက်တွေ့အသုံးချ နိုင်မည့် နည်းလမ်းအမျိုးမျိုးကို ဆွေးနွေးတတ်မည်။ | • သရုပ်ဆောင်သင်ကြား၊ သင်ယူခြင်း | • သရုပ်ဆောင်သင်ကြား၊ သင်ယူရာတွင် ပြောဆိုရန် အချက်များပါသည့် ကတ်များ |

| သင်ခန်းစာ ခေါင်းစဉ်များ | သင်ယူမှုရလဒ်များ | မည်သည့် သင်ယူမှုလုပ်ငန်းများကို အသုံးပြုခဲ့သနည်း။ | သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၂.၃.၁။ ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု | • မြန်မာလူ့အဖွဲ့အစည်းတွင် လူမှုရေးဆိုင်ရာ တန်ဖိုးထားမှုများ ဖြစ်သည့် ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့အား မည်သည့်အတွက်ကြောင့် တန်ဖိုးထားပြီး မည်သို့ကျင့်သုံးကြောင်း ရှင်းပြတတ်မည်။<br>• ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့မှာ မည်သည်တို့ဖြစ်ကြောင်း ဖော်ပြတတ်ပြီး ထိုစံတန်ဖိုးများကို မည်ကဲ့သို့ မွေးမြူနိုင်ကြောင်း လေ့လာဆန်းစစ်တတ်မည်။ | • သင် မည်သူ့အား သိရှိသနည်း။<br>• လက်တွေ့မဆန်သော/ အဆိုးမြင်သော အမြင်များ | • ကျောင်းသားများ၏ မှတ်စုစာအုပ်များနှင့် ဆရာများ၏စာအုပ်များ<br>• A4 စက္ကူ |
| ၂.၃.၂။ တန်းတူညီမျှမှုနှင့် သာတူညီမျှမှု | • တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ကို ခွဲခြားတတ်မည်။<br>• တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ကို လက်တွေ့ဘဝအခြေအနေများတွင် မည်သို့ကျင့်သုံးနိုင်ကြောင်း ဆန်းစစ်တတ်မည်။ | • ဗီဒီယို ကြည့်ရှုခြင်း<br>• တီပုံစံဇယားကွက်<br>• အုပ်စုလိုက် ဆွေးနွေးခြင်း | • ဗီဒီယို ဖိုင် - တန်းတူညီမျှမှုနှင့် သာတူညီမျှမှု<br>• ကျောင်းသားများ၏ စာအုပ်များ |
| ၂.၄.၁။ ထိရောက်၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု | • ထိရောက်၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု၏ ဝိသေသလက္ခဏာများနှင့် ၎င်းတို့သည် အဘယ်ကြောင့် အရေးပါသော ကျွမ်းကျင်မှုများ ဖြစ်ကြောင်းကို ဆွေးနွေးတတ်မည်။<br>• အခြေအနေအရပ်ရပ်၌ ထိရောက်မှုရှိ၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံခြင်းကို လက်တွေ့ကျင့်သုံးတတ်မည်။ | • ရေး/တွေး-တွဲ-မျှဝေ သင်ယူခြင်း<br>• လက်တွေ့ ဆောင်ရွက်ခြင်း | • ကျောင်းသားများ၏ မှတ်စုစာအုပ်များနှင့် ဆရာများ၏စာအုပ်များ<br>• ပြောဆိုဆက်ဆံမှု ဆိုင်ရာ ကျွမ်းကျင်မှုများကို အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား |
| ၂.၄.၂။ ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု | • ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု ဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်း၏ ဝိသေသလက္ခဏာများမှာ မည်သည်တို့ဖြစ်ကြောင်း ရှင်းပြတတ်မည်။<br>• ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု၏ ပတ်သက်ဆက်နွှယ်မှုများကို လေ့လာဆန်းစစ်တတ်မည်။ | • စာသင်ခန်းပတ်လည်ရှိ စာသားများကို ဖတ်ရှု လေ့လာခြင်း<br>• နှီးနှောဖလှယ်ခြင်း | • ဖြစ်ရပ်လေ့လာချက်များ ပါရှိသည့်စာသားများ<br>• စက္ကူကားချပ်ကြီး<br>• မာကာများ |

| သင်ခန်းစာ ခေါင်းစဉ်များ | သင်ယူမှုရလဒ်များ | မည်သည့် သင်ယူမှုလုပ်ငန်းများကို အသုံးပြုခဲ့သနည်း။ | သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၂.၅.၁။ ဆက်စပ်ခြုံငုံ တွေးတောခြင်း | • ဆက်စပ်ခြုံငုံတွေးတောခြင်း ဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်း သည် အလယ်တန်းကျောင်းသားများ၏ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားသင်ယူရေးကို ပိုမိုထိရောက်၍ ဆီလျော်မှုရှိအောင် အထောက်အကူပြုနိုင်ပုံကို ရှင်းပြတတ်မည်။<br>• လူမှုကျင့်ဝတ် တန်ဖိုးထားမှုများထဲမှ တစ် ခုအားရွေးချယ်ပြီး ဆက်စပ်ခြုံငုံတွေးတောခြင်း နည်းလမ်း ပါရှိသည့် သင်ယူမှုလုပ်ငန်းတစ်ခု ဖန်တီးရေးဆွဲတတ်မည်။ | • တန်ဖိုးထားမှုများ၊ ယုံကြည်ထင်မြင်မှုများ နှင့် ခံယူချက်များ<br>• ပြဿနာဖြစ်ပွားမှု အဆင့်ဆင့်ပြ သစ်ပင်<br>• သင်ယူမှုလုပ်ငန်း ရေးဆွဲခြင်း | • ယုံကြည် ထင်မြင်ချက်များ ချရေးထားသည့် ကတ်ပြားများ<br>• စက္ကူကားချပ်ကြီး<br>• မာကာများ |
| ၂.၅.၂။ အသိပညာ အပြောင်းအလဲပြု သင်ယူခြင်း | • အသိပညာ အပြောင်းအလဲပြု သင်ယူမှု သီအိုရီ ဆိုသည်မှာ မည်သည်ဖြစ်ကြောင်း နှင့် ၎င်းသည် အလယ်တန်းကျောင်းသား များ၏ မေးခွန်းထုတ်စဉ်းစားခြင်းနှင့် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း အလေ့အကျင့်များကို ဖွံ့ဖြိုးစေပြီး စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးထားမှုများအား တည်ဆောက်ပေးနိုင်ပုံကို ရှင်းပြတတ်မည်။<br>• လူမှုကျင့်ဝတ် တန်ဖိုးထားမှုများထဲမှ တစ် ခုအားရွေးချယ်ပြီး အပြောင်းအလဲပြု သင်ယူမှု နည်းလမ်းကို သုံး၍ သင်ယူမှုလုပ်ငန်းတစ်ခု ပြင်ဆင်တတ်မည်။ | • ပြန်လည်ဆန်းစစ်ခြင်း<br>• ဉာဏ်ရည်၊ နှလုံးရည်၊ လက်ရုံးရည်တို့ကို ဖော်ထုတ်ခြင်း<br>• သင်ယူမှုလုပ်ငန်း ရေးဆွဲခြင်း | • တတ်ကျွမ်းမှုဇယား (ကျောင်းသားကိုင် စာအုပ်)<br>• ရောင်စုံစက္ကူ |

## သင်ယူမှုလုပ်ငန်း (၂)။ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်း (၃၀ မိနစ်)

၁။ ယခင်လုပ်ငန်းမှ ကျောင်းသား လေးယောက် (သို့မဟုတ်) ငါးယောက် ပါဝင်သော အဖွဲ့များအတိုင်းပင် ကျောင်းသားများသည် သင်ယူမှုလုပ်ငန်း (၁)၊ သင်ခန်းစာ (၂.၅.၂) အသိပညာအပြောင်းအလဲပြု သင်ယူခြင်းနှင့် တက်ကြွ၍တာဝန်ခံမှုရှိသော ကမ္ဘာ့နိုင်ငံသားကောင်းများ ပျိုးထောင်ရေး အတွက် အဓိကအခြေခံအချက်များ ပါရှိသည့် ဇယားတွင် ၎င်းတို့ဖြည့်စွက်ခဲ့သည်များကို ၎င်းတို့အုပ်စုအတွင်း ပြန်လည်ဆန်းစစ်ရပါမည်။

၂။ အောက်ပါတို့ကို သင်ပုန်းပေါ်တွင် ချရေးပါ။

(က) အပြန်အလှန် လေးစားမှု

(ခ) သည်းခံနိုင်စွမ်း

(ဂ) ဖြောင့်မတ်တည်ကြည်မှု

(ဃ) စိတ်ချယုံကြည်ရမှု

(င) စာနာရိုင်းပင်းတတ်မှု

(စ) တန်းတူညီမျှမှု နှင့်/သို့မဟုတ် သာတူညီမျှမှု

(ဆ) ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု

၃။ သင်ပြမှုပုံစံ - ပုံစံလွှာ (လက်ကမ်းစာစောင် ၅) ကို ကျောင်းသားအုပ်စု တစ်စုချင်းစီသို့ ဖြန့်ဝေပါ။ ကျောင်းသားများကို သင်ပုန်းပေါ်တွင် ရေးချထားသည့်အချက်များထဲမှ မိမိတို့၏ သင်ခန်းစာအပေါ်တွင် အလေးပေး လုပ်ဆောင်လိုသည်များအကြောင်း စဉ်းစားထားရန် အတူတကွ လုပ်ဆောင်စေပါ။ ၎င်းတို့အနေဖြင့် ဆန္ဒရှိပါက တန်ဖိုးထားမှု/ ကျွမ်းကျင်မှုနှစ်ခု (သို့မဟုတ်) သုံးခုကို မိမိတို့သင်ခန်းစာ ရည်မှန်းချက်အဖြစ် ပေါင်းစပ်နိုင်ကြောင်း ကျောင်းသားများအားပြောဆိုပါ။ ကျောင်းသားများ ရေးဆွဲထားသော သင်ခန်းစာများသည် အချိန်အားဖြင့် မိနစ် (၅၀) ကြာသင့်ပြီး ၎င်းတို့အနေဖြင့် အတန်းဖော်အချင်းချင်း သင်ကြားရမည် ဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့သင်ကြားရမည့် အတန်းအရွယ်အစားနှင့် ပစ္စည်းပစ္စယများနှင့် လိုက်ဖက်မှုရှိသည့် ၎င်းတို့ရယူအသုံးပြုနိုင်မည့် စက္ကူကားချပ်ကြီး၊ မာကာများ၊ A4 စက္ကူ၊ ရောင်စုံစက္ကူတို့ကဲ့သော သင်ထောက်ကူပစ္စည်းများကို ကြိုတင်တွေးဆ

ထားသင့်ပါသည်။ ကျောင်းသားများကို ၎င်းတို့၏ SMART သင်ယူမှုရည်မှန်းချက်များကို စိတ်ထဲတွင် အမှတ်ရနေစေရန်နှင့် သင်ခန်းစာတစ်ခုတည်းတွင် ရည်မှန်းချက်အများအပြားကို ပြည့်မီဖို့ မကြိုးစားရန်သတိပေးပါ။ သင်ခန်းစာတစ်ခုသည် တန်ဖိုးထားမှု (သို့မဟုတ်) ကျွမ်းကျင်မှု တစ်ခုအပေါ် အလေးပေးထားလျှင်ပင် လုံလောက်မှုရှိပါသည်။

၄။ သရုပ်ပြသင်ကြားခြင်းကို လေ့လာဆန်းစစ်သည့် ပုံစံလွှာ (လက်ကမ်းစာစောင် ၆) ကို ဖြန့်ဝေပါ။ သင်သည် ၎င်းတို့၏ သင်ခန်းစာပို့ချမှုများကို ကြည့်ရှုစစ်ဆေးသည့်အခါတွင် ဤစူးစမ်းမှုပုံစံလွှာကို အသုံးပြုမည်ဖြစ်ကြောင်း ရှင်းပြပါ။ ကျောင်းသားများကို ၎င်းတို့၏ အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားချိန် မစတင်မီ ဤစူးစမ်းမှုပုံစံလွှာအား ပြန်လည်ဆန်းစစ်ရန် သတိပေးပါ။

၅။ ကျောင်းသားများ လက်တွေ့တန်းပြ လေ့ကျင့်သင်ကြားခြင်းအတွက် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားရန် အချိန်ဇယားများကို သင်ပုန်းပေါ်တွင် ကပ်ထားပေးပါ။ ကျောင်းသားများကို အချိန်ဇယားအားကြည့်ရှုပြီး ၎င်းတို့အုပ်စုအလိုက် အစီအစဉ်ဆွဲခြင်း အစည်းအဝေးများကို အဆင်ပြေသလို စီစဉ်ချမှတ်ရန်စေခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သရုပ်ပြသင်ကြားခြင်းကို လေ့လာဆန်းစစ်သည့် ပုံစံလွှာ (လက်ကမ်းစာစောင် ၆) ကို အသုံးပြု၍ ကျောင်းသားများ အုပ်စုငယ်များဖြင့် သရုပ်ပြသင်ကြားနေသည်ကို ကြည့်ရှုလေ့လာပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအပေါ် ဆွေးနွေးရန် ကျောင်းသားများကို အချိန် (၁၀) မိနစ် ခွင့်ပြုပေးပါ။ ကျောင်းသားများက မေးခွန်းများအပေါ် ဆွေးနွေးနေစဉ် ဆရာသည်အတန်းထဲတွင် လှည့်လည်ပြီး ၎င်းတို့အဖြေများကို လေ့လာကြည့်ရှုကာ ရလိုသောအဖြေများဆီသို့ ရောက်အောင် တည့်မတ်ပေးရန် လိုအပ်လျှင်လိုအပ်သလို ဖြေကြားပေးမှုများ/ ရှင်းလင်းတိကျသော အယူအဆများ ပံ့ပိုးပေးပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများ အတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

မေးခွန်း ၁။ ပထမလုပ်ငန်းတွင် ဆက်စပ်ခြင်္ငံ တွေးတောခြင်းကို မည်သို့ထည့်သွင်း အသုံးပြုခဲ့သနည်း။ ဤလုပ်ငန်း၏ ရည်မှန်းချက်မှာ အဘယ်နည်း။ ဤကဲ့သို့ သိရှိနားလည်ခြင်းသည် သင်ယူသူတစ်ဦးအား မည်သို့ အထောက်အကူပြု ပေးနိုင်သနည်း။

အဖြေ။ *'တန်ဖိုးထားမှုများ၊ ယုံကြည်ထင်မြင်မှုများ၊ ထင်မြင်ချက်များ' ကို တစ်ခါတစ်ရံတွင် ကျောင်းသားများကို မိမိတို့၏ ယုံကြည်ထင်မြင်ချက်များ၏ မြစ်ဖျားခံရာကို ဖော်ထုတ် လေ့လာစေရန် အသုံးပြုပါသည်။ ယင်းသည် ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းရင်းကို ဆန်းစစ်ရာတွင် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ယုံကြည်ထင်မြင်ချက်များအား လေ့လာဆန်းစစ်ခြင်းသည် တစ်ခါတစ်ရံ၌ ယုံကြည်မှုများသည် မျိုးဆက်တစ်ဆက်မှ တစ်ဆက် လက်ဆင့်ကမ်းလာသည့် ယုံကြည်ထင်မြင်ချက်များစနစ်မှ ဆင်းသက်လာပုံကို ဖော်ထုတ်ပြသပေးနိုင်မည် ဖြစ်သည်။ အဆိုပါလေ့လာဆန်းစစ်ချက်မှ နိုင်ငံတွင်းမှသည် ကမ္ဘာ့အတိုင်းအတာအထိ အဆိုပါ လက်ဆင့်ကမ်းယုံကြည်မှုများသည် အဆိုပါ ယုံကြည်မှုဆိုင်ရာစနစ်များအပေါ် မည်သို့လွှမ်းမိုးမှုရှိကြောင်း သဲလွန်စတစ်ခု ပေးနိုင်မည် ဖြစ်သည်။ မျိုးဆက်တစ်ဆက်စီ၏ ထင်မြင်ယုံကြည်ချက်များအပေါ် လွှမ်းမိုးသည့် အချက်များကို ဆန်းစစ်ခြင်းအားဖြင့် တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခဖြစ်ပွားစေသည့် ဇာစ်မြစ်ကို သိရှိရစေပါသည်။ ထိုနားလည်သဘောပေါက်မှုသည် ပဋိပက္ခများကို ငြိမ်းချမ်းသောအသွင်သို့ ပြောင်းလဲရာတွင် ထောက်ကူပေးပါသည်။*

မေးခွန်း ၂။ ဒုတိယလုပ်ငန်းတွင် ဆက်စပ်ခြင်္ငံ တွေးတောခြင်းကို မည်သို့ထည့်သွင်း အသုံးပြုခဲ့သနည်း။ ဤလုပ်ငန်း၏ ရည်မှန်းချက်မှာ အဘယ်နည်း။ ဤကဲ့သို့ သိရှိနားလည်ခြင်းသည် သင်ယူသူတစ်ဦးအား မည်သို့ အထောက်အကူပြုပေးနိုင်သနည်း။

အဖြေ။ *ရေခဲစိုင်ပုံစံတွင် ရှင်းပြထားသကဲ့သို့ပင် ဖြစ်ရပ်တစ်ခု၏ ဇာစ်မြစ်ကို ဖော်ထုတ်ပြီးပါက ဖြေရှင်းရန်အဖြေများကို ဉာဏ်ဖွင့်ဆွေးနွေးဖို့ ပိုမိုလွယ်ကူသွားစေပါသည်။ ထိုသို့ဖော်ထုတ်ခြင်းအားဖြင့် ဖြစ်ရပ်ဖြစ်ပွားစေခဲ့သည့် နောက်ကွယ်ရှိ နည်းစနစ်ပုံစံများကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ဥပမာ - သစ်တောပြုန်းတီးမှုသည် ကမ္ဘာကြီးပူနွေးစေသော အကြောင်းရင်းဖြစ်ပြီး ယင်း၏အကျိုးဆက်သည် ကျွန်ုပ်တို့ပေါ်တွင်သက်ရောက်မှု အလွန်ကြီးမားကြောင်း (ပိုမိုပြင်းထန်သောမုန်တိုင်းများ ဖြစ်စေနိုင်သည်ကို) သိရှိပါက*

*အလယ်တန်းကျောင်းသားများသည် လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ရန်နှင့် ပြဿနာကိုဖြေရှင်းရန် နည်းလမ်း (ဥပမာ - သစ်ပင်ပိုစိုက်ရန် အားပေးတိုက်တွန်း၍ သစ်ပင်သစ်တောများ ခုတ်ထွင်ခြင်းကို တားမြစ်ခြင်း) ကို စဉ်းစားရန် အာရုံစိုက်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဤပုံစံသည် ကျောင်းသားများအား ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ရလဒ်အပေါ် ပါဝင်ဖြေရှင်းပေးလိုသည့် ၎င်းတို့၏ဆန္ဒများနှင့် ပတ်သက်သည့် ပြည်သူ့နီတိစိတ်နေသဘောထားများ ဖွံ့ဖြိုးလာစေရန် ကူညီပေးပါသည်။ ဤသည်မှာ သင်ယူသူများကို ပြဿနာများနှင့်စပ်လျဉ်း၍ ဖြေရှင်းနည်းများကို တွေးတောခြင်းမျိုး မဟုတ်ဘဲ အဖြစ်စနစ်များအားလုံးကို သေသေချာချာ စူးစမ်းလေ့လာပြီး ပိုမိုစနစ်ကျကာ ခြုံငုံမိသောနည်းလမ်း တစ်ရပ်ဖြင့် တွေးတောကြံစည်ရန် အထောက်အကူပြုပေးပါသည် (ဥပမာ - လူသားများ၏ နေ့စဉ်လှုပ်ရှားသွားလာမှုများ၊ ဖန်လုံအိမ်ဓာတ်ငွေ့များ ဖန်တီးထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံဆိုင်ရာ သဘောထား၊ အုပ်ချုပ်ရေးစနစ်နှင့် ပြဿနာများနှင့် ရင်ဆိုင်ဖြေရှင်းရာတွင် တွေ့ရလေ့ရှိသော ကန့်သတ်ထိန်းချုပ်မှုများ)။*

မေးခွန်း ၃။ စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်၏ သင်ယူမှုလုပ်ငန်းများအနက်မှ မည်သည့်လုပ်ငန်းတွင် ဆက်စပ်ခြုံငုံတွေးတောမှုဆိုင်ရာ ချဉ်းကပ်နည်း ပါရှိသနည်း။ သင် မည်ကဲ့သို့သိရှိသနည်း။

အဖြေ။ *ကျွန်ုပ်တို့သည် မည်ကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ အမူအကျင့်များသည် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို ကြည့်ရှုခြင်းဖြင့် လုပ်ငန်းတစ်ခုချင်းစီကို စစ်ဆေးအကဲဖြတ်နိုင်ပါသည်။*

- အရေးကြီးဆုံးအချက်ကို နားလည်သဘောပေါက်အောင် ကြိုးပမ်းခြင်း
- စနစ်များရှိ ပုံစံများ/ ဦးတည်ရာများကို ရှုမြင်ခြင်း
- စနစ်၏ဖွဲ့စည်းပုံက ၎င်း၏ပြုမူလုပ်ဆောင်ပုံအား မည်သို့ဖြစ်ပေါ်စေသည်ကို ခွဲခြားသိရှိခြင်း
- အကြောင်းနှင့် အကျိုးဆက်နွယ်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်း

- မရည်ရွယ်ထားသော အကျိုးဆက်များပေါ်ပေါက်နိုင်သည့် နေရာများကို ရှာဖွေဖော်ထုတ်ခြင်း
- စနစ်အပြောင်းအလဲဖြစ်ပေါ်နိုင်သည့် နယ်ပယ်များကို ရှာဖွေဖော်ထုတ်ခြင်း
- ဂရုတစိုက်ဖြင့် နည်းစနစ်တကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း

**၁.၂.၁။ ဗင်ပုံဖြင့်သင်ကြားသင်ယူခြင်း - မည်ကဲ့သို့သော လူ့အသိုက်အဝန်းများတွင် ကျွန်ုပ်တို့ဘုံတူညီစွာ နေထိုင်ကြသနည်း။**

*အရေးကြီးဆုံးအချက်ကို နားလည်သဘောပေါက်အောင်ကြိုးပမ်းခြင်း - ဤလုပ်ငန်းသည် ကျောင်းသားများကို ၎င်းတို့ကိုယ်တိုင် ယဉ်ကျေးမှုပေါင်းစုံ လူ့အသိုက်အဝန်းများတွင် နေထိုင်နေသူများဖြစ်ပြီး အချင်းချင်းအပြန်အလှန် မှီတည်နေထိုင်ခြင်းဆိုင်ရာခံယူချက်များနှင့်အညီ နေထိုင်နေကြကြောင်းကို ဖော်ထုတ်ရန်ကူညီပေးပြီး အခြားသူများနှင့်အတူ ဘုံတူညီသော လူ့အသိုက်အဝန်းများတွင် နေထိုင်နေမှုနှင့် ပတ်သက်သော သိရှိနားလည်မှု အားကောင်းလာအောင် ပျိုးထောင်ပေးပါသည်။*

**၁.၂.၁။ တီပုံဇယားကွက် - လူ့အသိုက်အဝန်းတစ်ခုချင်းစီရှိ တန်ဖိုးထားမှုများနှင့် တာဝန်ဝတ္တရာများ**

စနစ်များရှိပုံစံများ / ဦးတည်ရာများကိုရှုမြင်ခြင်း - ဤလုပ်ငန်းသည် ကျွန်ုပ်တို့ မှီတည်နေထိုင်ရာ လူ့အသိုက်အဝန်းတစ်ခုချင်းစီ၏ တာဝန်ရှိသော နေထိုင်သူများထံမှ မျှော်လင့်ထားသော ပြုမူလုပ်ဆောင်ပုံစနစ်နှင့် ပတ်သက်၍ ကျောင်းသားများထံတွင် သိနားလည်မှုများ မြှင့်တင်ပေးပါသည်။ အဆိုပါတန်ဖိုးထားမှုများကို အကာအကွယ်ပေးရန် ကျွန်ုပ်တို့၏တန်ဖိုးထားမှုများနှင့် တာဝတ္တရားများကိုဝန်းရံ၍ ဤပြုမူလုပ်ဆောင်ပုံစနစ်များကို တည်ဆောက်ထားပါသည်။

**၂.၁.၁။ တန်ဖိုးထားမှုအဆင့်ဆင့်ပြသစ်ပင်**

အရေးကြီးဆုံးအချက်ကို နားလည်သဘောပေါက်အောင် ကြိုးပမ်းခြင်း/ အကြောင်းနှင့်အကျိုးဆက်နွယ်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်း - ဤလုပ်ငန်းသည် ‘တန်ဖိုးထားမှုများ၊ ယူဆထင်မြင်ချက်များနှင့်ခံယူချက်များ’ လုပ်ငန်းနှင့် ဆင်တူပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် ကျောင်းသားများကို ကျွန်ုပ်တို့၏ ယုံကြည်မှုစနစ် တစ်ရပ်အပေါ် လွှမ်းမိုးမှုများကို ဖော်ထုတ်လေ့လာရန် အထောက်အကူဖြစ်စေသောကြောင့်

ဖြစ်ပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီတွင် အခြားသူများ၏ စံပြပုဂ္ဂိုလ်များနှင့် တူညီနိုင်သည့် မိမိကိုယ်ပိုင်စံပြပုဂ္ဂိုလ်များရှိနေနိုင်ပြီး အဆိုပါပုဂ္ဂိုလ်များသည် နိုင်ငံ၏ စနစ်အတွင်း ကျင်လည်နေထိုင်သူများ ဖြစ်ကြသည်။ ဥပမာအားဖြင့် မီဒီယာဆိုသည်မှာ ပဋိပက္ခနှင့် အခြားဖြစ်စဉ်များကဲ့သော ဖြစ်လာနိုင်ခြေရှိသည့် ပြဿနာရပ်များနှင့် ကိုယ်ပိုင်ဆက်နွယ်မှုများရှိသော အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ အဆိုပါမီဒီယာသည် လူ့အသိုက်အဝန်းများအကြား ပဋိပက္ခများကို တိုးပွားလာစေနိုင်သကဲ့သို့ အခြားတစ်ဖက်၌လည်း ယင်းပဋိပက္ခများကို လျော့ကျသွားအောင် ကူညီပေးနိုင်သည်။ ဤသည်ကိုနားလည်ခြင်းဖြင့် ကျွန်ုပ်တို့သည်မီဒီယာ၏ လွှမ်းမိုးမှု မည်မျှခံရကြောင်းကို နားလည်မှုရှိလာမည် ဖြစ်သည်။

**၂.၃.၂။ ဆရာဆောင်ရွက်နိုင်သည့်အရာကို ဖော်ပြပါ။ ကျောင်းကဆောင်ရွက်နိုင်သည့် အရာကိုဖော်ပြပါ။**

စနစ်တစ်ခု၏ဖွဲ့စည်းပုံသည် ၎င်း၏ပြုမူဆောင်ရွက်ပုံကို သက်ရောက်မှုရှိကြောင်း သိရှိလာမည် / စနစ်အပြောင်းအလဲဖြစ်ပေါ်နိုင်သည့် နယ်ပယ်များကို ရှာဖွေဖော်ထုတ်ခြင်း - ဆရာများသည် ၎င်းတို့ကိုယ်တိုင် ပညာရေးစနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ကို ဖော်ထုတ်ပြောဆိုနိုင်ကြပြီး ယင်းသည်လူ့အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးနေသည့် အကျုံးဝင်ခြင်းအပေါ် သက်ရောက်မှုပုံကို ဖော်ထုတ်နိုင်ကြသည်။ ဆရာများအတွက် ၎င်းတို့၏ စာသင်ခန်းများအတွင်း ဖယ်ကြဉ်ခံနေရသည့် ကျောင်းသားတစ်ဦးအပေါ်ရှိမည့် သက်ရောက်မှုကို ကြိုတင်တွေးဆပြီး ယင်း၏အကြောင်းရင်းကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းနိုင်ပုံကို ဖော်ထုတ်လေ့လာရန်အတွက် ဤလုပ်ငန်းကိုထပ်ဆောင်းတိုးချဲ့ထားသည့် လုပ်ငန်းတစ်ခုက အထောက်အကူပြုပေးနိုင်ပါသည်။

၂.၂။ သရုပ်ဆောင် သင်ကြား၊ သင်ယူခြင်း (လူ့အသိုက်အဝန်းအတွင်းရှိ လူတစ်ဦးနှင့် တစ်ဦးအပြန်အလှန်လေးစားမှု) နှင့် ၂.၄.၂။ စာသင်ခန်းပတ်ပတ်လည်ရှိ စာသားများတွင် ဖော်ပြထားသည့် ကျင့်ဝတ်ညီသော/ကျင့်ဝတ်မညီသောအခြေအနေများ

*စနစ်များ၏ ပုံစံများ/ဦးတည်ရာများကို ကြည့်ရှုရာတွင် ရည်ရွယ်၍လုပ်ဆောင်ခြင်း မဟုတ်ဘဲ ဖြစ်ပေါ်လာနိုင်အကျိုးဆက်များ မြင့်တက်လာနိုင်ကြောင်း ရှာဖွေတွေ့ရှိခြင်း*

*သင်ခန်းစာတစ်ခုချင်းစီတွင် အပြုသဘောဆောင်သော အခြေအနေများနှင့် အပြုသဘော မဆောင်သည့် အခြေအနေများကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ကျောင်းသားများသည် ၎င်းတို့၏လုပ်ဆောင်ချက်များနှင့် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခြင်းဖြစ်စေ၊ အမှတ်တမဲ့ လုပ်ဆောင်မိခြင်းဖြစ်စေ ယင်းလုပ်ဆောင်မှုများ၏ သက်ရောက်မှုရှိပုံတို့အကြား ဆက်စပ်နေမှုကို စတင်တွေ့မြင်သုံးသပ်လာနိုင်ပြီဖြစ်သည်။*

မေးခွန်း ၄။ စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားခြင်းအား အလယ်တန်းကျောင်းသားများ အတွက် ပိုမိုထိရောက်၊ ဆီလျော်မှုရှိစေရန် ဤချဉ်းကပ်နည်းလမ်းက မည်သို့ အထောက်အကူပြုနိုင်သနည်း။

အဖြေ။ *စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားခြင်းသည် ကျောင်းသားများအား ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်အပေါ် ၎င်းတို့၏ သက်ရောက်မှုများကို ပိုမိုသတိပြုမိလာစေရန် ကူညီပေးရာ၌ အရေးပါလှသည်။ အလယ်တန်းတွင် သင်ကြားမည့် ဆက်စပ်ခြုံငုံတွေးတောခြင်း လုပ်ငန်းများသည် ကျောင်းသားများအား ကျွန်ုပ်တို့လူသားအားလုံးသည် အချင်းချင်းဆက်သွယ် မှီတည်နေထိုင်ရသည်ကို သိရှိရန် အထူးသဖြင့် မိမိ၏ အပြန်အလှန်ပြောဆိုဆက်ဆံရေးများကို အလေးပေးသည့် ကျောင်းသားများကို ကူညီပေးနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် တူညီသော သဘာဝစနစ်၊ နည်းပညာစနစ်၊ လူမှုစနစ်များကို အသုံးပြုပြီး ယင်းတို့မှ အကျိုးခံစားရသည့်အလျောက် အဆိုပါပြဿနာရပ်များမှာ ကျွန်ုပ်တို့အားလုံးအပေါ် ထိခိုက်မှုရှိပါသည်။ ဤသို့အားဖြင့် ကျောင်းသားများအား ၎င်းတို့အနေဖြင့် ပျော်ရွှင်မှုနှင့် ဖူလုံကြွယ်ဝမှု ရရှိခံစားနိုင်ရန်အလို့ငှာ လူမှုရေးအရ တာဝန်ခံမှုရှိစွာ၊ ကျင့်ဝတ်နှင့် လျော်ညီစွာနေထိုင်ပြုမူရန် လိုအပ်ကြောင်း နားလည်စေရန် ကူညီပေးနိုင်ပါသည်။*

မေးခွန်း ၅။ သင့်တွင် မည်သို့အားဖြင့် ပြောင်းလဲမှုရှိလာခဲ့ပါသနည်း။

အဖြေ။ *ဤသင်ရိုး၏ ပထမအပိုင်းသည် ကျွန်ုပ်ကို မိမိတစ်ဦးတည်း ရပ်တည်ရေးကို သာမက လူ့အသိုက်အဝန်းများတွင် ရှင်သန်ရပ်တည်ရေးနှင့် စပ်လျဉ်းပြီး တွေးတောတတ်အောင် ကူညီပေးခဲ့ပါသည်။ ကျွန်ုပ်အနေဖြင့် ကမ္ဘာကြီးနှင့် လူ့အဖွဲ့အစည်းအတွင်း ကျင်လည်ရပ်တည်နိုင်ပြီဟု ခံစားရပါသည်။*

မေးခွန်း ၆။ လူမှုရေးဆိုင်ရာ အရေးကိစ္စများနှင့်ပတ်သက်၍ သင်၏ကိုယ်ပိုင် ထင်မြင်ယူဆချက် (သို့မဟုတ်) အခြားသူများ၏ ထင်မြင်ယူဆချက်များအပေါ် သင့်ကိုယ်ပိုင် သိရှိနားလည်မှုများတွင် ပြောင်းလဲမှုများ တစ်ခုခုဖြစ်ပွားခဲ့သည်ကို သတိပြုမိခြင်း ရှိပါသလား။

အဖြေ။ *ကျွန်ုပ်တို့အားလုံးသည် လူ့အသိုက်အဝန်းများစွာအတွင်း၌ အပြန်အလှန်ဆက်သွယ်နေမှုဖြင့် ကျင်လည်နေကြသည်ကို မည်သည့်အခါမျှ တွေးဆမိခဲ့ခြင်းမရှိခဲ့သည့်အပြင် အဆိုပါ မိမိတို့ကျင်လည်ခဲ့နေသည့်စနစ်များက ကျွန်ုပ်တို့အပေါ် သက်ရောက်မှုရှိသည်ဆိုသည်နှင့် အဆိုပါစနစ်များ ကောင်းစွာလည်ပတ်မှုမရှိပါက ကျွန်ုပ်တို့အနေဖြင့် ထိုပြဿနာများကို ဖြေရှင်းရန် အတူတကွလုပ်နိုင်သည်ကို တွေးဆမိခဲ့ခြင်းမရှိပါ။*

မေးခွန်း ၇။ အကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍ သင်၏ထင်မြင်ယူဆချက်ကို ပြောင်းလဲလိုသည်ဟု ခံစားရသည့် အချက်တစ်ချက် ရှိပါသလား။

အဖြေ။ *ရှိပါသည်။ ကျွန်ုပ်တို့အားလုံးမှာ တူညီသောလူ့အဖွဲ့အစည်းများနှင့် တူညီသောစနစ်များတွင် ကျင်လည်နေထိုင်ကြသည်ကို သတိပြုမိသည့်အချိန်မှစ၍ မိမိကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်သည့် ကဏ္ဍများစွာရှိကြောင်းသိလာသည်ဟု ခံစားမိပါသည်။*

မေးခွန်း ၈။ ဤကဲ့သို့သော သင်ယူမှုလုပ်ငန်းများသည် သင်၏ ကျောင်းသားများအပေါ် မည်ကဲ့သို့သော သက်ရောက်မှုများ ရှိနိုင်ပါသနည်း။

အဖြေ။ *၎င်းတို့အနေဖြင့် လေးနက်စွာဆန်းစစ် ဝေဖန်နိုင်သော၊ ပြန်လည်သုံးသပ်နိုင်သော တွေးတောသူများဖြစ်လာပြီး မိမိကိုယ်ကို ယုံကြည်မှုရှိစွာနှင့် မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချလာနိုင်မည်ဖြစ်သည်။*

မေးခွန်း ၉။ *အသိပညာအပြောင်းအလဲပြု သင်ယူမှုသည် အဘယ်ကြောင့် အရေးပါသနည်း။*

အဖြေ။ *အသိပညာ အပြောင်းအလဲပြု သင်ယူခြင်းသည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းသားများသည် ၎င်းတို့မှာ လူ့အဖွဲ့အစည်းအတွင်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို အသိအမှတ်ပြုရုံသာမက ၎င်းတို့သည် မိမိတို့လူ့အဖွဲ့အစည်းကို တိုးတက်ကောင်းမွန်လာအောင် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မိမိကိုယ်ကို အားကိုးခြင်းနှင့် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ပိုင်ဆိုင်လာနိုင်သောကြောင့် ဖြစ်သည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်သည် အဆိုပါတန်ဖိုးများ မတူကွဲပြားသည့် စွမ်းရည်ရှိသော တစ်ဦးတစ်ယောက်ချင်းစီနှင့် ယှဉ်တွဲနေထိုင်နိုင်မှုကို လက်ခံသော လူ့အဖွဲ့အစည်းများအားမြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။
- လျင်မြန်သည့် ကမ္ဘာ့အနှံ့ဖြစ်စဉ်နှင့် ဥတုရာသီဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်များနှင့် ကမ္ဘာ့ကပ်ရောဂါကြီးများကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာပြောင်းလဲစေသည့် အရေးကိစ္စများအကြားတွင် ကျွန်ုပ်တို့လူသားများ၏ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်မြှုပ်လုပ်ဆောင်ရန် လိုအပ်သည်။
- ကျွန်ုပ်တို့သည် နှစ်ဦးနှစ်ဖက်အပြန်အလှန်ပေးကမ်းခြင်းနှင့် ရယူခြင်းရှိသည့် ဆက်ဆံရေးဆိုသည့် အခြားသူများနှင့် ထိတွေ့နေရသော ပေါင်းသင်းဆက်ဆံရေးဖြင့် အမြဲရှင်သန်ကြပါသည်၊ ထို့ကြောင့်အခြားသူများအား ကျွန်ုပ်တို့မှီခိုခြင်းနှင့် အခြားသူများအား ဂရုစိုက်ခြင်းကို အသိအမှတ်ပြုခြင်းမှာ အရေးပါပါသည်။
- မြန်မာ့လူ့အဖွဲ့အစည်း အဆင့်ဆင့်၌ ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းချမှတ်ခြင်းသည် ယင်းလူ့အဖွဲ့အစည်း၏ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒဏ်ခံနိုင်စွမ်းတို့ တိုးတက်မြင့်မားလာစေမည့် ပဓာနကျသည့် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်မည်ဖြစ်သည်။ ထိုစည်းမျဉ်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမှ ချမှတ်ပေးခဲ့သည့် ကာလရှည် မျှော်မှန်းချက်ကို မြန်မာနိုင်ငံတစ်ဝန်းရှိ လူမှုအသိုက်အဝန်းများအားလုံး တစ်စုတစ်စည်းတည်းအနေဖြင့် ပြည့်မီလာစေအောင် စည်းရုံးလှုံ့ဆော်ရာတွင် အခြေခံအုတ်မြစ် ဖြစ်လာပါမည်။
- ကျင့်ဝတ် ဆိုသည်မှာ လူ့အသိုက်အဝန်းကို ဗဟိုပြုသော သဘောသဘာဝ ရှိသောကြောင့် အထူးပင်အရေးကြီးသည့်အပြင် ယင်းသည် တရားမျှတမှု၊ စည်းလုံးညီညွတ်မှု၊ စာနာရိုင်းပင်းတတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တန်ဖိုးထားမှုများကို လေးစားကြောင်းဖော်ပြပေးပါသည်။ ထိုကဲ့သို့သော အားထုတ်မှုများနှင့် တွေ့ရှိမှုများသည် ပွင့်လင်းမှု၊ အပြန်အလှန်အပေးအယူရှိမှုနှင့် အပြန်အလှန် လေးစားမှုတို့အပေါ် အခြေခံထားသော အပြန်အလှန်ဆွေးနွေးခြင်းနှင့် အထူးတလည် ဆက်နွှယ်မှုရှိပါသည်။ (Ćurko et al, 2015)။

- အပြန်အလှန်လေးစားမှုသည် လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ၏ ဗဟိုဖြစ်သည်၊ အပြန်အလှန်လေးစားမှုသည် ငြိမ်းချမ်းမှုကို တည်ဆောက်ရာတွင် အခြေခံတတ်ကျွမ်းမှု ဖြစ်ပြီး ကျွန်ုပ်တို့အနီးအနားတွင် ပေါင်းသင်းဆက်ဆံရေးများ တည်ဆောက်ရာ၌ မရှိမဖြစ်လိုအပ်သည့် တန်ဖိုးဖြစ်ပါသည်။

- ငြိမ်းချမ်းမှုအားတည်ဆောက်ရန်မှာ မိမိတို့၏လူ့အသိုက်အဝန်းမှ လူပုဂ္ဂိုလ်များသည် ပြဿနာများအား အစုလိုက်ဖြေရှင်းရန်အတွက် အချင်းချင်းထိတွေ့ပြောဆိုပြီး အတူတကွ လက်တွဲလုပ်ဆောင်ရန် လိုအပ်သည်။ ထိုသို့လုပ်ဆောင်ခြင်းအား နိုင်ငံတကာ၌သာမက မြန်မာနိုင်ငံအတွင်း၌ပါ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များတွင် ထည့်သွင်းအသိအမှတ်ပြုကြပါသည်။

- ပုံသေကားကျယူဆချက်များသည် လူအများကို တစ်ဦးနှင့်တစ်ဦးကြား မှားယွင်းသော ထင်မြင်ယူဆချက်များကိုပေးလေ့ရှိပြီး ကမ္ဘာကြီးအား “ငါတို့” နှင့် “သူတို့” ဆို၍ ခွဲခြားသောကြောင့် အမုန်းတရားနှင့် သဘောထားသေးသိမ်ခြင်းတို့ကို ပေါက်ဖွားစေနိုင်သည်။

- ကျောင်းသားများတွင် လေးစားမှုနှင့်သည်းခံနိုင်စွမ်းအား ပျိုးထောင်ပေးရာတွင် ဆရာများသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ ဆရာများအနေဖြင့်လည်း အဆိုပါတန်ဖိုးများကို ကိုယ်တိုင်ကျင့်သုံး စံနမူနာပြရန်လိုအပ်ပြီး ကျောင်းသားများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားချက်ပိုင်းဆိုင်ရာနှင့် တွေးခေါ်ဆင်ခြင်မှုပိုင်းဆိုင်ရာတို့တွင် လုံခြုံမှုရှိသည်ဟုခံစားရသည့် ဘေးကင်းပြီး လုံခြုံစိတ်ချရသည့် စာသင်ရပ်ဝန်းများ ဖန်တီးပေးရန်လည်း လိုအပ်ပါသည်။

- ဖြောင့်မတ်တည်ကြည်မှုရှိသော ပုဂ္ဂိုလ်တစ်ဦးသည် အပြန်အလှန်ဆက်သွယ်နေသော ကမ္ဘာ့လူ့အဖွဲ့အစည်းအတွင်း၌ မိမိ၏လုပ်ရပ်များသည် အခြားသူများအပေါ် အကျိုးဆက်များ သက်ရောက်မှုရှိကြောင်း အသိအမှတ်ပြုပါသည်။ ဖြောင့်မတ်တည်ကြည်မှု ဆိုသည်မှာ လူအများလက်ခံထားသည့် စာရိတ္တပိုင်းဆိုင်ရာ အခြေခံမှုများနှင့် တန်ဖိုးထားမှုများကိုမမှိတ်မသုန် စွဲကိုင်ကျင့်သုံးရဲသော စွမ်းရည်တစ်ရပ် ဖြစ်သည်။

- ဖြောင့်မတ်တည်ကြည်ခြင်းနှင့် အလားတူပင် စိတ်ချယုံကြည်ရမှုဆိုသည်မှာ သင့်ကိုယ်ပိုင် ကိုယ်ကျင့်တရားများနှင့်အညီ အချိန်တိုင်းမပြောင်းမလဲဘဲ ပြုမူရုံသာမက လူ့ဂုဏ်သိက္ခာကို အဆိုပါကိုယ်ကျင့်တရားများ၏ အခြေခံအဖြစ် စွဲစွဲမြဲမြဲစောင့်ထိန်းရန် လိုပါသည်။

- စာနာရိုင်းပင်းတတ်မှုကို အခြားသူများအား သည်းခံနိုင်ရုံသာမက ယင်းတို့အား

စိတ်နှလုံးအတွင်းမှမပြောင်းမလဲ မေတ္တာထားလက်ခံနိုင်ခြင်းဟုလည်း အခြေခံအားဖြင့် ရှုမြင်ကြလေ့ရှိသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ စာနာရိုင်းပင်းတတ်မှု ဆိုသည်မှာ ခံစားချက် (သို့မဟုတ်) စိတ်ခံစားမှုမဟုတ်ပါ။ ယင်းမှာ စိတ်ခံစားမှုဆိုင်ရာ ခံယူချက် (သို့မဟုတ်) စိတ်နေသဘောထားဖြစ်ပါသည်။

- သာတူညီမျှမှုသည် လူသားအားလုံးတွင် တရားမျှတစွာ ဆက်ဆံခံရပိုင်ခွင့်ရှိသည် ဆိုသည့် အခြေခံမှုနှင့် လူ့အသိုက်အဝန်းများအတွင်း ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်မှု၊ အကျိုးဖြစ်ထွန်းစေမှုတို့ကိုရရှိစေရန် သာတူညီမျှမှုကို အကာအကွယ်ပေးပြီး အားပေးမြှင့်တင်ခြင်းမှာ မုချလိုအပ်သည်ဆိုသည့် အခြေခံမှုတို့အပေါ် အလေးပေး ထားပါသည်။ သာတူညီမျှမှု၏ အခြေခံမှုကို လူသားအားလုံးသည် မွေးကတည်းကပင် ဂုဏ်သိက္ခာပိုင်းနှင့် အခွင့်အရေးပိုင်းတွင် တန်းတူဖြစ်သည်ဟုဆိုသည့် တန်းတူညီမျှမှု ဆိုင်ရာ အယူအဆမှ ဆင်းသက်လာခြင်းဖြစ်သည်။

- ကျွန်ုပ်တို့ကျောင်းသားများ၏ တစ်ကိုယ်ရေအောင်မြင်မှုနှင့် ပျော်ရွှင်မှုတို့သည် လူအချင်းချင်း နှုတ်ဖြင့်ရော စာဖြင့်ပါ ပြောဆိုဆက်ဆံရာတွင် ၎င်းတို့၏ ကျွမ်းကျင်စွာ ပြောဆိုတတ်မှုအပေါ် မူတည်နေမည်ဖြစ်သည်။

- ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုနှင့် ဆက်စပ်နေသည့် ပင်မစည်းမျဉ်းများသည် ရိုးဖြောင့်မှု၏ ပင်မတန်ဖိုးနှင့် စတင်သည်။ စိတ်ခံစားမှုပိုင်းဆိုင်ရာ ရင့်ကျက်မှု/ မျှဝေခံစားမှုသည် ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှုတွင် ရိုးဖြောင့်မှု၏ အခြေခံအဖြစ် ထောက်ပံ့ပေးပါသည်။

- တက်ကြွပြီး လူမှုရေးအရတာဝန်သိတတ်သော ကျောင်းသားများပျိုးထောင်ခြင်းတွင် လူ့အဖွဲ့အစည်း၌ အရေးကိစ္စရပ်များ ဖြစ်ပွားစေသည့် ဖွဲ့စည်းပုံစနစ်နှင့် သမိုင်းကြောင်း တို့အား ကျောင်းသားများ စူးစမ်းလေ့လာရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ ကျောင်းသားများအနေဖြင့် မိမိတို့၏ လူမှုဘဝများအပေါ်တွင် စနစ်များစွာတို့မှ သက်ရောက်မှုများစွာရှိနေသည်ကို သိရှိပြီး အဆိုပါစနစ်များကို ဆက်စပ်ခြုံငုံရှုမြင်သူ တစ်ဦးအဖြစ် လေ့လာဆန်းစစ်အကဲဖြတ်ရန် ဆန္ဒရှိကြသည်ဟု ဆိုလိုပါသည်။

- ပြဿနာများဖြေရှင်းဖို့အတွက် ပိုမိုကောင်းမွန်သော နည်းလမ်းများကို အကောင် အထည်ဖော်ရန် ကျွန်ုပ်တို့လိုက်နာနိုင်သော အဆင့်များကို တွေးနိုင်ဖို့ အကြောင်းအရာများအပေါ် ကျွန်ုပ်တို့၏ သိနားလည်ခြင်းအား အသုံးပြုနိုင်ပါသည်။

- အသိပညာအပြောင်းအလဲပြု သင်ယူခြင်းကို လက်ဆုပ်လက်ကိုင်ပြနိုင်သော အရာဝတ္ထုများ အသုံးပြု၍ သင်ကြားမှု (သို့မဟုတ်) သင်ယူမှုနည်းလမ်းဖြင့် သင်ကြားခြင်း မဟုတ်ဘဲ အဓိကအားဖြင့် ၎င်း၏ရည်ရွယ်ချက်များနှင့် အခြေခံမှုများတို့ဖြင့်

သတ်မှတ်နိုင်သည်။ ၎င်းသည် သင်ယူသူများကို လူ့လောကအကြောင်းအား နားလည်သဘောပေါက်မှု ပိုမိုတိုးတက်လာစေရန် အလို့ငှာ ထိုအကြောင်းကို ရှုမြင်တွေးတောပုံများကို မေးခွန်းထုတ်ပြီး ပြောင်းလဲမှုပြုစေရန် အတွက် စွမ်းရည်မြှင့်တင်ပေးရန် ရည်ရွယ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

၁။ ဤအခန်း (၂) တွင် သင် သင်ယူခဲ့သည့် အချက်တစ်ချက်ကို ဖော်ပြပါ။ ထို့နောက် ယင်းအချက်သည် သင့်အတွက် အဘယ်ကြောင့် သိသာထင်ရှားမှုရှိခဲ့သည်ကို ဖော်ပြပါ။

၂။ သင်၏ သင်ကြားမှုနှင့် ပတ်သက်၍ သင်တွေးထင်ထားပုံတစ်ခုကို ဤခေါင်းစဉ် လေ့လာသင်ယူခြင်းက မည်သို့ပြောင်းလဲပေးခဲ့ပါသနည်း။

၃။ သင်၏ သင်ကြားပုံနည်းလမ်းပြောင်းလဲရန် ဤအခန်းက ပြုလုပ်နိုင်ပါသလား။ သင်၏ သင်ကြားမှုပုံစံကို မည်သည့်ပုံစံဖြင့် ပြောင်းလဲမည်နည်း။

၄။ သင့်အနေနှင့် အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ်အတွင်းတွင် အခန်း(၁) ပြန်လည်သုံးသပ်စဉ်းစားခြင်းတွင် ဖော်ထုတ်လေ့လာခဲ့ရသည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ တန်းဖိုးထားမှုများကို မိမိကိုယ်တိုင်အတွက် မည်သို့ အသုံးချ နိုင်မည်နည်း။

၅။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ်အတွင်း မည်သည့်အရာသည် သင့်အတွက် အခက်ခဲဆုံးဖြစ်သနည်း။

၆။ စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားခြင်း၏ မည်သည့်နယ်ပယ်များကို ပိုမိုကောင်းမွန် စေလိုပါသနည်း။

# ဆက်လက်ဖတ်မှတ်စရာများ

## ၂.၁။

International Bureau of Education-United Nations Educational, Scientific and Cultural Organization. (2016). *Reaching out to all learners: A resource pack for supporting inclusive education*. Geneva, Switzerland: International Bureau of Education-United Nations Educational, Scientific and Cultural Organization.

The Government of the Republic of the Union of Myanmar. (2018). *Myanmar Sustainable Development Plan* (2018-2030). Retrieved from https://themimu.info/sites/themimu.info/files/documents/Core_Doc_Myanmar_Sustainable_Development_Plan_2018_-_2030_Aug2018.pdf

Wong, K., & McLaughlin, R. (2012). *Active citizenship: A civic education course for Myanmar*. Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/active-citizenship-eng-sb-for-web-dl_1.pdf

## ၂.၂။

The British Council. (2017). *Active citizens: Global toolkit 2017*. Retrieved from https://www.britishcouncil.org/sites/default/files/active_citizens_global_toolkit_2017-18.pdf

United Nations Educational, Scientific and Cultural Organization -International Institute for Capacity *Building in Africa. (2017). Transformative pedagogy for peace-building: A guide for teachers*. Retrieved from https://unesdoc.unesco.org/home

## ၂.၃။

Gardner, S. K. (2019, August 19). *Equity vs. equality* [Video file]. Retrieved from https://www.youtube.com/watch?v=nCS7Rus4_-Y

The National Association for Multicultural Education. (2020). *What is equity?* Retrieved from https://www.nameorg.org/learn/what_is_equity.php

## ၂.၄။

Kolucki, B., & Lemish, D. (2011). *Communicating with children: Principles and practices to nurture, inspire, excite, educate and heal.* Retrieved from https://www.unicef.org/cwc/files/CwC_Final_Nov-2011(1).pdf

Mandelbaum, A. (2019, August 22). *Ethical communication: The basic principles.* Retrieved from https://www.smbadvisors.com/capabilities/knowledge-management/insights/ethical-communication-the-basic-principles

## ၂.၅။

Institute of Play. (2014). *Q design pack: Systems thinking.* Retrieved from http://educators.brainpop.com/wp-content/uploads/2014/07/IOP_QDesignPack_SystemsThinking_1.0.pdf

Middleton, A. (2018). Briefing: What is transformative learning? Retrieved from https://blogs.shu.ac.uk/engagement/

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ပြည်သူ့နီတိ သင်ကြားရေး | လူ့အသိုက်အဝန်းအတွင်း နေထိုင်ကြသူများ (သို့မဟုတ်) နောက်အနာဂတ်တွင် နေထိုင်မည့်သူများ ဖြစ်ကြသည့် ပြည်သူလူထု၏ ယုံကြည်ထင်မြင်ချက်များ၊ ကတိကဝတ်ပြုခြင်းများ၊ စွမ်းဆောင်ရည်များနှင့် လုပ်ဆောင်ချက်များကို အကျိုးသက်ရောက်မှုရှိသော ဖြစ်စဉ်များကို ဆိုလိုသည်။ |
| စာနာရိုင်းပင်း တတ်မှု | အခြားသူများကို သည်းခံနိုင်စွမ်းရှိရုံသာမက ယင်းတို့ကို လေးနက်စွာလက်ခံ၍ ပြောင်းလဲခြင်း မရှိသော မေတ္တာထားနိုင်သည်ဟု အခြေခံအားဖြင့် ရှုမြင်နိုင်သည့်စွမ်းရည် ဖြစ်သည်။ |
| ကောင်းမွန် ထိရောက်သော ပြောဆိုဆက်ဆံမှု | ကောင်းမွန်ထိရောက်သော ပြောဆိုဆက်ဆံမှု ဆိုသည်မှာ ခံယူချက်များ၊ အတွေးအမြင်များ၊ အသိပညာများနှင့် သတင်းအချက်အလက်များကို ဖလှယ်ရာတွင် အကောင်းမွန်ဆုံး အပြောအဆို အမူအယာဖြင့် ဆက်ဆံပြောဆိုလိုသည့် ရည်ရွယ်ချက် (သို့မဟုတ်) ဆန္ဒပါရှိသည့်ဖြစ်စဉ်ကို ဆိုလိုသည်။ |
| ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံရေး | လူအများအား လှည့်စားလိုသောဆန္ဒမရှိဘဲ မှန်ကန်တိကျသော သတင်းအချက်အလက်များကို ရိုးသားမှုရှိစွာ ဖော်ထုတ်တင်ပြသည့် အလေ့အထကို ရည်ညွှန်းပါသည်။ |
| သာတူညီမျှမှု | လူသားအားလုံးအား မျှတသော (သို့မဟုတ်) တရားသောနည်းလမ်းဖြင့် ဆက်ဆံခြင်းဖြစ်သည်။ |
| တန်းတူညီမျှမှု | လူသားအားလုံးသည် ဂုဏ်သိက္ခာပိုင်းနှင့် အခွင့်အရေးပိုင်းတွင် တန်းတူညီမျှဖြင့် မွေးဖွားလာသည် ဆိုသည့် အခြေခံမှုဖြစ်သည်။ |
| လူ့တန်ဖိုးများ | လူသားများ၏ သဘောထားများကို သော်လည်းကောင်း လုပ်ဆောင်မှုများကို သော်လည်းကောင်း လမ်းညွှန်ပေးသော (သို့မဟုတ်) အားပေးလှုံ့ဆော်မှုပြုပေးသော အခြေခံမူလဖြစ်သည့် ယုံကြည်ထင်မြင်ချက်များ ဖြစ်သည်။ |
| ဖြောင့်မတ် တည်ကြည်မှု | လူအများလက်ခံထားသည့် စာရိတ္တကျင့်ဝတ်များနှင့် တန်ဖိုးများကို ကိုင်စွဲ၍ အမြဲတစေ ကျင့်သုံးရဲသည့် သတ္တိဖြစ်သည်။ |
| စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု | မည်သည်က မှန်ကန်သောအပြုအမူဖြစ်ပြီး မည်သည်က မှားယွင်းသောအပြုအမူဖြစ်သည် ဆိုသည့် ကျင့်ဝတ်များနှင့် ဆက်နွယ်ကာ စာရိတ္တပိုင်းဆိုင်ရာ တိုးတက်လာခြင်းကို ဆိုလိုသည်။ |
| ဆက်စပ်ခြုံငုံ တွေးတောခြင်း | ဆက်စပ်ခြုံငုံတွေးတောခြင်း ဆိုသည်မှာ ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးသည် စက်ဝန်းသဏ္ဍာန် သံသရာလည်နေပြီး လူအချင်းချင်း အပြန်အလှန် ဆက်နွယ်နေကြသည်ကို သိရှိခြင်းဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့ တွေ့ကြုံနေရသည့် အခြေအနေများကို ဖန်တီးခြင်း၌ ဆက်စပ်ဖွဲ့စည်း ပါဝင်နေသည့် အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ သိနားလည်မှုဖြစ်သည်။ |
| လူမှုကျင့်ဝတ်များ | လူ့အဖွဲ့အစည်းက လိုက်နာစောင့်ထိန်းရန် သတ်မှတ်ထားသည့် ကျင့်ဝတ်နှင့်ညီသော ရွေးချယ်မှုများ နှင့် တန်ဖိုးထားမှုများကို အခြေခံဖွဲ့တည်ထားသော စည်းကမ်း (သို့မဟုတ်) လမ်းညွှန်ချက် စုစည်းမှု ဖြစ်သည်။ |
| အသိပညာ အပြောင်းအလဲပြု သင်ယူခြင်း | နောင်လုပ်ဆောင်မည့် လုပ်ဆောင်ချက်များကို လမ်းညွှန်ပေးရန်အလို့ငှာ လူပုဂ္ဂိုလ်တစ်ဦး၏ အတွေ့အကြုံပိုင်းဆိုင်ရာ ခံယူချက်ကို ကြိုတင်ရှင်းလင်းပေးခြင်းဖြင့် အသစ်တည်ဆောက်ပေးခြင်း (သို့မဟုတ်) ပြန်လည်မွမ်းမံထားသော ရှင်းလင်းချက်တို့ကို အသုံးပြုသည့် လုပ်ငန်းစဉ်။ |
| ယုံကြည်စိတ်ချရမှု | ရိုးသားမှုရှိသူ (သို့မဟုတ်) ဖြောင့်မတ်မှန်ကန်သောသူဟု မှတ်ယူအားကိုးနိုင်သည့် စွမ်းရည်။ |

# ကျမ်းကိုးစာရင်း


Afkhami, M., & Eisenberg, A. (2015). *Beyond equality: A manual for human rights defenders*. Bethesda, MD: Women's Learning Partnership for Rights, Development, and Peace.

Allen, W. (2019, January 22). *An introduction to systems thinking and tools for systems thinking* [PowerPoint slides]. Retrieved from https://learningforsustainability.net/post/intro-systems-thinking/

Association of Southeast Asian Nations. (2012). *ASEAN curriculum sourcebook*. Retrieved from https://www.asean.org/wp-content/uploads/images/2012/publications/ASEAN%20Curriculum%20Sourcebook_FINAL.pdf

Battaini-Dragoni, G. (2006). Promoting equity through social cohesion: The Council of Europe Strategy. In G. Kochendörfer-Lucius & B. Pleskovic (Eds.), Equity and Development (pp. 39–52). Washington, DC: The International Bank for Reconstruction and Development/The World Bank.

Caldwell, C., & Anderson, V. (2018). Introduction and overview: Trust, trustworthiness, and stewardship. Retrieved from https://www.researchgate.net/

Chapman, L. M. (2012). A different perspective on disability. Retrieved from https://www.slideshare.net/

Chowdury, M. (2016). Emphasizing morals, values, ethics, and character education in science education and science teaching. *The Malaysian Online Journal of Educational Science*, *4*, 1–16.

Commonwealth of Massachusetts. (2012). *Renewing the social compact: A report of the Special Commission on Civic Engagement and Learning*. Retrieved from https://www.civxnow.org/sites/default/files/basic_page/Civic-Ed-Commission-Report-complete_0.pdf

Control Risks. (2016). ASEAN business outlook survey: The ASEAN economic community and beyond. Retrieved from https://www.uschamber.com/

Courey, S. J., & Tappe, P., & Siker, J., & LePage, P. (2013). Improved lesson planning with universal design for learning (UDL). *Teacher Education and Special Education: The Journal of the Teacher Education Division of the Council for Exceptional Children*, *36*, 7–27.

Ćurko, B., Feiner, F., Gerjolj, S., Juhant, J., Kreß, K., Mazzoni, V., Mortari, L., Pokorny, S., Schlenk, E., & Strahovnik, V. (2015). *Ethics and values education: Manual for teachers and educators*. Ljubljana, Slovenia: ETHIKA – Ethics and values education in schools and kindergartens.

Dibaba, F. B. (2017). The role of civics and ethical education in shaping attitudes of students: The case of Jimma College Teachers Education. *Global Journal of Human Social Science*, *17*, 27–57.

Gardner, S. K. (2019, August 19). *Equity vs. equality* [Video file]. Retrieved from https://www.youtube.com/watch?v=nCS7Rus4_-Y

Gilbert, P. (2014). The origins and nature of compassion focused therapy. *British Journal of Clinical Psychology*, *53*, 6–41.

Institute of Play. (2014). *Q design pack: Systems thinking*. Retrieved from http://educators.brainpop.com/wp-content/uploads/2014/07/IOP_QDesignPack_SystemsThinking_1.0.pdf

International Bureau of Education- United Nations Educational, Scientific and Cultural Organization. (2016). *Reaching out to all learners: A resource pack for supporting inclusive education*. Geneva, Switzerland: International Bureau of Education-United Nations Educational, Scientific and Cultural Organization.

Kahne, J. & Middaugh, E. (2008) *Democracy for some: The civic opportunity gap in high school*. Berkley, CA: Centre for Information & Research on Civic Learning & Engagement.

Koh, A. (2007). Deparochializing education: Globalization, regionalization, and the formation of an ASEAN education space. *Discourse Studies in the Cultural Politics of Education*, *28*, 179–195.

Kohlberg, L. (1958) *Development of moral character and moral ideology*. Chicago: University of Chicago.

Kohlberg, L. (1981). *The philosophy of moral development: Moral stages and the idea of justice* (Essays on moral development, Volume 1). San Francisco, CA: Harper & Row.

Kolucki, B., & Lemish, D. (2011). *Communicating with children: Principles and practices to nurture, inspire, excite, educate and heal*. Retrieved from https://www.unicef.org/cwc/files/CwC_Final_Nov-2011(1).pdf

MacDonald, M., Jagger, S., & Simpson, M. (2015). *ASEAN: A social science course for ASEAN citizens*. Retrieved from https://www.moteoo.org/en/products/asean-student-book-english-version

Mandelbaum, A. (2019, August 22). *Ethical communication: The basic principles*. Retrieved from https://www.smbadvisors.com/capabilities/knowledge-management/insights/ethical-communication-the-basic-principles

Metro, R. (2013). *Histories of Burma: A source-based approach to Myanmar's history*. Retrieved from https://www.moteoo.org/en/products/histories-burma-student-book-myanmar-version

Middleton, A. (2018). *Briefing: What is transformative learning?* Retrieved from https://blogs.shu.ac.uk/engagement/

Ministry of Education. (2019). *Educational Studies: Year 1 Semester 2*. Yangon, Myanmar: Ministry of Education.

Mintz, S. (2018, July 18). *Is integrity a moral value?* Retrieved from https://www.ethicssage.com/2018/07/is-integrity-a-moral-value.html

Morgan, P. (2005). The idea and practice of systems thinking and their relevance for capacity development. Retrieved from https://ecdpm.org/

Munro, C. (2018, May 2). Education for integrity: Our youth, our future. Retrieved from https://etico.iiep.unesco.org/en

Overcoming Obstacles. (2018). Life skills education: Middle school level. Retrieved from https://www.overcomingobstacles.org

Oxford Business Group. (2017). Myanmar 2017: Country profile. Retrieved from https://oxfordbusinessgroup.com/node/915391/reader

Oxford Business Group. (2020). Myanmar 2020: Country profile. Retrieved from https://oxfordbusinessgroup.com/node/953670/reader

Pigozzi, M. (2006) A UNESCO view of global citizenship education. *Education Review*, *58* (1), 1-4.

Rieckmann, M. (2018). Learning to transform the world: Key competencies in ESD. In A. Leicht, J. Heiss & W. J. Byun (Eds.), *Issues and trends in Education for Sustainable Development* (pp. 39-59). Paris, France: United Nations Educational, Scientific and Cultural Organization.

Rothstein, B., & Stolle, D. (2008). The state and social capital: An institutional theory of generalized trust. Retrieved from https://www.academia.edu/

Sanders, C. E. (2020, May 28). Lawrence Kohlberg's stages of moral development. Retrieved from https://www.britannica.com/

Schulz, W., Ainley, J., Fraillon, J., Losito, B., & Agrusti, G. (2016). *IEA International Civic and Citizenship Education Study 2016: Assessment framework*. Amsterdam, Netherlands: International Association for the Evaluation of Educational Achievement.

Schwartz, S.H. (2012). An Overview of the Schwartz Theory of Basic Values. *Online Readings in Psychology and Culture*, *2* (1). https://doi.org/10.9707/2307-0919.1116

Sincero, S.M. (n.d.). Theory of moral development. Retrieved from https://explorable.com/

Slachmuijlder, L. (2018). The Common Ground Approach - Three day training resources Guide for Facilitators. Retrieved from https://www.sfcg.org/our-resources/trainings/

Tate, L. (2017). *Assessing integrity: Utilising Kohlberg's theory of moral development*. Retrieved from https://www.psykologforeningen.no/content/download/48856/796908/version/1/file/Presentasjon+Louisa+Tate+-+Intergrity+testing.pdf

The British Council. (2017). *Active citizens: Global toolkit 2017*. Retrieved from https://www.britishcouncil.org/sites/default/files/active_citizens_global_toolkit_2017-18.pdf

The Government of the Republic of the Union of Myanmar. (2018). *Myanmar Sustainable Development Plan* (2018-2030). Retrieved from https://themimu.info/sites/themimu.info/files/documents/Core_Doc_Myanmar_Sustainable_Development_Plan_2018_-_2030_Aug2018.pdf

The National Association for Multicultural Education. (2020). What is equity? Retrieved from https://www.nameorg.org/learn/what_is_equity.php

The Organisation for Economic Co-operation and Development. (2018). Education for integrity: Teaching on anti-corruption, values and the rule of law. Retrieved from https://www.oecd.org/

The Union Parliament. (2014). *National Education Law (2014, Parliamentary Law No. 41)*. Retrieved from https://www.burmalibrary.org/docs20/2014-09-30-National_Education_Law-41-en.pdf

United Nations Educational, Scientific and Cultural Organization-Bangkok Office. (2015). *Embracing diversity: toolkit for creating inclusive, learning-friendly environments*. Paris, France: United Nations Educational, Scientific and Cultural Organization.

United Nations Educational, Scientific and Cultural Organization - International Bureau of Education. (2016). *Reaching out to all learners: A resource pack for supporting inclusive education*. Geneva, Switzerland: International Bureau of Education-United Nations Educational, Scientific and Cultural Organization.

United Nations Educational, Scientific and Cultural Organization-Bangkok Office. (2018). *Preparing teachers for Global Citizenship Education: A template*. Paris, France: United Nations Educational, Scientific and Cultural Organization.

United Nations Educational, Scientific and Cultural Organization-International Institute for Capacity Building in Africa. (2017). *Transformative pedagogy for peace-building: A guide for teachers*. Retrieved from https://unesdoc.unesco.org/home

United Nations Educational, Scientific and Cultural Organization-Mahatma Gandhi Institute of Education for Peace and Sustainable Development. (2017). *Textbooks for sustainable development: A guide to embedding*. New Delhi, India: Mahatma Gandhi Institute of Education for Peace and Sustainable Development.

Wisesa, A. (2016). Cognitive moral development and its relevance in establishing moral integrity in organization. *Sains Humanika*, *8* (1-2), 53–57.

Wong, K., & McLaughlin, R. (2012). *Active citizenship: A civic education course for Myanmar*. Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/active-citizenship-eng-sb-for-web-dl_1.pdf

Wright, C. L. (2018). *Young adult success: Skills for lifelong and continuous learning*. Retrieved from https://www.moteoo.org/en/products/young-adult-success-english-version

Wringe, C. (2006). Three approaches to moral education. In R. Gardner, J. Cairns & D. Lawton (Eds.), *Education for Values: Morals, Ethics and Citizenship in Contemporary Teaching* (pp. 38–49). London, England: Kogan Page Limited.

# နောက်ဆက်တွဲများ

## လက်ကမ်းစာစောင် (၁)။
## ယဉ်ကျေး၍ထိရောက်သော ပြောဆိုဆက်ဆံမှုအတွက် မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်မှုဆိုင်ရာ သတ်မှတ်ချက်ဇယား

| စံနှုန်းများ | တစ်မှတ် | နှစ်မှတ် | သုံးမှတ် | လေးမှတ် |
|---|---|---|---|---|
| **စိတ်ပါဝင်စားစွာ နားထောင်မှု** | အခြားသူများ စကားပြောနေချိန်တွင် အမြဲတမ်း အာရုံမစိုက်ပါ။ | အခြားသူများ စကားပြောနေချိန်တွင် တစ်ခါတစ်ရံ အာရုံစိုက်သည်။ | အခြားသူများ စကားပြောနေချိန်တွင် အာရုံစိုက်သော်လည်း တစ်ခါတစ်ရံတွင် အာရုံထွေပြားသည်။ | အခြားသူများ စကားပြောနေချိန်တွင် အမြဲတမ်း အာရုံစိုက်သည်။ |
| **ကြားဖြတ်ပြောခြင်းများ** | အခြားသူများ စကားပြောနေချိန်တွင် အမြဲတမ်း အနှောင့်အယှက်ပြု၍ စကားပြောသူကို အခက်အခဲ ဖြစ်စေသည်။ | အခြားသူများကို ၎င်းတို့၏ ခွင့်ပြုချက်မရှိဘဲ ကြားဖြတ်ပြော၍ စကားပြောသူကို ပြဿနာဖြစ်စေ နိုင်သည်။ သို့မဟုတ် မဖြစ်စေနိုင်ပါ။ | အခြားသူများကို ၎င်းတို့၏ခွင့်ပြုချက်ဖြင့် ကြားဖြတ်ပြောသည်။ ကြားဖြတ်ပြောခြင်း များသည် အမှာစကားကို သိရှိစေရာတွင် ကူညီပေးသည်။ | အခြားသူများ စကားပြောနေစဉ်တွင် မည်သည့်အခါမျှ ကြားဖြတ်မပြောပါ။ |
| **အချက်အလက်ရှာ မေးခွန်းများ** | အခြားသူများ မျှဝေသော အချက်အလက်များ အပေါ် စိတ်ဝင်စားမှု အနည်းငယ်ပြသသည်။ သို့မဟုတ် ယင်းအပေါ် စိတ်ဝင်စားမှုမရှိခြင်းကို ပြသသည်။ | မရေရာပါက မေးခွန်းများ မေးသော်လည်း ၎င်းမေးခွန်းများထဲမှ အများစုသည် စကားဝိုင်းနှင့် မသက်ဆိုင်ပါ။ | ရှင်းလင်းမှု လိုအပ်သောအခါ မေးခွန်းများ မေးသော်လည်း ၎င်းမေးခွန်းအချို့သည် သက်ဆိုင်မှုမရှိခြင်း ဖြစ်နိုင်သည်။ | ရှင်းလင်းမှု လိုအပ်သောအခါ သက်ဆိုင်ရာ မေးခွန်းများမေးသည်။ |
| **နားလည်နိုင်စွမ်း** | နားလည်ရန်ခက်သော စကားလုံးများ၊ ဝေါဟာရများ နှင့်/သို့မဟုတ် နားထောင်သူ(များ) နားမလည်သည့် သာဓကများ အသုံးပြုသည်။ | နားလည်ရန်ခက်သော စကားလုံးများ၊ ဝေါဟာရများ နှင့်/သို့မဟုတ် နားထောင်သူ(များ)ကို အနည်းငယ်သာ နားလည်စေသော သာဓကများ အသုံးပြုသည်။ | နားလည်ရလွယ်သော စကားလုံးများ၊ ဝေါဟာရများ နှင့်/သို့မဟုတ် သာဓကများ အသုံးပြုသော်လည်း အဓိက အကြံဉာဏ်များကို ရှင်းလင်းစေသည့် သာဓကများကို အသုံးပြုရန် လိုအပ်သည်။ | အခြားသူများ ရှင်းလင်းပြတ်သားစွာ နားလည်သည့် စကားလုံးများ၊ ဝေါဟာရများ နှင့်/သို့မဟုတ် သာဓကများကို အသုံးပြုသည်။ |

| စံနှုန်းများ | တစ်မှတ် | နှစ်မှတ် | သုံးမှတ် | လေးမှတ် |
|---|---|---|---|---|
| **စာနာမှု** | အခြားသူများ၏ ခံစားချက်ကို လက်ခံရန် ခက်ခဲသည်။ သို့မဟုတ် အနည်းငယ်သာ ဂရုစိုက်ကြောင်း ပြသသည်။ သို့မဟုတ် ဂရုစိုက်ခြင်း လုံးဝမရှိကြောင်း ပြသသည်။ | အခြားသူများ၏ ခံစားချက်များကို လက်ခံသော်လည်း ၎င်းတို့၏ စိတ်ပါဝင်စားမှုများကို နားလည်ခြင်း မရှိသည့်အပြင် အခြားသူများကို နားလည်ပေးလိုသည့် စိတ်လည်း နည်းပါးသည်။ | အခြားသူများ၏ ခံစားချက်များကို လက်ခံပြီး ၎င်းတို့၏ စိတ်ပါဝင်စားမှုများကို ပိုမိုကောင်းမွန်စွာ နားလည်ပေးရန် ကြိုးပမ်းသည်။ | အခြားသူများ၏ ခံစားချက်များနှင့် စိတ်ပါဝင်စားမှုများကို လက်ခံပြီး အခြားသူများအပေါ် မိမိ၏ နားလည်မှုကို ပိုမိုနက်ရှိုင်းစေရန် ပြုလုပ်သည်။ |
| **အကြည့်ချင်းဆုံမှု** | စကားပြောသူ(များ)နှင့် မျက်နှာချင်းမဆိုင်ပါ။ သို့မဟုတ် အကြည့်ချင်းမဆုံပါ။ | စကားပြောသူ(များ)နှင့် မျက်နှာချင်းဆိုင် အကြည့်ချင်း ဆုံသော်လည်း တစ်ခါတစ်ရံ အကြည့်လွှဲ၍ စကားပြောသူကို အာရုံထွေပြားစေသည်။ | စကားပြောနေသူများ နှင့် မျက်နှာချင်းဆိုင်ပြီး အကြည့်ချင်းဆုံကာ ပြောဆိုသည်။ | စကားပြောနေသူများ နှင့် မျက်နှာချင်းဆိုင်၊ အကြည့်ချင်းဆုံကာ လေးစားပွင့်လင်းစွာ ပြောဆိုသည်။ |
| **အသံ** | မကောင်းမွန်သော အသံနေအသံထား၊ ရှင်းလင်းပြတ်သားမှုနှင့် စကားပြောနှုန်း တို့ကြောင့် နားလည်ရန် ခက်ခဲလေ့ရှိသော အသံဖြင့် စကားပြောသည်။ | ယေဘုယျအားဖြင့် နားလည်နိုင်သော အသံဖြင့် စကားပြောသော်လည်း တစ်ခါတစ်ရံတွင် အသံနေအသံထား (သို့မဟုတ်) ရှင်းလင်းပြတ်သားမှု (သို့မဟုတ်) စကားပြောနှုန်းသည် အမှာစကားကို နားမလည်နိုင်အောင် နှောင့်ယှက်သည်။ | ယေဘုယျအားဖြင့် နားလည်နိုင်သော အသံဖြင့် စကားပြောသော်လည်း နားထောင်သူက နားမလည်သောအခါ အသံနေ အသံထား (သို့မဟုတ်) ရှင်းလင်းပြတ်သားမှု (သို့မဟုတ်) စကားပြောနှုန်းကို ချိန်ညှိပေးသည်။ | အမှာစကားကို ရှင်းလင်းပြတ်သားစွာ လက်ခံရရှိစေရန် ရှင်းလင်း ပြတ်သားသော အသံနေအသံထား၊ ရှင်းလင်းပြတ်သားမှုနှင့် သင့်လျော်သော စကားပြောနှုန်းကို အသုံးပြု၍ နားလည် နိုင်သော အသံဖြင့် အမြဲပြောသည်။ |

## လက်ကမ်းစာစောင် (၂)။
## ဆက်စပ်ခြုံငုံတွေးတောခြင်းဆိုင်ရာ သင်ယူမှုလုပ်ငန်း - အစီအစဉ်ရေးဆွဲနည်း ကိရိယာ

<table>
<tr><th colspan="2">ဆက်စပ်ခြုံငုံတွေးတောခြင်းဆိုင်ရာ သင်ယူမှုလုပ်ငန်း - အစီအစဉ်ရေးဆွဲနည်း ကိရိယာ</th></tr>
<tr><th>စံနှုန်း</th><th>မှတ်စုများ</th></tr>
<tr><td>မည်သည့် လူမှုကျင့်ဝတ်များကို ဤသင်ယူမှုလုပ်ငန်းဖြင့် ဖော်ညွှန်းလိုသနည်း။ (အပြန်အလှန်လေးစားမှု၊ တည်ကြည်ဖြောင့်မတ်မှု၊ စိတ်ချယုံကြည်ရမှု၊ စာနာရိုင်းပင်းတတ်မှု၊ တန်းတူညီမျှမှုနှင့်/သို့မဟုတ် သာတူညီမျှမှုတို့မှ ရွေးချယ်ပါ)</td><td></td></tr>
<tr><td>ဤသင်ယူမှုလုပ်ငန်း မှတစ်ဆင့် ကျောင်းသားများသည် မည်သို့သော စိတ်နေစိတ်ထားများကို ပျိုးထောင်နိုင်သနည်း။ (တစ်ခု သို့မဟုတ် နှစ်ခုသာ ရွေးချယ်ပါ)<br>• အရေးကြီးဆုံးအချက်ကို နားလည်သဘောပေါက်အောင် ကြိုးပမ်းခြင်း<br>• စနစ်များရှိ ပုံစံများ/ ဦးတည်ရာများကို ရှုမြင်ခြင်း<br>• စနစ်၏ ဖွဲ့စည်းပုံက ၎င်းပြုမူလုပ်ဆောင်ပုံအား မည်သို့ ပုံဖော်သည်ကို ခွဲခြားသိရှိခြင်း<br>• အကြောင်းနှင့် အကျိုးဆက်နွယ်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်း<br>• မရည်ရွယ်ထားသော အကျိုးဆက်များ ပေါ်ပေါက်နိုင်သည့် နေရာများကို ရှာဖွေဖော်ထုတ်ခြင်း<br>• စနစ်ကိုပြောင်းလဲနိုင်သည့် နယ်ပယ်များကို ရှာဖွေဖော်ထုတ်ခြင်း<br>• ဂရုတစိုက်ဖြင့် နည်းစနစ်တကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း</td><td></td></tr>
<tr><td colspan="2">ဤလုပ်ငန်းအတွက် သင်ယူမှုရည်မှန်းချက် (များ) မှာ အဘယ်နည်း။ (တစ်ခု သို့မဟုတ် နှစ်ခုသာ ရွေးချယ်ရမည်ဖြစ်ပြီး သင်ယူမှုရည်မှန်းချက် (များ) ကို SMART ဖြစ်စေရန် သတိပြုပါ)</td></tr>
<tr><td colspan="2">လိုအပ်သော သင်ထောက်ကူပစ္စည်းများ -</td></tr>
<tr><td colspan="2">ဤလုပ်ငန်းအဆုံး၌ မည်သည့် ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို မေးမြန်းမည်နည်း။</td></tr>
</table>

| လုပ်ငန်းစဉ်ဆိုင်ရာ မှတ်စုများ | |
|---|---|
| အဆင့် (၁)။ | |
| အဆင့် (၂)။ | |
| အဆင့် (၃)။ | |
| အဆင့် (၄)။ | |
| အဆင့် (၅)။ | |

# လက်ကမ်းစာစောင် (၃)။
# အသိပညာအပြောင်းအလဲပြု သင်ယူမှုလုပ်ငန်း - အစီအစဉ်ရေးဆွဲနည်း ကိရိယာ

| အသိပညာအပြောင်းအလဲပြု သင်ယူမှုလုပ်ငန်း - အစီအစဉ်ရေးဆွဲနည်း ကိရိယာ | |
|---|---|
| **စံနှုန်းများ** | **မှတ်စုများ** |
| မည်သည့် လူမှုကျင့်ဝတ်များကို ဤသင်ယူမှုလုပ်ငန်းဖြင့် ဖော်ညွှန်းလိုသနည်း။ (အပြန်အလှန်လေးစားမှု၊ တည်ကြည်ဖြောင့်မတ်မှု၊ စိတ်ချယုံကြည်ရမှု၊ စာနာရိုင်းပင်းတတ်မှု၊ တန်းတူညီမျှမှုနှင့်/သို့မဟုတ် သာတူညီမျှမှုတို့မှ ရွေးချယ်ပါ) | |
| ဤသင်ယူမှုလုပ်ငန်း မှတစ်ဆင့် ကျောင်းသားများသည် မည်သို့သော စိတ်နေစိတ်ထားများကို ပျိုးထောင်နိုင်သနည်း။ (တစ်ခု သို့မဟုတ် နှစ်ခုသာ ရွေးချယ်ပါ)<br>• အရေးကြီးဆုံးအချက်ကို နားလည်သဘောပေါက်အောင် ကြိုးပမ်းခြင်း<br>• စနစ်များရှိ ပုံစံများ/ ဦးတည်ရာများကို ရှုမြင်ခြင်း<br>• စနစ်၏ ဖွဲ့စည်းပုံက ၎င်းပြုမူလုပ်ဆောင်ပုံအား မည်သို့ ပုံဖော်သည်ကို ခွဲခြားသိရှိခြင်း<br>• အကြောင်းနှင့် အကျိုးဆက်နွယ်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်း<br>• မရည်ရွယ်ထားသော အကျိုးဆက်များ ပေါ်ပေါက်နိုင်သည့် နေရာများကို ရှာဖွေဖော်ထုတ်ခြင်း<br>• စနစ်ကိုပြောင်းလဲနိုင်သည့် နယ်ပယ်များကို ရှာဖွေဖော်ထုတ်ခြင်း<br>• ဂရုတစိုက်ဖြင့် နည်းစနစ်တကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း | |

စစ်ဆေးရန် အချက်များပါသော စာရင်း - ဤလုပ်ငန်းတွင် အောက်ပါလက္ခဏာရပ်များ ရှိပါသလား။ အလယ်တန်းကျောင်းသားများသည် အောက်ပါလက္ခဏာရပ် တစ်ခုချင်းစီနှင့် ကိုက်ညီသော မေးခွန်းများ မေးမြန်းနိုင်ပါသလား။

- အဘက်ဘက်မှချိန်ဆုံစဉ်းစားခြင်း - ‘X နှင့် Y သည် မည်သို့ဆက်စပ်နေသနည်း။’ ‘ပိုမိုကျယ်ပြန့်သော ဆက်စပ်အကြောင်းအရာမှာ အဘယ်နည်း။’
- လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း - ‘ဤအရာများသည် မည်သူ့အကျိုးအတွက် ဖြစ်သနည်း။ အဘယ်ကြောင့် ဤသို့ဖြစ်နေရသနည်း။’
- အသိအမှတ်ပြုလက်ခံခြင်း - ‘မည်သည်က ကောင်းမွန်သနည်းနှင့် ဤနေရာတွင် မည်သည်ကို ကောင်းမွန်စွာလုပ်ဆောင်ခဲ့ပြီး ဖြစ်သနည်း။’
- အားလုံးအကျုံးဝင်ပါဝင်မှု - မည်သူ့ဆီက/ မည်သည်ကို ကြားရသနည်း။ မည်သူ/ မည်သည်ကို နားထောင်နေသနည်း။ မည်သူ/ မည်သည်နှင့် ချိတ်ဆက်နေသနည်း။

| |
|---|
| • စနစ်တကျဖြစ်ခြင်း - 'ဤသည်၏ အကျိုးဆက်များမှာ မည်သည်တို့ဖြစ်သနည်း (သို့မဟုတ်) မည်သည်တို့ ဖြစ်လာနိုင်သနည်း။' <br>• ဆန်းသစ်တီထွင်ခြင်း - 'မည်သည့်တီထွင်မှုကို လိုအပ်နိုင်သနည်း။' <br>• ကျင့်ဝတ်နှင့် ညီခြင်း - 'X နှင့် Y သည် မည်သို့ ဆက်နွယ်နေသနည်း။' 'မှန်ကန်သော လုပ်ရပ် ဆိုသည်မှာ အဘယ်နည်း။' 'မိတ္တ၊ ဘောဂနှင့် ဂေဟ စသည့် စနစ်တစ်ခုလုံး အလုံးစုံဖွံ့ဖြိုးအောင် မည်သို့ဆောင်ရွက်နိုင်သနည်း။ <br>• လက်တွေ့ဆောင်ရွက်ခြင်း - 'ကျွန်ုပ်တို့သည် ဤအသိပညာနှင့် မည်သည်တို့ကို လုပ်ဆောင်ကြသနည်း။' |
| ဤလုပ်ငန်းအတွက် သင်ယူမှု ရည်မှန်းချက် (များ) မှာ အဘယ်နည်း။ (တစ်ခု သို့မဟုတ် နှစ်ခုသာ ရွေးချယ်ရမည်ဖြစ်ပြီး သင်ယူမှုရည်မှန်းချက် (များ) ကို SMART ဖြစ်စေရန် သတိရပါ) |
| လိုအပ်သော သင်ထောက်ကူပစ္စည်းများ - |
| ဤလုပ်ငန်းအဆုံး၌ မည်သည့် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို မေးမြန်းမည်နည်း။ |

| **လုပ်ငန်းစဉ်ဆိုင်ရာ မှတ်စုများ** | |
|---|---|
| အဆင့် (၁)။ | |
| အဆင့် (၂)။ | |
| အဆင့် (၃)။ | |
| အဆင့် (၄)။ | |
| အဆင့် (၅)။ | |

## လက်ကမ်းစာစောင် (၄)။
## ပထမစာသင်နှစ်ဝက် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးမာတိကာတွင်ပါရှိသော သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူများကို ပြန်လည်သုံးသပ်ခြင်း

| သင်ခန်းစာများ | သင်ယူမှုရလဒ်များ | မည်သည့်သင်ယူမှုလုပ်ငန်းများကို အသုံးပြုခဲ့သနည်း။ | သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၁.၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိဆိုင်ရာ တတ်ကျွမ်းမှုများ | • စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ အခြေခံအုတ်မြစ်ကို ရှင်းပြတတ်မည်။<br>• အလယ်တန်း ကျောင်းသားများ အနေဖြင့် ဘက်စုံ အရည်အချင်း ပြည့်ဝသော မြန်မာနိုင်ငံသားများ ဖြစ်လာစေရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကကျသော တတ်ကျွမ်းမှုများ အကြောင်း ဆွေးနွေးတတ်မည်။ | • ရှိထားပြီးဖြစ်သော ဗဟုသုတများနှင့် ချိတ်ဆက်ခြင်း<br>• ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်းနှင့် ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း | • 'အသိပညာ'၊ 'ကျွမ်းကျင်မှုများ'၊ 'တန်ဖိုးထားမှုများ' ပါရှိသည့် သင်္ကေတများ<br>• ကားချပ်ကြီးနှင့် မာကာများ |
| ၁.၂.၁။ မြန်မာနိုင်ငံ အတွင်းနှင့် အာဆီယံ ဒေသအတွင်း၌ စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်း စိတ်ဓာတ်၏ အရေးပါပုံ | • စာရိတ္တ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ် သင်ကြားရေးတို့၏ တန်ဖိုးများအကြား ဆက်နွှယ်မှုများကို စိစစ်သုံးသပ်တတ်မည်။<br>• မြန်မာနိုင်ငံအတွင်းနှင့် အာဆီယံဒေသ အတွင်း၌ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းစိတ်ဓာတ် သင်ကြားရေး၏ အရေးပါပုံကို လေ့လာဖော်ထုတ်၊ ဆွေးနွေးတတ်မည်။ | | |

| သင်ခန်းစာများ | သင်ယူမှုရလဒ်များ | မည်သည့်သင်ယူမှု လုပ်ငန်းများကို အသုံးပြုခဲ့သနည်း။ | သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၁.၃.၁။ အလယ်တန်းဆင့် နှင့် ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း | • အလယ်တန်းကျောင်းတွင် စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရသည့် ရည်ရွယ်ချက်များကို ဆန်းစစ်တတ်မည်။<br>• အလယ်တန်းပြဆရာများ အနေဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားရေး၏ တန်ဖိုးထားမှုများအပေါ် ကျယ်ပြန့်နက်ရှိုင်းစွာ နားလည်သဘောပေါက်မှုရှိရန် အဘယ်ကြောင့် အရေးကြီးကြောင်း ဆွေးနွေးတတ်မည်။<br>• အလယ်တန်းဆင့် နှင့် ဒုတိယနှစ် ပညာရေးဒီဂရီကောလိပ် စာရိတ္တနှင့်ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်းတို့ကို နှိုင်းယှဉ်တတ်မည်။ | | |
| ၂.၁.၁။ မြန်မာနိုင်ငံ အတွင်း လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံ | • အခြေခံကျသော လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ သဘောသဘာဝနှင့် လူမှုကျင့်ဝတ်များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအကြား ဆက်နွှယ်မှု များကို ခွဲခြမ်းစိတ်ဖြာတတ်မည်။<br>• လူ့တန်ဖိုးများနှင့် လူသားဆန်မှုတို့၏ သဘောသဘာဝနှင့်အညီ မြန်မာနိုင်ငံ၏ လူမှုကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာပုံကို ဆွေးနွေးတတ်မည်။ | | |
| ၂.၂.၁။ အပြန်အလှန် လေးစားမှုနှင့် သည်းခံနိုင်စွမ်း | • အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းတို့သည် မည်သည့်အတွက်ကြောင့် လူမှုကျင့်ဝတ်များ၏ အရေးကြီးအင်္ဂါရပ်များဖြစ်ကြောင်း ရှင်းပြတတ်မည်။<br>• အခြားသူများနှင့် ထိတွေ့ဆက်ဆံသည့် အခါတွင် အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းကို လက်တွေ့အသုံးချ နိုင်မည့် နည်းလမ်းအမျိုးမျိုးကို ဆွေးနွေးတတ်မည်။ | | |

| သင်ခန်းစာများ | သင်ယူမှုရလဒ်များ | မည်သည့်သင်ယူမှု လုပ်ငန်းများကို အသုံးပြုခဲ့သနည်း။ | သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၂.၃.၁။ ဖြောင့်မတ် တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှု | • မြန်မာလူ့အဖွဲ့အစည်းတွင် လူမှုရေးဆိုင်ရာ တန်ဖိုးထားမှုများ ဖြစ်သည့် ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့အား မည်သည့်အတွက်ကြောင့် တန်ဖိုးထားပြီး မည်သို့ကျင့်သုံးကြောင်း ရှင်းပြတတ်မည်။<br>• ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်ရမှုနှင့် စာနာရိုင်းပင်းတတ်မှုတို့မှာ မည်သည်တို့ဖြစ်ကြောင်း ဖော်ပြတတ်ပြီး ထိုစံတန်ဖိုးများကို မည်ကဲ့သို့ မွေးမြူနိုင်ကြောင်း လေ့လာဆန်းစစ်တတ်မည်။ | | |
| ၂.၃.၂။ တန်းတူညီမျှမှုနှင့် သာတူညီမျှမှု | • တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ကို ခွဲခြားတတ်မည်။<br>• တန်းတူညီမျှမှုနှင့် သာတူညီမျှမှုတို့ကို လက်တွေ့ဘဝအခြေအနေများတွင် မည်သို့ကျင့်သုံးနိုင်ကြောင်း ဆန်းစစ်တတ်မည်။ | | |
| ၂.၄.၁။ ထိရောက်၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု | • ထိရောက်၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံမှု၏ ဝိသေသလက္ခဏာများနှင့် ၎င်းတို့သည် အဘယ်ကြောင့် အရေးပါသော ကျွမ်းကျင်မှုများ ဖြစ်ကြောင်းကို ဆွေးနွေးတတ်မည်။<br>• အခြေအနေအရပ်ရပ်၌ ထိရောက်မှုရှိ၍ ယဉ်ကျေးသော ပြောဆိုဆက်ဆံခြင်းကို လက်တွေ့ကျင့်သုံးတတ်မည်။ | | |
| ၂.၄.၂။ ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု | • ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု ဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်း၏ ဝိသေသလက္ခဏာများမှာ မည်သည်တို့ဖြစ်ကြောင်း ရှင်းပြတတ်မည်။<br>• ကျင့်ဝတ်နှင့်ညီသော ပြောဆိုဆက်ဆံမှု၏ ပတ်သက်ဆက်နွှယ်မှုများကို လေ့လာဆန်းစစ်တတ်မည်။ | | |

| သင်ခန်းစာများ | သင်ယူမှုရလဒ်များ | မည်သည့်သင်ယူမှု လုပ်ငန်းများကို အသုံးပြုခဲ့သနည်း။ | သင်ထောက်ကူ ပစ္စည်းများ |
|---|---|---|---|
| ၂.၅.၁။ ဆက်စပ်ခြုံငုံ တွေးတောခြင်း | • ဆက်စပ်ခြုံငုံတွေးတောခြင်း ဆိုသည်မှာ မည်သည်ဖြစ်ကြောင်းနှင့် ၎င်းသည် အလယ်တန်းကျောင်းသား များ၏ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားသင်ယူရေးကို ပိုမိုထိရောက်၍ ဆီလျော်မှုရှိအောင် အထောက်အကူပြုနိုင်ပုံကို ရှင်းပြတတ်မည်။<br>• လူမှုကျင့်ဝတ် တန်ဖိုးထားမှုများထဲမှ တစ်ခုအားရွေးချယ်ပြီး ဆက်စပ်ခြုံငုံတွေးတောခြင်း နည်းလမ်း ပါရှိသည့် သင်ယူမှုလုပ်ငန်းတစ်ခု ဖန်တီးရေးဆွဲတတ်မည်။ | | |
| ၂.၅.၂။ အသိပညာ အပြောင်းအလဲပြု သင်ယူခြင်း | • အသိပညာ အပြောင်းအလဲပြု သင်ယူမှု သီအိုရီ ဆိုသည်မှာ မည်သည် ဖြစ်ကြောင်းနှင့် ၎င်းသည် အလယ်တန်း ကျောင်းသားများ၏ မေးခွန်းထုတ်စဉ်းစားခြင်းနှင့် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း အလေ့အကျင့်များကို ဖွံ့ဖြိုးစေပြီး စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးထားမှုများအား တည်ဆောက်ပေးနိုင်ပုံကို ရှင်းပြတတ်မည်။<br>• လူမှုကျင့်ဝတ် တန်ဖိုးထားမှုများထဲမှ တစ်ခုအားရွေးချယ်ပြီး အပြောင်းအလဲပြု သင်ယူမှု နည်းလမ်းကို သုံး၍ သင်ယူမှုလုပ်ငန်းတစ်ခု ပြင်ဆင်တတ်မည်။ | | |

# လက်ကမ်းစာစောင် (၅)။
# ဒုတိယနှစ်သင်ပြမှုပုံစံ - ပုံစံလွှာ

| အတန်း။ | ရက်စွဲ။ | အချိန်။ | ဆရာအမည်။ |
|---|---|---|---|
| သင်ခန်းစာ - (သင်ခန်းစာ၏ ခေါင်းစဉ်/အကြောင်းအရာမှာ အဘယ်နည်း။) | | | |
| ကြိုတင်သိရှိထားရမည့် အသိသညာ -<br>(က) ရှိနှင့်ပြီးသော အသိပညာ (ကျောင်းသားများသည် မည်သည်တို့ကို ကြိုတင်သိရှိပြီး ဖြစ်ပါသနည်း။ မည်သည်တို့ကို ဆောင်ရွက်နိုင်ပြီး ဖြစ်သနည်း။)<br>(ခ) ကျောင်းသား၏ ကိုယ်ရေးအကျဉ်း (ကျောင်းသားတစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ မည်သည်တို့ကို ထည့်သွင်းစဉ်းစားရန် လိုသနည်း။) | | | |
| သင်ခန်းစာ ရည်ရွယ်ချက် - (ဤသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ သင် မည်သည်ကို သင်ကြားလိုသနည်း။ ကျောင်းသားများ၏ အပြုအမူများသည် မည်သို့ပြောင်းလဲလာမည်နည်း။) | | | |
| သင်ယူမှုရလဒ်များ - (SMART သင်ယူမှုရလဒ်များ ဖန်တီးပါ။ ဤသင်ခန်းစာ သင်ယူပြီးချိန်တွင် ကျောင်းသားများသည် မည်သည်တို့ကို သိရှိလာပြီး မည်သည်တို့ကို လုပ်ဆောင်တတ်မည်နည်း။<br>ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် - | | | |
| အောင်မြင်မှုစံသတ်မှတ်ချက် - (ဤသင်ခန်းစာရှိ သင်ယူမှုရလဒ်များကို အောင်မြင်ရရှိကြောင်း သင်နှင့် သင်၏ကျောင်းသားများ မည်သို့သိရှိနိုင်မည်နည်း။ ဥပမာ - အပြန်အလှန်လေးစားမှုနှင့် သည်းခံနိုင်စွမ်းတို့သည် လူမှုကျင့်ဝတ်များ၏ အရေးကြီးအင်္ဂါရပ်များဖြစ်ကြောင်း ရှင်းပြတတ်မည်။) | | | |
| သင်ကြား/သင်ယူမှု ချဉ်းကပ်နည်းလမ်းများ - (ဤသင်ခန်းစာသည် ဆရာဦးဆောင်သော သင်ကြားခြင်း ဖြစ်ပါသလား။ သို့မဟုတ် သင်ယူသူဗဟိုပြု သင်ကြားခြင်း ဖြစ်ပါသလား။ သို့မဟုတ် နှစ်မျိုးစလုံးကို ဗဟိုပြုသော သင်ကြားခြင်း ဖြစ်ပါသလား။ ဤသင်ခန်းစာက ကျောင်းသားများ၏ ဆက်စပ်ခြုံငုံတွေးတောခြင်းကို အားပေးပါသလား။) | | | |
| သင်ကြား/သင်ယူမှု နည်းဗျူဟာများ - (ဤသင်ခန်းစာသည် စူးစမ်းလေ့လာသင်ယူမှုကို အခြေခံပါသလား။ ပြဿနာဖြေရှင်းခြင်းကို အခြေခံပါသလား။ ပရောဂျက်လုပ်ငန်းပေးခြင်းကို အခြေခံပါသလား။ တိုက်ရိုက်သင်ကြားပို့ချသော သင်ခန်းစာဖြစ်ပါသလား၊ သင်နည်းများသည် အသိပညာအပြောင်းအလဲပြု သင်ယူခြင်းကို ဖြစ်စေပါသလား စသည်ဖြင့်။) | | | |
| သင်ကြား/သင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များ - (သင်သည် ဉာဏ်ဖွင့်ဆွေးနွေးခြင်းနည်းလမ်းကို အသုံးပြုမည်လား။ ပုံပြောခြင်းနည်းကို အသုံးပြုမည်လား။ သရုပ်ဆောင်ခြင်းကို အသုံးပြုမည်လား။ မေးခွန်းမေးခြင်းကို အသုံးပြုမည်လား။ ဆွေးနွေးခြင်းကို အသုံးပြုမည်လား။ တွေး-တွဲ- မျှဝေခြင်းကို အသုံးပြုမည်လား။ အုပ်စုလုပ်ငန်းကို အသုံးပြုမည်လား စသည်ဖြင့်။) | | | |
| သင်ကြား/သင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် နည်းပညာများ - (ရုပ်ပုံအထောက်အကူများ၊ အကြားအာရုံဆိုင်ရာ အထောက်အကူများ၊ နည်းပညာနှင့် ပေါင်းစပ်သင်ကြားမှုများ)၊ (စာရွက်၊ ပုံဆွဲပစ္စည်းများ၊ ကွန်ပျူတာ စသည်ဖြင့် လိုအပ်နိုင်ပါသလား။) | | | |

| **အဆင့်** | **အချိန် သတ်မှတ်ချက် (၄၅ မိနစ်)** | **ဆရာလုပ်ငန်း (သင် မည်သည်ကို လုပ်ဆောင်မည်နည်း။)** | **ကျောင်းသား လုပ်ငန်း (ကျောင်းသားများ မည်သည်တို့ကို လုပ်ဆောင်မည်နည်း။)** | **လိုအပ်ချက် အလိုက် ပြောင်းလဲ သင်ကြားခြင်း (ကျောင်းသား တစ်ဦးချင်းစီ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် အတွက် သင်ခန်းစာအား သင်မည်သို့ ပြင်ဆင်မည်နည်း။)** |
|---|---|---|---|---|
| **မိတ်ဆက်**<br>(ကျောင်းသားများ၏ အာရုံစူးစိုက်မှုကို မည်သို့ရယူမည်နည်း။ ယခင်သင်ယူပြီးသော အကြောင်းအရာများနှင့် မည်သို့ချိတ်ဆက် မည်နည်း၊ မျှော်မှန်းထားသည့် သင်ယူမှုရလဒ်များ၊ အောင်မြင်မှုစံများနှင့် မည်သို့ဆက်သွယ် မည်နည်း။) | | | | |
| **သင်ခန်းစာ အလယ်ပိုင်း**<br>(ဤသင်ခန်းစာတစ်ခုလုံး သင်ကြားရာတွင် အဆင့်အမျိုးမျိုး ပါဝင်မည်လား။ ဥပမာ - ရှင်းလင်းသင်ကြားခြင်း၊ လမ်းညွှန်မှုဖြင့် လေ့ကျင့်မှု၊ ကျောင်းသားကိုယ်တိုင် လွတ်လပ်စွာ လေ့ကျင့်မှု။) | | | | |

| အဆင့် | အချိန် သတ်မှတ်ချက် (၄၅ မိနစ်) | ဆရာလုပ်ငန်း (သင် မည်သည်ကို လုပ်ဆောင်မည်နည်း။) | ကျောင်းသား လုပ်ငန်း (ကျောင်းသားများ မည်သည်တို့ကို လုပ်ဆောင်မည်နည်း။) | လိုအပ်ချက် အလိုက် ပြောင်းလဲ သင်ကြားခြင်း (ကျောင်းသား တစ်ဦးချင်းစီ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် အတွက် သင်ခန်းစာအား သင်မည်သို့ ပြင်ဆင်မည်နည်း။) |
|---|---|---|---|---|
| **ပြန်လည်ဆန်းစစ်ခြင်း** (သင်ယူမှုရလဒ်များ အောင်မြင် ပေါက်မြောက်ကြောင်း သိရန် ကျောင်းသား များအား မည်သို့ စစ်ဆေးအကဲဖြတ် မည်နည်း။ ကျောင်းသား များ၏ သင်ယူမှုအပေါ် ပြန်လည်သုံးသပ်ခြင်းကို မည်သို့ ပံ့ပိုး ပေးမည်နည်း။) | | | | |

မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း (အကဲဖြတ်သုံးသပ်ခြင်းအတွက် မေးခွန်းများ စီစဉ်ထားပါ၊ သင်ကြားပြီးချိန်တွင် ဤကဏ္ဍကို ဖြည့်စွက်ပါ။)

ဥပမာ -

၁။ ကျောင်းသားများအားလုံးသည် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်၍ အဆိုပါရလဒ်များကို ရရှိခဲ့ပါသလား။ သင်ယူမှုရလဒ်များသည် ကျောင်းသားများ၏ အဆင့်/များနှင့် သင့်လျော်ကိုက်ညီမှု ရှိပါသလား။ သတ်မှတ်ထားသောအချိန်နှင့် သင့်လျော်ကိုက်ညီမှု ရှိပါသလား။

၂။ သင်ကြား/သင်ယူမှု နည်းဗျူဟာများနှင့် နည်းလမ်းများသည် မည်မျှထိရောက်မှုရှိသနည်း။ သင်ထောက်ကူပစ္စည်းများ/ အရင်းအမြစ်များသည် မည်မျှထိရောက်မှုရှိသနည်း။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းနှင့် တုံ့ပြန်အကြံပြုချက်ပေးရန် အခွင့်အလမ်းများ ရှိပါသလား။

၃။ ကျောင်းသားများ၏ သင်ယူမှုကို မြှင့်တင်ရန်အတွက် နောက်တစ်ကြိမ်တွင် ယခုအကြိမ်နှင့် မတူအောင် သင် မည်သို့ လုပ်ဆောင်မည်နည်း။

## လက်ကမ်းစာစောင် (၆)။
## သရုပ်ပြသင်ကြားခြင်းကို လေ့လာဆန်းစစ်သည့် ပုံစံလွှာ

**ညွှန်ကြားချက်များ -** သရုပ်ပြသင်ကြားခြင်းသင်ခန်းစာ သင်ယူစဉ်တွင် သင် လေ့လာတွေ့ရှိသည့် အချက်များကို အမှန် (✓) ခြစ်ပါ။ ဖော်ပြထားသော အပြုအမူများကို မတွေ့ရှိရပါက ဇယားကွက်အတွင်း နေရာလွတ်ထားခဲ့ပါ။

| ဆရာ၏ အပြုအမူ | | |
|---|---|---|
| ၁။ **ဘာသာရပ်ဆိုင်ရာ အသိပညာ**<br>ဆရာသည် သင့်လျော်သော ဘာသာရပ် အကြောင်းအရာကို နက်နဲစွာနားလည်၍ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို အခြေခံပြီး သင့်လျော်သော ဘာသာရပ် အကြောင်းအရာကို သင်ကြားပေးနိုင်သည်။ | ဤသင်ခန်းစာတွင် သင်ကြားခဲ့သော အချက်အလက်များသည် တိကျမှန်ကန်သည်။ | |
| | ဤသင်ခန်းစာတွင် သင်ကြားခဲ့သော အချက်အလက်များသည် သင်ခန်းစာရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အဓိကလိုအပ်သည့် အချက်အလက်များပေါ်တွင် အလေးထားသည်။ ဤသင်ခန်းစာကို သင်ကြားရာတွင် ရောထွေးစေသည့် အချက်အလက်များ (သို့မဟုတ်) သင်ခန်းစာနှင့် မသက်ဆိုင်သော အချက်များ မပါဝင်ပါ။ | |
| ၂။ **သင်ခန်းစာရေးဆွဲပုံ**<br>ဆရာသည် ကျောင်းသားများကိုယ်တိုင် ဦးဆောင်သင်ယူနိုင်သော သင်ယူသူဗဟိုပြု သင်ခန်းစာပုံစံကို ရေးဆွဲတတ်သည်။ | ဆရာသည် ကျောင်းသား၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်သည်။ သင်ခန်းစာကို နိဒါန်းပျိုးရာ၌ ယခင်သင်ယူပြီးသော အကြောင်းအရာများ၊ အသိပညာများနှင့် ချိတ်ဆက်ပေးသည်။ | |
| | ဆရာသည် ကျောင်းသားများ သင်ခန်းစာ ရည်ရွယ်ချက်များကို အောင်မြင်ရရှိစေရန် မတူညီသော သင်ယူမှုလုပ်ငန်းအမျိုးမျိုးကို အသုံးပြု၍ သင်ကြားသည်။ | |
| | ဆရာသည် သင်ခန်းစာ၏ အဓိကအချက်များကို ပြန်လည်ထုတ်နုတ်ပြခြင်း (သို့မဟုတ်) ကျောင်းသားများကို မေးခွန်းများ မေးမြန်းခွင့်ပြုခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်လေ့ရှိသည်။ | |
| ၃။ **သင်ကြား၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ**<br>ဆရာသည် သင်ခန်းစာအကြောင်းအရာနှင့်ဆက်စပ်သော ကုန်ကျစရိတ် သက်သာပြီး ထိရောက်မှုရှိသည့် သင်ကြားသင်ယူမှုပစ္စည်းများကို အသုံးပြုသည်။ | ဆရာသည် ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူ ဖြစ်စေရန် သင်ခန်းစာပါ အကြောင်းအရာများ နှင့် ဆက်စပ်သော သင်ထောက်ကူပစ္စည်းများကို အသုံးပြုသည်။<br><br>ဆရာသည် ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူဖြစ်စေသည့် လမ်းညွှန်ချက်များ (သို့မဟုတ်) အကြောင်းအရာများကို သင်ပုန်းပေါ်တွင်ရေး၍ သင်ကြားသည်။ | |
| ၄။ **သင်ယူသူဗဟိုပြု ချဉ်းကပ်နည်း**<br>ဆရာသည် သင်ယူသူ ဗဟိုပြု၍ ကျား၊မ ပါဝင်မှုကို အလေးပေးသည့် ချဉ်းကပ်နည်းများကို အသုံးပြုပြီး ကျောင်းသားများကိုယ်တိုင် ဦးဆောင်သင်ယူမှုဖြင့် သင်ခန်းစာကို သင်ကြားပေးသည်။ | ဆရာသည် ကျောင်းသားများ သင်ယူမှုရည်မှန်းချက်များကို အောင်မြင်ရရှိနိုင်ရန် ဤသင်ခန်းစာ သင်ကြားစဉ်တွင် သင်ယူမှုလုပ်ငန်းအမျိုးမျိုး (ဥပမာ - တစ်ဦးချင်းလုပ်ငန်း၊ နှစ်ယောက်တစ်တွဲလုပ်ငန်း၊ အုပ်စုလုပ်ငန်း၊ ဆွေးနွေးခြင်းနှင့် လက်တွေ့လုပ်ငန်းများ) ကို အသုံးပြုသည်။ | |

| ဆရာ၏ အပြုအမူ | | |
|---|---|---|
| | ဆရာသည် သင်ခန်းစာ သင်ကြားစဉ် ကျောင်းသားများအား တွေးတောဆွေးနွေးရန် အချိန်ပေးသည်။ | |
| | ဆရာသည် ကျောင်းသား၊ ကျောင်းသူများကို တန်းတူညီမျှ အချိန်ပေးသင်ကြားခြင်းနှင့် ဂရုစိုက်မှုပေးခြင်း အပါအဝင် ကျား၊မ ရေးရာ သတိထားပြုမူသည့် ချဉ်းကပ်မှုနည်းလမ်းဖြင့် သရုပ်ပြသင်ကြားသည်။ | |
| | ဆရာသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ယူမှုလိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်ရန် လိုအပ်ချက်အလိုက် ပြောင်းလဲညွှန်ကြားသည်။ | |
| | ဆရာသည် မေးခွန်းမေးမြန်းရာတွင် အတန်းတစ်တန်းလုံးကို သံပြိုင်ဖြေဆိုစေခြင်းထက် ကျောင်းသားတစ်ဦးချင်းစီအလိုက် မိမိဆန္ဒအလျောက်သာ ဖြေဆိုစေသည်။ | |
| ၅။ **စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများ အသုံးပြုခြင်း**<br>ဆရာသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် သင်ယူစဉ်စစ်အကဲဖြတ်ခြင်းကို ပြုလုပ်သည်။ | ဆရာသည် ကျောင်းသားများ၏ လုပ်ဆောင်ချက်များကို လေ့လာရန် အခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။ | |
| | ဆရာသည် သင်ခန်းစာ၏ အဓိကဆိုလိုရင်းများအပေါ် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးရန် အပိတ်မေးခွန်း နှင့် အဖွင့်မေးခွန်းများကို အသုံးပြုသည်။ | |
| ၆။ **ကျောင်းသားများနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း**<br>ဆရာသည် ကျောင်းသားများအား နွေးထွေးဖော်ရွေစွာ ပြောဆိုဆက်ဆံတတ်ပြီး သင်ယူမှုအပေါ် ကျောင်းသားများ၏ စိတ်ဝင်စားမှုကို တိုးမြင့်စေသည်။ | ကျောင်းသားများနှင့်ဆက်ဆံသည့်အခါ ဆရာသည် နွေးထွေးဖော်ရွေသည်၊ လေးစားမှုပေးသည်။ | |
| | လိုအပ်ပါက ဆရာသည် ကျောင်းသားများ၏ အပြုအမူကို ထိန်းသိမ်းစီမံရာတွင် အပြုသဘောဆောင်သော စည်းကမ်းထိန်းသိမ်းရေး နည်းစနစ်များကို အသုံးပြုသည်။ | |
| | ဆရာသည် ကျောင်းသား၊ ကျောင်းသူများ အားလုံးကို ကျား/မ၊ အရည်အချင်း၊ စွမ်းရည်အဆင့်နှင့် သင်ယူမှုပုံစံ အမျိုးမျိုး ခြင့်ချိန်လျက် ၎င်းတို့၏ အကြံဉာဏ်များအား မျှဝေစေပြီး ၎င်းတို့၏ ပြောကြားချက်များကို စိတ်ပါဝင်စားစွာ နားထောင်ပေးသည်။ | |
| **ကျောင်းသားများ၏ အပြုအမူ** | | |
| ၁။ **သင်ယူသူကိုယ်တိုင် ဦးဆောင်ဦးရွက်ပြု သင်ယူခြင်း**<br>ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး တက်ကြွစွာ ပါဝင်သည်။ | ကျောင်းသားများသည် သင်ခန်းစာ၏ သင်ယူမှုလုပ်ငန်းများ (ဥပမာ - တစ်ဦးချင်း လုပ်ငန်း၊ နှစ်ယောက်တစ်တွဲလုပ်ငန်း၊ အုပ်စုလုပ်ငန်း၊ ဆွေးနွေးခြင်းနှင့် လက်တွေ့လုပ်ငန်း စသည့် လုပ်ငန်းများ) တွင် တက်ကြွစွာပါဝင်သည်။ | |
| | ကျောင်းသားများသည် ၎င်းတို့၏အတန်းဖော်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည်။ | |
| ၂။ **အပြုသဘောဆောင်သော သဘောထားရှိခြင်း** | ကျောင်းသားများသည် စိတ်အားထက်သန်စွာ သင်ယူလျက်ရှိကြောင်း ပြသသည်။ | |

| ဤနေရာတွင် သရုပ်ပြသင်ကြားမှုကို ကြည့်ရှုလေ့လာခြင်းမှ ရရှိသည့် အခြားသောမှတ်ချက်များကို ရေးသားပေးပါ။ ဤသင်ခန်းစာကို ကောင်းစွာသင်ကြားနိုင်ခဲ့သည်ဟု သင်ထင်ပါသလား။ ဤသင်ခန်းစာကို သင်ကြားရာတွင် ပိုမိုကောင်းမွန်လာစေရန် မည်သို့လုပ်ဆောင်မည်နည်း။ |
|---|
| |

# မှတ်စုများ

# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန